www.burmeseclassic.com

ရွှေရောင်မေမ

# ကိုယ့်ဘဝကိုမင်းယူ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

[ ၁ ]

မျက်စိကိုဖွင့်ကြည့်လိုက်သည်နှင့် မနက်(၉)နာရီကို နာရီလက်တံက ညွှန်ပြနေလေပြီ။ အိပ်ရာမှလူးလဲထလိုက်ပြီး တုတ်ကောက်ကိုလှမ်းဆွဲယူကာ မတ်တတ်ရပ်လိုက်ပါ၏။ အိပ်ရာကိုကိုယ်တိုင်ပင် သေသပ်အောင်ဖြန့်တန်တာဖြန့်၊ ဖုံးတန်တာဖုံးပြီး သန့်စင်ခန်းဆီသို့ဝင်ခဲ့သည်။

မျက်နှာသစ်သွားတိုက် ကိုယ်လက်သန့်စင်ပြီး အဝတ်အစားလဲကာ မှန်ထဲကြည့်လိုက်မိ၏။ လက်ထဲမှဘီးဖြင့် ဆံပင်တွေမဖြီးခင် သူ့မျက်နှာကို ခပ်နွမ်းနွမ်းပုံစံဖြင့်မြင်လိုက်ပါသည်။ ဒါ အသက်(၃၂)နှစ်အရွယ် လူလတ်ပိုင်းတဲ့လား။ ရှိရင်းစွဲအသက်ထက်ပိုပြီး အိုစာကာ ချောင်ကျနေသည့်မျက်နှာက (၄၀)လောက်မှန်းပြီး ထင်နေရတာလေ။





နှစ်နှစ်ဆိုတဲ့ကာလဟာ လူတစ်ယောက်အတွက် ဘာမှမသိသာပေမယ့် သူ့အတွက်တော့ နှစ်ကမ္ဘာလောက် အချိန်ကြာမြင့်သွားခဲ့ရတာ အမှန်ပါ။ "ပိုး"ဆိုယ် သစ္စာဆိုတာ ချစ်သူတွေဘဝမှာလည်းထားရှိလေ့ရှိတဲ့အ... ...စ်ခုဆိုတာကို မင်း မသိခဲ့လေသလား။

"ကျွတ်!"

စုတ်သပ်လျက်ခေါင်းခါလိုက်ပြီး ဘီးကို ခွက်ထဲ ပြန်ထည့်လိုက်၏။ အားနေသူရဲ့ခေါင်းထဲမှာ အတွေးတွေ အမြဲပြည့်နှက်နေတယ်ဆိုတာ လက်တွေ့ကြုံမှ ယုံခဲ့ရတာလေ။ အခန်းတံခါးကိုဖွင့်ကာ ဖြည်းဖြည်းချင်းထွက်လာခဲ့၏။ တစ်ဖက်ဘေးခန်းတံခါးကိုအသာဟကြည့်လိုက်စဉ် သူ့ဘက်ကို ကျောပေးပြီး အိပ်စက်နေသည့်ချာတိတ်ကို မြင်ရလေသည်။

တစ်ချက်ပြုံးကာ တံခါးကို အသံမမြည်အောင် ဂရုစိုက်ဖွင့်ဝင်လိုက်၏။ ခုတင်ခေါင်းရင်းမှလိုက်ကာကို လှမ်းဖယ်လိုက်လျက်ပြတင်းတံခါးကိုတွန်းဖွင့်တော့ အပြင်မှအရုဏ်တက်အလင်းနှင့်အတူ လေအေးတို့က သုတ်ခနဲပြေးဝင်လာလေသည်။ ခုတင်ထက်အိပ်နေသည့်ကောင်လေးက မျက်လုံးမှိတ်ထားရာမှ မျက်နှာရှုံ့သွားတာကို သူမြင်လိုက်ပါ၏။

"ကုမ္ပဏီသွားရတော့မယ့် GM က ခုချိန်ထိအိပ်နေတာတော့ မဟုတ်သေးဘူးနော်"

နှုတ်ခမ်းထက်ကအပြုံးကိုတွေ့ရ၏။ အပျင်းကြီးတဲ့အရွယ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူ့ကျန်းမာရေးကြောင့် ညီလေးကို တာဝန်လွှဲပေးထားရတယ်လေ။ အသက်(၂၂)အရွယ်လေးနဲ့မမှုအောင် ညီလေး တာဝန်တွေပိမှန်းသိတာကြောင့် သနားမိတာမပြောပါနဲ့။ ဒါပေမယ့် သူမှမတတ်နိုင်တာကိုး။

"ညီညီ"

"ဘယ်နှစ်နာရီရှိပြီလဲ ကိုကိုကြီးရာ"

"(၆)နာရီခွဲပြီးနေပြီ"

"အဲဒီနာရီတွေကို ၁၀ တန်းကတည်းက မှန်းခဲ့တာ၊ ခုထိ သူ့ကိုဦးစားပေးရတုန်းပဲ"

"ညီ အနာဂတ်အတွက်တော့ ကြိုပြီးကြည့်ရမယ်လေ။ တစ်နေ့ကိုယ့်ချစ်တဲ့သူနဲ့ အိမ်ထောင်ပြုမယ့်ကောင်လေးက ခုကတည်းက မကြိုးစားချင်ဘဲ အပျင်းထူလို့ရမလား"

ဖက်လုံးကိုခွထားရာမှ သူ့ကိုဖျတ်ခနဲကြည့်လိုက်ပုံက သုန်သုန်မှုန်မှုန်။ ဒီအရွယ်မှာ လွတ်လပ်စွာပျော်ရွှင်ချင်မှာပေါ့။ ဖခင်တစ်ယောက်လို သွန်သင်ဆုံးမပြီးချစ်ခဲ့ရသည့် ညီကလေးခမျာ သူ့ကြောင့် ဝန်ထုပ်ဝန်ပိုးကြီး ထမ်းထားရရှာတာလေ။

"ရှေ့ကားကြီးကပိတ်နေတာကို ကျွန်တော်က ဘယ်လိုကျော်တက်လို့ရမှာလဲ"

— "အဲဒီရှေ့ကားကြီးက သုံးစားလို့မရတော့လို့ ကားသချိုင်းထဲရောက်နေပါပြီကွာ"





"ကိုကိုကြီးနော်.. ကျွန်တော်က နောက်ပြီးပြောတာကို စိတ်ဆိုးစရာလား"

"ငါ ဘယ်မှာစိတ်ဆိုးလို့တုံး"

"တွေ့လား ငါလို့သုံးလိုက်တာရော .. ခုနက မျက်နှာကွက်ခနဲပျက်သွားတာရော ကျွန်တော် မြင်လိုက်တာလေ..၊ ကျွန်တော့်ကိုညာလို့ရမယ်များ ထင်နေလား"

"မင်းကများ ပြောရတယ်ရှိသေး"

သူ တီးတိုးရေရွတ်တော့ ညီလေးက တီးတိုးရယ်မောလျက် အိပ်ရာထက် ထထိုင်လိုက်ပြီး သူ့လက်ကို ဆွဲလိုက်လေ၏။ ရုတ်တရက် ထင်မထားတာမို့ သူ ခုတင်ထက်လဲကျသွားရပါသည်။

"ဟော့ကောင် ဘာလုပ်တာလဲ"

"Daddy Brother ကို Morning Kiss ပေးမလို့ပေါ့ဗျ ..၊ ရွတ်"

"ဟာ! ဒီကောင်မျက်နှာမသစ် သွားမတိုက်ဘဲ ညစ်ပတ်တယ်ကွာ"

"ဟော့ကောင် တော်တော့၊ သွား ရေမိုးချိုးချေ၊ အလုပ်သွားဖို့ပြင်၊ Breakfast စားဖို့ပြင်ပေးထားမယ်"

"ဒေါ်ပု ပြင်ပေးမှာပေါ့ ကိုကိုကြီးရာ"

"လျှာမရှည်ပါနဲ့"

ညီလေး Bathroom ထဲဝင်သွားတော့မှ မီးဖိုဘက်သို့ သူ လျှောက်လာခဲ့ပါ၏။ မိရှုပ်ပြာတစ်ကောင်တော့ ခုထိမနိုးသေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့။

"ဟော!... ကိုကိုကြီးတောင်နိုးပြီလား၊ ဒေါ်လုံးပု ရေနွေးပဲ တည်ထားသေးတယ်၊ ဘာစားမယ်မှန်းမသိလို့လေ..၊ထမင်းတော့ ကျက်နေပါပြီ"

"ထမင်းလည်းစားလို့မကောင်းပါဘူး ဒေါ်ပုရယ်၊ ညီညီ့ဖို့ မနက်စာလုပ်ပေးပါ"

"ဘာလုပ်ပေးရမလဲ"

"ကြာဆံကြော်ပေးလေ"

"ကြာဆံက ရေစိမ်ရဦးမှာ ကိုကိုကြီးရဲ့"

"ရေနွေးနဲ့နှစ်ပြီး ဆန်ခါနဲ့စစ်လိုက်ပြီးမှကြော်ရင်ရပါတယ်။ အသားဟင်းရော ဘာသားတွေရှိသေးလဲ"

"ဝက်အူချောင်းပဲ ကျန်တော့မယ်ထင်တယ်၊ ဒီနေ့ ဈေးသွားရမှာ"

"ခတ္တာ နိုးပြီလား"

"နိုးတော့နိုးပြီ၊ အိမ်သာတက်ဦးမယ်ဆိုပြီး အခုထဲမှာခိုးအိပ်နေပြန်ပြီထင်ပါရဲ့ ... သွားအော်ဦးမှပါပဲ"

"နေ နေ .. သူ ငိုင်ပြီးယိုင်ကျရင် နိုးလိမ့်မယ်၊ ဒီအရွယ်က အအိပ်မက်တဲ့အရွယ်ပဲကိုး ...၊ ကျွန်တော်ပဲဝိုင်းကူပါ့မယ်"

"မဟုတ်တာ ..."

"ရပါတယ်၊ ဈေးသွားဖို့သာပြင်တော့ .. တော်ကြာ နေမြင့်ရင်





အသားကောင်း အရွက်ကောင်းတွေ မရဘဲနေဦးမယ်၊ နေဦး.. ဈေးဖိုးယူသွားဦး"

"မပေးပါနဲ့ဦး ကိုကိုကြီးရဲ့ .. ဒေါ်လုံးပုမှာ ကျန်ပါသေးတယ်"

"လောက်ပါ့မလား"

"လောက်မှာပါ၊ လကုန်မှပဲ များများဝယ်ရမှာလေ..၊ အခုက ဟင်းလျာအတွက်ပဲဟာ ..."

ဒေါ်ပုက မြန်မြန်သွက်သွက်ဖြင့် ကြာဆံကို ရေနွေးဖျောပြီး ဆန်ခါနှင့်ဆယ်ထားပြီးချေပြီ။ သူလုပ်ရန်အတွက် ဟင်းရွက်အသီးအနံ့အနည်းငယ်ကို ရေခဲ့ဆေးကာ ဗန်းလေးထဲထည့်ပေးခဲ့ပါသည်။ ဝက်အူချောင်းတစ်ထုပ်ကို ဒယ်ပြားလေးဖြင့်တင်၍တည်ကာ ဈေးသို့ထွက်သွားလေ၏။

သူ ဂေါ်ဖီတွေ ပဲသီးတွေလှီးနေစဉ် ခတ္တာတစ်ယောက် အိပ်မှုန်စုံမွှားဖြင့် မီးဖိုခန်းထဲဝင်လာတော့သည်။ ကြီးဒေါ်ဖြစ်သူကို မတွေ့ဘဲ သူ့ကိုတွေ့ရသဖြင့် မှေးနေသည့်မျက်လုံးက ပြူးကျယ်သွားပါ၏။

"ဟင်!.. ဦးဘုန်း ဝင်ချက်နေတာလား ... ကြီးပုရော ..."

"ညည်းကြီးဒေါ် ဈေးသွားပြီ"

"ဟင် .. သမီးကိုလည်း မခေါ်ဘူး"

"ခေါ်မလား၊ ဈေးထဲ ဟိုငေးဒီငေး ကျန်ရစ်ခဲ့လိုက်ကျန်နဲ့ ဟိုး တစ်ခါ ပျောက်လို့ရှာရသေးတာမဟုတ်လား၊ အဲဒါကြောင့် ညည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုမခေါ်တာ"

"အဲဒါ ဘာလုပ်ဖို့လဲဟင် ..၊ သမီး လုပ်ပေးမယ်လေ"

"မလုပ်ပါနဲ့ မယ်မင်းကြီးမရယ်..၊ ညည်းလက်ရာမှန်းသိတာနဲ့ အိမ်က ကိုယ်တော်လေးက အနံ့တောင်ရှူမှာမဟုတ်တော့ဘူး၊ သွားဧည့်ခန်းမှာရှင်း .. ဖုန်တွေလှည်းနှင့်ချည်၊ ညည်းအစ်ကိုလေး ဆင်းလာမှ ဘယ်ဖိနပ်ဝတ်မလဲမေးပြီး တိုက်ပေး .. ကြားလား"

"ဟုတ်"

ခိုင်းတာတော့ ခိုင်းလိုက်တာပါပဲ၊ တော်ကြာ ဆက်တီပေါ်တက်အိပ်ချင်အိပ်နေဦးမှာလေ ..၊ အင်းပေါ့လေ အသက်(၁၂)နှစ်ဆိုတာ ကျောင်းနေတုန်းအရွယ်လေးပဲဟာ .. သူ့တုန်းက ဒီအရွယ်မှာ ဆော့ဖို့ထက် နှစ်နှစ်သား ညီလေးမျက်နှာကို မြင်ချင်စိတ်နဲ့အိမ်ကို အမြန်ပြန်ပြေးခဲ့တာ ကျောင်းဆင်းတဲ့နေ့တိုင်းလိုလိုပါ။

အဲဒီတုန်းက ညီလေးက လမ်းလျှောက်တတ်ကာစလေး။ သဲတွေ၊ ဖုန်တွေကိုကိုင်ပြီး ဆော့တာကို သိပ်သဘောကျတာမို့ လှစ်ခနဲ ခြံထဲကို ရောက်နေတတ်တာလေ။ လမ်းမပေါ်ရောက်သွားမှာစိုးလို့ သူတို့ ခြံတံခါးကို အမြဲသော့ခတ်ရတာကို သူ မမေ့သေး။

"ဟာ မျက်နှာကိုကပြုံးနေတာပါပဲလား၊ ဒီလူပျိုကြီး မရိုးတော့ဘူးထင်ပါရဲ့..၊ ဘာတွေများတွေးပြီး ပီတိဖြစ်နေတာလဲ ပြောပါဦး"

ဂေါ်ဖီထုပ်နှင့်သခွားသီး ပါးပါးလှီးထားသည့် ပန်းကန်ထဲ Sauce ထည့်ရင်း သူ ညီညီကို မျက်မှောင်ကြုတ်၍ကြည့်လိုက်၏။





ကုမ္ပဏီသွားရန် အဝတ်အစားမလဲသေးဘဲ စွပ်ကျယ်ချိုင်းပြတ် ဝတ်ထားပေမယ့် ညီညီက ဘာဝတ်ဝတ် ကြည့်ကောင်းနေတာပါပဲ။

"အစ်ကို့ကို ဒီလိုပြောစရာလား"

"ဘာလဲ .. အတွေးပျက်သွားလို့ ကျွန်တော့်ကို နာ့်ကောက်သွားတာလား၊ Sorry ... Sorry"

ညီလေးက သူ့ကိုပြောကာ ခုံမှာ ဝင်ထိုင်လိုက်လေ၏။ သူက ဝက်အူချောင်းဖြင့်ကြော်ထားသည့်ကြာဆံပေါ်မှာ ကြက်ဥခေါက်ထားတာကိုဖျန်းကာ ခဏမျှအုပ်ထားပြီး ဖိုပေါ်မှချလိုက်ပါသည်။ ပန်းကန်ပက်လက်ထဲမှာထည့်ပြီး ညီလေးရှေ့မှာချပေးစဉ် "ကောင်းသန့်စင်" မျက်နှာက သကာရည်မှောက်ကျသလို ချိုမြသွားလေ၏။

"ဟား ဟိုတယ်ကမှာတယ်ထင်ရအောင်မွှေးလိုက်တာ" ..

"ပူမယ်နော်"

ကလေးလည်းမဟုတ်ပါဘဲ သတိပေးမိလိုက်ပြီး ပန်းကန်ဗီရိုထဲမှ သတ္တုတူကို သေချာသုတ်ကာ လှမ်းပေးလိုက်သည်။

"အင်း .. အရသာရှိတယ် မဆိုးဘူး၊ ကိုကိုကြီး ဆိုင်ဖွင့်လို့ရတယ် သိလား"

"အစားအစာပဲဇိမ်ကြောင်ပါ ညီညီရာ၊ မိန်းကလေးရွေးရင်တော့ သိပ်ဇိမ်မကြောင်ပါနဲ့ .. ငယ်ငယ်က သင်ဖူးတယ်မဟုတ်လား၊ 'သေးလွန်းလျှင်မလှ၊ ရွေးလွန်းလျှင်မရ' ဆိုတဲ့စကား ..."

"ဒီခေတ်က သေးမှလှတာ ကိုကိုကြီးရ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ့ကွ"

"ဟုတ်တယ်လေ .. အခုခေတ် Model လေးတွေက ပိန်ပိန်သွယ်သွယ်သေးသေးရှည်ရှည်လေးတွေပဲဟာ"

"တော်စမ်းပါ..၊ အရိုးမပေါ်ပေါ်အောင် အစာငတ်ဒုက္ခခံပြီး တမင်လုပ်နေရတဲ့ Model တွေမျိုး မရှာစမ်းပါနဲ့၊ သူတို့ နေ့စဉ်အစားရှောင်နေရတာတွေကြားပြီး စိတ်ညစ်လွန်းလို့"

"ဒါကတော့ ကိုကိုကြီးရဲ့ မယ်ဇမာနဲ့တော့ မနိုင်းနဲ့ပေါ့ဗျာ"

"လာပြန်ပြီ"

"တော်ပြီ တော်ပြီ၊ ဒီမနက်ပြောသမျှ ကိုကိုကြီးကို Foul တဲ့စကားတွေပဲဖြစ်နေတာ၊ တစ်ခါတည်း ဝင်မစားဘူးလား"

"မဆာသေးဘူး ဟိုရှမ်ပြာမ ဘယ်ချောင်ခွေအိပ်နေလဲ ရှာရဦးမယ်"

စကားဖြတ်ကာ အိမ်ရှေ့ဘက်ထွက်လာခဲ့၏။ ထင်သည့်အတိုင်းပါပဲ .. မိရှပ်ပြာတစ်ယောက် TV စင်ကို ခေါင်းတင်ပြီး အိပ်မက်ပင်မက်နေချေပြီ။ လက်ထဲမှာတော့ ကြက်မွေးတံမြက်စည်းကို ကိုင်ထားပါရဲ့ ..၊ ကြည့်ရတာ TV စင်ပေါ်ဖုန်သုတ်ပြီး မေ့ခနဲအိပ်ပျော်သွားပုံပါပဲ။

"ဟဲ့ ကောင်မလေး"

"ဟင် .. အင်း .. အင်း"

"ထထ .. အလုပ်တွေပြီးမှ ပြန်အိပ်လေ။ အခု(၇)နာရီကျော်နေ





ပြီ။ ညှော်ခန်းကိုရှင်းလို့မပြီးသေးဘူး။ ဒီမှာကြည့်စမ်း ဆက်တီလက်ရန်းမှာလည်းဖုန်တွေနဲ့ .. သေချာသုတ်မှပေါ့။ ဟိုအငယ်ကောင်ထွက်လာလို့ သိရင် ညည်း အခေါက်ခံရဦးမယ်"

"ဟုတ် .. ဟုတ်"

"ဘာ ဟုတ်..ဟုတ်လဲ၊ ကြောင်တောင်တောင် လျှောက်လုပ်နေပြန်ပြီ ..၊ သွား အဝတ်စုတ်နဲ့အရင်သုတ် .. ပြီးရင် တံမြက်စည်းလှည်းပြီး ကြမ်းတိုက်တော့..၊ ကြီးဒေါ် ထောင့်စေ့အောင်မခိုင်းရင် ညည်း ရေသာခိုဖို့ပဲ၊ ကြာရင် နှင့်ဗိုက်ခေါက်ရော ခေါင်းပါ အဆွဲခံအခေါက်ခံရတာနဲ့ ပုပ်မှာပဲ"

"ဟီး"

"ငါ့လာရယ်ပြမနေနဲ့ .. သွားလုပ်"

"ဟုတ်"

ပြောလိုက်ရင့်တော့ ကဟုတ်ဟုတ်နဲ့ပါပဲ၊ ပြီးရင် တလွဲတွေလျှောက်လုပ်ဦးမှာလေ။ ဒီအရွယ်လေး ကျောင်းမနေရဘဲ ဒီလို အိမ်အကူဘဝရောက်နေရတာကို သနားမိပါရဲ့။ ငွေရှာပေးပါဆိုပြီး ညီမလုပ်သူ ထည့်ပေးလိုက်တဲ့တူမလေးကို သူစိမ်းအိမ် စိတ်မချဖြစ်မှန်းသိတာနဲ့ ဒီကိုပဲ ခေါ်လာခိုင်းလိုက်တာပါ။

တဗျစ်တောက်တောက်ပြောရသလို ကြီးဒေါ်ရဲ့လက်မြန်မြန်နဲ့တစ်ချိန်လုံး အဟုခံအရိုက်ခံရလို့ပဲ ငါးဖယ်လို ထုလေမာလေ ဖြစ်သွားသလားမသိ။ အကျင့်ဆိုးက ပြင်မရနဲ့ ပုံသေကိုဖြစ်ရော။ သူ့



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက ခပ်အေးအေးနေတတ်တာမို့ ကိစ္စမရှိ။ စိတ်တိုင်းမကျရင် မကျသလို ညီညီ့ အအော်ကိုတော့ ဒီချာတိတ်မ နေ့တိုင်းခံရတာပါပဲ။

"ကျွန်မ ပြန်လာပါပြီ၊ ဟိုကောင်မလေး ခုထိကြမ်းမတိုက်ရသေးဘူးလား"

"တိုက်မလို့ပဲ ကြီးပုရဲ့"

"နင်တော့နော် ငါ့လက်နဲ့ သေတော့မှာပဲ၊ မြန်မြန်လုပ်စမ်း"

စလာပါပြီ တူဝရီးဇာတ်လမ်း။ ဈေးသွားတဲ့လူပင် ပြန်ရောက်လာပါရောလား။ ထမင်းစားခန်းဆီမှာ ညီညီနှင့်စကားပြောဆိုသံကို ကြားနေရလေ၏။ ညနေ ဘာဟင်းစားချင်တယ်ဆိုတာကို ကြိုမှာနေတာပဲထင်ပါရဲ့။

"ကျွန်တော်တို့ကိုပဲ ဦးစားပေးပြီး ချက်မနေနဲ့ ဒေါ်ကြီးပုရေ..၊ ကိုကို ခံတွင်းပျက်နေတာ ဂရုစိုက်ပေးဦး၊ အခုပဲ တော်တော်ပိန်ကျသွားတာ မြင်လား"

"ဒေါ်ပု သေချာသတိထားပြီး ကျွေးပါတယ် ကိုကိုလေးရယ်"

"အင်း .. အစာမရွေးဘူးဆိုတဲ့လူ စားချင်စိတ်ဖြစ်အောင် ဘယ်လိုလုပ်ရမယ်မှန်းမသိတော့ပါဘူး၊ ကလေးဆိုရင်တောင်မှ တုတ်ပြပြီး စားခိုင်းလို့ရဦးမှာ ..၊ ခက်တာပဲ"

"ဟင် .. ဦးငယ် သမီးကိုခေါ်တာလား"

"ဟာ ဒီဟာလေးက တစ်မျိုး ..၊ ဘယ်မှာခေါ်လို့လဲ"





"ခုနပဲခေါ်တယ်လေ ခတ္တာတဲ့"

"နင်တော့နာဦးမယ်"

ရယ်သံသဲ့သဲ့ထွက်လာလေ၏။ ဖိနပ်စင်မှဖိနပ်တွေကို သူကြည့်နေစဉ် ညီညီက အပေါ်ထပ်ကို အပြေးတက်သွားပါသည်။

"မီရှပ်ပြာ"

"ရှန်"

"ရှန်ကိုထားခဲ့ လူအရင်လာ .. ဒီမှာ ဖိနပ်တွေဖုန်ခါဦး ဒီရှူးအနက်လေးကို သေချာတိုက်ပေးထား"

"ဟုတ်"

"ဖုန်မပြောင်ရင် နင့်ကို ဟိုက မုန့်ခေါက်ကျွေးမှာနော်.. သိတယ်မဟုတ်လား"

"ဟုတ်"

"ပြောလိုက်ရင် ဇာ့ဟုတ်ဟုတ်နဲ့ ခံမပြောနားမထောင် ရှပ်ပြာမ"

သူပြောပေ့ာလည်း မျက်နှာမပျက်ရယ်နေသည့်သာ။ ဒီငပေါမ ရှေ့ရေးတော့မလွယ်ပါဘူးနော်။

ခဏအကြာမှာ Attache case ဆွဲ၍ ညီညီ ဆင်းလာလေ၏။ Suit ဝတ်လိုက်တော့လည်း Gentleman ပုံပေါက်သွားတာပါပဲလေ။

"ဘာမှာဦးမလဲ ကိုကိုကြီး"

"မမှာတော့ပါဘူး"

"တစ်ခုခုခံတွင်းတွေ့တာမစားချင်ဘူးလား၊ ရှမ်းခေါက်ဆွဲပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်လေ"

"နေပါစေ ညီညီရယ် ..၊ မင်းပြန်လာမှ စားရရင် ည(၉)နာရီ ထိုးနေလောက်ပြီ"

"အစားတော့ ဝင်အောင်စားပေးဦးနော်၊ ဆေးတွေချည်း လိုမ့် သောက်နေလို့ ကိုကိုကြီးရောဂါ ပျောက်မှာမဟုတ်ဘူး၊ အစားမှန်မှ ဖြစ်မှာ"

"ကောင်းကောင်းနေနော်၊ အပြန်ကျ ကိုကိုကြီးအတွက် မမ လှလှလေးတစ်ယောက်ခေါ်လာခဲ့မယ်"

အစ်ကိုကို ရအောင်စ,သွားသည့် ညီညီကို ဘာမှပြန်မပြောဘဲ ပြုံးရုံသာပြုံးပြလိုက်ပါ၏။ မောင်းထွက်သွားသည့် ကားလေးကို ခြံဝမှ ထွက်လာသည်အထိ လက်ပြကာ ကျန်ရစ်ခဲ့သည်။ ဒီလိုပဲ အိမ်ထဲအောင်းပြီး အထီးကျန်စွာနေခဲ့ရတဲ့ရက်တွေက ဘယ်နှစ်နှစ်မျှ ရှိနေဦးမှာလဲ ..။

သက်ပြင်းကိုရှိုက်၍ ခြံထဲသို့ဆင်းခဲ့ပါသည်။ "တစ်သက်လုံး ပျော်ချင်ရင် သစ်ပင်စိုက်" တဲ့ ။ သူ့ခြံထဲမှာ အပင်တွေအစုံရှိနေပြီး စိမ်းစိုနေတာလေ။

ပန်းခင်းကို ဖြတ်တိုက်ပြီး ရောက်လာတဲ့လေက အစ လတ် လတ်ဆတ်ဆတ်ဖြစ်နေ၏။ လေကောင်းလေသန့်ရပါလျက်၊ ပတ် ဝန်းကျင်သန့်ပါလျက်နဲ့ သူ့ကျန်းမာရေးက ဘာကြောင့် ချူချာနေရ တာပါလိမ့်။ လူမမာကြီးလို အိပ်ရာထဲ လုံးလုံးကြီးလဲနေတာမျိုး





မဟုတ်ဘဲ နည်းနည်းလေးလှုပ်ရှားမိတာနဲ့မောရကာ "နှလုံး"ရောဂါ မှန်းသိခဲ့ရတာပါ။

ECG ရိုက်တော့ ညီညီက ခပ်ပျော်ပျော်နဲ့နောက်ခဲ့သေးတာ မဟုတ်လား။ ကိုကိုကြီးရဲ့ အသည်းနှလုံး စကားပြောလာပြီတဲ့လေ..။ ကိုယ့်နှလုံးသားက တကယ်သေဆုံးခဲ့တာကို တမင်ပဲမေ့ထားပြီး ဖော့ပြောတာမှန်းကိုယ်သိပါတယ်။ ညီညီရယ် ကိုယ်နှလုံးသားက လွန်ခဲ့တဲ့နှစ်နှစ်ကပဲ သေဆုံးရစ်ခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

"ချွင်"ခနဲအသံကြောင့် သတိဝင်သွားရပါ၏။ ဘာသံများပါလိမ့်။ အပင်တွေကို Spary ဘူးလေးနှင့် ဆေးဖျန်းပေးနေရာမှ လက်အိတ်ကိုချွတ်လိုက်မိသည်။ အသံက ဘေးဘက်ကပါပဲ။ အိမ်ဘေးရှိ ကုံကော်ပွင့်ရုံပုပုလေး လှုပ်သွားတာကြောင့် သေချာသွားပြီထင်၏။

ဒီအပင်က အမြင့်ကြီးတက်မသွားဘဲ မကြာခဏ ခုတ်ခဲ့တာမို့ အပင်ရင့်ပေမယ့် ခပ်ပုပုလေးသာဖြစ်နေတာပင် ..။ တုတ်ကောက်ကိုအားပြုကာ အိမ်ဘေးဘက်လျှောက်လာစဉ် ဘေးခြံဘက်မှ လက်တစ်စုံကို လှမ်းမြင်လိုက်လေ၏။

Fancy လက်ကောက်လေးတွေဆီမှ မြည်သံပါလား။ ဒီခေတ်





မှာ ဒီလိုလက်ကောက်ခုနစ်ကွင်းလောက်စုဝတ်တဲ့ မိန်းကလေးမျိုး အတော်ရှားပါးလွန်းတာလေ ..။ လက်ချောင်းသွယ်သွယ်တို့က သူ့ခြံဘက်မှ ကုံကော်ပွင့်ကို မမှီတမီလှမ်းချူးနေပုံပါပဲ။

"မမ ဟိုဘက်ကသီရင် အော်မှာနော်"

"တိတ်တိတ်နေစမ်းပါ၊ နင့်အသံကြားမှ ဟိုကသိသွားတော့မှာပဲ၊ အိမ်နဲ့ကွယ်နေတဲ့ဟာကို ဘယ်သူမှမမြင်ဘူး"

"မေမေကြီး ဆူလိမ့်မယ်"

"ဩော် .. ဒီမှာရတော့မယ့်ဟာကို တစ်ခုပြီးတစ်ခု လာဖြီခြောက်နေပြန်ပါပြီ"

ပဋိပက္ခက ပန်းခိုးချူးနေတဲ့အမှုပေကိုး။ သူပြုံးလိုက်မိပြီး ခြံဘေးသို့ရောက်လာပါပေ၏။ မမီရတဲ့အကိုင်းမှ အရွက်ဖျားလေးကို လက်ညှိုးနှင့် လက်ခလယ်ထောင်ပြီး ဆွဲယူနေပုံက ရယ်ချင်စရာ။ ပန်းချစ်တဲ့သူလေးပဲ ထင်ပါရဲ့။

သူက လက်ထဲမှတုတ်ကောက်ဖြင့် ကုံကော်ကိုင်းကို အသာဖိ၍နှိမ်ပေးလိုက်ရာ ထိုလက်ကလေး ကောင်းကောင်းမီသွားလေသည်။

"ရပြီ တော်ပါသေးရဲ့ ..၊ ဟဲ့!.. ဒါက ဘယ်ကိုပြေးတာတုံး"

နောက်ကိုလှည့်အော်ရင်း ကုံကော်ပွင့်တစ်ခက်လေးချူးကာ ကိုင်းကိုပြန်လွှတ်ပေးလိုက်ချိန်အထိ လုံးဝမရိပ်မိပုံပါလား ..။

"မိနီ နေဦးလေ ... အသံ့ ကိုစောင့်ဦးလေ"

အသံ တဲ့ ..၊ နာမည်က မဆန်းပေမယ့် လက်ချောင်းဖွေးဖွေး



www.burmeseclassic.com

www.burmeseclassic.com



လေးက အတော်လေးလှပနေတာကို သူ သတိပြုလိုက်မိတာလေ။ မနက်ကပဲ ညီညီ ပြောခဲ့တဲ့စကားလေးကို မှတ်မိနေပါရဲ့ ..၊ သူ့ဖို့ မမလှလှလေးတစ်ယောက် ခေါ်လာမယ်တဲ့ ..၊ မမလှလှလေးက တော့ ဘယ်နေတယ်မသိဘူး၊ အိမ်ဘေးပြောင်းလာတဲ့ ညီမချော ချောလေးနဲ့တော့ ညီညီ ဆုံရမှာသေချာသလောက်ပဲလေ ..။

"သမီး အသံ ... ဘာတွေလုပ်နေပြန်ပြီလဲ "

လက်ထဲခူးလာသည့်ကံ့ကော်ပွင့်ခက်လေးကို နောက်မှာဝှက် ထားလိုက်မိ၏။ ဖုံးကွယ်လို့ရပါ့မလား။ ပန်းဆိုတာက ရနံ့ရှိတဲ့ အရာတစ်ခုလေ။

"ကြည့်ရတာ မမသမီး ဟိုဘက်ခြံထဲက ပန်းသွားခိုးတာပဲ ဖြစ်မှာပေါ့"

"ကြည့်!.. လုပ်ပြန်ပြီလား သံယောဇဉ်"

"အန်တီလေးကလည်း အသံက ခိုးတာမှမဟုတ်တာ .. ခူးတဲ့ ဟာကို .. ခူးတာ .. ခူးတာ"

"ပိုင်ရှင်မသိအောင်ခူးလာတာမဟုတ်လား၊ အဲဒါ ခိုးတာပဲပေါ့၊ အဲဒီပန်းသရဲမဟာ ကိုယ့်ခြံထဲစိုက်ထားတဲ့ပန်းနဲ့ မတင်းတိမ်နိုင်ဘူး၊ သူများခြံထဲကပန်းကိုခိုးလိုက်ရမှ ကျေနပ်တယ်။ မမသမီးကို ကြည့် ဆုံးမထားနော် .. တော်ကြာ ဘေးခြံတွေနဲ့ ပြဿနာဖြစ်ရင်မလွယ် ဘူး၊ စော တို့ သိကြွခကျတယ်"

"အေးပါ စောရယ် .. ငါ့သမီးကို ငါ ဆုံးမပါ့မယ်၊ ဆေးရုံသွား





တော့မှာမဟုတ်လား၊ သွားတော့"

ကားပေါ်တက်မောင်းထွက်သွားသည့် ညီမဖြစ်သူ ဒေါက်တာ စောသီရိနွယ်ကိုလက်ပြနှုတ်ဆက်လိုက်ပြီး သမီးဖြစ်သူလက်မောင်း ကို ဒေါ်မြသန္တာနွယ် လှမ်းဆွဲထားလိုက်ရပါ၏။ "သမီးတစ်ကောင်၊ နွားတစ်ထောင်"လို့ ဆိုရိုးစကားရှိပေမယ့် မိမိသမီးက သိပ်အဆိုး ကြီးမဟုတ်ပါ။ သို့သော် ပန်းမြင်တာနဲ့မခူးရလျှင် မနေနိုင်တဲ့ အကျင့်ကို ဘယ်လိုမှပြောလို့မရ။ ဟိုတစ်ခါလည်း စစ်သချိုင်းထဲမှာ ခုတ်ပုံသွားရိုက်တယ်ဆိုပြီး ပန်းတွေခူးလာတာလေ။ ပြောလိုက်ရင် သူမ Botany ယူထားလို့လေ့လာတာ ဆိုပြီး အကြောင်းပြတာနဲ့ မဆီမဆိုင် ပန်းသူခိုးလေးဖြစ်လို့ဖြစ်နေတာမဟုတ်ပါလား။

"လုပ်လာပြန်ပြီလား အသံရယ် ..၊ ငါ့မလဲ တစ်နေ့တစ်နေ့ မိနီကို တစ်မျိုး .. နင့်ကိုတစ်ဖုံ ပြောပြရတာ ပါးစပ်ကိုမပိတ်ရဘူး"

"အသံ ဘာလုပ်လို့လဲလို့"

"ဘာမှန်လာဥလုပ်ချင်တာလဲ၊ နေဦး .. ငါရတာ ကံ့ကော်ပန်း နဲ့ပဲ .. မှန်မှန်ပြောစမ်း၊ တွေ့လား ဟိုဘက်ခြံက လှမ်းခူးလာတာပေါ့ လေ .. ဟိုကမိသွားရင် ဘယ့်နှယ်လုပ်မလဲ"

"တောင်းပန်လိုက်မှာပေါ့ မေမေရယ် ..၊ အသံလိုချင်လို့ တစ် ပွင့်တည်းခူးတာပါလို့"

လက်ညှိုးလေးထောင်လျက် မချိုမချဉ်မျက်နှာလေးလုပ်ပြနေ သည့် သမီးဖြစ်သူကို ဘာမှဆက်မပြောဖြစ်တော့ဘဲ သက်ပြင်းကို



www.burmeseclassic.com

www.burmeseclassic.com



သာရှိက်လိုက်မိတော့၏။

"ကျောင်းသွားဖို့ပြင်တော့လေ"

"ကျောင်းမဟုတ်ပါဘူး၊ ကျူရှင်ပါ မေမေရယ်"

"အေးပါ .. နင်တို့အလှည့်ပဲ ကျောင်းရော၊ ကျူရှင်ရော၊ သင်တန်းရော၊ လက်တွေ့ရော စုံနေတာပဲ"

"အဲဒါတောင် အသံ ဆေးမယူလို့နော် .. နို့မို့ဆို အသံ့မျက်နှာကို မေမေ တစ်နေ့လုံးမြင်ချင်လို့တောင် မြင်ရမှာမဟုတ်ဘူး"

"ကြီးကြီးကျယ်ကျယ်ပြောနေပြန်ပါပြီ၊ သွေးမြင်တာနဲ့လန့်ပြီး သတိမေ့တတ်တဲ့လူကများ ဆေးကျောင်းတက်ချင်လို့ရပါလိမ့်မယ်"

သူမ တခစ်ခစ်ရယ်မောလျက် အပေါ်ထပ်သို့ ပြေးတက်ခဲ့ပါ၏။ လက်ထဲမှငွေလက်ကောက်လေးတွေက တချွင်ချွင်မြည်နေလေသည်။ အသံက ရွှေဝတ်တိုင်းပျောက်တတ်သဖြင့် မေမေက ရွှေမဆင်ပေးတော့ပါချေ။ ပြီးတော့ ငွေက အသံနှင့်တည့်ပြီး ဝတ်ထားတာနှင့်အမျှ မည်းမသွားဘဲ အရောင်ပိုလက်လာတာမို့ အသံ့တစ်ကိုယ်လုံး ငွေရောင် Fashion ဖြစ်သွားတာပဲ မဟုတ်ပါလား။

ပြီးတော့ အသံတို့အမျိုးက ဆရာဝန်မျိုးလို့ပြောရအောင် ဘိုးဘိုး၊ ဖေဖေ၊ အန်တီလေးအထိ ဆရာဝန် အစဉ်အဆက်ဖြစ်လာခဲ့တာပင်။ အသံ့ အလှည့်မှာတော့ ဆေးကျောင်းတတ်ရန် အမှတ်မီပါလျက် သွေးမြင်လျှင်လန့်တတ်တာမို့ [နှလုံးမကောင်းဘူးဆိုပြီး] ဖျက်ခဲ့ကြတာပါ။ နောက်ဆုံးတော့ စာသက်သက်သာသာကျက်ရ





သည့် Botany ကျောင်းသူလေးပဲဖြစ်ခဲ့ရတာလေ။

ကျောင်းမှာ အသံက အင်မတန်လှပလွန်းပြီး Porpular ဖြစ်တဲ့ Queen တော့မဟုတ်ခဲ့ပါ။ သို့သော် ပန်းအလွန်ကြိုက်တတ်ပြီး သူငယ်ချင်းတွေနဲ့ ပြောင်တောင်တောင်နောက်တောက်တောက်နေတတ်တာမို့ လူသိများပါ၏။ ပြီးတော့ အသံ့ရဲ့ ခပ်ဆန်းဆန်း "သံယောဇဉ်"ဟူသည့်နာမည်ကြောင့် ထင်ပေါ်သူတစ်ယောက် ဖြစ်ခဲ့ရတာပါပဲ ..။

ကုပ်ဝဲလေးညှပ်ထားသော ဆံပင်လုံးလုံးလေးကို ဘီးဖြင့် ခပ်ဖွဖွလေးဖြီးလိုက်၏။ ရှေ့မှာတညီတညာလေးညှပ်ထားသည့် ဆံမြိတ်လေးကို နည်းနည်းများလာအောင် ဘီးဖြင့်ဆွဲထုတ်ကာ သပ်ချလိုက်သည်။ ပြီးတော့မှ ကလစ်မဲကလေးဖြင့် ခုနက ရှုးလာသည့် ကံ့ကော်ပွင့်လေးကို နားနောက်မကျတကျနေရာလေးမှာပန်လိုက်ပါ၏။

အင်း .. အသံ့ကို ရှစ်တန်းကျောင်းသူလောက်ပဲ ထင်ကြဦးမလား။ သူများတကာတွေ ၁၈၊ ၁၉ အရွယ် အလှသွေးကြွယ်ကြချိန်မှာ အသံ က သေးသေးညှက်ညှက် ပိန်ပိန်ရှည်ရှည်လေး ဖြစ်နေရတာလေ..။ ဝတဲ့လူတွေက ပိန်ချင်လို့ ဘာဆေးသုံးလဲ စပ်စုကြတဲ့အခါ ကိုယ့်ကိုယ်ကို Body Fit ဖြစ်အောင်လုပ်နိုင်တဲ့လူလို အထာကြီးတစ်ခွဲသားနဲ့ ဟန်လည်းလုပ်တတ်သေးတဲ့ အသံရယ်ပါ။

"လိုက်ပို့ပေးရဦးမလား သမီး"

"မလိုပါဘူးမေမေရယ် .. ဒီတစ်မှတ်တိုင်ကျော်လေးပဲ လမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားလို့ဖြစ်ပါတယ်"

"အပြန် မော ..လားလို့"

"အသံက မကြောက်တတ်ပါဘူး မေမေရဲ့ ..၊ ည(၇)နာရီ ဆိုတာ မှောင်ရီပျိုးစလေးပဲရှိသေးတာပါ"

"မိနီကို လိုက်ကြိုခိုင်းရမလား"

"သူ့ကြိုခိုင်းရင် ခြံရှေ့ကနေ ခြေတစ်လှမ်းမှ ခွာမှာမဟုတ်ဘူး၊ နေပါစေ"

"မကောင်ကောင်လေးတွေဘာတွေ လိုက်နှောင့်ယှက်နေမှဖြင့် အသံ ရယ် ..."

"ဩော် ... ဒီတော့လည်း သတ္တိရှိရင် အိမ်လိုက်ခဲ့ဆိုပြီး အိမ် အထိ လိုက်ပို့ခိုင်းရုံပေါ့ မေမေရဲ့ ..၊ ဒါတွေက Minor ပါ၊ လွယ် လွယ်လေးပဲ၊ အသံ သွားပြီ တာ့တာ"

"ကြည့်!.. ဒီကလေးတော့ ..."

ပြောင်စပ်စပ်လုပ်ရင်းထွက်သွားသည့် သမီးဖြစ်သူကို ကြည့် ရင်း ပြုံးပြုံးကြီး ကျန်ရစ်ခဲ့ရပါ၏။ သမီးက ကလေးလိုပဲနေတတ် တာမို့ အပြစ်ကင်းစင်လွန်းပါသည်။ ရည်းစားသနာလည်းထားတဲ့ အသံမျိုး မကြားရတာမို့ စိတ်ချပေမယ့် အရွယ်ရဲ့အလှကြောင့် ဒီလို မျိုးအနှောင့်အယှက်ပေးခံရမှာကိုတော့ စိတ်မအေးလှတာ အမှန်ပဲ လေ။

ကျောပိုးအိတ်သေးသေးလေးမှ PK ဘူးကို လှမ်းနှိုက်ကာ တစ်ခုယူ





ဝါးလိုက်၏။ အသံက တဖောက်ဖောက်အသံကို သိပ်လုပ်တတ်တာ လေ။ ဘိုးဘိုးနဲ့ဘွားဘွား ဆုံးသွားပြီမို့ အစိုးရပိုင်တိုက်ကို ပြန်အပ် ကာ ဖေဖေ ဝယ်ထားသည့် ဤအိမ်သို့ပြောင်းခဲ့ကြတာပါ။ အနံ့တီ လေးရော ဖေဖေပါ ဆေးရုံနှင့်ဒီအိမ်က ပိုနီးသလို အသံ့ဆရာမရဲ့ အိမ်နဲ့လည်းနီးတာမို့ ပိုအဆင်ပြေသွားရတာပင်။

"ဖောက် .. ဖောက် .. ဖောက်"

အသံမြည်သွားတာမို့ ခြံတံခါးလာဖွင့်ရင်းမှ လမ်းပေါ်သို့ သူ့ အကြည့်ရောက်သွားပါ၏။ Quater Pants အနက်ရောင်ကို T - Shirt အဖြူလေးနှင့် တွဲဝတ်ထားပြီး ကျောပိုးအိတ်အညိုရောင်လေး လွယ် ထားသည့် ကောင်မလေးပါလား။ နားရွက်နားအုပ်ကျလာသည့် ဆံနွယ်တို့ကို လက်ဖြင့်သပ်တင်လိုက်စဉ် လက်ကမှ "ချွင်"ခနဲအသံ ထွက်သွားလေသည်။

သေချာပါတယ်။ ဒါ ခုနကပဲ သူ့ခြံက ပန်းခိုးခူးတဲ့ ချာတိတ်မ လေးပေါ့လေ။ မျက်နှာကိုပင့်မော့ပြီး ဆတ်တောက်ဆတ်တောက် လျှောက်လာရင်း ခြံရှေ့ရောက်စဉ် သူ့ကို ဖျတ်ခနဲကြည့်လိုက်တာမို့ ပြုံးလိုက်မိပါ၏။ ကြည့်ရတာ ကျောင်းတတ်တုန်းမို့ ၁၈၊ ၁၉ ခန့် လောက်သာ ရှိဦးမည်သာ။

"ဘာကြည့်တာလဲ .. မိုက်လို့ကြည့်တာလား"

"ဟောဗျာ ..."

ဘုဆတ်ဆတ်ပုံစံနှင့် သူ့ကိုရန်လုပ်လိုက်တာကြောင့် ပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်ဖြစ်သွားရလေ၏။ ကောင်မလေးမျက်နှာမှာ အံ့သြရိပ်ထင်သွားပါသည်။

"ဟိုလေ မြင်ဖူးသလိုပဲ၊ အသံ ကောင်းကောင်းကြီးသိနေတယ်"

လူကို လှက်ညှိုးထိုးလျက်ပြောကာ ရပ်နေတာမို့ သူကခါးကိုဖွင့်ထားပြီး လှည့်ကြည့်လိုက်မိသည်။ ခုနကဖြင့် လူကို ရန်သူလိုပြောလိုက်ပြီး ခုတော့ လာရောနေပြန်ပါလား။ ခေတ်ကာလသမီးပျိုတွေများ တယ်မလွယ်ပါလားနော်။

"ဘာလဲ Brad Pitt နဲ့တူလို့ဆိုပြီးရောချမလို့မဟုတ်လား ..၊ ဒါမျိုးရိုးနေပြီ ချာတိတ်ရဲ့"

"ဟင် .. ဟုတ်ပါဘူး"

နှုတ်ခမ်းလေးစူပြီး ညည်းလိုက်ပုံက ခုချက်ချင်း ထွက်မယ့်ပုံမဟုတ်ပါလား။ ခြံဝတည့်တည့်မှာရပ်ကာ သူနဲ့စကားလက်ဆုံကျဦးမယ့်ပုံပင်။

"တကယ်မြင်ဖူးလို့လား"

"အင်းပေါ့"

"စဉ်းစားလို့ရပြီလား"

"ဟင့်အင်း"

"ကျူရှင်နောက်ကျလို့ ဆရာမရိုက်တာ ခံနေရဦးမယ်၊ သွားတော့လေ"





"အသံ သေချာသိတာ"

"နောက်တော့ ပြောပြမယ်"

"မရဘူး၊ အခုသိချင်တာပါဆိုနေ ..."

"မင်းနာမည်က အသံ လား .. အသံနဲ့ လား"

"အံမယ်.. ညာတာပါတေးနဲ့ လူကို နာမည်လှည့်မေးတာပေါ့လေ၊ ဘယ်ရမလဲ"

"ဒါဆိုကျေပြီပေါ့၊ ကိုယ်လည်း မင်းကို ကိုယ် ဘယ်သူဘယ်ဝါဆိုတာ ပြောစရာမလိုတော့ဘူးလေ ဟုတ်ပြီလား"

"ဟင် အသံက သိချင်တော့ ဘယ်လိုလုပ်ရမလဲ"

"ကိုယ်က မင်းနာမည်သိချင်ရင်အလွယ်လေးပါကွ"

"ဘယ်လိုစုံစမ်းမှာလဲ"

မျက်လုံးထောင့်ကပ်၍ မေးလိုက်ပုံက ထုချင်စရာ။ ညီညီနဲ့သိပ်မကွာတာမို့ သူ့ထက်, ဆယ်နှစ်ကျော်ငယ်မည့်ကလေးမလေးပဲ။ ညီမလေး ဆိုတာထက် တူမလေးအရွယ်ဆိုရင် မှားမည်မထင်။ သူမကိုယ်သူမတော့ လိပ်ပြာလုံ့ပုံရပ်တည်လေးနှင့်ပါလေ။

"မင်းကို သက်သေပြပြီးဖမ်းလို့ရတယ်လေ"

"ဘာကိုလဲ"

"မင်းခေါင်းပေါ်က ကုံကော်ပန်းကိုပြောတာလေ"

"ဟင်! အသံ ခူးတာကို မြင်လိုက်တာလား"

"မင်း ခူးတုန်းက မိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ!.. ရှင်ကြီး ကိုင်းကို ဆွဲနှိမ်ပေးလိုက်တာလား"

"ဒါပေါ့"

"အား.. ဟားဟား.. ရှက်စရာကြီး၊ မိနီ က သရဲဆိုပြီး ထွက်ပြေးတာ .. ခုမှပဲ သဘောပေါက်တော့တယ်"

"အဲဒါ ရှက်တဲ့မျက်နှာလား"

"ဟင်း .. ဟင်း ပန်းခူးတာရှက်စရာမှမဟုတ်ဘဲဟာ .. ရှက်ပါဘူး"

ပြောင်ချော်ချော်မျက်နှာလေးကိုကြည့်ပြီး သူ ပြုံးလိုက်မိပြန်၏။ ဒီနေ့ အတော့်ကိုစိတ်ကြည်လင်နေရတာမဟုတ်ပါလား။ ပြုံးစရာတွေချည်းကြုံပြီး သူ အတော့်ကိုပြုံးမိနေရတာလေ။

"အဟုတ်ပဲ၊ ဒီအပြုံးကို အသံ ကောင်းကောင်းကြီးသိနေတာ"

"ကိုယ်ပြောတယ်လေ Brad Pitt နဲ့ တူလို့ပါဆို။ မဂ္ဂဇင်းထဲမှာ မကြာခဏပါနေတာပဲ မမှတ်မိဘူးလား။ ဒါပေမယ့် ကိုယ်က ရုပ်ရှင်မင်းသားကော့မဟုတ်ပါဘူး"

"ဟွန်း!.. မပြောရင်လည်းနေပေါ့ .. ရတယ်"

ခြေတစ်ချက်သောင့်ကာ ခြံဝမှာလှည့်ထွက်လာခဲ့မိ၏။ ဒီအပြုံး ဒီအပြုံးကို အသံ ကောင်းကောင်းကြီးသိပါတယ်။ ဘယ်မှာမြင်ဖူးတာပါလိမ့်၊ စဉ်းစားလို့မရပါဘူးဆိုနေမှ Brad Pitt နဲ့တူတယ်ဆိုပြီး လိမ့်ပြောတဲ့လူကြီးကြောင့် အတွေးတွေချော်ကုန်ရတာလေ။

နေဦး မဂ္ဂဇင်းထဲမှာ ခဏခဏပါတာပဲတဲ့၊ ဒါ သဲလွန်စ ပေး





တာပေါ့။ ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားရပြီး အာရုံထဲမှာ မျက်နှာတစ်ခုကို ဘွားခနဲမြင်လိုက်ရလေ၏။

"ဦးဘုန်းမြင့်မိုရ်"

နှုတ်ဖျားမှ ဖွဖွရွတ်မိစဉ် ရင်တွင်းမှ တဒိတ်ဒိတ်ခုန်ပေါက်သွားရလေ၏။ ဟုတ်တယ် ...၊ ဒါ အသံ သိပ်ကြိုက်ကဲ့ စီးပွားရေးသမားလူချောကြီးရယ်လေ။ ကြည့်စမ်း!.. ခုနက ဘာကြောင့်သတိမရတာပါလိမ့်။

ခြေလှမ်းကိုနောက်ဆုတ်ကာ ပြန်လှည့်စဉ် အသံ့ကို ကျောပေးလျက်ဝင်သွားသည့်လူကြီး၏ နောက်ကျောကိုသာမြင်လိုက်ရပါ၏။ ခြေတစ်ဖက်ထော့နင်းလျက် ဖြည်းဖြည်းချင်းလျှောက်သွားနေတာ ဦးဘုန်းမြင့်မိုရ်အစစ်ပဲလား၊ Accident ဖြစ်ပြီးနောက်ပိုင်း စီးပွားရေးလောကမှပျောက်ကွယ်သွားသော လူကြီးရယ်လေ ..။

တစ်ချိန်က လျှမ်းလျှမ်းတောက်ခဲ့တဲ့အမည်တစ်ခုကို ကုမ္ပဏီလောကမှာ မှတ်မှတ်ရရရှိခဲ့တာအမှန်ပါ။ စာအစုံဖတ်လေ့ရှိတဲ့ အသံ တို့အိမ်မှာ သူ့ပုံမျက်နှာဖုံးနဲ့ စီးပွားရေးမဂ္ဂဇင်းတွေ ရှိနေသေးတာပဲမဟုတ်ပါလား။ သူဘာကြောင့် ဒီလောကထဲကနေ ရှောင်ထွက်သွားရတာပါလိမ့် ..။

"တီ ..."

အတွေးနယ်ချဲ့စဉ် ရှေ့တည့်တည့်ပေါ်လာသည့်ကားကြောင့် ကြောင်ရပ်နေမိ၏။ ဘုရားရေ!.. အသံ တော့သေပြီထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့!.. မင်းဘကြီးပိုင်တဲ့လမ်းမို့ ဘေးကပ်မလျှောက်ဘဲ အလယ်တည့်တည့်ကလျှောက်နေရလား .. သေတော့မှာပဲ"

"အံမာ!.. ရှင်က ဟွန်းမှမတီးတာ သိမလား"

"မြင်တာနဲ့သိရမှာပေါ့၊ ခေါင်းထဲမှာ ဘယ်မင်းသားနဲ့တွဲလျှောက်နေမှန်းမသိဘဲနဲ့ ပြဿနာမရှာချင်နဲ့"

"အောင်မယ် တိုက်ရဲရင်တိုက်ကြည့်လိုက်လေ .. သေအောင်မတိုက်လို့ကတော့ ရှင် ကောင်းကောင်းနောင်တရစေရမယ်မှတ်"

"ကျွတ်!.. ဘယ်လိုဟာလေးမှန်းလဲမသိပါဘူး"

မျက်စောင်းခဲကာ ဘောက်ဆတ်ဆတ်လေးလျှောက်သွားသည့်ကောင်မလေးကို ကောင်းသန့်စင် တစ်ချက်ကြည့်လိုက်မိ၏။ ချွင်ခနဲအသံတို့နှင့်အတူ ခေါင်းထက်မှ ကုံ့ကော်ပန်းကို ဖျတ်ခနဲမြင်လိုက်ပါသည်။ ဟော!.. ဒါသူတို့ခြံထဲကပန်းပါလား။ ဒီလမ်းထဲမှာ ဒီအပင်မျိုး သူတို့ခြံမှာသာရှိနေတာလေ ..။

"ကျုက်!.. ဘယ်လိုလူလဲမသိ အတွေးတောင်ပျက်တယ်၊ ဟင်း... ဟင်း Brad Pitt ဆိုတော့လည်း Pitt လိုက်တာပေါ့ ဦးဘုန်းမြင့်မိုရ်ရယ်..၊ ဒီလောက်လျှို့ဝှက်ချင်မှတော့ အဲဒီလျှို့ဝှက်ချက်ကို အသံ့ရအောင်ဖော်ထုတ်ပေးရမှာပေါ့ ..၊ အသံက လျှို့ဝှက်သည်းဖိုပတ္တူထဲက စုံထောက်ဇာတ်လိုက်တွေကို သိပ်သဘောကျတာလေ.."

တစ်ယောက်တည်းရေရွတ်ကာ ပြုံးလိုက်ရင်း လမ်းမကြီးကို ဆက်လျှောက်ခဲ့ပါ၏။ ပျော်စရာကြီးပါလားနော် ..၊ ဒီလမ်းထဲ





ပြောင်းလာခဲ့တာ အသံ့အတွက် ပျင်းစရာကြီးလို့ထင်ထားခဲ့မိတာ အလွဲကြီးလွဲပြီထင်ပါရဲ့။ အသံ စိတ်ဝင်တစားရှိခဲ့သည့် လူကြီးတစ်ယောက်နှင့် ဤသို့ ခြံချင်းကပ်နေရလိမ့်မည်ဟု တစ်ခါမှမတွေးခဲ့မိပါချေ ..။

ကောင်းပြီ Mr. Pitt ရယ် .. အသံတို့ရှေ့ဆက်ပြီး စကားတွေအများကြီးပြောဖို့ရှိနေတာပဲလေနော် ..။



www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ညနေစာပြင်ပေးနေတာကို သူ လိုက်ကြည့်နေမိ၏။ ညီညီက ဝမှာကိုကြောက်တဲ့လူမို့ ခေါက်ဆွဲတို့ ဝက်သားတို့ကို အမြဲရှောင်တာလေ။ အထူးသဖြင့် ဂျုံနဲ့လုပ်တဲ့မုန့်တွေအစားအစာတွေကိုပါပဲ ..။

"ဒီဟင်းက စပ်လား ဒေါ်ပု"

"အရောင်ပဲထည့်ပေးထားတာပါ ကိုကိုကြီး၊ ကိုကိုလေး အစပ်ရှောင်မှန်း ကျွန်မ သိပါတယ်"

"ဟိုကောင်မလေး ဘယ်ရောက်နေပြန်လဲ"

"အဝတ်တွေလျှော်လှန်းထားတာကို ရုပ်ခိုင်းထားတာပဲ"

"မီးပူတော့မထိုးခိုင်းနဲ့နော် ..၊ အထည်ကျွမ်းသွားတာက အကြောင်းမဟုတ်ဘူး.. တော်ကြာ လက်အပူလောင်မှာစိုးလို့ ပြောရတာ"





"ဟုတ်ကဲ့ .. ကျွန်မ သိပါတယ်"

ချဉ်ပေါင်နှင့်မျှစ် ရောကြော်တာရယ်၊ ဘူးသီးနှင့် ငါးခေါင်းဟင်းချိုရယ်၊ ငါးဆုပ်ဟင်းရယ်၊ အမဲနှပ်ရယ်၊ ဂေါ်ရခါးသီးကို ကြက်ဥခေါက်ပြီး ရောကြော်ထားတာရယ် ညီညီစားမြိန်မှာပါလေ..။

"ဟာ!.. သမီးအကြိုက် ချဉ်ပေါင်ကြော်ပါလား"

"ဟဲ့.. လူကြီးတွေမစားရသေးဘူး၊ ဘယ်လိုဖြစ်နေလဲ"

"အိုးထဲ ရှိသေးတယ်မဟုတ်လား ဒေါ်ပု"

"ရှိပါတယ်"

"ရှိရင်လည်း စားပါစေတော့ ဒေါ်ပုရယ် ..၊ ဒီအရွယ်က အစာချက်တာမြန်တဲ့ဟာကို ဆာနေရှာမှာပေါ့"

"ဘာလဲ .. ကိုကိုကြီး"

ညီညီပင် ရေချိုးပြီး ရောက်လာချေပြီ။ မိရုပ်ပြာတို့ဆာပြီထင့်၊ ဗိုက်ကို လက်ဖြင့်ပွတ်၍ လျှာသပ်နေပြီမဟုတ်ပါလား။

"ဒီမှာလေ မိရုပ်ပြာ ဆာနေပြီမို့လို့ ကျွေးဖို့ပြောနေတာ"

"ဟင် ဦးဘုန်းကလည်း ခတ္တာပါ .. မိရုပ်ပြာ မဟုတ်ပါဘူး"

"ညည်း ရုပ်ပြာရုပ်ပြာလုပ်လွန်းလို့ ခေါ်တာပဲလေ ..၊ နည်းတောင်နည်းသေးတယ်၊ ဟော.. ဒင်းအကြိုက် ချဉ်ပေါင်ကြော် မြင်လို့ကိုး ဒေါ်ပုရေ ..၊ ဒင်းအတွက် ငရုတ်သီးစိမ်းများများသာ ထည့်ကျွေးလိုက်ချည် .."

"ဦးငယ် နော် .."



www.burmeseclassic.com

www.burmeseclassic.com



စ,စရာ ကလေးဆို၍ ဒီတစ်ယောက်သာရှိတာမို့ သူတို့ ရယ်မောပုံက်မိကြ၏။ ထမင်းဝိုင်းဝင်ထိုင်လိုက်သည်၊ ကောင်းသန့်စင်က ဟင်းတွေကိုကြည့်ပြီး ခေါင်းခါလိုက်မိသည်။ ကိုကိုကြီး စိတ်ကြိုက်ဖြစ်မယ့် ဟင်းရယ်လို့ မရှိပါလားနော် ..။

"ဘာဖြစ်လို့လဲ .. ညီညီ"

"ကိုကိုကြီးစားကောင်းမယ့်ဟင်း မတွေ့လို့လေ"

"ဘာနဲ့ပဲဖြစ်ဖြစ် စားဝင်ပါတယ် ညီညီရယ်"

"ကြောင်စာလောက်လေးပဲ စားဦးမှာမဟုတ်လား ...၊ မဖြစ်သေးပါဘူး၊ ကိုကိုကြီးအတွက် တစ်ခုခုတော့လုပ်ပေးမှ ဖြစ်တော့မှာပဲ"

"ဘာလုပ်ပေးမလို့လဲ"

"ကိုကိုကြီးကို အနီးကပ်ပြုစုကျွေးမွေးပေးနိုင်မယ့် ဇနီးမယားသက်ထားကညာပေါ့ဗျာ"

"ဟာ ဒီကောင်တော့ ..."

သူ ထမင်းစားရင်း ညီညီကို လှမ်းမဲလိုက်ပါ၏။ ထမင်းစားတိုင်း သူနှင့်စကားများကာ ဒီလိုတစ်ပန်းကန်ကို မည်သို့မည်ပုံဝင်သွားမှန်းမသိဘဲ ကုန်သွားတာကို ညီညီပဲသိထားတာလေ ..။

"မဟုတ်ဘူးလား ဒေါ်ပုရယ်"

"ဒါတော့ ကျွန်မ မသိဘူး ကိုကိုလေးရေ"

"ဘာလဲ .. အလုပ်ပြုတ်မှာစိုးလို့လား၊ မစိုးရိမ်ပါနဲ့ ဒေါ်ပုရယ်





မေမေ ရှိစဉ်ကတည်းက ဒီအိမ်မှာ ဒေါ်ပုမြဲလာတဲ့ဟာကို စိုးရိမ်စရာလား..၊ ကျွန်တော်က ကိုကိုကြီးကို ပြုစုဖို့ မိန်းမရှာပေးဖို့ ပြောနေရတာပါ"

"ဒါဆိုလည်း သဘောပါရှင်"

"ငါ့ရောဂါနဲ့ငါ အနိုင်နိုင်ရယ်ကို အပူကလာပေးနေပြန်ပါပြီ"

"ကိုကို့ကို အနီးကပ်ပြုစုပေးမယ့် ဇနီးမျိုးက Nurse မဟုတ်ရင် ဆရာဝန်ပဲဖြစ်သင့်တယ်လေ"

"ကျွတ်! လာပြန်ပြီ .. ဒီကောင်တော့ ကိုယ့်ဘာသာကိုယ်ပဲ ရအောင်ရှာစမ်းပါ၊ ငါ့ကိုတွေးပူမနေနဲ့"

ကောင်းသန့်စင် ကျိတ်ပြုံးလိုက်ပါ၏။ လူပျိုကြီး ရှက်ရှက်နဲ့ ထမင်းကိုငုံ့စားနေပြီလေ။ ကိုကိုကြီးက သူ့လိုမဟုတ်၊ ဒေါသဖြစ်လာရင် သူက အုံးဒိုင်းကျဲသလောက် ကိုကိုကြီးက တစ်ယောက်တည်း ကျိတ်ခံစားနေတတ်တာလေ။ ဒါကြောင့်လည်း Stress တအားများပြီး Heart ဖြစ် လာရတာပါပဲ ..။

ပြီးတော့ သူ့ကိုငဲ့ပြီး ရည်းစားတောင်မထားဖြစ်ခဲ့တဲ့ ကိုကိုကြီးဟာ သူ့အသက် ၁၈ နှစ် Eco တက်တော့မှပဲ "ပိုးသီရိ" ဆိုတဲ့ အလုပဂေး မမလေးနဲ့ ချစ်ကြိုက်ခဲ့တာလေ။ မချစ်ဖူးလို့ အရူးအမူးနဲ့ ကိုကိုကြီး ချစ်ရအောင်လည်း အဲဒီ ပိုးသီရိက ဒိပ်ကိုလုပ်ခဲ့တာ အမှန်ပါ။

သူ့အသက် ၂၀ ဘွဲ့ယူခါနီးမှ ကိုကိုကြီးတို့ စေ့စပ်လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပြင်ရာမှ ကိုကိုကြီး သစ္စာဖောက်ခံခဲ့ရတာပါပဲ။ ဒီလောက်ငွေရှာတော် နာမည်ကြီးတဲ့ ကိုကိုကြီးကို ဘာကြောင့်လက်တွဲဖြုတ်ခဲ့သလဲ ဆိုတာကို သူ စဉ်းစားလို့လုံးဝမရခဲ့။ မိန်းမတွေကို စိတ်အနာကြီး မဟုတ်ပါဘဲ တစ်ချိန်က နာမည်လျှမ်းလျှမ်းတောက်ခဲ့တဲ့ ကိုကိုကြီး နဲ့တွဲမှ လှယဉ်ကျေးမယ် ပိုးသီရိ နာမည်ပိုကြီးခဲ့တာကိုတော့ သူ ကောင်းကောင်းကြီး သိခဲ့တာလေ ..။

"ပိုးသီရိ"နဲ့ "ဒေါက်တာမြင့်မြတ်ကျော်"တို့ မင်္ဂလာဆောင်တဲ့ နေ့ကအပြန် မီးပွိုင့်မှာ ဆုံတွေ့ရာက နှလုံးထိပြီးကား Accident ဖြစ်ခဲ့ရင်း ခြေတစ်ဖက်လုံးဝမသန်ဘဲ ဒုက္ခိတတစ်ပိုင်းဖြစ်ခဲ့ရတာပါ ပဲ။ နှစ်နှစ်တာလုံးလုံး လူမမာကြီးလိုအိပ်ရာထဲလဲခဲ့ရတာ နာလန်ထူ တာ မကြာသေး...။

အရင်အိမ်က ဒီကိုပြောင်းခဲ့တာ တစ်နှစ်ကျော်ကျော်လေးသာ ရှိခဲ့တာလေ။ နေရာသစ်မှာ စိတ်သစ်လူသစ်နဲ့ ပျော်ပါစေဆိုပြီး ဒီကိုရောက်လာတာ ကိုကိုကြီးအတွက် အများကြီးကောင်းသွားတာ မဟုတ်လား။

"Senior အတိုင်းလေ ... ကိုကိုကြီးရ"

"မလိုပါဘူး Seniorတွေ Juniorတွေနဲ့ လာမခြိမ်းခြောက်နေနဲ့၊ မင်းကြိုက်တဲ့ကောင်မလေးသာ အိမ်ကိုခေါ်လာခဲ့"

"ဘာလဲ .. ကိုကိုကြီးကြိုက်ဖို့ ခေါ်လာရမှာလား"

"ဟေ့ကောင် မင်းနဲ့ပေးစားမယ်လို့ပြောနေတာ"





"မပြောနိုင်ဘူးလေ၊ ကျွန်တော်ကြိုက်တဲ့ကောင်မလေးကို ခေါ် လာပြီးမှ ကိုကိုကြီးကြိုက်သွားရင် ဘယ့်နှယ်လုပ်မလဲဗျ"

ငြိုးဟ်ကြည့်ကြည့်လိုက်သည့် ကိုကိုကြီးကို နှစ်သိမ့်ပြုံးမျိုးဖြင့် ပြုံးပြလိုက်ပါ၏။ သူ့ကိုယ်သူ ဒုက္ခိတဆိုပြီး စိတ်ဓာတ်ကျနေတဲ့ ကိုကိုကြီးကို အစဉ်အမြဲ စိတ်ရောကိုယ်ပါ ရွှင်လန်းကြည်လင်စေ ချင်ပါသည်။ ရုပ်ရည်ရော အရုပ်အမောင်းပါ ပြောစရာမရှိအောင် ခန့်ထည်ပြီး သူ့ထက် သာခဲ့သည့်ကိုကိုကြီးကို ဟန်ဆောင်ပြီပြုံး တာမျိုးမဟုတ်ဘဲ ရင်ထဲက လှိုက်လှိုက်လှဲလှဲနဲ့ သူ့ကို ပြုံးပြတာ ကိုသာ လိုချင်တာလေ ..။

"အဲဒီလိုဖြစ်ခဲ့ရင်တောင်မှ သီဟာဒေဝီကို ရာမမင်းသား အတွက် အလျှော့ပေးခဲ့တဲ့ ညီတော်လက္ခဏမင်းသားလို ကျွန်တော် နောက်ဆုတ်ပေးပါ့မယ် ကိုကိုကြီးရ"

"ကျွတ် ..! ကြီးကြီးကျယ်ကျယ်တွေပြောနေပြန်ပြီ"

"ဒါနဲ့ ဟိုဘက်ခြံကိုပြောင်းလာကြတဲ့လူတွေကို ကိုကိုကြီး သိပြီလား"

"ငါက ဘာကြောင့်သိရမှာတုံး"

"ဒေါ်ပုရော .."

"ကျွန်မလည်းမသိဘူး၊ ဟို မိခတ္တာတော့ သိမယ်ထင်တာပဲ"

ဟိုဘက်ခြံဆို၍ ညနေကပဲ ပန်းခိုးခူးသွားသည့် အသွေးရောင် လက်တစ်စုံကို သတိရမိသွားရပါ၏။ အသံတဲ့ ..၊ သူ့ကိုမြင်ဖူးပုံမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လက်ညှိုးထိုးကာ တအံ့တသြဖြစ်သွားသည့် မျက်ဝန်းဝိုင်းဝိုင်းလေးကို မြင်ယောင်လိုက်မိလေသည်။ ပြီးတော့ မကျေမနပ်ဖြင့် ရှုလိုက်သည့် ခပ်ဖူးဖူးနှုတ်ခမ်းတစ်စုံ ..။

"ဟော ကြည့်!.. ပြုံးပြန်ပြီ၊ ဒီအပြုံးမျိုး ကိုကိုကြီး မရှိးတော့ဘူး"

"ဘာလဲကွာ .. ပြုံးတာတောင်မှ လွတ်လွတ်လပ်လပ်ပြုံးခွင့်မရှိတော့ဘူးလား၊ မင်းဆီမှာ Permitt တောင်းရဦးမှာလားကွ"

"ကိုကိုကြီးရဲ့အပြုံးက မဟုတ်တာကို ခိုးပြီးလုပ်တော့မယ့် ကလေးတစ်ယောက်ရဲ့အပြုံမျိုးနဲ့လေ"

"ပေါက်ကရပြောဦးမယ်၊ ငါ့အသက် ၃၂ နှစ်ထဲမှာနော်"

"စကားကိုလျှော့ချလိုက်တာ .. သေချာပြီ ပြော ..."

"ဘာကိုပြောရမှာလဲ"

"ဟိုဘက်ခြံက ဘယ်သူနဲ့ရင်းနှီးနေတာလဲ .. မညာနဲ့"

"ဘယ်သူနဲ့မှ မရင်းနှီးပါဘူး"

"မယုံဘူး ကိုကိုကြီး မနက်တစ်ခါ ညနေတစ်ခါ လမ်းလျှောက်နေတဲ့ဟာ .. တစ်ယောက်ယောက်နဲ့တွေ့တော့မှာပဲ"

"စဉ်းစားပြီးပြောဦးနော် ..၊ ခြံကို ကာထားတဲ့အုတ်တံတိုင်းက ထုတစ်ပေနဲ့ အမြင့် ၁၂ ပေရှိတယ်"

"အဲဒါကြောင့် မမြင်ရဘူးလို့တော့ မပြောနဲ့ ..၊ ကိုကိုကြီး အပေါ်ထပ်လသာဆောင်ကကြည့်ရင် ဟိုဘက်ခြံကို အရှင်းသားကြီး မြင်ရ





တဲ့ဟာကို ..."

"ဟော့ကောင် မင်း ငါ့ကို တရားခံချောင်ပိတ်စစ်သလို လိုက်စစ်မနေနဲ့ကွ ...၊ ဘယ်သူနဲ့မှ မတွေ့ပါဘူးဆိုနေ"

မျက်စိစုံမှိတ်ပြီး ငြင်းရာများရောက်နေပြီလား။ သူ ညနေကပဲ အသံ နဲ့ ဆုံခွင့်ရခဲ့တာလေ။ မဟုတ်သေးဘူး .. ကလေးအရွယ်လေးနဲ့ သူသိပါတယ်လို့ပြောရမှာ ရှက်စရာကြီးမဟုတ်ပါလား ..။

ဇွန်းဖြင့် ထမင်းကိုခပ်လိုက်ရာ ပန်းကန်ထဲမှာဘာမှမရှိတော့တာမို့ စတီးဇွန်းနှင့်ကြွေပန်းကန်ထိသံက ခပ်ကျယ်ကျယ်ထွက်လာသလို သူ့မျက်နှာ ရဲခနဲဖြစ်သွားရလေ၏။ ညီညီက မျက်နှာကိုငုံ့၍ ပြုံးလိုက်တော့ သူ ဒေါသဖြစ်သွားပါသည်။

"ဘာပြုံးတာလဲကွ"

"ဘာမှမဟုတ်ပါဘူး"

"ထမင်းထပ်ယူဦးမလား ကိုကိုကြီး"

"တော်ပါပြီ မယူတော့ဘူး"

ဒေါ်လုံးပု မေးတာကို ဘုဖြေဖြေပြီး ခုံမှထရပ်စဉ် သူ့ တုတ်ကောက်ကို ဒေါ်ပုက ယူ၍ လှမ်းပေးလိုက်လေ၏။ ခုံကိုပါ ဖယ်ပေးလိုက်တာမို့ သူထွက်လာရာ ညီညီအသံက သူ့နောက်မှာ ကပ်ပါလာလေသည်။

"ချာတိတ်မလေးတစ်ယောက်ကို ကိုကိုကြီးကိုယ်တိုင် ပန်းပန်ပေးလိုက်တာတော့မဟုတ်လောက်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာသူ ခိုးခိုးတာကွ ..၊ ငါက ဘာကိစ္စပန်းပေးရမှာတုံး"

"ကဲ .. အဲဒါကြောင့် ကျွန်တော်ပြောတာ ကိုကိုကြီး မညာနဲ့လို့ ..."

"ငါ .."

ဟိုက် ..! သေရော တစ်ယောက်ကိုမှ မသိပါဘူးဆိုနေတာကို လွှတ်ခနဲ နှုတ်ကထွက်သွားမိတာနဲ့ အကုန်ပေါ်ပါလေရော။ ညီညီက ပြုံးရုံမျှမကဘဲ ရယ်ပင်ရယ်ချလိုက်ချေပြီ။

"နာမည်က ဘာတဲ့လဲ"

"ဘယ်သိမှာတုံး"

"ဖုံးပြန်ပြီနော် .. နောက် သူနဲ့ကြုံမှ ကိုကိုကြီးကို သိလားမေးလို့ ပေါ်ကုန်ရင် ကျွန်တော့်ကို Off တစ်ရက်ပေးပြီး အဲဒီရက်ကုမ္ပဏီကို သွားပေးရမယ်၊ ဒါပဲ"

အလို ..! နောက်ကြုံရင်ဆိုတော့ သူ့လိုပဲ သူမကို ညီညီ တွေ့လိုက်လို့လား၊ ဖြစ်နိုင်တာပေါ့ .. သူမနဲ့တွေ့ပြီး သိပ်မကြာလိုက်ခင်မှာ ညီညီကား ဝင်လာတာလေ။

"မင်း သူနဲ့စကားပြောလိုက်လို့လား"

"ပြောတာပေါ့"

"သူ ဘာပြန်ပြောလဲ"

"ဘဲစားဘဲချေလေ ..၊ ကိုကိုကြီးပြောမှ ကျွန်တော်လည်း ပြန်ပြောပြနိုင်မယ်"





"လာပြန်ပြီ ကလိမ်ကကျစ်ညဉ်တွေ"

"လှတာတော့ တော်တော်လှတာဗျ၊ ညနေသည်းဆာအောက်မှာ အသားလေးက ဝင်းနေတာပဲ၊ ကျွန်တော့်ထက် အနည်းဆုံး နှစ်နှစ်၊ သုံးနှစ်လောက်တော့ ငယ်လိမ့်မယ်ထင်တာပဲ"

မင်းထက် နှစ်နှစ်၊ သုံးနှစ်ငယ်မှတော့ ငါ့ထက် ဆယ်နှစ်ကျော် ငယ်နေမှာပေါ့ ကောင်းသန့်စင်ရယ် .. ဒါကိုသိရဲ့သားနဲ့များ ဝါ့နှုတ်က မပြောပြောအောင် အတင်းလိုက်အစ်ပြီး မေးနေရတယ်လို့။

လေ့ကားကို ကြိုးစားပြီးတက်ရပါ၏။ အောက်ထပ်မှာပဲ နေချင်ပေမယ့် ညီညီက အောက်ထပ်နေတာကို မကြိုက်တာမို့ အပေါ်ထပ်မှာပင်နေဖြစ်တာလေ။ ငယ်စဉ်တုန်းကတော့ သူပြောသလိုနေသူခိုင်းတာလုပ်ခဲ့ရတဲ့ညီလေးဟာ သူ GM ရာထူးလွှဲပေးလိုက်ကတည်းက သူ့ကို Power တွေပေးတော့တာပါပဲ ..။

MD Meeting ကို သုံးလတစ်ကြိမ်လုပ်မှသာ သူ့မျက်နှာကို ကုမ္ပဏီမှာ သွားပြဖြစ်တာပါ။ ဒါတောင်ဘာမှ အကြံမပြုဖြစ်ဘဲ အရုပ်ပြသက်သက် ခုံမှာသွားထိုင်ပေးခဲ့ရတာပင်။ နှစ်နှစ်ဆိုတဲ့ အတိုင်းအတာအရ လုပ်ငန်းစဉ်ကို ညီညီ ကျွမ်းကျင်နေပြီမို့ သူ စိတ်အေးလက်အေး အနားယူခွင့်ရတာမဟုတ်လား ..။

အလုပ်နဲ့ဝေးတော့ ခေါင်းထဲရှင်းပြီး သူဝါသနာပါတဲ့ အပင်ပျိုးပန်းစိုက်အလုပ်ကို စိတ်ကြိုက်လုပ်ရင်း စိတ်ကြည်စွာနေခဲ့ရတာပါ။ ဒီလောက်အလုပ်တွေလုပ်နေတဲ့ ညီညီဆီက မိန်းကလေးကိစ္စ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သတင်းမှ မကြားခဲ့ရသလို အသံ နဲ့မှ ချီးမွမ်းသံကြားခဲ့ရတယ်လို့..။

သူမကိုများ ညီညီ စိတ်ဝင်စားနေလေရော့လား မဖြစ်နိုင်တာ။ ခုပဲတွေ့ ခုပဲစကြိုက်ရအောင် သူတို့တွေ့တာ နာရီဝက်လောက်တောင် အချိန်မရှိခဲ့တာလေ ..။

"ဦးဘုန်း .. ကြီးပုက နွားနို့သောက်တော့မှာလား မေးခိုင်းလိုက်တယ်"

"မသောက်ချင်ဘူး"

"မသောက်ချင်ဘူးလို့ ပြောလိုက်ရမှာလားဟင် .."

ဒီငတုံးမကိုပြောရင် သူမောရတော့မှာလေ။ ဝရန်တာထွက်သည့် အပေါက်ဝမှာရပ်နေရင်းမှ လှည့်ပြောလိုက်ရ၏။ ညအိပ်ခါနီး နို့မသောက်ဖြစ်တာကို ညီညီ သိတာနဲ့ အဘိုးကြီးပေါက်စလို တဗျစ်တောက်တောက် ပြောလို့ဆိုလို့ပြီးတော့မှာမဟုတ်တာကိုး ...။

"မသောက်ဘူးလို့ငါပြောလို့လား၊ ခါတ်ဘူးသေးသေးလေးနဲ့ ထည့်ပြီး အခန်းထဲကိုပို့ထားပေး၊ နောက်မှသောက်မယ်လို့ .."

"ဟုတ်"

ခြေတစ်ဖက်က ဝရန်တာထွက်သွားပြီးမှ ရပ်လိုက်ရလေ၏။ ညတိုင်း ကြယ်တွေကြည့်ပြီး အပျင်းပြေလုပ်နေတဲ့ လုပ်ရပ်တွေကို ရပ်ရတော့မယ်ထင်ပါရဲ့။

တော်ကြာ သူ လသာဆောင်ထွက်ရပ်တာကို ညီညီ မြင်ရင် ဟိုဘက်ခြံကို လှမ်းကြည့်တယ်ထင်မှ အခက်ပါပဲ။





"ကျစ် ..!"

စုတ်သပ်ခြင်းနှင့်အတူ သက်ပြင်းကိုရှိုက်လိုက်မိလေ၏။ မဖြစ်သေးပါဘူး။ ပြန်ဝင်မှပါပဲ ..၊ အတွေးဖြင့် တံခါးကိုကိုင်လျက် ဝင်ရန်ကြံရွယ်လိုက်စဉ် တစ်ဖက်လသာဆောင်တံခါးကို ဖွင့်သံကြားလိုက်ရလေ၏။ ဟော.. အမျိုးသမီးတစ်ယောက် ထွက်လာပါရောလား ..။

လမရှိသည့်ကြယ်ရောင်အောက်မှာ မှုန်ဝါးဝါးကောက်ကြောင်းကိုသာမြင်ရပြီး မျက်နှာက မပီပြင်ပါချေ။ ဆံပင်အရှည်က ကျောလယ်သာသာမို့ သူ့ရင်ထဲ ဒိန်းခနဲမြည်သွားရလေ၏။ ဘုရားရေ "ပိုး"များလား။

သေစမ်း! "ပိုး" ကို အခုဆို သူ့အမျိုးသားနဲ့ အတူရှိနေတော့မှာပေါ့။ ဘယ်နှယ့်က ဘယ်လိုနှိုင်းယှဉ်ပြီး သတိရသွားမိပါလိမ့် ..၊ ကိုယ်ဟန်ရော အရပ်အမောင်းပါ အတော်ဆင်နေတာလေ။ ဆံနွယ်တွေ လေနှင့်အတူယိမ်းသွားတာကို သူ အမှတ်တမဲ့ ငေးမိသွားရလေ၏။

ပိုးကိုလည်း ဒီလိုဆံနွယ်တွေကြောင့်ပဲ သူစိတ်ဝင်စားသွားခဲ့ရတာမဟုတ်လား။ ကုမ္ပဏီတစ်ခုကို သွားခဲ့စဉ် Lift ထဲမှာ ဆုံခဲ့တာ အမှတ်တမဲ့ ..။ အောက်ဆုံးထပ်အထွက်မှာ သူ့နာရီသော့နှင့် သူမဆံနွယ်တို့ ငြိသွားရာမှ အမှတ်တရဖြစ်ခဲ့ရတာပါ။

"ကိုကို"တဲ့ ဒီနာမ်စားတစ်ခွန်းက နားစည်မှတစ်ဆင့် နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သားထဲစိမ့်ဝင်ပြီးရိုက်ခပ်မှုဖြစ်ခဲ့တာအမှန်ပါ။ အချစ်ဆိုတာ ဘာလဲဆိုတဲ့အဓိပ္ပာယ်ကို ပိုးပဲ သူ့ကိုသင်ပေးခဲ့တာလေ။ ခုတော့ .. ခုတော့ အချစ်သစ်ရဲ့ရင်ခွင်မှာ မင်း ပျော်နေနိုင်ပြီပေါ့ ပိုးရယ် ..။

"တွေ့လား .. ကျွန်တော်ပြောတော့ ကိုကိုကြီးက မဟုတ်ဘူးဆိုပြီး အတင်းကိုငြင်းတာပဲ၊ ခုတော့ လက်ပူးလက်ကြပ်မိပြီ မဟုတ်လား၊ မှန်း... ဟိုဘက်မှာ ဘယ်သူရပ်နေတာလဲ"

"ဘယ်သူမှမရပ်ဘူး၊ ဝင်ကြစို့ .. လာ"

ညီညီရင်ဘတ်ကိုတွန်း၍ ဝင်ရန်ပြင်လိုက်သော်ငြား ဟိုဘက်ခြံရှိ ဝရန်တာပေါ်မှာရပ်နေသည့်မိန်းကလေးကို မြင်ဖြစ်အောင် မြင်သွားလေ၏။

"ဟား .. ငါ့အစ်ကိုကတော့ လှလှလေးတွေချည်း အနီးကပ်ကြည့်ခွင့်ရနေတာကိုး .. ကံကောင်းပေစွ ဘုန်းမြင့်မိုရ် .."

"ဟော့ကောင် ငါ့ကို မရိုမသေနဲ့ ..."

ညီဖြစ်သူပခုံးကို လက်ဖြင့်ပိတ်တွန်းရင်း အိမ်ထဲဝင်တော့ ညီညီ ပါလိုက်ဝင်ခဲ့ပါ၏။ ရင်ထဲကအနာက ကျက်တောင်မကျက်သေးပါဘူး ညီညီရယ် ... နောက်ထပ်မိန်းကလေးနဲ့ ဆုံဖို့ဆိုတာကတော့ အဝေးကြီးမှာပါလေ ..။





[ ၄ ]

"ဟဲ့ .. ဘယ်လိုဖြစ်ပြီး စာအုပ်တွေလျှောက်မွှေနေရတာလဲ"

"အန်တီလေး မသိပါဘူး"

"အမလေး မတတ်ပါ့ရယ် ပြောလိုက်ရင် ကြီးကြီးကျယ်ကျယ်နဲ့.. အဖြစ်ကဖြင့်မရှိဘဲနဲ့..၊ ပြီးရင် ပွသမျှ ညည်းရှင်းမှာမဟုတ်ဘဲ လျှောက်ဖွမနေနဲ့လေ"

"အသံ ရှင်းမှာပါ"

နေပါဦး .. အဒေါ်ဖြစ်သူကိုတောင် မျက်နှာလှည့်ကြည့်ဖော်မရဘဲ စာကြည့်ခန်းထဲ ကြွက်မွှေသလို ဘာကြောင့်မွှေနေရတာပါလိမ့်။ မဂ္ဂဇင်းတွေကိုသာရွေးထုတ်ပြီး မျက်နှာဖုံးကို အသေအချာရှင်းနေတာမို့ အံ့သြ သွားမိရပါ၏။ ဘာကိုများ အရေးတကြီးရှာနေတာပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



"အသံ .."

"ဟင် .."

"သမီး ဘာရှာနေတာလဲ"

"ရှေ့သို့ မဂ္ဂဇင်းတွေလေ"

"အဲဒါ ဘာလုပ်မလို့တုံး"

"အသံ့ဟာအသံ ရှာနေတာလေကွာ .. အန်တီလေးကလဲ ..."

အံမယ် လေသံကိုက စိတ်မရှည်တဲ့လေသံနဲ့ပါလား။ ဒင်းရှာနေတဲ့ မဂ္ဂဇင်း ဘာများအရေးကြီးနေလို့လဲ ..။

အဒေါ်ဖြစ်သူ ဆေးရုံသွားခါနီးတိုင်း မွှေးမွှေးပေးနေကျတောင် မေ့နေရတယ်လို့ ..။

"တွေ့ပြီ .. တွေ့ပြီ သူပဲ .. သူပဲ၊ အား.. မင်း ဘယ်ပြေးမလဲ မစ္စတာဘရက်ပစ်တ်ရယ်"

"ဟဲ့..!"

မဂ္ဂဇင်းစာအုပ်ကိုကိုင်လျက် ထခုန်လိုက်ပြီး အဖုံးကိုပါ ရွှတ်ခနဲနမ်းရှိုက်လိုက်တာမို့ မျက်လုံးပြူးသွားရပါ၏။ ဒီပုံကို မသိဘဲရှိမလား၊ နှုတ်က Brad Pitt လို့ ရွတ်လိုက်တာကလည်း တလွဲ၊ မင်းသားပုံမဟုတ်မှန်းသိသိကြီးနဲ့ တရွှတ်ရွှတ်နမ်းနေပုံက ပုံမှန်မဖြစ်နိုင်တော့တာလေ ..။

"သမီးအသံ ဖုန်တွေနဲ့လေ"

"ဟင်း ဟင်း ဟင်း .. သူ့ကိုသူများ Brad Pitt တဲ့လေ ..၊





အသံ့ကို ညာလို့ရမယ်များ ထင်နေလား ရှင်ကြီးရဲ့"

"ဟဲ့! တစ်ယောက်တည်းပြောနေပြန်ပြီ"

"အန်တီလေး သိရဲ့လား .. သူ့ကို အပြင်မှာ အသံ တကယ်တွေ့ရပြီ"

"ဘာ!..."

ရင်ဘတ်မှာ စာအုပ်ကိုကပ်၍ စာအုပ်အဖုံးမှပုံကို လက်မလေးဖြင့်ထောက်ပြပြီး ပြောလိုက်သည့် တူမဖြစ်သူကို မျက်လုံးပြူးလျက်ကြည့်ရင်း လူပါယိုင်သွားရလေ၏။ ဘုရားရေ!.. သူ့ကို သူ့ကိုတွေ့ဖူးပြီဆိုပါ လား ..။

"ဘယ် ... ဘယ်မှာတွေ့တာတုန်း အသံ"

"ဟိုဘက်ခြံမှာလေ"

အမလေး!.. သေပါလေရော ..၊ ဘယ့်နှယ် ပြောင်းလာတဲ့ခြံရဲ့ဘေးမှာမှ သူက ရှိနေရတာလဲ။ မေ့ထားပြီဖြစ်သည့်အတိတ်မှာ ဒီလူက စောနဲ့ ထပ်တူထပ်မျှခံစားရသည့် လူတစ်ယောက်ဖြစ်ခဲ့တာလေ ..။

"သူ ... သူ ..."

"အန်တီလေးလည်း သိတယ်မဟုတ်လား ... အသံ အရမ်းသဘောကျခဲ့တဲ့ ဦးဘုန်းမြင့်မိုရ် လေ"

သေချာနေပါပြီဆိုမှ နာမည်ကို ထည့်ပြောနေပြန်ပါပြီ။ ဒီကလေးမတော့လား ... ဘာမှမသိတဲ့ကလေးလိုပဲ ပြောချင်ရာစွတ်ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



ပ်တိတွေဖြစ်နေတာလေ ..။

"ဘာဖြစ်တာလဲ အန်တီလေးရဲ့"

"ဟင့်အင်း .. ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးသာဆိုတယ် မျက်နှာက သွေးမရှိတော့သလို ဖြူဖျော့သွားတာပဲ၊ အသံ ဘာလုပ်မိလို့လဲ"

"မဟုတ်ဘူး"

ခေါင်းရောလက်ပါခါပြလိုက်ပြီး စာကြည့်ခန်းထဲမှထွက်ခဲ့ရပါ၏။ သွားပါပြီ။ ဒီနေ့ လုပ်သမျှအားလုံး ကပျက်ကချော်တွေဖြစ်ကုန်မှာ အသေအချာလေ..။ "ကျော်".. နှစ်အတော်ကြာမေ့ထားနိုင်ခဲ့ပါလျက် အခုတော့ ရှင့်သက်ဆိုင်သူနဲ့ပတ်သက်ခဲ့ဖူးတဲ့ လူတစ်ယောက်ကြောင့် စောရဲ့ရင်ထဲဒဏ်ရာဟောင်းက ပြန်ထရတာ အမှန်ပါ။

"စော ဘာဖြစ်လို့လဲ"

လှေကားအောက်မှ ဆီးမေးလိုက်သည့်အစ်မဖြစ်သူကို ဘာမှ ပြန်မဖြေနိုင်ဘဲ မျက်စိမျက်နှာပျက်နေတာကို မနည်းပြုပြင်နေရလေ၏။ လှေကားထစ်အောက်ဆုံးမရောက်မီမှာပင် ထိုင်ချလိုက်မိသည်။

"စော ..."

"မမ ..."

"ဘာလဲ .. ပြောလေ"

"မမသမီးက ဟိုတစ်ယောက်နဲ့ ..."

"ဘယ်တစ်ယောက်လဲ ..၊ စကားက အရင်းမရှိအဖျားမရှိနဲ့ တော





ရယ် .. မမ ရင်ထိတ်လိုက်တာ"

စကားကိုမဆက်နိုင်ဘဲ တံတွေးကိုအရင်မျိုချလိုက်ရပါ၏။ သူမ ပြောတာကို မမတော့ တစ်မျိုးထင်တော့မှာပဲ ..။

"ဟိုတစ်ယောက်နဲ့ သိနေပြီလို့ပြောတာ"

"ဘယ်သူလဲ"

"ဘုန်းမြင့်မိုရ် ..."

"ဘယ်လို ..."

"ဟိုဘက်ခြံမှာ နေတာတဲ့"

"ဘာရယ် ..."

မမပါ မျက်လုံးပြူးမျက်ဆံပြူးဖြစ်ကုန်ပြီလေ။ ဖြစ်မှာပေါ့၊ "ကျော်"တို့လက်ထပ်တဲ့နေ့က သူ့ကား Accidentဖြစ်တာကို စောတို့ ညီအစ်မတွေပဲ ဆေးရုံကိုပို့ပေးခဲ့ရတာလေ၊ တကယ်ပို့ပေးတာက မမနဲ့ကိုကိုသာဖြစ်ပြီး စောက အသိစိတ်မရှိတရှိ အူကြောင်ကြောင်နဲ့ရယ်ပါ ..။

အချစ်ဦးရဲ့လက်ထပ်ပွဲကို တက်ရဲလိမ့်မယ်လို့ စောကို မည်သူမျှမထင်ခဲ့ကြပါလေ။ သူတောင်မှ စောကို သစ္စာဖောက်စွန့်ပစ်ထားခဲ့ပြီး အသစ်တစ်ယောက်ကို ယူသွားရဲသေးတာ စောက ငိုနေရမှာလားဆိုပြီး မာနတင်းတင်းနှင့် အပြုံးမပျက်တက်ခဲ့ရသည့်ပွဲကို ဒီနေ့ထိ မမေ့ ..။

အပြန်မှာတော့ သူ့ကား လမ်းချော်သွားတာကိုမြင်ပြီး ကူညီခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရပေမယ့် စောတို့ကို သူ လုံးဝသိခွင့်မရခဲ့ပါ။ ထိုအချိန်က သူဟာ စီးပွားရေးလောကမှာ လျှမ်းလျှမ်းတောက်အောင်မြင်ပြီး Porpula ဟာစ်ဦးဖြစ်နေခဲ့တာပါ။ ဒီလိုလူကို ပါရဂူဖြစ်ခါစ စော ကသိနေပေ မယ့် သူကတော့ ပိုးသီရိဆိုသည့် မိန်းမချောလေးကလွဲပြီး စော တို့ကို မသိ မမြင်ခဲ့တာအမှန်ပါလေ ..။

ဆေးကျောင်းတက်စဉ်ကာလမှာ စောသီရိနှယ်ကိုမှ မချစ်ရရင် သေရပါ့မယ်ဆိုတဲ့ မြင့်မြတ်ကျော်တစ်ယောက် TV ဖန်သားပြင်မှာ တွဲလျက် အမြဲမြင်နေခဲ့ရသည့် ဘုန်းမြင့်မိုရ်တို့ကို သတိထားမိပြီး စိတ်ဝင်စားခဲ့ရာက ပိုးသီရိကို လက်ဆက်ခွင့်မရရအောင် ယူသွားခဲ့ တာပါပဲ။ တကယ်တမ်းနစ်နာခဲ့ရသည့် စောနဲ့ ဘုန်းမြင့်မိုရ် ဘက် ကို နည်းနည်းလေးမှမကြည့်ခဲ့တာ အမှန်ပါလေ ..။

"သူက ညီမလေးကိုသိနေလို့လား"

"သိတော့မသိပါဘူး၊ ဒါပေမယ့် သူ့ကိုတွေ့ရင် ဟိုတစ်ယောက် ကို သတိရပြီး ဒေါသဖြစ်လာလို့ပါ"

"ဆိုင်တော့မဆိုင်ပါဘူးကွယ်"

"ဟုတ်ပါတယ်၊ စောကိုက Psycho ဝင်နေမိတာပါ ..၊ ဆေးရုံ မှာကတည်းက သူ့ကိုသွားကြည့်ပြီး စိတ်မကောင်းဖြစ်ခဲ့ရသေးတာ"

"မမ သိပါတယ်၊ ညီမလေး သူစိမ်းတစ်ယောက်အတွက် မျက် ရည်ကျခဲ့တာ ပထမဆုံးပဲဟာ"

အခုတော့ စော အသက် ၂၈ နှစ်မို့ တည်ငြိမ်သင့်သလောက်





တည်ငြိမ်ပြီပြောလို့ရနိုင်ပေမယ့် အစိမ်းသက်သက်ကြီးကွဲခဲ့ရတဲ့ နှလုံးသားကတော့ အရင်အတိုင်းရှိနေဆဲပါလေ။ ဒါဖြင့် သူကရော ထိုအတိုင်း ရှိနေမှာပါပဲ ..။

"စော သွားတော့မယ်"

"ဟဲ့ .. ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်၊ ကိုကို Night duty ထွက်ပြီးပြန်လာရင်သာ မမ သမီး မနှောင့်ယှက်မိစေနဲ့ဦး"

"အေးပါ"

မမကိုနှုတ်ဆက်ပြီး ကားဖြင့်ထွက်လာခဲ့ပါ၏။ အဟောင်းတွေ အသစ်မဖြစ်ချင်ပါဘူး "ကျော်"။ ဖူးစာမင်ရှည်ကျဲလို့ လွဲခဲ့ရတာကို လက်ခံနိုင်ပေမယ့် မဆိုင်တဲ့လူနှစ်ယောက်ရဲ့အသည်းကို ဟက်တက် ကွဲစေပြီးမှ လက်ဆက်ခဲ့တဲ့ရှင်တို့နှစ်ယောက် စော တို့ရဲ့မေတ္တာတွေ ရှုံးရှုံးစေမှာ အမှန်ပါပဲ ..။

"မေမေရေ ..."

"ဟိုကလေးမလေး ကျောင်းသွားဖို့ မပြင်သေးဘူးလား"

လက်ထဲမှစာအုပ်ကို အမြန်ဝှက်လိုက်ရပါ၏။ မေမေက အန်တီလေးလို နှုတ်နဲ့မပြောဘဲ လက်နဲ့ပြောတတ်တဲ့သူလေ။ အသံ ဒီလို အသည်းအသန်ပျော်နေတာသိရင် ပိတ်ပင်တားဆီးတာတွေ လုပ် ကောင်းလုပ်နိုင်မှာမဟုတ်လား ...။

"ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း .. ဘာမှမလုပ်ပါဘူး၊ ဟိုဟာပါ စာအုပ်ရှာနေတာ ပါ"

"ရှုပ်ပွနေတာပဲ အသံရယ် .. ကျောင်းသွားဖို့မပြင်ဘဲ ဖွဖို့အချိန် တော့ ရနေတယ်ပေါ့လေ"

"ပြင်ပြီ မေမေ .. ပြင်ပြီ"

"နင်ကတော့လေ ..၊ မိနို့ကိုလွှတ်လိုက်စမ်း၊ ခဏနေ ဖအေက ပြန်လာတော့မှာ"

"ဟုတ်ကဲ့"

"လုပ်ပြန်ပြီ ပြောင်ချော်ချော်နဲ့"

မအေဖြစ်သူကို မျက်နှာပြောင်သွားသည့်သမီးကို မဆူရက်တော့ ပေ။ ဒီအရွယ်က ထိန်းရခက်တဲ့အရွယ်ဆိုပေမယ့် သိပ်ကြီးတဲ့ Press ပေးမိရင် လုပ်ချင်ရာကို တဇွတ်ထိုးလုပ်တတ်တာမဟုတ်လား။ ကလေး လိုဆိုးနေလို့လဲ ပြောဆိုနေမိတာ။ သမီးက တကယ့်ကို အပျိုစိတ်မဝင်သေးတာ အမှန်ပါပဲ။

"မိနီရေ မေမေ ခေါ်နေတယ်"

ကြည့်!.. အာဖြဲကြီးနဲ့ အော်ပြန်ပြီ တွေ့လား၊ မိအသံ တို့က တော့ အဲဒီလို ရှက်ရကြောက်ရစိတ်နည်းတဲ့ ကလေးရယ်လေ။ တစ်နေ့တစ်နေ့ ဘယ်ခြံက ပန်းပွင့်သလဲ ချောင်းတဲ့အကျင့်က ဘယ်တော့ပျောက်မယ် မသိနိုင်တော့ပေ ..။

ကားကို လမ်းထဲချိုးကွေ့ဝင်လိုက်စဉ် လမ်းထဲမှ ကားတစ်စီး





ထွက်လာတာနှင့်တိုးလေ၏။ တစ်ဖက်ကားပေါ်မှ လူငယ်လေးက ပြုံးပြ လိုက်တာမို့ ဒေါက်တာသက်အောင် အလိုက်သင့်လေး ပြန်ပြုံးပြ လိုက်ရပါသည်။ လူမှုရေးပေကိုး ..၊ လမ်းထောင့်ဆုံးထိဝင်လာရာမှ မရောက်ခင် တစ်ခြံမှာခြံဟဲခါးပိတ်နေသည့် လူရွယ်တစ်ယောက်ကို ထပ်တွေ့လိုက်ရပြန်၏။ ဒါဖြင့် ခုနက ကားက ဒီခြံထဲက ထွက် သွားတာပေါ့။

လူရွယ်၏အကြည့်တို့က မိမိကားဆီရောက်လာပြီမို့ ကားကို အရှိန်လျှော့လိုက်ပြီး ကြည့်လိုက်မိသည်။ အလို!.. ဒါ ..ဒါ ဘုန်းမြင့် မိုရ် ပါလား။ နေဦး .. ရုပ်ဆင်တဲ့လူများလား ..၊ ချောင်ကျနေသည့် မျက်နှာက မိမိတို့ မြင်ခဲ့ဖူးသည့် ဘုန်းမြင့်မိုရ်မှ .. ဘုန်းမြင့်မိုရ် .. အစစ်ပါပဲ။

"ပြန်လာပြီလားခင်ဗျ"

"အေး နေကောင်းတယ်နော် မောင်ရင်"

"ဟုတ်ကဲ့ .. ခဏခဏမောတတ်လို့ သိပ်ပြီးလှုပ်လှုပ်ရှားရှား မလုပ်ဖြစ်ဘူးခင်ဗျ"

"ဟုတ်တာပေါ့၊ ခြေထောက်ရော တော်တော်သက်သာနေပြီလား"

"ဗျာ!..၊ ဩော်..ဟုတ်ကဲ့ .. သန်တာတော့ အရင်လိုမသန်တော့ ဘူးခင်ဗျ"

"မဖြတ်လိုက်ရတာဘဲ တော်သေးတယ်ဆိုရမှာပေါ့ မောင်ဘုန်း ရယ် .. သွားဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. ခင်ဗျ"

တအံ့တသြကျန်ရစ်ခဲ့သည့်လူရွယ်ကို လက်ထောင်ပြကာ ခြံထဲသို့ ကားကိုကွေ့ဝင်လိုက်ပါ၏။ ကြံကြံဖန်ဖန် ဒီလူငယ်နဲ့မှ ပြန်ဆုံရတယ်လို့ ..။ သူသိမသိ မစဉ်းစားမိဘဲ မိမိကသာ တရင်းတနှီးကြီးနှုတ်ဆက်သလိုများဖြစ်သွားပြီလား ..၊ ခယ်မဖြစ်သူနဲ့ ကျန်ရစ်ခဲ့တာချင်းအတူတူ စောက ကိုယ့်စိတ်ကိုထိန်းနိုင်ခဲ့သူဖြစ်ပြီး ဘုန်းမြင့်မိုရ်ကတော့ Shock ဖြစ်ပြီး Accident ဖြစ်သွားရတဲ့အဆင့်ထိ ဖြစ်ပျက်ခဲ့တာပါလေ ..။

စော ကတော့ ဒီလူငယ် ဒီဘက်ခြံမှာနေတာကို သိမသိ မသေချာသေးပေမယ့် မိမိက အရင်ဆုံးသိသွားတာပဲလား။ ဤသူငယ်ကဖြင့် မိမိတို့မိသားစုကို သိပုံမရပါချေ။ ဘယ်သိနိုင်ပါ့မလဲ .. ကားပေါ်မှာ သတိလစ်နေခဲ့တဲ့လူနာကို ဆေးရုံပေါ်ထိ မိမိ ဦးဆောင်ပြီးပို့ဆောင်ခဲ့တာကိုး။ ဆရာဝန်အချင်းချင်းတွေပဲမို့ အားလုံးကို နှုတ်ပိတ်စေခဲ့ပြီး သူ့ဝေဒနာကြောင့် မိမိတို့ ဘယ်သူဘယ်ဝါဆိုတာကို အသိမပေးဖြစ်ခဲ့ပါချေ။ ကြာတော့ကြာခဲ့ပါပြီ နှစ်နှစ်လား ..၊ အဲဒီလောက်ဖြစ်မယ်ထင်ပါ၏။

"ဖေဖေ ပြန်လာပြီ မေမေရေ"

"ဟယ်!.. နင့်ကိုယ်နင် ဆယ်နှစ်သမီးပဲထင်နေလား အသံရယ်၊ အသံကိုက စူးခနဲအော်ရလား"

"ဖေ့ ... မုန့်ဖိုး"





"မေမေ့ဆီက တောင်းသွားလေ သမီးရယ် ..၊ ဖေဖေက ငွေကိုင်တဲ့လူမှမဟုတ်တဲ့ဟာ"

"ဟာ .. မေမေ့ဆီက မေမေပဲလေ ..၊ ဒီနေ့ အန်တီလေးဆီကလည်း မတောင်းလိုက်ရဘူး။ Pratical ရှိပါတယ်ဆိုနေမှ ..."

"ဘာလဲ Lograthum ကြီးကျကွဲတယ်ဆိုပြီး ပိုက်ဆံ ညာတောင်းချင်လို့လား၊ ဖေဖေတို့မိဘတွေက စာမတတ်ပေမတတ်တွေ မဟုတ်ဘူးနော်"

"အသံ သိပါတယ် ဖေဖေရာ"

လက်ဝါးဖြန့်ထားတာ ဖယ်မပေးတာကြောင့် အိတ်ကပ်ထဲမှ ခေါက်ပိုက်ဆံအိတ်လေးကို ထုတ်လိုက်ရတော့၏။ ဒီဂေါက်တေးမက တောင်းတာမရရင် ဒီအရွယ်ကြီးရောက်နေပေမယ့် ဗြဲခနဲ ငိုချချင် ငိုချတာလေ။

"ရော့ ..."

"ဟင် နှစ်ထောင်တည်း ဘာလုပ်ရမှာလဲ"

"နှစ်ထောင်ဆိုတာ ဆေးခန်းထိုင်ရင် လူနာတစ်ယောက်ပြလို့ရတဲ့ငွေလေ သမီးရဲ့"

"အသံက ဒီလောက်နဲ့ ဝမှမဝတဲ့ဟာ .. သူငယ်ချင်းတွေကို ဒီနေ့ ဝိုင်းရှင်းပေးမယ့်လို့ အသံ ကတိပေးထားတာဖေရဲ့"

"ကဲကဲ .. ယူသွားတော့ မိသံယောဇဉ်ရယ် ..၊ နို့မို့ ငါ နားရတော့မယ်မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ဖေဖေ့ကို မေမေ့ထက်ပိုချစ်တာသိလား။ အသ
သွားပြီ၊ တာ်တာ့ .. မေမေ"

"ငချွဲမ ..."

ဖအေဖြစ်သူ မေးစေ့ကို ခြေဖျားထောက်ကာမွှေးပြီး ပြေးထွက်
သွားသည့် သမီးလက်ထဲမှာ အနည်းဆုံး တစ်သောင်းလောက်တော့
ပါသွားချေပြီလေ။ လက်ထဲမှာ duty coat ကိုလှမ်းယူလိုက်သည့်
ဖနီး၏မျက်နှာက သာမာန်ထက်ပိုများတည်နေလေသလား။ သာ
အမိတွေ စကားများတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တာလေ ..။

"မြ အံ့သြနေတာ ..."

"ကိုယ် အံ့သြနေတာ ..."

ပြိုင်တူထွက်လာသည့် စကားနှစ်ခွန်းကတူနေတာမို့ မျက်ခုံး
ပင့်ပြီး ရယ်လိုက်မိကြလေ၏။ လင်မယားရယ်လို့မပြောရပါဘဲ
စကားပြော တိုင်း မကြာခဏ တိုက်ဆိုင်တတ်တာလေ ..။

"ကဲပါ မြ ပြောလေ"

"ကို အရင်ပြောပါ"

"ဟိုဘက်ခြံမှာ မောင်ဘုန်းမြင့်မိုရ်ကိုတွေ့ရလို့ ကိုယ် အံ့သြမိ
တဲ့အကြောင်း မြကို ပြောချင်လို့လေ"

"အံ့ရော .. မြလည်း ကို့ကို အခုပဲ ပြောဖို့ပြင်နေတာ"

"မြ ဘယ်တုန်းကသိသွားတာလဲ"

"ခုလေးတင်ပဲ စော ပြောလို့သိတာ ကို ရဲ့"





"စော ပြောတော့ စောနဲ့သူ ဆုံပြီးပြီမို့လား"

"မဆုံးသေးပါဘူး၊ ဆုံလည်း စောကို သူကမှမသိတာ ကိုရဲ့..၊
သမီး ပြောလို့ ဆိုလားပဲ"

"ဟုတ်လား၊ ကိုယ်က အခုလေးတင်ပဲ တွေ့ခဲ့တာ၊ တော်တော်
လည်းပိန်သွားတယ်၊ မျက်နှာကိုချောင်နေတာပဲ၊ ဒါပေမယ့် ကြည့်
လို့တော့ကောင်းသေးတာ အမှန်ပါ၊ ခြေထောက်ကတော့ လုံးဝမသန်
တော့ဘူးတဲ့"

"ကိုနဲ့ စကားပြောလိုက်တယ်ပေါ့"

"အေး ..."

"ကို့ကို သူ သိလို့လား"

"သိပုံတော့မရပါဘူး၊ ဒီလိုပဲ ခြံနီးချင်းနှုတ်ဆက်သလိုမျိုး ဖော်
ဖော်ရွှေရွှေနဲ့နှုတ်ဆက်လိုက်တာပါ ..၊ ကိုယ် Duty Coat မချွတ်ရ
သေးတာကို မြင်ရင်တော့ ဆရာဝန်မှန်းသိမှာပါပဲ"

"ကျွတ် .. ကျွတ် .. သနားပါတယ်၊ မြ က သူ့ ဒီလိုခံစားနေရ
ရင် ဒေါသကြီးနေမယ်လို့ပဲထင်ထားတာ"

"ဒေါသကြီးလို့မရဘူးလေ၊ သူက Heart Attack ဖြစ်ထားတဲ့
ဟာပဲ၊ ကဲ.. ကိုယ်ရေချိုးပြီးရင် တစ်ခုခုစားဖို့ပြင်ပေးပါ မြ၊ ပြီးရင်
Rest ယူတော့မယ်"

"ဟုတ်ကဲ့ ကို"

မီးဖိုခန်းထဲ အရင်ဝင်မှာပြီးမှ အပေါ်ထပ်သို့ လိုက်တက်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



၏။ သမီးဖြစ်သူက ကလေးမို့ ဘာကိုမှ သိမထား နားမလည်ပေမယ့် ညီမ ဖြစ်သူကိုတော့ သူနှင့်မဆုံစေချင်ပါ။

နှစ်ယောက်စလုံးက ဘာပတ်သက်မှုမရှိပါဘဲ ချစ်သူအသီးသီးက သစ္စာဖောက်သွားတာချင်းတူနေပြီး အသည်းကွဲအရှက်ရကျန်ရစ်ခဲ့တာတော့ တူနေတာလေ။ ဒါကြောင့် စောက သူနဲ့ မဆုံစည်းချင်တာပေါ့။ သူလည်း အတော့်ကို ကြေကြေကွဲကွဲခံစားနေရရှာမှာပါပဲ။

စောကတော့ဆရာဝန်လည်းဖြစ် မိန်းမမာနလေးလည်းတင်းထားနိုင်ခဲ့တာမို့ ရပ်သိပ်မပျက်ဘဲ မှတ်တမ်းလေးရှိနေခဲ့တာအမှန်ပင်။

သူ့ခမျာ ဒီလောက် ဟိုးလေးတကြော် စာစောင်တွေထဲ Interview ခန်းတွေအထိ နာမည်တပ်ဖြေရှင်းပြောဆိုခဲ့တာ တစ်နေ့ လက်တွဲမယ့်လက်တွဲဖော်ဆိုပြီး ကောင်မလေးလက်ကိုချိတ်ပြီး ပြုံးခဲ့တဲ့အတွက် ဝမ်းနည်း ရှက်ရွံ့ ရရှာပေမပေါ့။

စော ကိုတော့ ဒီဝေဒနာမျိုး ထပ်မရစေချင်ပါလေ..။





[ ၅ ]

စဉ်းစား၏။ မေးထောက်၍ မျက်မှောင်ကြီးကြုတ်ပြီးစဉ်းစားတာတောင် ခေါင်းထဲမှာ ဘာတစ်ခုမှပေါ်မလာပါချေ။ ဘယ်လိုကဘယ့်နှယ် သူ့ကိုသိနေတာပါလိမ့်။ နာမည်ကိုတောင် အဖျားဆွတ်ခေါ်သွားပုံက တရင်းတနှီး ..။

ဆရာဝန် ဆိုတာတော့ duty coat ဝတ်ထားတာမို့ သူသိပါ၏။ သို့သော် ဆရာဝန်တိုင်းက ကုသပေးခဲ့သည့်လူနာတွေကို နာမည်ဘယ်မှတ်မိနိုင်ပါ့မလဲ။ အထူးသဖြင့် သူ Accident ဖြစ်ခဲ့ရတာအတော်ကြာခဲ့ပြီလေ ..။

"ဦးဘုန်း ဖုန်းလာနေပါတယ်"

ကျွတ်!.. စဉ်းစားလို့မရလို့ ဦးနှောက်ခြောက် နေပါတယ်ဆိုမှ Phone က မလာစဖူးလာရတယ်လို့ ..။ မိရှပ်ပြာ ယူလာပေးသည့် Phone ကို သူ ဖွင့်လိုက်ရ၏။ ခြံထဲမှာ အေးအေးလူလူ ထိုင်စဉ်းစားနေတာ ညနေတောင်ရောက်တော့မှာလေ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ..."

"ကိုကိုကြီး ကျွန်တော်ပါ"

"ခဏနေပြန်လာမယ့်လူက ဘာကိစ္စနဲ့ Phone ဆက်ရတာလဲ"

"ကြည့်!.. စိတ်တိုပြန်ပြီလား၊ မနက်ဆေးသောက်ရဲ့လား"

"သောက်တယ် .. သောက်တယ်၊ ဒါလေးပြောဖို့များ ..."

"အခု ဘာလုပ်နေလဲ"

"ထိုင်နေတာလေကွာ၊ ဘယ်လိုဖြစ်ပြီးအိမ်မှာကျန်ခဲ့တဲ့ငါ့ကို လိုက်စစ်နေရတာလဲ"

"ဘယ်နေရာမှာထိုင်နေတာလဲ ကိုကိုကြီး"

"ခြံထဲမှာကွာ"

"ကဲ! ကျွန်တော်မပြောဘူးလား .. ကိုကိုကြီး မရိုးသားပါဘူး လို့ .."

"ဘာကွ!"

ဒီကောင် ဘာစိတ်ကူးနဲ့များ သူ့ဆီကို Phone ဆက်တာလဲ၊ ကုမ္ပဏီ မှာ အရေးကြီးကိစ္စဖြေရှင်းစရာကြုံရင် ဒါမှမဟုတ် တစ်ခုခု အကြောင်းရှိမှသာ သူနဲ့ Phone ပြောဖြစ်တာလေ။ ခုတော့ အလုပ် လုပ်ရင်း မအားတာတောင်မှ အာလာပသလ္လာပပြောဖို့အတွက်နဲ့များ Phone ဆက်ရသတဲ့၊ ခက်နေပြီ ကောင်းသန့်စင်။

"ဟုတ်တယ်လေ၊ အကြောင်းမရှိဘဲ ခြံထဲမှာထိုင်စရာမှမလိုဘဲ ဟာ ..၊ ပြော .. အကြီးလား၊ အငယ်လား"





"ဟော့ကောင် .. ကောင်းသန့်စင် ! ..."

"ဘာလဲ Daddy brother ရယ် .. နားအူလိုက်တာ"

"မင်း အလုပ်ချိန်ကြီး အရည်မရ အဖတ်မရတွေလျှောက်ပြောဖို့ အားနေလားကွဟ .. မင်းလုပ်ပုံနဲ့ ငါ့ကုမ္ပဏီတော့ ဒေဝါလီခံရ တော့မှာပဲ"

"ကိုကိုကြီး ပျင်းနေမှာစိုးလို့ Phone ဆက်တာလေဗျာ ..၊ ကျွန်တော် ည ၁၀ နာရီလောက်မှ ပြန်ရောက်မှာ"

"ဘာဖြစ်လို့လဲ"

"Dinner ရှိလို့ပေါ့"

"အိမ်ပြန်ပြီး ရေမချိုးဘူးလား ညီညီရာ"

"မလာတော့ဘူး ကိုကိုရာ..၊ နားနေခန်းမှာပဲ ချိုးပြီးသွားတော့ မယ်၊ ကိုကိုဗီရိုထဲက တစ်စုံလောက်ယူဝတ်သွားလို့ဖြစ်တယ်မဟုတ်လား"

"အင်း"

"ဒီနေ့ ချာတိတ်နဲ့ တွေ့သေးလား"

"ဘာချာတိတ်လဲ"

"ဟိုဘက်အိမ်ကလေ"

"ဟော့ကောင် တော် တော် ..၊ စကားကောင်းပြောနေရင်း ဖောက် လာပြန်ပြီ အိမ်ပြန်နောက်ကျမယ် .. မျှော်မနေနဲ့ .. ဒါပဲမှာမယ် မဟုတ်လား"

"ပြောလဲ ကိုကိုကြီး မျှော်နေမှာကို သိပြီးသားပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ Phone ပိတ်ကာ ပြုံးလိုက်မိ၏။ အဖေက သားပြန်အလာကို စိတ်ပူပြီးစောင့်သလိုမျိုး သူစောင့်မှာကို ညီညီ သိပြီးသားပါပဲ။ ဆယ်နှစ်လောက်ကွာတဲ့ညီအစ်ကိုမို့ ညီအစ်ကိုဆိုတာထက် သားအဖလို သူအချစ်ပိုရတာ အမှန်ပါလေ ..။

"ဖောက် ! တောက် ! တောက်! တောက်"

"ချလွင် ..!"

ဟော! ပြောရင်းနဲ့ သံစုံမြည်အသံလေးတော့ ပြန်လာပါရောလား။ အုတ်တံတိုင်းကလုံပေမယ့် ခြံတံခါးက သံတိုင်တံခါးမို့ ခြံထဲကရော အပြင်ကပါ မြင်နိုင်သည်လေ။ ကျောပိုးအိတ်လေး လွယ်ထားသည့်ကောင်မလေးက သူ့ခြံကို ကျော်တက်သွားချေပြီ။ ကျောင်းကပြန်လာတာပဲဖြစ်မည်ထင်ပါရဲ့ ..။

သူ ခုံတန်းမှမတ်တတ်ထရပ်လိုက်စဉ် နောက်ပြန်လျှောက်လာသည့်ချာတိတ်မကို ရုတ်တရက်မြင်လိုက်ရလေ၏။ တတ်လည်းတတ်နိုင်တဲ့ကောင်မလေးပါလား ..။

"Hello ! Mr Pitt , how are you today?"

အလာကြီးပါလား ချာတိတ်ရယ်..။ သူ ပြုံးလျက်ခေါင်းညိတ်ရင်း ဖြေလိုက်ရပါ၏။

"Yes, I'm fine, Kitty"

" No. no I'm not Kitty . My name is ThanyawZin"

အံမယ် ချာတိတ်ခေါ်တာတော့မကြိုက်ပါလား၊ သံယောဇဉ်တဲ့





အတော့်ကို လှပတဲ့နာမည်လေးပါပဲ။

"Nice to meet you , ThanyawZin"

"Please , may I come in ."

"Yes , Ok !"

သူ ခြံတံခါးကိုဖွင့်လိုက်ပါ၏။ သူမက လက်နှစ်ဖက် နောက်ပစ်ကာ ခပ်ပြုံးပြုံးမျက်နှာဖြင့် ဝင်လာလေသည်။ အိမ်ပြန်နောက်ကျရင် သူမအမေ ဗိုက်ခေါက်ဆွဲလိမ်မှာကို မစိုးရိမ်လို့ ခြံလည်ဝင်နေလေသလား။

"နာမည်စဉ်းစားလို့ရရင် ဘာပေးမလဲ"

"ဘာပေးမလဲ ... ဟုတ်လား"

"ဒါပေါ့၊ အသံ တစ်ညလုံးစဉ်းစားလိုက်ရတာ ကောင်းကောင်းတောင်အိပ်မပျော်ဘူး သိရဲ့လား"

"အဲဒီလောက်ထိ ခေါင်းစားသွားရတယ်ပေါ့"

"ဟုတ်တယ်"

"အိမ်ထဲဝင်ဦးမလား .. တစ်ခုခုတိုက်ချင်လို့ပါ"

"နေပါစေ၊ အသံက အိမ်ထဲဝင်နေရတာကို အသက်ရှူကျပ်သလိုပဲခံစားရတယ်၊ စကျက်လည်း အပြင်မှာပဲ အမြဲကျက်ဖြစ်တာလေ"

တူလိုက်တာ .. ဘာလို့ ခံစားချက်ချင်းတူရတာပါလိမ့်။ သူကိုယ်တိုင်လည်း အဲဒီလို အိမ်ထဲအောင်းနေရရင် နာတာရှည်လူမမာကြီးလို ကိုယ့်ကိုယ်ကိုထင်ပြီး အသက်ရှူမဝသလိုဖြစ်ရတာ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ အမြဲတမ်း ခြံထဲဆင်းနေတတ်သလို အပေါ်မှာဆိုလည်း ဝရန်တာမှာပဲထွက်နေတတ်တာ မကြာခဏပါလေ ..။

"PK အမြဲတမ်းဝါးသလား"

"အင်း .. အကျင့်လိုဖြစ်နေပြီ"

"မင်းရဲ့ မေးရိုးလှလှလေး ကြီးလာမှာမကြောက်ဘူးလား"

မေးရိုးလှလှလေးဆိုပါလား၊ အသံ့ကို လှတယ်လို့ ဆိုလိုလိုက်တာပေါ့လေ။ ဒီလိုတစ်ခါမှမပြောဖူးတာမို့ အတော်ပင် သဘောကျသွားရပါ၏။ နံပါတ်တစ်ရှောင်ရန်က သူ့ အသံ PK စားတာကို မကြိုက်ဘူး။

"အကျင့်ဖြစ်နေပါပြီဆိုနေမှ ..."

"တခြားမုန့်စားပေါ့ .. ကိုယ် ဆေးလိပ်ဖြတ်တုန်းကဆို ဂျင်တန်လုံးလေးတွေ ငုံတယ်"

"ဆေးလုံးလား"

"အင်း .. ဗလရှင်ဆေးပြားကတော့ ချောင်းဆိုးပျောက်အောင် ငုံကြတာလေ။ ကိုယ်က ဂျင်တန်ငုံထားတော့ လျှာပေါ်မှာ ပူရှိန်းပူရှိန်းလေးနဲ့ ချိုသလိုခါးသလိုလေးဖြစ်ပြီး ဆေးလိပ်သောက်ချင်စိတ်ကို တားဆီးနိုင်ခဲ့တယ်"

"ဘာလို့ ဆေးလိပ်သောက်တာလဲ"

သူ တွေခနဲဖြစ်သွားတာကိုမြင်ရလေ၏။ မေးလိုက်တာများ မှားပြီလား၊ အသံ က သိချင်လို့စပ်စုမိလိုက်တာလေ။





"အတွေးအရမ်းများလို့ စွဲသွားတာ"

"တိခနဲဖြတ်နိုင်ခဲ့တယ်ပေါ့လေ"

"အင်း"

"အသံ PK မစားတော့ရင် ဘာကျွေးမှာမို့လို့လဲ"

"စားချင်တာပြောရင် ဝယ်ကျွေးမှာပေါ့"

"တကယ်နော် ..."

"အင်း"

"နေ့တိုင်းလား"

"အင်း"

တစ်ယောက်နဲ့တစ်ယောက် နာမည်မခေါ်ဘဲ စကားတွေပြောနေတာပျော်စရာကောင်းလှပါ၏။ သူ့ဘေးနားကပ်ရပ်မိစဉ် သင်းခနဲရလိုက်သည့်ရနံ့ကိုရှူလိုက်မိသည်။ သူ ရေချိုးပြီးခါစပဲထင်ပါရဲ့...။

"ဘာဆပ်ပြာသုံးလဲဟင်"

"ဘာဖြစ်လို့ မေးတာလဲ"

"မွှေးလို့"

သူ ဟက်ခနဲရယ်တော့ ငေးခနဲဖြစ်သွားရပါ၏။ ဟုတ်တယ်..၊ မဂ္ဂဇင်းအဖုံးမှာမြင်ခဲ့ရတဲ့အပြုံးမျိုး အခု အသံ့ရှေ့မှာ သူပြုံးနေတာလေ။ တကယ့်ကိုကြည့်ကောင်းတဲ့ လူကြီးတစ်ယောက်ပါပဲ။ Shirt အဖြူပေါ်မှာ သိုးမွှေးဂျာစီချိုင်းပြတ်အညိုကိုဝတ်ထားပြီး ပုဆိုးကွက်ပြာကွက်လေးကို ရိုးရိုးပဲတွဲဝတ်ထားတာတောင် ကြည့်ကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ အရင်လို Suit One Set နဲ့သာ တွေ့ရရင် အသံ အသက်ရှူ ရပ်သွားမယ်ထင်ပါရဲ့..။

"ယောကျ်ားလေးတစ်ယောက်ကို အဲဒီလိုအပြောမျိုး အကြည့်မျိုးနဲ့ မလုပ်ရဘူး သံယောဇဉ်"

"ဘာဖြစ်လို့လဲ"

"မင်းနဲ့ရွယ်တူတွေဆိုရင် မလွယ်ဘူး"

"အသံ က မကြောက်တတ်ဘူး၊ မေးထားတာကို ခုထိမဖြေသေးဘူးနော်"

"ဘာကိုလဲ ဩော် ... သိပြီ"

သူက ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး အသံနှင့်မျက်နှာချင်းဆိုင်၍ ရပ်လိုက်လေ၏။ အရပ်ကြီးက (၆)ပေတောင်ကျော်လိမ့်မယ်ထင်ပါရဲ့။ အသံ့အရပ်က သူ့ရင်ခေါင်းဝလောက်သာရှိနေတာလေ..။

"တကယ်ပဲ ကိုယ့်နာမည်ကို သိပြီလား"

"ဒါပေါ့ ..."

"ဘယ်သူတဲ့လဲ ..."

"အဲဒီလို လူလည်မကျနဲ့လေ၊ အသံ က ဒီခြံထဲဝင်ချင်လို့ အသံ့ နာမည်ကိုပြောပြလိုက်တာ၊ အပေးအယူဆိုတာ နေရာတိုင်းမှာ ရှိတယ်။ သိတယ်မဟုတ်လား ...၊ ရွှေ ရွှေ ၊ ရွှေငွေ ဒါပဲ"

"ရွှေ ပတ္တမြား၊ ရွှေ နဂါး မဟုတ်ဘူးလား"

"အဲဒါက ဖြစ်မှမဖြစ်နိုင်တာ။ ရွှေတို့ငွေတို့က ဒီခေတ်မှာ ဖြစ်





နိုင်သေးတယ်"

"ကောင်းပြီလေ၊ မင်းလိုချင်တဲ့ပန်းပင်တစ်မျိုးလက်ဆောင်ပေးမယ်"

ရမလား၊ ဒီလောက်တော့ သံယောဇဉ်တို့ မအ,သေးဘူးနော်။ အသံ ပန်းခိုးမှာစိုးပြီး ဒီလိုလေး ချွေးသိပ်ပေးရုံနဲ့ လုံလောက်မယ် ထင်နေလား ဦးဘုန်းမြင့်မိုရ်ရယ် ..။

"အသံ က အပင်စိုက်တာ ဝါသနာမပါဘူး"

"ဩော်.. ပန်းကျတော့ ပန်တတ်ပြီး ပန်းပင်ကျတော့ စိုက်တာ ဝါသနာမပါဘူးတဲ့လား၊ မင်း အတော့်ကိုဟုတ်တဲ့ ချာတိတ်ပဲ"

"ဟင် အသံ့ကို ချာတိတ် .. ချာတိတ်ဆိုပြီး မနှိပ်ပါနဲ့..။ အသံ Botany Final ရောက်နေပြီ၊ အသက် ၂၀ ပြည့်တော့မှာရှင့်"

သူ မမေးရဘဲ အလိုလိုပြောနေသည့် လျှို့ဝှက်ချက်တို့ကြောင့် ရယ်ချင်စိတ်ကို မနည်းဖြေနေရလေ၏။ ဒီကလေးမတော့ တကယ် မလွယ်ဘူးပဲ ..။

"ကိုယ့်အသက်က ၃၂ နှစ်ထဲမှာ ချာတိတ်ရဲ့ .. မင်းထက် ၁၂ နှစ်လောက်ကြီးတဲ့ လူကြီးတစ်ယောက်အနေနဲ့ ချာတိတ်လို့ ခေါ်တာ ဘာဖြစ်လဲ၊ တကယ်ဆို သမီးလို့တောင်မှ သုံးသင့်တာလေ.."

"အို ... အသံက ဦးဘုန်းမြင့်မိုရ်ရဲ့သမီးမှ မဟုတ်တဲ့ဟာကို သမီးလို့အခေါ်မခံနိုင်ပါဘူး၊ မခေါ်ပါနဲ့"

အလို!.. ဘုန်းမြင့်မိုရ် ဆိုပါလား။ ဒါဖြင့် ဒီကလေးမ သူ့ နာမည်ကို တကယ်အစစ်အမှန်သိနေတာပေါ့လေ ..။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်နာမည်ကို မင်းဖေဖေ ပြောလို့ သိတာလား"

"ဘယ်ကလာ .. အသံပြောလို့ တစ်အိမ်လုံးသိကုန်တာရှင့်"

"နေပါဦး .. ကိုယ့်ကို ဘယ်သူဆိုတာမှန်း ဘယ်လိုသိသွားတာလဲ"

"သိချင်လို့လား ..."

"ဒါပေါ့"

"ဒါဆိုရင်တော့ အသံ့ကို ဒီခြံထဲက ပန်းမှန်သမျှ Free ခူးခွင့်ပြုရမယ်"

"အားပါး .. ကြေးက မများလွန်းဘူးလား"

"မများပါဘူး၊ ဦးဘုန်းမြင့်မိုရ်သာ အသံ့ ကို ပန်းပင်ပေးလိုက်ရင် တစ်ပင်ပဲရမှာလေ၊ ဒီခြံထဲကိုသာလာပြီးခူးရင် တစ်ရက်ကို တစ်မျိုး တစ်ပွင့်အမြဲရမှာပေါ့၊ ဒီမှာကြည့် .. အသံ က ဘယ်တော့မှ နာရီပတ်လေ့ပတ်ထ မရှိဘူး၊ အချိန်အမြဲကြည့်ရတာ အသက်ကို ပိုတိုစေသလို ကိုယ့်နာရီတစ်လုံးတည်းကို အမြဲကြည့်နေရတော့ ရိုးတယ်လေ ..၊ ဒီတော့ လမ်းမှာ ကားပေါ်မှာ အချိန်သိချင်ရင် တစ်ယောက်ယောက်ကိုမေးပြီး သူတို့နာရီလေးကို ငုံ့ကြည့်တဲ့ အကျင့်ရှိတယ်၊ ဒီတော့ကာ တစ်ရက်ကို နာရီမျိုးစုံကြည့်ခွင့်ရသလို အသစ်အဆန်းတွေချည်းမြင်ရတယ်လေ ..၊ Seiko လား၊ Quartz လား၊ Omega လား ကြိုက်တဲ့ တံဆိပ်တွေရော အဝိုင်း၊ လေးထောင့် ဘဲဥပုံအစုံမြင်ဖူးတဲ့အရသာ ဘယ်လောက်ဆန်းလိုက်သလဲ"





အလိုလေး!.. အတော့်ကို ဆန်းသစ်တီထွင်လှုံးတစ်ခုပါပဲလား။ သူကောင် ဒီအရွယ်က တစ်ကြိမ်မျှမတွေးခဲ့ဖူးတဲ့အတွေးမျိုး သူမမှာ ရှိနေတာ ဆန်းကြယ်ပေစွ။ ထွင်တတ်ပါပေ့ သံယောဇဉ်၊ မင်းနဲ့ စကားပြောရတာ တကယ့်ကို အထူးအဆန်းမျိုးကြားရပြီး ကိုယ် စိတ်ကြည်လင်ရတာ အမှန်ပါပဲ ..။

"OK ! I agree"

"ဒီလိုမှပေါ့"

သူမက ကျောပိုးအိတ်ဇစ်ကိုဖွင့်ကာ မဂ္ဂဇင်းစာအုပ်ကို ထုတ်လိုက်ပြီး အဖုံးကိုပြလိုက်ပါ၏။ သူ့အသက် ၂၉ နှစ်တုန်းက မျက်နှာဖုံး အတင်ခံရသည့်ပုံ ဖြစ်နေပါရောလား။

"မင်း ဒီစာအုပ်ကို ..."

"အသံ ဝယ်သိမ်းထားတာပေါ့၊ အသံ သိပ်ကြိုက်တဲ့ မင်းသားတွေ၊ အဆိုတော်တွေရဲ့ပုံဆို အမြဲဝယ်သိမ်းလေ့ရှိတာလေ"

"ကိုယ်က မင်းသားလည်းမဟုတ်၊ အဆိုတော်လည်းမဟုတ်ဘူးလေ"

"အို! အသံ လေးစားအားကျရခဲ့ရတဲ့လူပဲဟာ .. ဝယ်သိမ်းထားတော့ ဘာဖြစ်လဲ၊ အခုလို အပြင်မှာ တစ်နေ့တွေ့ရလိမ့်မယ်လို့ လုံးဝ ထင်မထားခဲ့ဘူးလေ"

"ကိုယ်က ဘုန်းမြင့်မိုရ် ဟုတ်,မဟုတ် မင်း သေချာသိလို့လား"

"သိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသိတာလဲ ပြောပါဦး"

"ရင်ထဲက အလိုလိုသိတာလေ"

"ဘယ်လို ..."

ဒီကောင်မလေး ခပ်တည်တည်နဲ့များ လာရွှီးနေတာများလား။ ရုပ်ကလေးကတော့ ညာတဲ့ပုံမပေါ်တာမို့ သူ ဝေခွဲရခက်သွားပင်။ ကလေးတစ်ယောက်ရဲ့ စိတ်ကစားပြီး ပြောမှုတွေကို သူ အတည်ယူမိရင်၊ သူပဲ အရူးဖြစ်မှာပါလေ ..။

"ပြီးတော့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က Accident ဖြစ်ခဲ့တာက သက်သေပေါ့ ..၊ အသဲ့ကို ဖြောင်ညာလို့ဘယ်ရပါ့မလဲ၊ မဟုတ်ဘူးလား"

သူမစကားနဲ့ သူမကတော့ ဟုတ်နေတာပင်။ သူ့မှာဖြင့် လူမသိအောင် အနေအထိုင်ကျစ်လျစ်ခဲ့ပါလျက် အခုတော့ လူသိသွားရတာမို့ စိတ်ထဲ တစ်မျိုးကြီးဖြစ်နေရတာပါလေ ..။

"မင်းရဲ့မိဘတွေကရော"

"သိချင်လား"

"အင်း"

"ပြောပြရင် ဘာပေးမှာလဲ"

"လာပြန်ပြီ အပေးအယူကိစ္စ"

"ကြေးကမများပါဘူး၊ အသဲ့ကို နာမ်စားတစ်ခုခုခေါ်ရုံပါပဲ"

အလာကြီးပါလား .. ဒီချာတိတ်တကယ်မလွယ်ဘူးပဲ။ လိုချင်





တာကို မရရအောင်ယူတတ်တာ၊ ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့ဖွဲ့ကတော့ ချီးကျူးစရာပါပဲ။

"ရပါတယ်"

"ဖေဖေက ဒေါက်တာသက်အောင် အထွေထွေအထူးကုဆရာဝန်ပါ၊ မေမေက ဒေါ်မြသန္တာနွယ် အထက်တန်းပြဆရာမ အငြိမ်းစားပါ"

"ဒေါက်တာသက်အောင်"

"သိလို့လား"

"ဟင့်အင်း .. နောက်တစ်ယောက်ရှိသေးတယ်မဟုတ်လား"

သူမ နှုတ်ခမ်းစူသွားလေ၏။ အန်တီချောချောလှလှလေးနဲ့တော့ သူ့ကို မိတ်ဆက်မပေးချင်ပေါင်လေ။

"မပြောနိုင်ဘူး"

"ရပါတယ်၊ ကျေးဇူးပဲ ဇဉ်ဇဉ်၊ အခုလို မင်းရဲ့မိသားစုနဲ့ သိခွင့်ရတဲ့အတွက်ပါ"

သူမ မျက်နှာထက် အပြုံးတစ်ပွင့်တင်လေ၏။ ငယ်သူရဲ့အပြုံးက ပျိုမျစ်အပြစ်ကင်းစင်လွန်းနေတာအမှန်ပါလေ ..။



www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

"ဘယ်လိုဖြစ်ပြီးနောက်ကျရတာလဲသမီးရယ် ..၊ ပြန်ချိန်တန် မရောက်တော့ အိမ်ကစိတ်ပူနေမှာကို မသိဘူးလား"

"အသံ အချိန်မှန်ရောက်ပါတယ် မေမေရဲ့၊ အိမ်ဝင်လည်နေလို့ပါ"

"ဘယ်အိမ်ကို ဝင်လည်နေတာလဲ"

"ဟိုဘက်အိမ်ကိုလေ"

"ဘာရယ် ..."

မျက်လုံးပြူးသွားသည့်မေမေ့ကိုကြည့်ကာ ရယ်ချလိုက်မိ၏။ ဟိုဘက်အိမ်လည်တာကိုပဲ သရဲသဘက်နဲ့တွေ့တာလို ကြောက်လန့်နေပုံရတာလေ။ မေမေတို့ဖြစ်လိုက်ရင် အလန့်တကြားကြီးနဲ့ချည်းသာ။

"ဘာကိစ္စသွားလည်းရတာလဲ အသံ ရယ်"





"သူကဖိတ်လို့ ခြံထဲခဏဝင်ပြီး စကားပြောတာမေမေရဲ့ .. အိမ်ထဲအထိတော့ အသံ မဝင်ပါဘူး၊ ဒီလောက်တော့ အသံ သိပါတယ်"

"သူကဆိုတော့ ဘယ်သူတုံး"

"ဘယ်သူဖြစ်ရမှာလဲ .. ဦးဘုန်းမြင့်မိုရ်ပေါ့ မေမေရဲ့"

"အသံ့ အသည်းကျော်ကြီးလေ" ဆိုတာကိုတော့ ပြောချင်ပေမယ့် မေမေနလုံးသွေးရပ်သွားမှာစိုးလို့ မျိုချလိုက်ရပါ၏။ သူနှင့် စကားပြောရတာလောက် စိတ်ချမ်းသာစရာကောင်းတာမျိုး မရှိတော့တာလေ ..။

"သူနဲ့ ဘာများပြောစရာရှိလို့ သွားပြောနေရတာလဲ"

"ဒီလိုပဲ ပြောစရာရှာပြောတာပေါ့ မေမေရဲ့။ မိသားစုအကြောင်း ပန်းပင်တွေအကြောင်းပေါ့၊ မေမေကလည်းနော် အသံ့ကို တရားခံစစ်နည်းနဲ့ စစ်နေပြန်ပါပြီ ..၊ ဒီမှာ ဗိုက်ဆာလှပြီဆိုတာကို ..."

"အေးပါ ဟိုမှာ မိနီရော၊ ဒေါ်ပြုံးရော ထမင်းပွဲပြင်နေပါပြီ၊ တကတည်းမှ ဒါလေးမေးတာပဲ မအေက မေးခွင့်မရှိတော့ဘူးလား"

"မေမေ့ပုံစံက အသံ ကပဲ မေမေတို့မှသိအောင် ရည်းစားနဲ့ တိတ်တိတ်လေးသွားတွေ့ပြီးပြန်လာလို့ မယုံသင်္ကာနဲ့ စစ်သလိုပုံစံ ဖြစ်နေတာလေ"

"ဟဲ့ ..!"

စိတ်ထဲထင်နေတာကို တန်းသိလိုက်တာပါပဲလား။ ဒါကြောင့် လူတွေက အရွှးနဲ့ကလေးတွေက အမှန်ပြောတတ်တယ်လို့ ဆိုကြ



www.burmeseclassic.com

www.burmeseclassic.com



တာပဲထင်ပါရဲ့။ ပြောလိုက်မှဖြင့် မအေကို မရှက်မကြောက် တဲ့တိုးကြီးကို ပြောချလိုက်တာလေ ..။

“မဟုတ်လို့လား၊ ပြီးတော့ အသဲ့ အိတ်ကို အသံ မသိအောင် မေမေ စစ်စစ်နေတာကိုလည်း အသံ သိနေတယ်နော်၊ အသဲ့ ကိုပေးတဲ့ ရည်းစားစာတွေ ဒီထဲရှာတွေ့မယ်ထင်လို့မဟုတ်လား ..၊ စိတ်ချ! အဲဒီစာမျိုး စိတ်မဝင်စားလို့ လမ်းမှာတင်လွှင့်ပစ်ခဲ့တာ၊ မေမေ ဘယ်တော့မှ ရှာတွေ့မယ်မထင်နဲ့၊ Finalကျောင်းသူပဲဖြစ်နေပြီမေမေရယ့် အသံ ချစ်သူထားရင် မေမေ့ရှေ့ကိုဆွဲခေါ်လာပြီး ဒီမှာ အသဲ့ ချစ်သူပါလို့ မိတ်ဆက်ပေးမှာပေါ့ .. ယုံ!”

“တယ် ... ဒီကောင်မလေးတော့ မဟုတ်တာတွေ ...”

“အသံ ရေချိုးတော့မယ် မေမေ”

“မြန်မြန်ချိုးနော် .. အအေးပတ်ဦးမယ်”

လှေကားမှ အပြေးတက်လာခဲ့၏။ Bathroom ထဲဝင်၍ ရေပန်းကိုဖွင့်ချလိုက်စဉ် အခုလေးတင်ပဲတွေ့ခဲ့သည့်သူ့ကို ပိုသတိရသွားပါသည်။ မလွန်ဘူးလားနော်။ အသံ အရွယ်ရောက်စအရွယ်မှာ သူ့နာမည်ဟာ ဒီမြန်မာပြည်မှာ နာမည်ကြီးခဲ့တာ အဆိုတော်တွေ ရုပ်ရှင်မင်းသားတွေထက်ပင် ပိုနေသေးတာလေ ..။

ဘုန်းမြင့်မိုရ်ရဲ့ တစ်နေ့တာဆိုပြီး ခေါင်းစည်းကြီးကြီးနဲ့ ဖျူးခဲ့ကြတဲ့အထိရှိခဲ့တာပါပဲ။ သူ ပထမဦးဆုံးလုပ်တာက မျက်နှာသစ်ရေချိုးတာပါ။ ပြီးရင် ဘုရားဝတ်ပြုမယ်။ ပြီးမှ Breakfast စားမယ်။





Breakfast စားနေတုန်း ဒီနေ့တစ်နေ့တာလုပ်ရမယ့် List ကို ညကတည်းက Secretary ပေးလိုက်တဲ့စာရွက်မှာကြည့်တယ်။

အဆင်ပြေမယ့်ဟာကို Tip ပေးပြီး မပြေမယ့်ကိစ္စတွေကို နောက်ရက်ရွှေ့လိုက်တယ်။ ပြီးရင်ကုမ္ပဏီကိုလာတယ်။ Meeting မှာ သူအမြဲလုပ်နေကျ Style က ပါးကို Pen ထောက်ပြီး စဉ်းစားရင်း ပြောသမျှ နားထောင်တတ်တာလေ။ အဲဒါကိုလည်း အသံ ကြိုက်တာပဲ။

သူ့ဗိုက်ဆာရင် စားနေကျက အားလူးကတ်တလိတ်ပါ။ ရေနွေးမွှေးမွှေးလေးနဲ့ သောက်တတ်ပါတယ်။ ထမင်းစားရင် ဟင်းကြေး(ကျီး)မများ မရွေးတတ်ပါဘူး။ ဆာတဲ့အချိန် ရှိတာနဲ့စားတတ်လေ့ရှိပါတယ်။

သူ့ Favourite colour က Black ၊ အမြဲမရှိမဖြစ်ဆောင်လေ့ရှိတာက လက်ပတ်နာရီနဲ့ Note book သေးသေးလေး၊ မျက်နှာကို အမြဲတည်ထားတတ်ပေမယ့် စကားပြောတဲ့အခါမျိုးမှာ အလိုလို ပြုံးချိုသွားတတ်တာမို့ လူတိုင်း ချီးမွမ်းတာကိုခံရတာပါ။

Interview တွေဖြေရတိုင်း အချိန်ဟာ ရွှေထက်ပိုပြီးတန်ဖိုးရှိပါတယ်ဆိုတဲ့စကားနဲ့ အမြဲအဆုံးသတ်လေ့ရှိပါတယ်။ လမ်းသွားရင် ခပ်မြန်မြန်သွက်သွက်လျှောက်တတ်ပြီး ဘယ်လက်ကိုမြှောက်လျက်နာရီကို မကြာမကြာကြည့်တတ်တဲ့ Style ကိုက သူများတွေနဲ့ မတူတဲ့ ထူးခြားမှုတစ်ခုပါပဲ ..။

Body Spray တွေ ရေမွှေးတွေလို ရနံ့ရူးတာမျိုးမသုံးဘဲ အနံ့သင်းသင်းလေးကိုသာရွေးသုံးတတ်၏။ လုပ်ငန်းနှင့်ပတ်သက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမှန်သမျှကို ပြတ်သားစွာဆုံးဖြတ်လေ့ရှိပေမယ့် အတွင်းစိတ်သဘောထားက နူးညံ့လေသည်။ ပန်းပင်စိုက်တာကိုဝါသနာပါ၏။ သူ၏အားနည်းချက်မှာ မိန်းကလေးတွေကို အားနွဲ့သူဟု သတ်မှတ်ပြီး လိုက်လျောအလျှော့ပေးတတ်တာပင်။

ထို့ကြောင့် သူ့အသည်းကို ဟက်တက်အခွဲခံရသည့် အဖြစ်မျိုးကြုံခဲ့ရပြီ။ အရှက်ရခဲ့တာမဟုတ်လား။ သစ္စာမဲ့သွားသည့် ချစ်သူကို နာကြည်းသော်ငြား 'အမျိုးသမီးထုကို သူ မုန်းမနေသည်မို့ အသံသဘောကျပါ၏။ အင်း သဘောကျစရာတွေကတော့ တန်းစီနေတာပါပဲ ..။

သူသုံးတာ ဘာဆပ်ပြာပါလိမ့်နော်။ မနက်ဖြန် Super Mart မှာ သွားရှာဦးမှပါပဲ။ ပြီးတော့ ကျောင်းမသွားခင် တစ်ခါ၊ ကျောင်းပြန်အလာမှာ တစ်ခါ အမြဲနှုတ်ဆက်ရမည်။ နေဦး .. အသံ PK ဖြတ်ရဦးမှာပါလား။ အဲဒါ အရေးကြီးတယ်လေ။ အတွေးဖြင့် ကျိတ်ရယ်လိုက်မိစဉ် တံခါးကိုတဒုန်းဒုန်းထုသံပေါ်လာသဖြင့် လန့်သွားရပါ၏။

"ဒုန်း .. ဒုန်း .. ဒုန်း"

"မိသံ ရေချိုးတာကြာနေပြီ ခုထိမပြီးသေးဘူးလား ..၊ နင့်အဒေါ်တောင် ပြန်ရောက်နေပြီ။ ဒီကလေးမကတော့လေ အမြဲနောက်ကနေ လိုက်ပြောနေရတော့တာပဲ"

အား Feel ပျက်လိုက်တာကွာ၊ ရေအေးအေးလေး စိမ်ချိုးရင်း သူ့အကြောင်းတွေ တစိမ့်စိမ့်တွေးနေတဲ့ Feeling တွေ ဘယ်ထွက်





ပြေးကုန်ပါလိမ့် ..၊ မေမေကတော့ တကယ့်အဖျက်သမားပဲ။

"သံယောဇဉ်"

"ပြီးပြီ မေမေရေ့ .. ပြီးပါပြီ"

"ပြီးရင်လည်း ထွက်တော့လေ"

"ထွက်ပါပြီဗျို့ ... ထွက်ပါပြီ"

Towel ခြုံ၍ထွက်လာသည့် အသံ့ ခေါင်းပေါ်သို့ မေမေ့ မုန့်ခေါက်ရောက်လာလေ၏။ သိတယ် .. ပြန်လာကတည်းက ခေါက်ချင်နေတာ အခုမှပဲခေါက်ရတော့မဟုတ်လား။

"ထမင်းပွဲပြင်ပြီးပြီဆိုတာကို ရေကစိမ်ချိုးနေသေးတယ်၊ ပြီးရင် ဟိုဟင်းမကြိုက် ဒီဟင်းမစားဘူးဆိုပြီး, ကြေး(ဂျီး)များဦးမှာ၊ ဒါကြောင့် နင်ပိန်နေတာ အသံ ရဲ့"

"ဒီခေတ်က Model တွေတောင် ဒီလိုပိန်ဖို့ မနည်းကျင့်ရတာမဟုတ်လား မေမေရ ..၊ အသံ အခုလို ကိုယ်ရည်စစ်တာကို မေမေတောင် ကျေးဇူးတင်သင့်တယ်"

"ပြောလိုက်ရင် ကြီးကြီးကျယ်ကျယ်နဲ့ .. မြန်မြန်လဲပြီး ဆင်းလာခဲ့ချေ"

"ဟုတ်"

ပေါ့ပေါ့ပါးပါးဝတ်စုံကို ရွေးဝတ်ပြီး ဆင်းခဲ့ပါ၏။ ဒီည မေမေက Night Duty ထွက်ပြီး Off တစ်ရက်ရတာမို့ ထမင်းဝိုင်းမှာ လူစုံပေမည်။ ထမင်းစားခန်းထဲမှာ လူစုံတက်စုံရောက်နေကြပြီး လူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



က အသံ့ ကိုစောင့်နေရဟာမို့ လျှာ့တစ်လစ်လေးဖြစ်သွားရလေ၏

"ဒီညနေ ဘာနဲ့စားရမှာလဲ"

"အရင်ပဲထိုင်ပါဦး၊ ဟင်းက အရင်ရွေးချင်နေပြီ"

အန်တီလေးဘေးရှိခုံမှာ ဝင်ထိုင်လိုက်ပါ၏။ အသားဟင်းတွေ ကိုမြင်ရစဉ် နှာခေါင်းလေးရှုံ့လိုက်မိသည်။ အသံက အသီးအရွက် သာ ကြိုက်သည့်လူလေ ..။

"ဟင် ... ဘာဟင်းတွေလဲ မေမေရာ"

"တခြားအသားမစားရင်တောင်မှ ကြက်သားဆီပြန်တော့ စား ပါ သမီးရယ်။ ဒါမှ အာဟာရပြည့်မှာ ..၊ နို့မို့ ဖြူဖပ်ဖြူလျော်နဲ့ သွေးမရှိသလိုဖြစ်နေပြီ"

"အာ ... ဒီအသားတွေစားရင် စားနေရင်း အသံ ပျို့ပျို့တက် လာပါတယ်ဆိုမှပဲ .. မစားချင်ဘူး"

"ငါးကြော်နှပ်လေးရော ..."

"ညှီကညှီနဲ့ မစားဘူး"

"သမီးနော် .. ဘယ်လိုဖြစ်ပြီး အစားကို ဇီဇာကြောင်နေတာလဲ၊ ဟင်းဆိုတာ ထမင်းနဲ့အတူတူရောပြီး အာဟာရဖြစ်အောင် စားရ တာ ဒါမှကျန်းမာရေးကောင်းမှာပေါ့၊ ဒီလိုအစားရွေးလို့ အမြဲချူချာ နေတာတောင် မမှတ်ဘူး၊ ဆေးထိုးအပ်ကျတော့ ကြောက်ပြီး မြင် တာနဲ့ ငြဲခနဲငိုဖို့ ပဲသိတယ်၊ မိဘစကားကျတော့ နားမထောင်ဘူး"

ဖေဖေ ဟောက်လိုက်တော့ နှုတ်ခမ်းကစူချေပြီ။ အိမ်မှာ အသံ





ဗိုလ်ကျလို့ရတာ မိနီ တစ်ယောက်တည်းရှိတာလေ။ ရောဂါသည် လေး ချူချာရှာတယ်ဆိုပြီး တစ်ယောက်မှ အလိုလိုက်သည်မရှိ။ ဒါကြောင့်လည်း အသံဟာ လူကြီးတွေ သဘောမကျတဲ့လုပ်ရပ်တွေ ကို တဖြည်းဖြည်း အရွဲ့တိုက်ပြီး လုပ်တတ်လာတာလေ ..။

"အသံမှမကြိုက်တာကို ဖေဖေရဲ့"

"ဒါဆိုလည်း ဒီငါးရဲ့ခြောက်ဖုတ်ဆီဆမ်းလေးနဲ့စားပါလား အသံ၊ ငါးပိကြော်လေးနဲ့ အန်တီလေး နယ်ပေးရမလား"

ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်စဉ် ဖေဖေနဲ့မေမေတို့မျက်စောင်း အစုံက အသံ့ ဆီ ဒိုင်းခနဲကျလာလေ၏။ သံယောဇဉ်တို့ ဂျစ်လာရင် အဲဒီလို ဝိုင်းပြီးလက်ဆောင်ပေးလေ့ရှိတာလေ။

"စားစရာမျိုးစုံရွေးပြီး စားနိုင်ပါလျက် ဒီလောက် ဂဂျီဂဂျောင် များတာ မိဘနဲ့အတူမနေရတော့ရင် ဘယ်လိုလုပ်မလဲ"

"အသံ က ဖေဖေတို့နဲ့ အတူမနေရအောင် ဘာဖြစ်လို့လဲ"

"နင့်ကို တစ်သက်လုံးစောင့်မနေနိုင်ဘူး သံယောဇဉ်ရဲ့ ..၊ အခု ပဲ မေမေတို့အသက် ၄၀ ကျော်နေပြီ၊ ဘယ်ထိ အသက်ရှည်နိုင်မှာလဲ"

"အဲဒါဆို အန်တီလေးနဲ့နေမှာပေါ့"

"နင့်အဒေါ်က အချိန်တန် အိမ်ထောင်ပြုမှာ .. နင့်ကို ဘယ် ခေါ်ထားနိုင်မလဲ"

"မေမေကလည်း အသံ က မိဘမဲ့ကျနေတာပဲ၊ အားငယ်အောင် လိုက်ပြောနေပြန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ သက်ပြင်းချလိုက်ကြတာကို အသံ သဘော မပေါက်ပါချေ။ အန်တီလေးက ဘွားဘွားထိပ်ထားနှယ်ရဲ့ အငယ် ဆုံးညီမဖြစ်တဲ့ ဒေါ်မြနန်းနှယ်က မွေးတာမို့ မေမေနဲ့ တစ်ဝမ်းကွဲ ညီအစ်မတော်တာ ဖြစ်ပြီး အသက်၂၀ လောက်ကွာကာ မေမေ ထိန်းပေးခဲ့သောညီမမို့ အခု လို အသံတို့နဲ့ပဲ နှစ်ရှည်လများ အတူ နေဖြစ်ခဲ့တာပင်။

"PK တဖောက်ဖောက်လုပ်တဲ့အကျင့်ကိုလည်း ပြင်စမ်း၊ ဘယ် ကနေဘယ်လိုတတ်လာတဲ့အကျင့်ဆိုးမှန်းကို မသိဘူး"

"အသံ PK ဖြတ်လိုက်ပါပြီ ဖေဖေရဲ့"

"ဘယ်တုန်းကလဲ .."

"ဒီညနေပဲ"

"ဘယ်သူပြောလို့ မစားတော့တာလဲ"

"ဦးဘုန်းမြင့်မိုရ်"

"အဟွတ် ! အဟွတ်"

ဘေးမှာထမင်းစားနေသည့် အန်တီလေး သီးသွားတာကြောင့် ကျောကို ပွတ်သပ်ပေးနေမိ၏။ ဖေဖေနှင့်မေမေ မျက်လုံးကြီးပြူးပြီး ကြည့်နေတာကိုလည်းသတိမထားမိခဲ့ပါလေ။

"သူ ဘယ်တုန်းက ပြောတာလဲ"

"ဒီညနေပဲလေ.. အသံ့ မေးရိုးကြီးမလာချင်ရင် PK ကိုဖြတ်တဲ့ ထမင်းနယ်ထားပေးတာကိုစားနေသည့် သမီးဖြစ်သူကို အံ့ဩ





နေမိကြလေ၏။ တစ်သက်လုံး မိဘပြောသမျှရွဲ့ပြီးလုပ်လေ့ရှိတဲ့ သမီးလေးက ဒီသူစိမ်းပြောလိုက်တာ တစ်ညနေတည်းနဲ့ ခေါင်း ညိတ်လက်ခံခဲ့သတဲ့လေ ... အတော့်ကိုဟုတ်နေတာပါလား ...။

"သမီးနဲ့ အတော်လေးရင်းနှီးနေပြီလား"

"အင်းပေါ့"

"သူ့အကြောင်းတွေ ဘာတွေများ ပြောဖြစ်ကြသေးလား"

"ဟင့်အင်း အဲဒီလောက်တော့ ဘယ်ပြောပြမှာလဲဖေဖေရဲ့ ..၊ အသံ တို့စကားပြောတာ နာရီဝက်လောက်ပဲကြာတဲ့ဟာ ..၊ ပန်းပင် တွေအကြောင်းလောက်ပဲပြောဖြစ်တယ်၊ သူက အသံ့ မိဘတွေကို ဘယ်သူလဲမေးတာနဲ့ ဖေဖေတို့နာမည်တွေပြောပြလိုက်သေးတယ်"

"သူသိတော့ ဘာပြောသေးလဲ",

"ဘာမှမပြောဘူး ... ဘာဖြစ်လို့လဲ ဖေဖေ"

မေမေက ဖေဖေ့လက်ခုံကို အသာတို့၍ သတိပေးလိုက်တာမို့ ဘာမှန်းသေချာနားမလည်လိုက်။ အန်တီလေးက ထမင်း တစ်ပန်း ကန်သာစားပြီး ခုံမှထွက်သွားလေ၏။

"သမီး ၁၀ တန်းဖြေတဲ့နှစ်မှာ သူ Accident ဖြစ်ခဲ့တာ မှတ်မိလား"

"အသံ မှတ်မိတာကို မေးတာလား ..."

"ဟုတ်တယ်"

"မှတ်မိပါတယ် ဖေဖေ"

"အေး ... အဲဒီနေ့က ဖေဖေနဲ့မေမေရယ်၊ သမီးအန်တီလေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်က Wedding တစ်ခုကို သွားပြီးပြန်အလာမှာ သူ Shock ဖြစ်ပြီး ကားကို Platform ဘက်ဆွဲထိုးရပ်ပြီး ဖြစ်ခဲ့တာနဲ့ ကြုံခဲ့တာပဲ"

"ဒါဆို ဖေဖေတို့ သူ့ကို ..."

"ဟုတ်တယ်၊ ဆေးရုံရောက်ဖို့ ကူညီပေးခဲ့တာလေ။ ဖေဖေတို့ သွားခဲ့တဲ့ Wedding က သူ့ချစ်သူ ပိုးသီရိ မင်္ဂလာဆောင်ပဲ"

"ဩော် ..."

"အဲဒီပိုးသီရိနဲ့ လက်ထပ်လိုက်တဲ့လူဟာ သမီးအန်တီလေးရဲ့ ချစ်သူပဲ အသံ"

"ရှင်! ..."

သူမ အံ့သြသွားရပါ၏။

ဘုရားရေ!.. ဘာတွေဖြစ်ခဲ့တာပါလိမ့်။

အသံ့စိတ်ထင် သူတစ်ယောက်ပဲ အသည်းကွဲခဲ့တယ် ထင်ခဲ့မိ တာပါ။ ခုတော့ အသံ့ကိုသိပ်ချစ်တဲ့ အန်တီလေးပါ ဒီလိုဖြစ်ခဲ့ရတာ တဲ့လား။

မဟုတ်သေးပါဘူး။ သူနဲ့အန်တီလေးက ဘာများ သက်ဆိုင် လို့ ဒီအကြောင်းတွေ အသံ့ ကို ဖေဖေတို့ပြောနေကြတာပါလိမ့်

"အသံ့ ကို ဘာလို့ ဒီအကြောင်းတွေပြောရတာလဲ မေမေ"

"သမီး သိထားရအောင်လို့ပါ၊ တခြားဘာအကြောင်းမှ မရှိပါ ဘူး၊ သမီးရဲ့အန်တီလေးရှေ့မှာ သူ့အကြောင်းတွေပြောရင် ကျော့ကို သတိရပြီး ဒေါသထွက် စိတ်မကောင်းဖြစ်မှာစိုးတာလဲ ပါတာပေါ့





"သူနဲ့မှ မဆိုင်တာမေမေရဲ့"

"မဆိုင်တာက တိုက်ရိုက်မဆိုင်တာလေ သမီးရဲ့..၊ သွယ်ဝိုက် တဲ့နည်းနဲ့တော့ဆိုင်မှာပဲ၊ သူက စောကို သိမထားတာမို့ တော်သေး တယ်၊ စော က သိပြီးသားလူဖြစ်နေလို့ပါ"

ခေါင်းရှုပ်သွားရပါ၏။ ဘာဆိုဘာကိုမှ နားမလည်တာပါ လေ။ သူ့ရှေ့မှာ အဲဒီ အသံ မသိခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို နာမည်တောင် မရွတ်မိအောင် သတိထားဖို့မလိုအပ်ပါဘူး။ အသံ ကလည်း သူ့ကို ဒီ အတိတ်အကြောင်းတွေ သတိရအောင် ဘာကိုမှ မမေးပါဘူးလေ..။

"အသံက ဦးဘုန်းမြင့်မိုရ်နဲ့ခင်လို့ စကားစမြည် ပြောတာပါ၊ အန်တီလေးနဲ့သူ့ကို အသံ့ ကြောင့် မဆုံစေရပါဘူး မေမေ ..၊ ပြီးတော့ အန်တီလေးအကြောင်းကိုလည်း သူ့ကို အသံ ပြောမထား ပါဘူး"

ခေါင်းသာညိတ်ပြလိုက်ပေမယ့် ရင်ထဲမှာရှုပ်နေဆဲပါပဲ။ ခါတိုင်း အသံ အရင်ဆုံးစားပြီးပါလျက် ဒီနေ့ အန်တီလေး အရင်ပြီး သွားတာမို့ စိတ်မကောင်းဖြစ်သွားမှန်းရိပ်မိပါ၏။ သို့သော် အသံ ပြောသမျှ သူ့အကြောင်းတို့နှင့် မည်သို့မျှ မသက်ဆိုင်တာကိုတော့ စိတ်ရှင်းရှင်းနှင့် ယုံနေပါသည်လေ..။

ကျန်ရစ်ခဲ့သူအချင်းချင်း နားလည်မှုတော့ ရှိသင့်တာပဲမဟုတ် လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အသံကတော့ အဲဒီလိုရင်ကွဲကျန်ရစ်ခဲ့တဲ့လူအဖြ တော့မခံနိုင်ပါ။ မျှတမှုဆိုတာ စစ်နဲ့အချစ်မှာ မရှိတာမှန်ပေမယ့် ပေးသူနဲ့ယူသူ နားလည်မှုမျှရင်တော့ အချစ်မှာ အောင်နိုင်မှုတော့ ရှိမှာပါပဲ ...။

၁၂ နှစ်ကြီးတဲ့ အရွယ်မို့ "ဦး"လို့ခေါ်ရမှာမှန်ပေမယ့် အသံ မခေါ်ချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက အသံ့ကို သမီးလို့ ခေါ်မှာကို မကြိုက်လို့ပါပဲ။ ဒါဖြင့် အသံ ဘယ်လိုခေါ်ရင် ကောင်း မလဲ။ "အစ်ကိုကြီး".. ဟုတ်တယ် တလေးတစားခေါ်ရာလည်း ရောက်တဲ့ "အစ်ကိုကြီး"လို့ပဲ ခေါ်မယ်နော်။ ချာတိတ်ရဲ့အစ်ကိုကြီး ပေါ့။ သူ ကြိုက်ကြိုက် မကြိုက်ကြိုက် အသံ ကတော့ ခေါ်မှာပဲ။ အစ်ကိုကြီး ... အစ်ကိုကြီး ..။

အတွေးဖြင့် ပြုံးလိုက်မိစဉ် မေမေက မျက်မှောင်ကြုတ်၍ ကြည့်နေတာကြောင့် ရယ်ပြလိုက်ရပါ၏။ မလွယ်ပါလားနော် ရင်ထဲမှာရှိနေတဲ့ အစ်ကိုကြီးကို ဘယ်သူမှမမြင်တွေ့ရလေအောင် ဖုံးဖိသိုဝှက် ထားရတဲ့ကိစ္စက အခက်အခဲဆုံးမဟုတ်ပါလား ..။





[ ၇ ]

ညက ကောင်းကောင်းအိပ်မပျော်ခဲ့တာမို့ ဒီမနက် သူထချိန်မှာ ၃နစ်နာရီထိုးချေပြီ။ တော်ပါသေးရဲ့ ဒီနေ့ Sundayမို့ ညီညီလည်း အလုပ်မသွားရဘူးလေ။ မျက်နှာသစ်၊ သွားတိုက်၊ ရေချိုးအဝတ် အစားလဲကာ ဘုရားခန်းထဲမှာ တစ်နာရီခန့်ဝတ်ပြုကာ တရားထိုင် ဖြစ်၏။

ဘုရားခန်းမှထွက်လာချိန်ထိ ညီညီအသံ မကြားရတာကြောင့် မထသေးမှန်း သူသိလိုက်ပါ၏။ လေ့ကျင့်ခန်းလုပ်ရမှာကြောက်ပြီး အဆီအအိမ့်တွေကိုရှောင်ရသည့်ဒုက္ခက ညီညီ့မှာ နိစ္စဓူဝ ကြုံရတာ လေ။ ညက ဘီယာသောက်တော့ ဘာတွေနဲ့မြည်းခဲ့ပြန်ပါလိမ့် ..။

အခန်းထဲဝင်ကာ ပြတင်းတံခါးကိုဖွင့်လိုက်ပြီး လိုက်ကာကို



www.burmeseclassic.com

www.burmeseclassic.com



ဘောဘက်ဆွဲတင်ထားလိုက်၏။ အံဆွဲထဲမှပေကြိုးကို ထုတ်ယူကာ အိပ်ပျော်နေသည့် ညီညီ့ရင်ဘတ်ပေါ် အသာလေးတင်ပေးလိုက်ပါသည်။

"ဘယ်နှစ်နာရီရှိပြီလဲ"

"၇ နာရီ ..."

"၇ နာရီ ..."

အိပ်နေရင်း ဝုန်းခနဲထထိုင်လျက် ပြူးတူးပြဲတဲဖြစ်သွားသည့် ညီညီ့ကိုကြည့်ကာ ပြုံးလိုက်မိ၏။ ဒီလိုပဲဖြစ်ရမယ်လေ၊ လုပ်ချင်ရာလုပ်ပြီးရင် အသည်းအသန်ဖြစ်တာ အမြဲပဲမဟုတ်လား ..။

"ခေါင်းတွေကိုက်နေပြီ"

"ခတ္တာ ... ပျားရည်ယူလာပေးလိမ့်မယ်"

"အန်လိုက်ရင် သက်သာသွားမလားမသိဘူး"

ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ကာ ရေချိုးခန်းထဲ ဝင်ပြေးသွားပြန်၏။ အော့အော့အဲအဲ အသံတွေကြားအပြီးမှာ ချွေးတဖြိုက်ဖြိုက်ကျလျက် ပြန်ထွက်လာသည်။ လုပ်စမ်း! ငါ အသာလေးကြည့်နေရုံပဲ ..။

စွပ်ကျယ်ကိုအပေါ်လှပ်ကာ ပေကြိုးဖြင့် ဗိုက်ကိုပတ်တိုင်းလိုက်ပြန်၏။ မျက်လုံးပြူးလျက်အော်လိုက်သံက အကျယ်ကြီး။

"အား! နှစ်စိတ်တောင်ဖြစ်နေပြီ .. သေစမ်း"

"ကောင်းတယ် မင်းကိုပြောထားသားပဲ ဘီယာက ဗိုက်ရွှဲစေ





တယ်ဆိုတဲ့ဟာ ဘာနဲ့မြည်းခဲ့သေးလဲ"

"သူတို့ပြောတာတော့ အမဲခြောက်ကင်တဲ့ .. ကြည့်ရတာ ဝက်ပေါင်ခြောက်ဖြစ်နေတယ်ထင်တာပဲ၊ သေစမ်း! ကောင်းသန့်စင် ဘယ်နှစ်ရက်ပြေးမှဖြစ်မှာလဲ"

"ပြေးတာက ငါးရက်၊ ဒိုက်က တစ်ရက်ကို အခါ ၂၀ လောက်ဆို ဖြစ်ပါတယ်"

"အား.. သေတော့မှာပဲ၊ တစ်ခါလေး ဝဝလင်လင်စားလိုက်မိပါတယ် ..."

ပွင့်နေသည့် တံခါးဝမှာ ခတ္တာ ပေါ်လာပါ၏။ လက်ထဲမှ လင်ပန်းလေးကို ဖန်ခွက်မလဲအောင် ဂရုတစိုက်သယ်လာတာမို့ ဖန်ခွက်နှင့်ပန်းကန်ပြားလေးခတ်သံက ကလပ်ကလပ် မြည်နေလေသည်။

"ဟဲ့ ..! ကောင်မလေး"

"ရှင် ..! ဦးငယ်"

"မြန်မြန်လာလေ .. ဘယ်လိုဖြစ်ပြီး ခြေတစ်လှမ်း ကုဋေတစ်သန်း လျှောက်နေရတာလဲ"

"ဟို .. ဟို .. ဖိတ်ကုန်မှာစိုးလို့"

"မဖိတ်တဲ့ဖန်ခွက်ဖင်လေးလေးနဲ့ ထည့်လာပါတော့လား၊ ဦးနှောက်ကိုမရှိဘူး"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်သွားတာမို့ မအောင့်နိုင်ဘဲ ရယ်ချလိုက်တော့၏။ မိရှုပ်ပြာကို ပြောလို့ကတော့ တစ်နေကုန် ပါးစပ်ပိတ်ရမှာမဟုတ်ဘူး လေ..။

"ဒါက ဘယ်လဲ"

"ဦးငယ်ပဲ ဖန်ခွက်လဲဆို"

"နင်တော့ ငါလုပ်ရင်သေတော့မှာပဲ၊ ဒီလောက်ပြောနေတာတောင် တလွဲလုပ်ဦးမယ် ပြန်ယူလာခဲ့"

"ဟုတ်"

ပြန်လှည့်လာတော့မှ ဖန်ခွက်ကိုယူ၍ မော့သောက်လိုက်ပြီး ပြန်ယူသွားစေ၏။ သူက ခုထိလက်ပိုက်ကာ စားပွဲကို မှီ၍ရပ်နေဆဲပါ လေ။

"ကိုကိုကြီးကျ ဘာလို့ အခုလိုမဖြစ်တာလဲ"

"ငါက အမြဲ Exercise လုပ်နေကျလေ .. မင်းလို ငပျင်းမှ မဟုတ်ဘဲ .. တော်ရုံအစားမှားလို့လည်း ဘာမှမဖြစ်ဘူး၊ အသား နည်းနည်း အရွက်အသီးများများစားရင် Body Weight ကို ထိန်း ထားလို့ရတာချည်းပဲ၊ ပြီးတော့ တစ်ရက်ကို သံပုရာရည်သုံးခွက် အမြဲသောက်တယ်.. အဲဒါကြောင့်လည်းပါတယ်"

"ခုထိ သောက်နေတုန်းပဲလား"

"ဒါပေါ့၊ အခုက ခြေထောက်မှမသန်တော့တာ..၊ လေ့ကျင့်ခန်း ဘယ်လုပ်နိုင်တော့မှာလဲ၊ ဒါပေမယ့် လမ်းကိုတော့ အတတ်နိုင်ဆုံး





လျှောက်နေတာပဲလေ"

"ကိုကိုကြီးက ကံကိုကောင်းတာပါဗျာ ..၊ အစားလည်းမရွေး ဘဲ Weight လုံးဝမတက်ဘူး"

ကံကောင်းသတဲ့လား ...။ သေချာလို့လား ညီညီ ..၊ အသည်း ဟက်တက်ကွဲတဲ့နေ့မှာ သေမလိုဖြစ်ခဲ့တဲ့လူကို ဘာကြောင့် ကံ ကောင်းတယ်လို့ ပြောရတာပါလဲ။ ဘာအပြစ်မှရှိမနေပါဘဲ ပိုး ရဲ့ ချန်ထားရစ်ခြင်းကို ကိုယ် ခံခဲ့ရတာလေ။ အချစ်က မျက်နှာများမယ် လို့ သူ ဘယ်တုန်းကမှ မထင်မှတ်ခဲ့ပါ။

အသက် ၆ နှစ်လောက်ကွာရုံနဲ့ ဘာပြဿနာမှ ကြီးကြီးကျယ် ကျယ်မရှိခဲ့ ရည်းစားစကားတောင်မှ ကြိုးစားပြီး သူ မပြောလိုက်ရ ပါဘဲ သူ့လက်ဖျားကို လာထိကိုင်ခဲ့တဲ့ ပိုးရဲ့ချစ်ခြင်းတွေက ဒေါက်တာမြင့်မြတ်ကျော်နဲ့ကျမှ စစ်မှန်မှုကို တွေ့လိုက်ရတာတဲ့ လား ..။

ရှက်ခဲ့မိပါတယ်။ လူပုံအလယ်မှာ ဖူးစာမှန်ကို ရှာတွေ့ခဲ့တယ် လို့ပြောခဲ့တဲ့ စကားလုံးတွေအတွက် ကျုံခဲ့မိတဲ့နှုတ်တစ်ခုအတွက် အဖတ်တောင်ဆည်မရခဲ့ရတာလေ။ သိက္ခာဆိုတာ လူတိုင်းအတွက် မရှိလို့မဖြစ်တဲ့ အရာတစ်ခုပါ။ သို့သော် သူက သူ့သိက္ခာကို လူပုံမှာ ချပြခဲ့ရတဲ့အဖြစ်နဲ့ ကြုံခဲ့ရတာလေ ..။

"ကိုကိုကြီး ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာစလုပ်ရမှာလဲ"

"တစ်ခုခုစားပြီး ပြေးပေါ့"

"ဒီအချိန် ထပြေးရင် လူတွေမြင်ကုန်မှာပေါ့ဗျ"

"ခြံထဲပဲပြေးရင် ဖြစ်ပါတယ် ညီရာ"

နှာခေါင်းကိုရှုံ့တွလျက် ညီညီ ပြေးဆင်းသွားလေ၏။ ရှုပ်ပွနေသည့်အိပ်ရာကို ကြည့်ကောင်းအောင်ပြင်ပေးပြီးမှ သူ လိုက်ဆင်းလာမိသည်။ ခြံဝနှင့် အိမ်ဘေးကို မှန်မှန်ပြေးနေသည့် ညီညီ့ကို ကြည့်ကာ ပြုံးလိုက်မိစဉ် ခြံဝမှလူခေါ် bellနှိပ်သံကို ကြားလိုက်ရလေ၏။

"ဘယ်သူ့လဲမသိဘူး"

မိရုပ်ပြာ ရောက်လာတာမို့ သူ ခြံဝကို လှမ်းကြည့်လိုက်မိ၏။ Quter Pantsလေးကို လှမ်းမြင်လိုက်ရတာမို့ ပြုံးလိုက်မိလေသည်။ စောစောစီးစီးရောက်လာပါရောလား ..။

"သွားဖွင့်ပေးလိုက်ပါ .. ခင္တာ၊ ဟိုဘက်ခြံကကောင်မလေးလာတာ"

"ဟုတ်"

တံခါးလာဖွင့်ပေးသည့်လူက သူမဟုတ်ဘဲ ကောင်မလေးတစ်ယောက်ဖြစ်နေတာမို့ စိတ်ပိန်သွားရပါ၏။ အသံ တော့ ပန်းမတောင်းရတော့ဘူးထင်ပါရဲ့ ..။

"ဘာကိစ္စရှိလို့ပါလဲရှင်"





"ဟိုလေ အသံ တို့အိမ်၊ အိမ်တက်ဆွမ်းကျွေးလုပ်တာမို့ မုန့်လာပို့တာ"

"ဟုတ်လား .. ဘာလဲဟင်"

"အုန်းနို့ခေါက်ဆွဲ"

"ဟာ!.. ဦးဘုန်း အကြိုက်ပဲ"

"ဟုတ်လား၊ သူရော ..."

"ခြံထဲမှာရှိတယ်၊ ဝင်လှာလေ မမရဲ့"

"အင်း"

လက်ထဲမှငါးဆင့်ချိုင့်ကို လှမ်းပေးလိုက်ပြီး ခြံထဲလိုက်ဝင်ခဲ့၏။ သူ့ကို မမြင်ရသေးခင် အသံ့ဆီပြေးလာသည့် လူတစ်ယောက်နှင့် ရင်ဆိုင်လိုက်ရလေသည်။

"ဟော !..."

"ဘာကိစ္စနဲ့လာရဲ့သလဲ အမိ"

"ရှင့်ဆီလာတာမှမဟုတ်ဘဲ၊ အသံက ဦးဘုန်းမြင့်မိုရ်ဆီ လာတာ"

"ဘယ်လို !..."

"ညီညီ ဖြ ခေါက်ကျန်သေးတယ်"

"အား!"

သူ့အသံညြံညြံထွက်လာစဉ် ရှေ့မှလူက အားခနဲအော်လိုက်ပြီး နောက်လှည့်ပြေးပြန်လေ၏။ ဒဏ်ခတ်ပြီး လုပ်ခိုင်းနေဝဘများလား၊ ညီညီ ဆိုတော့ သူ့ညီပဲလား .. ဒါမှမဟုတ် နာမည်ကိုး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာများလား။

"မီရှပ်ပြာ ဘာလာပို့တာတဲ့လဲ"

"အုန်းနို့ခေါက်ဆွဲပါ ဦးငယ်"

"ဟာ!.. ငတ်ပြန်ပြီ၊ သေစမ်း"

သူက အသံ့ကို လက်တစ်ဖက်ထောင်ပြနှုတ်ဆက်လိုက်ပြီး ဟိုလူ့ကိုပဲ အာရုံစိုက်လိုက်တာမို့ ကောင်မလေးနောက်လိုက်ရန် ပြင်နေသည့် ခြေလှမ်းကို တုံ့ခနဲရပ်လိုက်မိ၏။ အဲဒီလိုကြီးလား အသံ့ကို အရေးမပေးဘဲ အခုလိုကျောပေးခိုင်းတာမျိုးကို လက်သင့်မခံနိုင်ပါ။

"ဘာလို့ သူ အဲဒီလိုပြောတာလဲ"

"သူရှောင်တဲ့အစာမို့လို့ပေါ့၊ လေးခေါက်ကျန်သေးတယ်"

ကြည့်!..၊ အသံ့ကို တစ်ချက်မကြည့်ဘဲ ဟိုလူကိုသာ သူ့အကြည့်တွေက ရှိနေတာလေ။ မနာလိုဘူး .. အသံ့ကို သူ အဲဒီလိုဂရုစိုက်ရင် ဘယ်လောက်များကောင်းလိုက်မလဲနော်၊ သူ စိတ်အနှောင့်အယှက်ဖြစ်သွားမှာစိုးပြီး ဘာမှမပြောတော့ဘဲ သူ့ဘေးမှာရပ်နေမိ၏။

"ဟာ ... ဘာရပ်ကြည့်နေတာလဲကွ"

"ဘာဖြစ်လဲ .. မျက်စိပါလို့ကြည့်တာပဲ"

"နှစ်ခေါက်ကျန်သေးတယ်လေ၊ ပြီးရင် ဒိုက်အခါ၂၀ ထိုးရဦးမယ်"





"အာ! အဲဒီကောင်မလေးရှိနေရင် ကျွန်တော် ဒိုက်မထိုးနိုင်ဘူး"

"ဟင်!.. ဘာမှလဲမဆိုင်ဘူး"

"ဟုတ်သားပဲ၊ ဇော်ဇော်က ကလေးပဲကို ရှက်စရာလား ညီညီရ"

"အဲဒါ ကလေးလား ကိုကိုရ .. ပုံစံကိုက ခဲတံကို ပိတ်စပတ်ထားသလို ဟိုမကျ ဒီမကျနဲ့ ..."

"အံမာ အသံ က ဘယ်လောက်ပဲစားစား ရှင့်လိုအသည်းအသန်လေ့ကျင့်စရာမလိုအောင် Auto Fit ဖြစ်ပြီးသား၊ ရှင်သာ ဗိုက်ရွဲလို့ အခု ဒိုက်ထိုးရတာမဟုတ်လား။ ကိုယ့်ဘာသာကိုယ် မလုပ်ချင်တာနဲ့ ညှော်သည်ကိုရမ်းပြီးနှင်ချင်နေသေး"

"ဟုတ်သားပဲ ညီရဲ့"

အတိုင်အဖောက်ညီနေကြသည့် ကိုကိုကြီးနှင့် ချာတိတ်မလေးကို ကြည့်လိုက်မိ၏။ နောက်ဆုံးအခေါက်ပြေးပြီး ဒူးကို လက်ထောက်ကာ ပါးစပ်ဟ၍လျက် အသက်ပြင်းပြင်းရှူနေတာမို့ ရန်မထောင်ဖြစ်သေး။ ပြောတော့ဖြင့် မရင်းနှီးဘူးလေး ဘာလေးနဲ့ အခုတော့ဖြင့် အတိုင်အဖောက်ညီနေတာလေ ..။

"အသံ့ ကို ဘာပေးမှာလဲ"

"ဘာကိုလဲ"

"ဟာ အစ်ကိုကြီးကလည်း အသံ PK ဖြတ်ရင် မုန့်ကျွေးမယ်လို့ ကတိပေးထားတယ်လေ၊ ပြီးတော့ ခဏနေရင် ကျူရှင်သွားရတော့မှာ.. အသံ့ကို ပန်းခူးပေးဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အလို!.. ဦးလေးအရွယ်လောက်ရှိနေတဲ့ ကိုကိုကြီးကိုများ အစ်ကိုကြီးတဲ့လား .. ဘာရည်ရွယ်ချက်နဲ့ ခေါ်လိုက်တာများပါ လိမ့်။ ကိုကိုကြီးက သတိထားမိပုံမပေါ်ဘဲ မျက်နှာပြုံးနေတာလေ..။

"ပန်းတောင်းတာ ကျူရှင်သွားခါနီး တစ်ခါတည်းဝင်လာပြီး ပန်သွားပေါ့၊ ဘာများခက်လို့လဲ"

"ဒါဖြင့် မုန့်ကရော ..."

"မုန့်ကလား ဘာမုန့်စားချင်လို့လဲ .. မုန့်ခေါက်လား .. မုန့် တုတ်ချောင်းလား"

"အစ်ကိုကြီးနော် ..."

လက်မောင်းကို ဖတ်ခနဲရိုက်လိုက်တာမို့ သူလက်ဝါးဖြင့် ကာ လိုက်ရ၏။ နေဦး .. သူမနှုတ်မှ သူ့ကိုခေါ်လိုက်တာဘယ်လိုပါလိမ့်။

"ဘယ်လိုခေါ်လိုက်တယ်"

"အစ်ကိုကြီး ... လို့"

"ဟာ ... ကိုယ်က မင်းထက် အသက် ၁၂ နှစ်ကျော်တောင်ကြီး တာလေ၊ ဘယ်လိုကြီးခေါ်လိုက်တာတုံး၊ မသကာ ခင်ဗျာလို ဦးဘုန်း လို့ ခေါ်ရင်တောင် ဟုတ်သေး"

"အို!.. ဘာကိစ္စ သူများခေါ်သလို လိုက်ခေါ်ရမှာလဲ၊ အသံက ဘယ်သူနဲ့မှမတူအောင်ခေါ်တဲ့ဟာပဲ .. ခေါ်မှာပဲ အစ်ကိုကြီး ... အစ်ကိုကြီး"

"အံမာ!.. ငါ့အစ်ကိုကိုများ ပိုင်စိုးပိုင်နင်းခေါ်လိုခေါ်နဲ့ .. မင်း





ဘယ်လိုချာတိတ်လဲကွ"

"လာပြန်ပြီ .. ဘာချာတိတ်လဲ၊ အသံ့ နာမည် သံယောဇဉ်ရှင်.. ချာတိတ်လို့မခေါ်နဲ့ မကြိုက်ဘူး၊ အဲဒါ အစ်ကိုကြီးပဲ ခေါ်ခွင့်ရှိတာ"

"ဘာ သံယောဇဉ်လဲ ..၊ သံယောဇဉ်ပဲဖြစ်ဖြစ် သံကြိုးချည်ပဲ ဖြစ်ဖြစ် ငါ့အိမ်မှာတော့ ဗိုလ်လာကျမယ်မကြံနဲ့ .. မရဘူး"

"အို!.. အသံ ဘယ်မှာဗိုလ်ကျလို့လဲ၊ ရှင်သာ မနာလိုတိုရှည် မစ္ဆရိယတွေများပြီး အခု လေ့ကျင့်ခန်း အသေအလဲလုပ်နေရတာ မဟုတ်လား၊ ကောင်းတာယ်"

"မင်းနော် .."

"ကဲ .. ကဲ တော်ကြပါတော့ ..၊ ညီညီ ၂၀ ပြည့်အောင်ထိုးထား နော်"

သူက အိမ်ထဲဝင်ရန်ပြင်လိုက်စဉ် သူမလက်တစ်ဖက်က သူ့ လက်မောင်းကို လှမ်းဆွဲထားလိုက်လေ၏။

"ဘာလဲ"

"အစ်ကိုကြီးက ဘယ်ကိုသွားမလို့လဲ"

"မင်းအတွက် မုန့်သွားယူပေးမလို့လေ .. လိုက်မလို့လား"

"ဟင့်အင်း မလိုက်တော့ဘူး"

"ဒါဆိုလည်း ညီညီ ဒိုက်ထိုးတာ အခါ ၂၀ ပြည့်မပြည့် ရေပေး လေ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုကိုကြီး"

"လျှာမရှည်နဲ့ .. လုပ်"

မျက်ကုပ်ကုပ်နဲ့ခါးထောက်ကြည့်နေသည့် သူ့ညီကိုကြည့်ရင်း ရယ်ချလိုက်မိသည်။ စတွေ့ကတည်းက လူကို ပြဿနာရှာတတ်တဲ့ Problem man ပါလား။ ဒါအစ်ကိုကြီးရဲ့ညီတဲ့.. မဆီရေးတယ်မှ မဆိုင်သလိုပါလေ။

"စထိုးတော့လေ"

"ဘာလို့ထိုးရမှာလဲ"

"မထိုးရင် အစ်ကိုကြီးနဲ့အော်တိုင်လိုက်မှာနော် ..၊ အစ်ကိုကြီးရေ ..."

"ဟာ ကျွတ်..! လျှောက်အော်မနေနဲ့လေ ထိုးပြီကွ ထိုးပြီ"

"ဒီလိုမှပေါ့၊ စပြီ တစ် ... နှစ် ... ရင်ဘတ်ကမြေကြီးနဲ့ ထိကာနီးအထိထိုးရမှာလေ၊ လက်ကိုဆန့်တဲ့အထိ ထမှပေါ့"

"ငါထိုးတာ ငါးရောက်နေပြီ"

"မရဘူး၊ ပုံစံဖြင့်မကျဘဲနဲ့ ပိန်ပါလိမ့်မယ် အဲဒီဘီယာဗိုက်"

"မင်းနော် ..."

"အစကပြန်ထိုး၊ ရေပြီ ... တစ် ..."

"အဲဒါဆို အခါ ၃၀ ဖြစ်သွားမှာပေါ့ကွ"

"ဖြစ်ပါစေပေါ့၊ အဲဒါမှ အစ်ကိုကြီးလို Fitting ကျတဲ့ Body ဖြစ်လာမှာ ...၊ ထိုး .. ဒါပဲ"





နှစ်ယောက်သား ကျွတ်စီကျွတ်စီဖြင့် ဟုတ်ဘော့ဟုတ်နေချေပြီ။ သူ ရေခဲသေတ္တာမှ ချောကလက်တစ်ခုကိုယူလိုက်ပြီး ဧည့်ခန်းစားပွဲ အံဆွဲထဲထည့်ထားသည့် ဂျင်တန်ဘူးကိုယူကာ ပြန်ထွက်ခဲ့တော့ လက်တစ်ဖက်ထောက်၊ လက်ညိုးလေးထောင်လိုက်ချလိုက်ဖြင့် အမိန့်ပေးနေသည့် ချာတိတ်နှင့် မျက်နှာရှုံ့တွလျက် ဒိုက်ထိုးနေသည့် ညီညီ့ကို တွေ့ရလေသည်။

"၁၇၊ ၁၈၊ ၁၉၊ ၂၀ ဒီလိုမှပေါ့ ... ညီညီလေးက လိမ္မာတယ်"

"ဘာညီညီလေးလဲ၊ ငါ မင်းထက် နှစ်နှစ်ကျော်တောင်ကြီးတာ.. ငါ့အစ်ကိုကို ကိုကိုကြီးခေါ်ရင် ငါ့ကိုအနည်းဆုံး ကိုကိုတော့ခေါ်ရမယ် ဒါပဲ"

"အံမာ! လူလည်ကျပြီး ခေါ်ခိုင်းနေပြန်ပြီ၊ ရမယ်ထင်နေလားလုံးဝပဲ"

"ဟော့!.. ကိုကိုလို့မခေါ်ရင် ဒီခြံထဲမဝင်ရဘူး၊ ငါ့အစ်ကို နားလည်း ကပ်ဖို့မကြံလေနဲ့"

"အံမယ် အူပုပ်သည်းပုပ်ကြီး..လာတော့ဘာဖြစ်လဲ၊ ဒါ အစ်ကိုကြီးခြံပဲဟာ .. ကပ်တော့ရောဘာဖြစ်လဲ.. ဘာပြောချင်သေးလဲ၊ ကဲ..."

ဘေးနားရောက်လာသည့် သူ့ဘေးကို အတင်းကပ်ကာ လက်မောင်းကိုပါချိတ်လိုက်တာမို့ သူ မျက်လုံးပြူးသွားရပါ၏။ ညီညီစတာက အကြောင်းမဟုတ်၊ ဤကလေးမ လူမြင်မတော်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာကမှ ပြဿနာလေ ..။

“ကဲ တော်ပြီလေ၊ ဒီမှာ ချိုင့် .. နောက်လည်း လျှုဖြစ်အောင်တို့ မဆေးတော့ဘူးနော်”

“ဟုတ်”

“ဒါက မုန့်”

“ဟင်!.. ချော်ကလက်ကြီး .. အသံ မှ အချိုမကြိုက်တဲ့ဟာကို...”

“အချိုမကြိုက်တော့ ဘာကြိုက်လဲ”

“အချဉ်”

“အချဉ်တော့မရှိဘူး ဒါပဲရှိတယ်၊ ရော့.. ဒါက PKဝါးချင်စိတ်ပြေအောင် ဖြေပေးမယ့်ဆေး”

“Thanks ပါ အစ်ကိုကြီး၊ အသံ ပြီးရင် ဝင်လာမှာနော်”

“အင်းပါ”

မှီရသည့်မျက်နှာဖြင့် ကောင်မလေးက မစားဘူးပြောပေမယ့် သူ့လက်ထဲမှချောကလက်ကိုတော့ ယူဖြစ်အောင် ယူသွားသေးတာလေ..။





[ ၈ ]

“ပြောတော့ ကိုကိုကြီးတို့ မရင်းနှီးဘူးဆို”

“ဟုတ်တယ်လေ ...”

“မရင်းနှီးဘူးဆိုတဲ့ လူတွေက အစ်ကိုကြီးနဲ့ ဇဉ်ဇဉ် ဖြစ်မလားဗျ”

“ဟော့ကောင် လာပြန်ပြီ ဟိုမလွတ်ဒီမလွတ်စကား”

“ကျွန်တော်ပြောတာ မဟုတ်လို့လားဗျ၊ ဘယ်အချိန်ကတည်းက အပေးအယူတွေမျှနေမှန်းမသိ”

“ညီညီနော် ငါ့ကို ကလေးနဲ့တွဲစ,စရာလားကွ”

ခေါင်းသုတ်ရင်းပြောနေသည့် ညီလေးကို သူ ဟန့်လိုက်မိ၏။ ဒေါ်ပု ထမင်းပွဲပြင်နေတာကို ကြည့်ပြီး ဘာလိုသလဲ လိုက်စစ်နေတာပင် ..။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ရင် ကလေး ကလေးနဲ့ ဟိုတစ်ယောက်က
မရှိးသားဘဲနဲ့"

"ညီညီ သူများသားသမီးကို မဦးမချွတ် မဟုတ်တာမပြောနဲ့
ငါ မကြိုက်ဘူး"

"သေချာလား ကိုကိုကြီးရ"

"ဘာသေချာတာလဲ"

"အဲဒီချာတိတ်ကို မကြိုက်တာလေ"

"ကျွတ် ... ခက်တာပဲ လူကြီးနဲ့ကလေးကို မတန်မရာစရတယ်
လို့ ..."

"ချာတိတ်ကတော့ ဒီနေ့ခေတ် Model တွေလို ပါးပါးလေး
ပေါ့ ကိုကိုကြီးရ.. ကိုကိုကြီးမယ်ဇမာနဲ့တော့ ယှဉ်မကြည့်နဲ့ပေါ့
လေ.. ဘယ်တူပါ့မလဲ"

"လာပြန်ပြီနော် .. မင်း တစ်နေ့တစ်နေ့ ငါ့အနားကို မဆွရရင်
မနေနိုင်ဘူးလား"

သူ လှည့်ကောလိုက်ပြီး ဟင်းတွေကိုစစ်လိုက်၏။ ကြက်သား
အားလူးဆီပြန်၊ ကင်ပွန်းချဉ်ရွက်နဲ့ ပုစွန်ခြောက်ကြော်၊ မုန်ညင်းရွက်
နဲ့ ကြက်ရိုးဟင်းချို၊ ပဲပင်ပေါက်နဲ့ ပဲပြား၊ ပဲသွေးကြော်၊ ပန်းဂေါ်
ကို ကြက်ဥခေါက်၍ ကြော်ထားသည်ကတစ်ခွက် စုံသားပါပဲ..

"မျှစ်လေးသုပ်ပေးပါလား ဒေါ်ပု၊ ငရုတ်သီးစိမ်းပါးပါးလေး
လှီးပြီး ရောက်ရွက်ပါထည့်၊ သံပရာရည်ညှစ်ပေးပါနော်"





"ဟုတ်ကဲ့ ကိုကိုကြီး"

"လုပ်ပြန်ပြီ အကြောတက်စာတွေ"

"မင်းစားဖို့မဟုတ်ဘူး၊ ငါစားဖို့"

"ရှာရှာဖွေဖွေ ကြိုက်လည်းကြိုက်တတ်ပါရဲ့"

"အစ်ကိုကြီးရေ .."

"ဟော လာပြီ စာကလေး"

"ကျွတ်! မင်းဟာလေ ..."

ရေချိုးပြီးကာစ ခေါင်းခြောက်အောင်သုတ်နေရင်း ညီညီ အိမ်
ရှေ့ထွက်သွားတာမို့ သူ ချက်ချင်းမလိုက်ဖြစ်သေး။ နံရံမှာထောင်ထား
သည့် တုတ်ကောက်ကို လှမ်းယူ၍ လျှောက်လာစဉ် အိမ်ရှေ့ဆီမှ
စကားသံတွေကို ကြားနေရလေ၏။ တွေ့ပြန်ပြီ ဒီနှစ်ကောင်လေ..။

"ဘာလို့ ငှက်ဆိုးထိုးသလို အော်နေရတာလဲကွ"

"အံမာ ရှင့်ကိုခေါ်တာမှမဟုတ်ဘဲ၊ အစ်ကိုကြီးကို ခေါ်တဲ့ဟာ
ကို.."

"ခေါ်စရာလား .. ငါ့အစ်ကိုကို အစ်ကိုကြီး တစ်ခါခေါ်တိုင်း
ငါ့ကို ကိုကိုခေါ်ဖို့ အကြွေးတစ်ခါမှတ်မယ်"

"အံမာ! ရှင့်ဟာရှင် တခြားကောင်မလေးတွေခေါ်ခိုင်းလို့ရချင်
ရမယ် .. အသံ တို့ကတော့ Sorry ပဲရှင့်"

သူ ပြုံးလိုက်မိ၏။ ဒီနှစ်ယောက်က ဘယ်အချိန်မှတည့်ပြီး
ပြေလည်မည်မသိ။ ကြားဝင်ဖြေရှင်းပြန်ရင်လည်း သူ့ကို ညီညီက



www.burmeseclassic.com

www.burmeseclassic.com



စဦးမှာလေ။

"ကျူရှင် ဘယ်နှစ်နာရီစမှာလဲ ဇွဲဇွဲ"

"အဟမ်း"

လုပ်ချောင်းသံလုပ်သည့် ညီညီ့ကို မသိယောင်ဆောင်ကာ အိမ်ပြင်ထွက်ရန်ပြင်လိုက်ပါ၏။ ရိုးရိုးသားသားမေးတာကိုပဲ ချော်တွေးပြန်ပြီထင်ပါရဲ့ ..။

"၁၂ နာရီလေ၊ ဘာလဲ အစ်ကိုကြီး လိုက်ပို့ပေးမလို့လား"

"ကြံကြံဖန်ဖန်၊ နေပါဦး .. အခုမှ ၁၁ နာရီရှိသေးတာကို အစောကြီးထွက်လာရသလား၊ ကျူရှင်က ဘယ်မှာသွားတက်ရမှာလဲ"

"လိုက်ဖြင့်မပို့ဘဲနဲ့ များ မပြောပါဘူး"

"အစ်ကိုကြီး လိုက်မပို့လဲ ကိုကို ပို့ပေးမယ် ဇွဲဇွဲရဲ့"

"အံမာ! မလိုပါဘူး၊ ဒီလမ်းထိပ် တစ်မှတ်တိုင်လေးလျှောက်သွားရမှာကို ..."

မပြောပေလို့ပဲ..၊ လွတ်ခနဲထွက်လာသည့် ကျူရှင်နေရာကို သိရပြီမို့ သူပြုံးလိုက်မိ၏။ ညီညီကတော့ တကယ်ပဲ ကိုကို အခေါ်ခံချင်နေတာထင်ပါရဲ့ ..။

"စောသေးရင် မသွားနဲ့ဦးလေ ... ထမင်းစားသွားပါလား"

"တကယ်ကျွေးမှာလား၊ အိမ်မှာ ဟင်းမကောင်းလို့ အသံ စိတ်ကောက်ပြီးထွက်လာတာနော်"





"အိမ်မှာ ဘာဟင်းချက်လို့လဲ"

"အသားတွေချည်းပဲ၊ အသံက အာလူးကတ်တလိတ်စားချင်တာကို လက်ဝင်လို့ဆိုပြီး လုပ်မကျွေးလို့လေ"

လာပါပြီ၊ ကိုကိုကြီးကြိုက်တာတွေ တစ်ခုပြီးတစ်ခု ရွတ်ပြမယ့် Design လေးနဲ့ အကြံအဖန်ကောင်မလေးပါလား၊ မျက်လုံးတစ်ဝင့်ကြည့်တဲ့ပုံစံကိုက ကိုကိုကြီးအပေါ်မှာ အဘယ်မျှ Crazy ဖြစ်သလဲဆို တာကို သူ ရိပ်မိပေမယ့် ကိုကိုကြီးကဖြင့် မသိပါလေ။

"အိမ်မှာ အာလူးဟင်းချက်ပါတယ် ဇွဲဇွဲရဲ့ ..."

"တကယ်လား"

"တကယ်ပေါ့"

"အဟမ်း!"

"ရှင် TB ဆေးရုံမှာ သွားစစ်ကြည့်ဦး သိလား၊ ဖေဖေကတော့ စစ်ကြည့်လို့ သိချင်သိမယ်၊ အန်တီလေးကတော့ Heart Special မို့ ကုသပေးနိုင်မှာမဟုတ်ဘူးရှင့်"

လွတ်ခနဲထွက်သွားသည့် ပါးစပ်မှစကားကို လိုက်ဖမ်း၍မရတော့ပါချေ၊ သွားပါပြီ ... အန်တီလေးသိရင် ဒေါပွတော့မှာပဲ။

"ဟား! ဒါဖြင့် OK ပေါ့၊ ကိုကိုကြီးရဲ့ Heart ကို ကုသပေးဖို့ Doctor မမလေးနဲ့ မိတ်ဆက်ပေးလိုက်ပါ ဇွဲဇွဲရာ"

"အမယ်! အသံ့ အန်တီလေးက ချောချောငယ်ငယ်လေးရှင့်.. မိတ်ဆက်မပေးနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. ကိုကိုကြီးရောဂါကို ကိုယ်ဖိရင်ဖိပြုစုကုသပေးပြီ ဘာ ညာဘာညာ ဖြစ်သွားဖို့လေကွာ"

"အို!.. ဘာလို့ဖြစ်ရမှာလဲ၊ ရှင်နော်"

"ညီညီ နောက်တာ လွန်နေပြီနော်"

သူ ဝင်ထိန်းလိုက်တာမို့ တော်ပါသေး၏။ အသဲ သဘောကျ နေမိတဲ့သူ့ကိုတော့ အန်တီလေးနှင့် သဘောမတူနိုင်ပါ။ ဒါကို သူ သိပါရဲ့ လား။ ၂၅ မိနစ်လောက်သာလျှောက်ရသည့် ကျူရှင်ကို အစောကြီးထွက်လာခဲ့တာ သူနဲ့ စကားတွေဖောင်ဖွဲ့ပြီးပြောချင်လို့ ပါပဲ။

အကြောင်းမရှိအကြောင်းရှာပြီး ဒီခြံထဲဝင်ဖို့ စကားတွေအများ ကြီးရှာကြံပြောဖို့ အသဲ့ ဦးနှောက်ကို အမြဲအသုံးချနေရတာကို သူ ဟာသူ အလိုလိုသိသွားရင် သိပ်ကောင်းမှာပဲနော်။

အိမ်တွင်းကို အခုမှစရောက်ဖူးတာမို့ ဟိုဒီလှည့်ကြည့်ကာ လိုက်လာခဲ့၏။ လူကြီးတွေ တစ်ယောက်မှရှိမနေတာကို သတိထား မိပါသည်။ ဒါဆို သူတို့ညီအစ်ကိုနှစ်ဦးပဲ ရှိတာပေါ့နော်။ အသဲတို့ အိမ်ပေါ်မှ လှမ်းကြည့်ရင် သူတို့မီးဖိုခန်းကိုလှမ်းမြင်ရတာမို့ အဒေါ် ကြီးတစ်ယောက်နဲ့ မနက်က ကောင်မလေးကိုမြင်ဖူးခဲ့တာလေ ..။

ထမင်းစားခန်းထဲရောက်စဉ် ဟင်းပွဲတွေကိုကြည့်ကာ အသဲ ပြုံးလိုက်မိ၏။ ဒီအိမ်မှာ အသဲကြိုက်တဲ့ဟင်းတွေများ အမြဲချက်နေ လေသလားဟု သံသယဝင်သွားမိတာလေ ..။





"ဟာ အသဲကြိုက်တဲ့ဟင်းတွေပါပဲလား၊ ပွတာပဲ ... စားရကံ ကြုံလို့ အသဲ ဗိုက်ခွေးနမ်းပြီ၊ ဟင်း ... ဟင်း"

"ကိုကိုကြီးက ငါ့အတွက် သေချာစီမံပြီးလုပ်ပေးထားတာကွ၊ မင်းဖို့မပါပါဘူး"

"အံမယ် အစ်ကိုကြီးက စေတနာနဲ့ဖိတ်ကျွေးတာကို ကြားထဲ ကနေ မသဒ္ဓါပြုန်ဘူး၊ ရှင်သေရင် ပြိတ္တာဖြစ်ဦးမှာ သေချာတယ်"

"ဦးဘုန်းရေ .. မှုစ်သုပ်ရပါပြီ"

"ဟား!.. မှုစ်သုပ်တဲ့ .. အသဲ့ အကြိုက်ပဲ"

ခတ္တာလက်ထဲမှအသုပ်ပန်းကန်ကိုယူ၍ အနံ့ခံနေသည့် ချာ တိတ်မကို မျက်စောင်းခဲလိုက်မိ၏။

"နေပါဦး.. မင်း ငါ့အစ်ကိုအကြိုက်တွေကို တမင်ကြီးလိုက် ကြိုက်နေတာတော့မဟုတ်ပါဘူးနော်"

"ဘာဆိုင်လို့လဲ၊ အသဲ က အစားရွေးလွန်းပြီး စားတာနည်း လွန်းလို့ အိမ်မှာ ဝိုင်းဆူနေကြတာရှင့် ..၊ အသား လုံးဝစားလေ့ မရှိဘူး၊ အသီးအရွက်တွေပဲ အမြဲစားတာရှင့် .. သိရဲ့လား"

"အဲဒါကြောင့် ငါးကျည်းခြောက်ရပ်ပေါက်နေတာ"

"ဘာရှင့်!.. နေ့တိုင်း Ferrovit သောက်လို့ ဒီလောက်စိုပြည်နေ တဲ့ Skin ကိုများ မွဲခြောက်တယ်ပြောရတယ်ရှိသေး ..၊ ရှင်သာ ပွစိပွစိနဲ့ ပေါင်မုန့်ရပ်ပေါက်နေတာ မှတ်ထား"

"ဘာကွ! ..."



www.burmeseclassic.com

www.burmeseclassic.com



ခတ္တာက ထိုနှစ်ယောက်သားစကားများတာကို ကလေးပီပီ ရယ်နေချေပြီ။ သူက သူမလက်မောင်းကိုကိုင်၍ ခုံမှာထိုင်ခိုင်းလိုက်၏။ ထမင်းအုပ်ထဲမှ ထမင်းကို ပန်းကန်ထဲထည့်ပေးတော့ သူမက လက်ဝါးလေးကာ၍ တားလေသည်။

"အများကြီးမထည့်နဲ့နော်၊ အသံ က ကြောင်စာသာသာလေးပဲ စားတာ"

"သိပါတယ်၊ ရုပ်ကိုက ထမင်းနည်းနည်းနဲ့ ဟင်းများများစားမယ့်ရုပ်"

"ညီညီ ..."

"အံမာ .. အသံက ရှင့်လို ဟိုအသား ဒီအသားနဲ့ သူများအသက်တွေချည်းစားတဲ့လူမဟုတ်ဘူး၊ ရှင့်စိတ်နဲ့လာနှိုင်းမနေနဲ့၊ ညနေကျရင်အသံ ပြောင်းဖူးကြော်ပြီးစားချင်လို့ မှာထားတယ် သိလား။ အစ်ကိုကြီးဖို့ တစ်ခွက်လာပို့မယ်လေ .. ကြိုက်လား"

"နေပါစေ ... တကူးတကကြီး"

"အို ... အသံ ကြိုက်လားလို့မေးရင် Yes or No တစ်ခုခုဖြေမှပေါ့"

"Yes ပါဗျာ Yes ပါ"

"ဒီလိုမှပေါ့"

"အတော့်ကို မှုတရှာတယ်နော်၊ ဒီအိမ်မှာ တစ်ဖြုန်စ်ဖြစ်စားပြီးမှ သူ့အိမ်ကနေ ပြောင်းဖူးကြော်လေးတစ်ခွက်လာပို့ပေးမတဲ့ ..၊





အမြတ်နည်းနေပါဦးမယ် ဒေါ်သံယောဇဉ်"

"အို ... အသံ ဒီတစ်ရက် ဒီတစ်မျိုးတည်းပေးမယ်လို့ ပြောနေလို့လား၊ ရှင့်အစ်ကိုကြီး လိုချင်ရင် အသံ့မှာရှိသမျှ အားလုံးကို ပံ့ပေးနိုင်တယ်ရှင့် သိရဲ့လား"

ဒုက္ခပါပဲ၊ ထမင်းစားပါ့မယ်ဆိုမှ ဒီနှစ်ယောက်ရန်ပွဲက ပြီးပဲ မပြီးနိုင်တော့ပါလားနော်။ ညီညီ့ပုံစံက ဒီချာတိတ်မကို တမင်မခံချင်ဖြစ်အောင် ပြောနေပုံမို့ အပြစ်ဆိုမရပြန်ချေ။

"အေးပါ ... အေးပါ၊ နောက်မှ မင်းကို ငါ့ကုမ္ပဏီမှာခန့်ပြီး ကောင်းကောင်းကိုခိုင်းပြဦးမယ် မှတ်ထားပါ"

"အောင်မယ် .. ရှင့်ကုမ္ပဏီမှာ အသံ ဝင်လုပ်မယ်လို့ ပြောဖူးလို့လား ... ဝေးပါသေးတယ်၊ အစ်ကိုကြီးလက်အောက်မှာ လုပ်ချင်လုပ်မှာပေါ့"

သူ ပြုံးမိပြန်၏။ ကြောင်စာလောက်သာစားမည့်လူက သူ တစ်ခုပြီးတစ်ခုထည့်ပေးသမျှကို ကောက်ပြီးစားနေတော့တာလေ။ ထမင်းကို နောက်တစ်ဇွန်းထပ်ထည့်ပေးလိုက်တာကိုလည်း သတိမထားမိဘဲ ညီညီနဲ့ စကားနိုင်ရဖို့ကိုသာ စိတ်လောနေလေ၏။

"သူက ဘာရာထူးမို့လို့လဲဟင် အစ်ကိုကြီး"

"GM"

"ဒါလေးနဲ့များ လေကကျယ်နေသေး၊ MD ကရော ဘယ်သူလဲဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ..."

"ဟုတ်လား"

"ဒါပေမယ့် ကိုယ်က ကုမ္ပဏီကို တစ်လမှတစ်ခါ ဒါမှမဟုတ် သုံးလမှတစ်ခါပဲသွားတာ ဇော်ဇော်ရဲ့"

"အစ်ကိုကြီး နေ့တိုင်း အလုပ်ပြန်ဆင်းမယ်ဆိုရင် အသံ အလုပ်ဝင်မယ်လေ"

"အဟွတ် .. အဟွတ်"

သူ ထမင်းသီးချေပြီ။ အံ့ဩလို့သီးတာမျိုးမဟုတ်ပါဘူး။ သို့သော် ညီညီ့မျက်နှာမှာတော့ ခနဲ့ပြုံးကို မြင်နေရချေပြီ။

"ပြန်ဆင်းမှာလား"

"ရောဂါသက်သာသွားမှ ကုမ္ပဏီကို ပြန်ဝင်လုပ်လို့ရမှာပေါ့၊ ဆရာဝန်က ကိုကိုကြီးကို စိတ်ဖိစီးစေမယ့်ကိစ္စတွေ မလုပ်စေချင်တာနဲ့ အိမ်မှာပဲ နားခိုင်းထားတာ"

"အိမ်ထဲအောင်းနေတော့ အတွေးများပြီး ရောဂါပိုထူတော့မှာပေါ့.. အသံလည်း Embeta သောက်နေရတာပဲ။ ဒါကြောင့် ကိုယ့်ကိုယ်ကို စိတ်ချမ်းသာအောင်နေတယ်၊ အပြင်ထွက်လမ်းလျှောက်တယ်၊ ဒါမှ အမြဲ စိတ်ကြည်နေမှာပေါ့၊ ခေါင်းထဲမှာ ဒီနေ့ ဘာလုပ်မယ် .. ပြီးရင် ဘာလုပ် ရမယ်ဆိုတာကို တန်းစီပြီးတွေးထားတယ်။ ဒီလိုမဟုတ်ရင် တခြားအကြောင်းတွေ တွေးမိပြီး စိတ်ညစ်လာရရော"





"ဘယ်လို ..."

သူ အံ့ဩသွားရပါ၏။ ဒီလိုပေါ့ပေါ့ပါးပါးလေးနေတတ်တဲ့ ကောင်မလေးဆီမှာ သူ့လိုပဲ နှလုံးရောဂါရှိနေသတဲ့လား။ သူက ခြေထောက်ဒဏ်ရာရပြီးကတည်းက Heart Attack ဝင်ပြီး ဒီဆေးကို သောက်နေရတာလေ။ အံ့ဩဖွယ်ကောင်းလေစွ ... ဒီချာတိတ်မလေးနဲ့သူက အစစအရာရာ တူလွန်းနေတာတော့ မဟုတ်တော့ဘူး ထင်ပါရဲ့ ..။

"Embeta သောက်ရတယ် ဟုတ်လား"

"အင်း ..၊ ဒါပေမယ့် အသံက Cost နည်းနည်းပဲ သောက်ရတာပါ။ တစ်ရက်ကို တစ်ခြမ်းပဲသောက်ရတယ်၊ အခြေအနေ သိပ်မဆိုးသေးပါဘူး"

"ဘယ်သူနဲ့ပြတာလဲ"

"အန်တီလေးပဲကုပေးတာပေါ့ အစ်ကိုကြီးရဲ့"

"မင်းအန်တီလေး နာမည်က ဘာတုံး"

ဝင်ပြောလိုက်သည့် ညီညီ့ကို မျက်စောင်းလှမ်းခဲလိုက်လေ၏။ စပ်စုရန်ကောဟူသည့် အဓိပ္ပာယ်ဖြင့် ကြည့်တာမှန်းသူသိပါသည်။ မပြောချင်ဘူးထင်ပါရဲ့ ..။

"မပြောချင်ဘူးလား ..၊ ဆေးရုံသွားပြလို့ကြုံတဲ့အခါ သံယောဇဉ်ရဲ့အဒေါ် ဒေါက်တာဘယ်သူလို့မှမသိရင် ပွဲတာပေါ့"

"အမယ် ပြောပါ့မယ်နော် ဒေါက်တာစောသီရိနွယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



Heart Specialist ထဲမှာ မသိတဲ့သူမရှိဘူး"

"ဘယ်လို ..."

သူ အာမေဋိတ်သံ လွှတ်ခနဲထွက်သွားရပါ၏။ လာပြန်ပြီ သိရို သူ့ချစ်သူဖြစ်ခဲ့တဲ့ ပိုးသီရိရဲ့မှ နာမည်ချင်းလာတူနေရတယ်လို့ ...။

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး"

"အသံ့ အန်တီလေးက အရမ်းလှတာ"

"ဘာလှတာလဲ"

"ယဉ်ယဉ်လေးလှတာကို ပြောတာပေါ့ .. ရှင်နဲ့မိတ်ဆက်မပေး ပါဘူး"

"အိုး ... အဲဒီလိုပြောလေ ပိုတွေ့ချင်လေပဲ၊ ဒီလကုန် ဒေါက်တာ ထွန်းထွန်းနိုင် လာရင် ဒေါက်တာစောသီရိနွယ်နဲ့ Duty ချိန်းပေးပါ လို့ ပြောလိုက်လေ၊ အိမ်နီးချင်းလည်းဆိုတော့ ဒေါက်တာက Change ပေးမယ်ဆို OK ပဲ"

"ရှင်နော် ..."

"ညီညီ က စတာပါ ဇွဲဇွဲရယ် ..၊ အမျိုးသားလူနာမို့ အမျိုး သားဆရာဝန်နဲ့ပဲကိုယ်ပြနေတာပါ၊ ဘာမှစိုးရိမ်မနေပါနဲ့ ... ဇွဲဇွဲ အန်တီလေးကို ဘယ်သူမှလာမလုပ်ပါဘူး"

"လုလို့ရောရမလား အစ်ကိုကြီးရဲ့ .. အန်တီလေးရဲ့ အသည်း က အမာစားပါ"





"ဘာလဲ .. ထုလိုက်ရင် ဒေါင်ခနဲမြည်အောင် မာတာလား"

မျက်စောင်းသာ ဒိုင်းခနဲထိုးလိုက်လေ၏။ အပြောနဲ့ ဒီလောက် လှနေရင် အပြင်မှာ ဘယ်လောက်များလှနေမှာမို့လဲ ... ထားလိုက် ပါတော့ ..။

သူတို့ကတော့ ဆရာဝန်ဆိုတဲ့ အသိတရားနဲ့ တလေးတစား ဆက်ဆံရမည်သာ ..။

"ပြီးပြီလား ဇွဲဇွဲ .. စားလို့ကောင်းရဲ့လား"

"ကောင်းပါတယ် အစ်ကိုကြီးရဲ့ .. စကားများရင်းစားတာ ဗိုက်တောင်အင့်သွားသလိုပဲ"

သူထ,ရပ်လိုက်တော့ သူမပါလိုက်လာလေ၏။ ခြံထဲမှာပန်းစင် တွေက ဒီတစ်ဖက်ဘေးမှာရှိနေတာမို့ သူမမျက်နှာလေးက တအံ့ တသြ..။

"ဟာ အများကြီးပါလား၊ လှလိုက်တာနော်အရမ်းပဲ၊ ရောင်စုံ လှလှလေးတွေ"

ဖွေ့ဖွေ့ခုန်လျက် သဘောအကျကြီးကျနေသည့် မိန်းကလေး ကြောင့် သူပြုံးလိုက်မိ၏။ ပန်းစင်တိုင်မှာချိတ်ထားသည့် ခြင်းလေး ထဲမှ ပန်းညှပ်ကတ်ကြေးလေးကို လှမ်းနှိုက်ကာ ပန်းအိုးလေးတွေ ချိတ်ထားရာဆီ ဆက်လျှောက်လာခဲ့သည်။ ဒီနေ့ သူမဝတ်လာတာ က အဝါနုရောင် T- Shirt လေးမို့ သစ်ခွအဝါလေးတစ်ပွင့်ကို အသာ ညှပ်ခူးလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရော ..."

"အား ... များလွန်းလို့ ဘာရွေးရမလဲမသိဖြစ်နေတာ၊ ကျေးဇူးပဲ အစ်ကိုကြီး"

ခေါင်းထက်မှကလစ်လေးဖြုတ်လျက် သူမ ပန်တော့ အနေအထား မတည့်သည်မို့ သူလှမ်းကိုင်လျက် ပြင်ပေးတာကို ပြတင်းဝမှ ညီညီ လှမ်းကြည့်နေမှန်း မသိလိုက်ပါချေ။





[ ၉ ]

ကားကို ခြံထဲမှထွက်လိုက်စဉ် တစ်ဖက်ခြံထဲသို့ဝင်ရန်ပြင်နေသည့် လူတစ်ယောက်နှင့် တိုးမိမလိုဖြစ်သွားရပါ၏။ စောက ကားမောင်း အတော်ကြမ်းသလို့ကွေ့တိုင်းလည်း ရမ်းတတ်တာမို့ ထိုလူက သတိထားရှောင်လိုက်ပေမယ့် လမ်းဘေးနားသို့ လဲကျသွားလေသည်။

ဒုက္ခပဲ ... တိုက်တော့မတိုက်မိပါဘူး။ ဘာများဖြစ်သွားပါလိမ့်။ ကားခက်ကိုရပ်ကာ ကားပေါ်မှ အမြန်ဆင်းလိုက်ရပါသည်။ အလို..၊ တုတ်ကောက်နဲ့ဆိုတော့ သူများဖြစ်နေမလား ..။

"ဘာဖြစ်သွားလဲဟင် ထလို့ရရဲလား စော၊ တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စော"တဲ့ တောင်းပန်ရင်း တွဲထူလိုက်တာမို့ သူ အလိုက်သင့် ထရပ်လိုက်ရ၏။ သူ့လက်မောင်းကိုတွဲသည့် သူမကို အားစိုက်၍ ထလိုက်ရတာမို့ အားနာမိသွားရတာအမှန်ပါ။ ကားက ခြံထဲဝင်တော့ မယ့်သူကို တိုက်မိမလိုဖြစ်သွားရတာမို့ လန့်ပြီးလဲသွားရခြင်းပါပဲ။ တုတ်ကောက်ကို ငုံ့ကိုင်း၍ကောက်ပေးလိုက်သည့် ဆံပင်ရှည်ရှည်နှင့် ဆရာဝန်မလေးကို သူငေးခနဲကြည့်မိသွားရပါ၏။ ဇဉ်ဇဉ်ပြောတဲ့ အတိုင်း တကယ့်ကို ယဉ်ယဉ်လေးနဲ့လှတာပါလား။

"အားနာလိုက်တာ ... ကျွန်တော်က လန့်ပြီး ခြေချော်သွားတာပါ ဒေါက်တာရဲ့ .. ဒေါက်တာကြောင့် မဟုတ်ရပါဘူး"

ဒေါက်တာတဲ့ စော ကို သူသိနေတာပါလား .. အိမ်က မပြောထားဘဲနဲ့ စောကိုသူသိမည်မထင်ပါလေ။ Duty Coat လည်း မဝတ်ထားပါဘဲ သူသိနေတာမို့ အထိတ်တလန့်ဖြစ်သွားစေပါ၏။

"စောကို သိလို့လားဟင်"

"ဟုတ်ကဲ့"

"ရှင်!.. ဘယ်လိုများသိတာလဲ"

"ဇဉ်ဇဉ် ပြောထားလို့ပါ"

"ဇဉ်ဇဉ် ဆိုတာက ..."

"ဒေါက်တာ့တူမလေး သံယောဇဉ် လေ"

"ဪ ..."

ကြည့်စမ်း ..၊ အသံ တစ်ယောက် ဘာတွေလျှောက်လုပ်နေတယ်





မသိ။ သူနဲ့မပတ်သက်စေချင်ကာမှ အခုတော့ ဇဉ်ဇဉ်လို့တောင် တရင်းတနှီး ခေါ်တဲ့အဆင့်ရောက်နေပါရောလား ..။

"ခြေထောက်နာသွားသေးလား"

"ရပါတယ် .. ကိစ္စမရှိပါဘူး"

"ဒီလိုလည်းမဟုတ်ဘူးလေ၊ စောရဲ့ကားနဲ့တိုက်မိမလိုဖြစ်သွားတဲ့ဟာ .. တစ်ခုခုဖြစ်သွားရင် စောမှာ တာဝန်ရှိတယ်လေ..."

တာဝန်ယူတတ်တဲ့စိတ်က လေးစားစရာပါလား။ ပိုးနဲ့ဖြင့် ဘာမှမဆိုင်ပါဘူး။ ကျွတ်!.. ဘယ်နှယ့်က ဘယ်လိုသူ့ချစ်သူ ဟောင်းကို သတိရမိတာပါလိမ့်၊ ဒီဆရာဝန်မလေးနဲ့တော့ ဒင်းကို နှိုင်းယှဉ်စရာ မှမလိုအပ်တာလေ ။

"ဒေါက်တာ Duty နောက်ကျနေပါဦးမယ် ... ကျွန်တော် အဆင်ပြေပါတယ် ခင်ဗျာ"

"ဒါဖြင့် စော သွားလိုက်ပါဦးမယ်၊ ခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့"

ကားအဖြူလေး မောင်းထွက်သွားတော့ ခြံတံခါးကို တွန်းဖွင့် လိုက်ပြီး သူဝင်ခဲ့ပါ၏။ ကားကြောင့်ပဲလား၊ ချော်လဲလိုက်၍ပဲလား၊ မှန်းဆမရသည့်ကိစ္စက သူ့ရင်ခုန်သံတွေ မြန်လွန်းစေတာကတော့ အသေအချာပါပဲ။ ရင်ဘတ်ကိုအသာဖိ၍ အိမ်ထဲဝင်လိုက်စဉ် ခတ္တာ က သူ့ကိုမြင်သွားလေ၏။

"ဦးဘုန်း ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး"

"ရှင် ... ရှင်ဘတ်ဖိလာပြီတော့ ကြီးပုရေ!"

"ဟာ ... နင်အော်မှပဲ ငါပိုပြီး ရှင်တုန်လာပြီ၊ ဘာမှမဖြစ်ပါဘူး ဆိုတဲ့ဟာကို စွတ်အော်ရလား"

"ဦးဘုန်း မျက်နှာက ဖြူလာသလိုပဲ"

"သေတော့မှာပဲ .. ရေအေးအေးတစ်ခွက်ပဲ သွားယူလာခဲ့သွား"

"ဟုတ် ... ဟုတ်"

Sattee ပေါ်ထိုင်ချလိုက်ပြီး မျက်လုံးအစုံကို မှိတ်ထားလိုက်မိ၏။ မဟုတ်သေးဘူး။ ထိတ်လန့်စရာကိစ္စကြောင့်ပဲ သူ့နှလုံးတွေ အရမ်းခုန်နေတာမျိုးပဲ ဖြစ်ပါစေတော့လေ..။

ရုတ်တရက် မျက်လုံးကို နောက်မှလာပိတ်လိုက်တာကြောင့် အံ့ဩမိသွားပါ၏။ ဘယ်သူများလဲ .. သူ့အိမ်မှာ သူ့ကို ဒီလို လက်ပွန်းတတီး စနောက်တတ်တဲ့လူရယ်လို့ မရှိတာလေ။

"ဘယ်သူလဲ"

"ဘယ်သူလို့ထင်သလဲ"

နားကိုကပ်ပြောလိုက်သည့် လေသံကတိုးတိုးလေးရယ်သာ သူ့နားသယ်စပ်နားလေတိုးလာခြင်းနှင့်အတူ ရင်ထဲမှာ လှုပ်ခနဲ အေး သွားရလေ၏။ ဘုန်းမြင့်မိုရ်တော့ ဒီတူဝရီးကြောင့် နှလုံးရပ်တော့ မယ်ထင်ပါရဲ့။

"ဖယ်စမ်းပါ .. ဒီမှာမောနေရတဲ့ကြားထဲ လူကြီးကို နောက်





စရာလား"

လက်ဖမိုးကိုအုပ်ကိုင်၍ ဆွဲဖယ်လိုက်ပါ၏။ အလို!.. အင် မတန် နူးညံ့တဲ့ လက်ချောင်းလေးတွေပါပဲလား။ သူမက သူထိုင်နေ သည့်နှစ်ယောက်ထိုင်ခုံထက်မှာပင် အတူလာထိုင်လိုက်လေ၏။

"ဒေါတယ်ပြောရအောင် အစ်ကိုကြီးက ဘာတွေများလျှောက် လုပ်နေလို့လဲ"

"လမ်းလျှောက်ထွက်ပြီး ပြန်လာတာ"

"ဒါလေများ ..."

"ရေ ရပြီ ကိုကိုကြီး .. ဆေးသောက်ဦးမလား"

"နေပါစေ၊ ဒေါ်ပု ဟိုရုပ်ပြဲကြမကို ခိုင်းတဲ့ဟာ ဘယ်ပျောက်သွား ပြန်ပြီလဲ"

"ကိုကိုကြီးမျက်နှာ ဖြူဖျော့နေတာကို မြင်လိုက်တာ လန့်ပြီး အိမ်သာထဲအပြေးဝင်သွားလေရဲ့"

"ဒီ သတ္တိခဲမကတော့လေ ..."

"အစ်ကိုကြီးက ဘာလို့မျက်နှာဖြူဖျော့ရတာလဲ ... ရင်ဘတ် ကိုဖိထားတာ နှလုံးများအောင့်လို့လားဟင်"

"အင်း ခုနက ဒေါက်တာကားနဲ့ တိုက်မိမလိုဖြစ်ပြီး လန့်သွား လို့ပါ"

"ဘယ်လို!.. ဒေါက်တာ့ကားဆိုတော့ အန်တီလေးရဲ့ ကား လား"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ပြလိုက်စဉ် သူမ မျက်လုံးလေး ပြူးကျယ်သွားလေ၏။ အလိုလေး .. လန့်တဲ့သူက ဘာမှမဖြစ်ဘဲ သူမ နှလုံးရပ်သွားမှ ဟုတ်ပေ့ ဖြစ်ကုန်တော့မှာလေ။

"ဇဉ်ဇဉ့် ဘာဖြစ်တာလဲ ဟေ့!"

"ဟင် ဘာမှမဖြစ်ပါဘူး၊ ဟိုလေ ..."

အသက်ရှူလမ်းကြောင်းတွေ ပြောင်းပြန်များဖြစ်ကုန်ပြီလား။ သူ ဆုပ်ကိုင်လိုက်သည့် ပခုံးနှစ်ဖက်ကို ငုံ့ကြည့်ကာ စကားရပ်သွားတော့ သူက အသာလေးလွှတ်ပေးလိုက်လေ၏။

"အန်တီလေးနဲ့ စကားပြောဖြစ်လားဟင်"

"ပြောတယ်၊ တစ်ခွန်းနှစ်ခွန်းပေါ့၊ ကိုယ်က လန့်ပြီး လမ်းဘေးမှာလဲကျသွားတာကို လာတွဲထူပေးရင်း ပြောတာလေ"

"ဘာတွေ .. ဘာတွေပြောကြလဲဟင်"

"ဩော် .. တောင်းပန်ပါတယ်၊ အဆင်ပြေရဲ့လား .. ဒါပဲပေါ့ ဇဉ်ဇဉ်ရဲ့ ...၊ အခုမှစတွေ့တာကို စကားတွေပြောစရာ အများကြီးမှ မရှိတဲ့ဟာပဲ"

နေပါဦး ဘာကြောင့် အစအဆုံးစိတ်ရှည်ရှည်လေးနဲ့ ရှင်းပြနေမိတာပါလိမ့်။ ဒီလိုချာတိတ်လေးကို အလေးထားပြောနေမိတာ အလုပ်မှမဟုတ်တာပဲနော်။

"ကျောင်းသွားတော့မလို့လား"

"အင်း"





"ဒါဖြင့် ကိုယ် ပန်းခူးပေးမယ်လေ"

"နေပါစေတော့ .. အစ်ကိုကြီးမှ နေသိပ်မကောင်းတဲ့ဟာကို နားပါ၊ အသံ သွားတော့မယ်"

"ပန်း မလိုချင်တော့ဘူးလား"

"ဒီနေ့ မယူတော့ဘူးလေ .. အသံ သွားပြီ"

လွယ်အိတ်ကို ကောက်လွယ်လိုက်တာမို့ သူ အံ့ဩသွားရပါ၏။ ကျောပိုးအိတ်မလွယ်တော့ဘူးလား၊ Blouse အဖြူလေးကို လုံခြည်အနက်ခံမှာ အဖြူစင်းလေးတွေပါနှင့် တွဲဝတ်ထားသဖြင့် ချာတိတ်မလေး ပုံမဟုတ်တော့ဘဲ အပျိုလေးပုံစံဖြစ်နေတာလေ ... ဘုရားရေ..! ဒီကောင်မလေး လှချင်လာပါရောလား။ ကလေးဆန်တဲ့ပုံစံမျိုးမဝတ်တော့ဘဲ ဒီလိုပြောင်းလဲဝတ်ဆင်လာတာ ဘာကြောင့်များလဲ သံယောဇဉ် ..။

ကားကို ပါကင်ထိုးလိုက်ပြီး ဆေးရုံထဲဝင်လာခဲ့ပါ၏။ ပုဂ္ဂလိကဆေးရုံမို့ လူနာအရမ်းကြီးမများဘဲ ဆရာဝန်တွေ သက်သက်သာသာ ကုသပေးနိုင်တာလေ။ Lift ဖြင့်အပေါ်ထပ်သို့ တက်လာခဲ့ပါ၏။ ရုံးခန်းထဲရှိနေသည့်သူငယ်ချင်းတွေကို တံခါးဖွင့်ဝင်ရင်း နှုတ်ဆက်လိုက်ပါသည်။

"Good Morning"

"Oh! morning ပါ ဓောရှယ် ..၊ လှလိုက်တာနော် .. ဒီနေ့ဝတ်လာတဲ့ နံ့သာရောင်လေးက ဓောနဲ့အလိုက်ဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



သရဖီ့စကားကို ပြုံး၍ ကျေးဇူးတင်ကြောင်းပြလိုက်ရပါ၏။ လှတယ်၊ လိုက်ဖက်တယ်ဆိုတာ စောရဲ့သူငယ်ချင်းတွေဆီကပဲ ကြားခွင့်ရခဲ့တာ ကြာခဲ့ပြီပဲ။ အရင်ကတော့ ဒီစကားမျိုးကို တဖွဖွ ပြောခဲ့တဲ့လူတစ်ယောက်ရှိခဲ့ပါရဲ့ ..၊ အဲဒီတုန်းကတော့ စောမျက်နှာမှာ အပြုံးတွေလှိုင်လှိုင်ပွင့်ပြီး ကျေနပ်ကြည်နူးခဲ့ရတာ အမှန်ပါလေ..။

စားပွဲနောက်ရှိခုံမှာ ဝင်ထိုင်လိုက်ပြီး ဒီနေ့ ကုသပေးရမည့်လူနာ စာရင်းနှင့် ခွဲစိတ်လူနာစာရင်းစာအုပ်ကိုဖွင့်၍ ကြည့်နေစဉ် သရဖီက စောရဲ့အနားမှာ ဝင်ထိုင်လိုက်လေ၏။

"စော ..."

"ဟင် ..."

"နင့်ကိုပြောစရာရှိတယ်"

"ပြောလေ"

"ဒီအခန်းထဲမှာ ပြောလို့မဖြစ်ဘူးဟဲ့"

"အမယ် ဘယ်လောက်များလျှို့ဝှက်တဲ့သတင်းဖြစ်နေလို့လဲ"

"အရေးကြီးတယ်"

"ဟုတ်လား၊ Emergency နဲ့ရောက်လာတဲ့ Patient လောက် အရေးကြီးလို့လား သရဖီ"

"စောရယ် .. နောက်စရာမဟုတ်ဘူး၊ နင့်အတွက် အတော့်ကို အရေးကြီးတဲ့ကိစ္စဟဲ့"





စော ပြုံးလိုက်မိပါ၏။ စော ဒီကိုပြောင်းလာတော့ သရဖီ ပါ အတူလိုက်ပြောင်းခဲ့တာပါပဲ။ စောရဲ့အချစ်၊ စောရဲ့သံယောဇဉ်၊ စောရဲ့နှလုံးသားရေးရာမှန်သမျှကို သရဖီသာ အကုန်အစင်သိထားတာ မဟုတ်ပါလား။ စောအတွက် အတော်အရေးကြီးဆုံးကိစ္စတဲ့လား စောဘဝမှာ ဒီထက်ပိုပြီး အရေးကြီးတဲ့ကိစ္စရယ်လို့ ရှိမနေတာ ကြာပါပြီ သရဖီရယ်။

"အခုပြောမှဖြစ်မှာလား"

"အင်း"

"ဒီနေ့ညနေပိုင်းမှာ ခွဲခန်းဝင်ဖို့ရှိတာပဲ ..၊ Morning Duty က Senior Doctor ထွန်းထွန်းမို့ စောက Eleven မှာ ဝင်ရမှာ .. အခု အားတယ် ပြောချင်ပြောလေ"

" Meeting room ထဲသွားရအောင်"

"သွားလေ"

သရဖီက ဖျတ်ခနဲသွက်လက်စွာထရပ်လိုက်တာမို့ စော ထ လိုက်ခဲ့ရပါ၏။ ဒီမနက် ကားနဲ့ဝှိုက်မိမလိုဖြစ်ခဲ့သည့် သူ့မျက်နှာကို အာရုံထဲမြင်ယောင်လိုက်လေသည်။ မျက်နှာ အတော်လေးနွမ်းနေတာ အမှန်ပါပဲ။ ဟိုအရင်တုန်းကလို အပြုံးတွေ လန်းဆန်းမနေတော့တာ အသေအချာပါလေ။ အသည်းကွဲတယ်ဆိုတာထက် အရှက်ဟက်တက်ကွဲခဲ့ရတာ ဂုဏ်သိက္ခာတွေကျဆင်းသွားတာက သူ့အတွက် ပိုပြီးခံပြင်းစရာကောင်းလွန်းတာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို စောကရော ...၊ စောလည်း ရုက်လွန်းလို့ ဆေးရုံပြောင်း ခဲ့ဟာပါပဲ။ ဆေးရုံက ဆရာဝန်တွေကြားမှာ အလိုက်ဖက်ဆုံး စုံ စုံတွဲအဖြစ် သတ်မှတ်ခြင်းခံခဲ့ရတာတွေ၊ ဆေးကျောင်းတက်စဉ်တ လျှော့က် ဖေးမကူညီခဲ့တဲ့ ကျော့်ချစ်ခြင်းတွေကို အသိအမှတ်ပြုပြီး လက်ခံခဲ့မိတာ စောအတွက် မဟာ့မဟာအမှားကြီးဖြစ်လိမ့်မယ်လို့ ဘယ်တုန်းကမှ ယူဆခြင်းမရှိခဲ့တာလေ ..။

Meeting Room Lock ကို ဖွင့်၍ ဝင်လိုက်ပြီး အတွင်းမှ Lock ချလိုက်တာမို့ စော အံ့အားသင့်သွားရပါ၏။ သရဖီ ပြောမယ့်စကား က ဘယ်လောက်များအရေးကြီးလို့ လူမသိစေချင်တာပါလိမ့် ..။

"ပြော"

"မနက်ဖြန် ဒီဆေးရုံကို "ကျော်" ပြောင်းလာလိမ့်မယ်"

"ဘာ !..."

"ကျော် လေ .. နှင့်နှလုံးသားကို အပိုင်ယူပြီးကစားသွားတဲ့ ဒေါက်တာမြင့်မြတ်ကျော် မနက်ဖြန်ဒီ "မိုးဆန်းပန်း"ဆေးရုံကို ပြောင်းလာမယ်လို့ ပြောနေတာ"

စော ယိုင်သွားတာမို့ အနီးမှာရှိနေသည့်ခုံကို လှမ်းကိုင်လိုက်ရ ပါ၏။ ဘုရားရေ!...၊ ကျော် ပြောင်းလာတော့မယ်ဆိုပါလား။ လောကမှာ ထင်မှတ်မထားတာတွေ တကယ်ပဲဖြစ်လာတတ်ပါရော လား ..။

"နာမည်ကြီးရုံနဲ့ နင် ဒီလောက်ဖြစ်နေရင် ရှေ့ကို ဘယ်လို





ဆက်လျှောက်မလဲ စောရယ်"

"စော ရုတ်တရက်မို့ပါ"

"နင် သူ့ရှေ့မှာ ဘယ်လိုဟန်ဆောင်ပြီး ရပ်တည်နိုင်မလဲ၊ ငါ စိတ်ညစ်တယ်၊ သူ ဒီကိုပြောင်းလာတဲ့ရည်ရွယ်ချက်ကိုသိရင် ဒီထက် နင် ပိုပြီး တုန်လှုပ်ဦးမှာ"

"ဘာ ... ဘာလို့လဲ"

"သူ ... နောင်တရနေပြီတဲ့"

"ဘယ်လို! ..."

"အေး ... အိမ်ထောင်ကျပြီး နောင်တရနေတဲ့ ယောကျ်ားတစ် ယောက်ရဲ့ညည်းချင်းတွေကို နင့်နှလုံးသားက ခံနိုင်ရည်ရှိပါ့မလား စော ..၊ ငါတော့ ကြိုမြင်နေပြီး ရင်လေးတာအမှန်ပဲ "

သရဖီတောင် စောကိုယ်စား ရင်လေးတယ်ဆိုရင် ကာယကံ ရှင်ဖြစ်တဲ့ စော က ဘယ့်လိုနေရပါ့မလဲ။ နောင်တရနေတယ်တဲ့ လား။ ကျော် ပဲစိတ်တိုင်းကျရွေးချယ်သွားတဲ့ လမ်းလေကွယ်၊ အဲဆုံး ထိလျှောက်ဖို့ကိုပဲ ပြင်ဆင်သင့်တာပေါ့ ... ဘာကြောင့်များ စော ရှိနေတဲ့ ဒီဆေးရုံကို ပြောင်းချင်လာရတာပါလဲ။

"သူတို့အိမ်ထောင်ရေး အဆင်မပြေဘူးလို့ ငါသတင်းရတယ်"

အဲဒါ စော နဲ့မှမဆိုင်တာပဲ၊ စောက သူ့ကို လက်တွဲဖြုတ်ခဲ့တဲ့ လူ မဟုတ်ဘူး။ သူ့ကိုအသည်းခွဲပြီး ချန်ရစ်ခဲ့တဲ့လူမှမဟုတ်တာဘဲ၊ ဘာကြောင့် နောင်တတွေရနေပြီး စောရဲ့အနားကို လာချင်ရတာပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်။

"သူ့မိန်းမက ကလေးမရတော့ Psycho ဝင်ပြီး သူ့ကို အမြဲပြဿနာရှာတယ်တဲ့"

"ဘာရယ် .."

"တကယ်တော့ မြူတဲ့သူက ပိုးသီရိ ပဲလေ၊ အစကတော့ သူ အတော်သည်းခံခဲ့ပါတယ်၊ နှစ်နှစ်ပြည့်ခါနီးမှာ Divoce လုပ်ဖို့ သူ ဆုံးဖြတ်တော့ ပိုးသီရိ အကြီးအကျယ်ပေါက်ကွဲတော့ကာတဲ့..၊ Depression ကြောင့် အရင်လို လှပဖို့လည်း ဂရုမစိုက်နိုင်ဘဲ ယောကျ်ားကိုအူတိုပြီး J ဝင်နေတာ မထင်မှတ်စရာပဲ၊ ငါ့အထင်တော့ နင့်ဝဋ္ဋ်တွေ သူ ကောင်းကောင်းကြီးလည်တာပဲ စော"

ဝဋ္ဋ်တဲ့ .. တကယ်ပဲလား ..၊ စိတ်နာခဲ့တာတော့အမှန်ပါ ကျော်။ ဒါပေမယ့် ဘာဖြစ်ပါစေ၊ ညာဖြစ်ပါစေဆိုတဲ့ ကျိန်ဆိုမှုမျိုးတွေကို ကျော့် အပေါ် စော မလုပ်ခဲ့ပါဘူး။ အလွမ်းတွေ အပြည့်အသိပ်နဲ့ မျက်ရည်ပင်လယ်ဝေခဲ့ရတဲ့ ဆရာဝန်မလေးရဲ့ ဘဝစာမျက်နှာကို ထပ်ပြီး လာမရေးချင်ပါနဲ့တော့ကွယ်။

"စောနဲ့မှမဆိုင်တာ"

"အေး .. နင်ဒီလိုမှပြောပါ့မလားလို့ ငါစိုးရိမ်နေမိတာ၊ သူရောက်လာရင် နင် ခပ်ကင်းကင်းနေနိုင်အောင်လို့ ကြိုပြီးသတိပေးရတာပဲ"

"စော သိပါတယ်၊ တစ်ခါသေဖူးလို့ ပျဉ်ဖိုးမှနားမလည်ရင် စော လောက်မိုက်မဲတဲ့သူ ဘယ်ရှိတော့မှာလဲ"





"မှန်တယ်၊ ဒါပေမယ့် သူ့ကိုတော့ နင်မလျှော့မတွက်နဲ့ စော...၊ စောသီရိနွယ်ရဲ့ဘေးမှာ ဘယ်လိုယောကျ်ားမျိုးရှိနေပြီလဲလို့ အတိအကျ ရုံစမ်းပြီးမှာ ဒီကိုပြောင်းလာဖို့ စာတင်တာတဲ့"

စောမျက်နှာ မဲ့မဲ့လေးဖြစ်သွားရပါ၏။ ရှုံးနိမ့်ခဲ့သူကို ဘာဒုက္ခတွေများပေးဦးမှာလဲ ကျော် ..။

နာကျင်ခဲ့ရတဲ့နှလုံးသားကို မနည်းဆေးကုသခဲ့ရတဲ့လူပါ။ အနာ ဆိုတာ ဆေးရှိရင်ကျက်တာ မှန်ပေမယ့် စောရဲ့ရင်ထဲက ဒဏ်ရာကဖြင့် သက်သာရုံသာ တတ်နိုင်တာလေ..။

အချစ်ဆိုတာ စောတို့အရွယ်အတွက်က စားဖို့သက်သက်မှမဟုတ်တာဘဲ။ အချစ်ဦးမို့ အရူးအမူးချစ်တယ်ဆိုတာ စာအုပ်တွေထဲမှာပဲ ရှိလိမ့်မယ်လို့ စော ထင်ခဲ့တာလေ..။ လက်တွေ့မှာတော့ ကျော့် စိတ်နဲ့ စောကိုယ်ရှင်သန်ခဲ့တာ နှစ်ပေါင်းမနည်းခဲ့တာပဲ ...။

ကျော် ... နောင်တတွေပိုက်ပြီး စောရဲ့အနားကိုလာခဲ့ပေမယ့် စောက လက်ကမ်းကြိုဆိုနေမယ့်လူမဟုတ်ပါဘူး။ ဟင်းလင်းပြင်ဖြစ်နေတဲ့ ဒီရင်ခွင်ထဲကိုဝင်ဖို့အတွက် စောရဲ့ရင်ခွင်တံခါးကို အပြီးတိုင် သော့ခတ်ပိတ်ထားပြီးသားပါ။ နှင်းမချပြီးထွက်သွားပြီးမှ ပြန်လှည့်လာဖို့အတွက် စောရဲ့နှလုံးသွေးတွေက ကျော့်ကို လမ်းခင်းပေးမှာမဟုတ်ဘူးဆိုတာကို ...။



www.burmeseclassic.com

www.burmeseclassic.com



[ ၁၀ ]

BURMESE CLASSIC .com

"ညကျရင် ပြောစရာရှိတယ်"

အိမ်ထဲဝင်ဝင်ချင်း ဆီးပြောလိုက်သည့် ကိုကို့ကို ခေါင်းညိတ်ပြလိုက်ပြီး ဘာမှပြန်မပြောဖြစ်ဘဲ အပေါ်ကို တက်လာခဲ့၏။ မိနီဖျော်လာပေးသည့် သံပုရာရည်ခွက်ကို တစ်ကျိုက်တည်းမော့ချကာ ခဏနားပြီး bathroom ထဲ ဝင်လိုက်ပါသည်။ ရင်ထဲမကောင်းပေမယ့် အိမ်ကလူတွေ မသိစေချင်ပါ။ စော ကြောင့် အပူမီးတွေ ကူးစက်ခဲ့တဲ့ကာလတွေ ကုန်လွန်ပါစေတော့လေ ..။

"သူ့ကို သွားကြည့်ပေးဦးမှပဲ"

မရည်ရွယ်ပါဘဲ လွှတ်ခနဲထွက်သွားရသည့်အသံကြောင့် စော ရယ်လိုက်မိ၏။

ဒီလိုမရယ်ဖြစ်တာ အတော်ကြာပြီပဲ၊ နေပါဦး ဘယ်က ဘယ်လိုဖြစ်ပြီး သူ့ကိုသတိရသွားတာပါလိမ့်..။





သနပ်ခါးရေကျဲကျဲလေးလူးကာ အရောင်ဖျော့ဖျော့ Blouse ကိုသာ ရွေးဝတ်လိုက်ပါ၏။ ဆံပင်ရှည်တို့ကို လက်ကိုင်ပဝါဖြင့် ခပ်ဖွဖွစည်းကာ ဆေးအိတ်ယူလျက် ဆင်းခဲ့တာ မမကပါ အံ့သြသွားလေသည်။

"ဒါက ဘယ်တုန်း စော"

"ဟိုဘက်ခြံက လူနာကို သွားကြည့်ပေးမလို့"

"ဘယ်လို ...၊ စောကိုခေါ်ထားလို့လား"

"မခေါ်လည်း သွားရမယ့်တာဝန်ရှိနေတယ် မမရဲ့ ..၊ မနက်က စော သူ့ကို ကားနဲ့တိုက်မိမလိုဖြစ်သွားတာ မကြည့်ပေးရသေးလို့ပါ"

"မနက်ကဖြစ်တဲ့ကိစ္စကို ဒီညနေမှသွားတာ ငါ့ညီမ ရိုးသားရဲ့လားကွ .. ဟေ"

ကိုကို အရွှန်းဖောက်တာကို ပြုံးလိုက်မိပါ၏။ ဒီအတိုင်းကြီးသွားတာထက် တို့အိမ်နဲ့ရင်းနှီးနေတဲ့ အသံ့ကိုခေါ်သွားတာ ပိုကောင်းမယ်ထင်ပါရဲ့ ..။

"အသည်းအသန်တော့ မဖြစ်လောက်ပါဘူးကိုကိုရဲ့ ..၊ စောမှာ တာဝန်ရှိတယ်လို့ယူဆပြီးသွားမှာပါ၊ ဘာမှမရိုးမသားမရှိပါဘူး"

"မရိုးမသားဖြစ်ပါစေလို့ ကိုကိုတို့က ဆုတောင်းပေးနေတာ ညီမရဲ့"

ကိုကို့မျက်ဝန်းကို ကြည့်ရုံဖြင့် စော ရိပ်မိပါ၏။ တစ်ဆေးရုံတည်းလုပ်နေတဲ့သူတွေပဲ ..၊ ကျော် ရောက်လာမယ့်ကိစ္စကို ကိုကိုလည်း သိနေမှာတော့ အမှန်ပါလေ ..။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်စောပါသေးတယ် ကိုကိုရဲ့ ..၊ ဒါနဲ့ သမီးရော ..."

"ရှိပါ့၊ ထမင်းစားပြီး ခြံထဲမှာ လမ်းဆင်းလျှောက်နေတယ်ထင်တာပဲ၊ မိန်"

"ရှင် မေမေကြီး"

"နင့်မမကို သွားခေါ်ချေ"

"ဟုတ်"

BURMESE CLASSIC .com

Settee မှာပင်ထိုင်လိုက်၏။ ည ၈ နာရီရှိနေပြီမို့ အားလုံးထမင်းစားပြီးပေမယ့် စောတစ်ယောက်သာကျန်တော့သည်လေ့။ ပြန်ရောက်တာနှင့် ပြန်ထွက်ဖို့ပြင်မှတော့ မေးခွန်းတွေမေးကြမှာပါပဲ။

"စောသေးတယ်ဆိုတော့ နောက်ဖြစ်လာနိုင်တယ်လို့ ဆိုလိုတာလား စော"

"ဟင်း .. ဟင်း ကိုကိုနဲ့ မမကတော့ မလွယ်ဘူးပဲ၊ စော ကိုနည်းနည်းမှ အလစ်မပေးဘူး"

"ဩော် .. စော ရယ် မမတို့မှာ ဒီညီမလေးပဲရှိတာလေ ..၊ စော တစ်စုံတစ်ခုဖြစ်မှာကို မစိုးရိမ်ရတော့ဘူးလား"

"မမတို့စိုးရိမ်ဖို့ အသံ တစ်ယောက်လုံးရှိနေတာလေ၊ သမီးကိုစိတ်မပူဘဲ ဘယ့်နှယ် စောကို လာစိတ်ပူနေရတာလဲ"

"ပူစရာအကြောင်းက ရှိလို့ပေါ့"

ကိုကို့ကို တစ်ချက်ကြည့်ကာ ခေါင်းညိတ်ပြလိုက်မိ၏။ ကိုကိုသိမှတော့ မမလည်းသိနေမှာပါပဲ။ ဒီအိမ်မှာ လျှို့ဝှက်ဖုံးကွယ်ထား





စရာအကြောင်းမှမရှိတာလေ..။

"ကိုကိုပြောမှာ သူ့ကိစ္စဖြစ်နေရင်တော့ ပြောဖို့မလိုတော့ပါဘူး၊ စော သိပြီးပါပြီ"

"စောကို ဘယ်သူပြောတာလဲ"

"သရဖီတစ်ယောက်လုံးရှိနေတာပဲ ကိုကိုရဲ့ ..၊ ဘာမဆို စော သိနိုင်တာပဲဟာ"

"ဟုတ်သားပဲ၊ ကိုကိုက စော စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"

"မရှိပါဘူး .. ဆရာဝန်တစ်ယောက်အနေနဲ့ ဘယ်ဆေးရုံကိုပဲဖြစ်ဖြစ် သူ ပြောင်းခွင့်ရှိတာပဲလေ"

"ဒါပေမယ့် ဒီကို သူ တမင်ပြောင်းတာလို့ ကိုကိုတို့ သတင်းရထားတယ် စော"

မမက စိုးရိမ်တကြီးကြည့်နေပြီမို့ ပြုံးလိုက်ရပါ၏။ စိုးရိမ်ရှာမှာပေါ့လေ..၊ အိမ်ပင်ထွက်ခွင့်ရတဲ့အထိ ရင်းနှီးမှုရှိခဲ့ပါလျက် ဒီမိသားစုကြားမှာ မျက်နှာမပြရဲအောင်အဖြစ်ဆိုးမျိုးနဲ့ စော ကြုံခဲ့ရဖူးတာလေ..။

"သူ့ဟာသူ ဘယ်နည်းနဲ့ပဲပြောင်းပြောင်းပါ ကိုကို စောနဲ့ သူ့ကြားမှာရှိနေတဲ့ နံရံကြီးကိုဖြိုဖို့ကိုလည်း စော စိတ်မကူးဘူး၊ ခြားနေတဲ့ပင်လယ်ကို ကူးရဲလောက်အောင်လည်း စော မမိုက်မဲသေးပါဘူး၊ စော စိတ်ကို စော နိုင်ပါတယ်၊ မစိုးရိမ်ပါနဲ့"

"ကျေးဇူးတင်ပါတယ်၊ ကိုကိုက စော ဝမ်းပန်းတနည်းနဲ့ ငိုချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်လို့ထင်ထားတာ အခုလိုကြားရတာ ကိုကိုတို့ စိတ်အေးရ ပါတယ် စော"

"ညီမလေးရယ် ..."

မမက စောလက်ဖျားလေးကို ဆုပ်ကိုင်ထားလိုက်သလို ကိုကို က စောခေါင်းလေးကို အသာပွတ်သပ်ပေးလိုက်လေ၏။ ဆယ်ကျော် သက်ကလေးလေးလို ဘာမှမစဉ်းစားဘဲ အော်ကြီးဟစ်ကျယ်နဲ့ ပေါက်ကွဲအော်ဟစ်ပြီး ငိုချင်တာပေါ့။ ဘာအကြောင်းပြချက်နဲ့ စော ငိုရမှာလဲ။ အဖြေမှမရှိတာလေ။ အဲဒီလိုလုပ်မိရင် ကျသွားမယ့် စော ရဲ့သိက္ခာပုဒ်ကို ငုံ့ကွက်ရဦးမှာလေ ..။

"ဘာလဲ မေမေ"

"သြော် ... သမီးအန်တီလေးနဲ့ ခဏလောက်လိုက်သွားပေးဖို့ ခေါ်လိုက်တာ"

"အန်တီလေးက ဘယ်သွားမှာမို့လို့လဲ"

"ဟိုဘက်ခြံ"

"အစ်ကိုကြီးဆီကိုလား"

"ဘယ်ကအစ်ကိုကြီးလဲ"

"ဦးဘုန်းမြင့်မိုရ်ကို ပြောတာလေ ... မနက်က အန်တီလေးပဲ သူ့ကို ကားနဲ့တိုက်ခဲ့တာမဟုတ်လား"

"ဟဲ့!.. အထိတ်တလန့်ရှိလိုက်တာ အသံရယ် ..၊ ဘယ်လိုပြော လိုက်တာလဲ"





"နေပါဦး.. သမီးက သူ့ကို ဘာလို့ အဲဒီလိုခေါ်ရတာလဲ၊ ဒီလောက် အသက် ၁၂ နှစ်ကျော်ကြီးကွာတာကို ..."

"ခေါ်ချင်လို့ပေါ့၊ သူတောင် ဘာမှမပြောတာကို အန်တီလေး က တားချင်လို့လား"

ရန်စကားလေလား ..၊ တအံ့တသြကြည့်မိစဉ် စော ကိုကြည့်နေ သည့် အသံ့မျက်ဝန်းတို့က တင်းမာနေသယောင် ...။ ဘုရားရေ!.. ဒီကလေး သူ့အပေါ် Crazy ဖြစ်တဲ့စိတ်က သာမာန်ထက်မကပါလား။

"အန်တီလေးက အံ့သြလို့ မေးလိုက်မိတာပါ သမီးရဲ့ ..၊ တစ်မျိုးမထင်လိုက်ပါနဲ့"

လေပြည်နဲ့ပြောလိုက်ပေမယ့် အသံ့ မျက်နှာက တည်နေရာမှ မလျော့ပါချေ။ သူ့ကို စော ကပဲ တမင်တိုက်ပြီး ဓာတ်လမ်းရှာတယ် ထင်ရင်တော့ သွားပါလေရော။ ဒီသံသမျိုးကို အသံ့မှာ မရှိစေလိုပါချေ။

"မနက်က တစ်ခါမှစိတ်မတိုဖူးတဲ့ အစ်ကိုကြီးက အသံ့ကို လေသံမာနဲ့ပြောတာ"

"ဟင်!..."

"အဲဒါ အန်တီလေးကြောင့်ပဲ အစ်ကိုကြီးနှုတ်က "ရမ်း"ဆိုတဲ့ ခပ်မာမာအသုံးမျိုး အသံ့ကို တစ်ခါမှသုံးဖူးတာမဟုတ်ဘူး၊ ခါတိုင်း ဆို စိတ်ကြည်ကြည်လင်လင်နဲ့ ပန်းပန်ပြီးမှ ကျောင်းသွားခဲ့ရတာ..၊ ဒီနေ့ အသံ စိတ်ရှုပ်သွားရတာ အန်တီလေး လုပ်လို့ပဲ"

"သမီး ..."



www.burmeseclassic.com

www.burmeseclassic.com



"အသံ မလိုက်ဘူး၊ အန်တီလေးဘာသာသွား"

"ဟဲ့ !..."

စိတ်ကောက်သတဲ့..။ သူနဲ့ပတ်သက်ပြီး စောကို အသံ စိတ် ကောက်သတဲ့လေ။ ဒီလောက်အနွံတာခံလေ့ရှိတဲ့ အဒေါ်ကို စိတ် ကောက်တဲ့အထိ ဘယ်အရာက တွန်းအားပေးစေခိုင်းတာတဲ့လဲ..

"သမီးနဲ့ အဲဒီအိမ်ကလူတွေ ရင်းနှီးလို့ခေါ်တာပါ အသံရယ်.. ခဏပဲဖြစ်ဖြစ်လိုက်ခဲ့ပါ"

"မလိုက်ဘူးလို့ အသံ ပြောပြီးပြီ"

လေသံမြင့်မြင့်ပြောလိုက်ပြီး ကျောပေးကာ ပြတင်းဝနားမှာ သွာ ရပ်လိုက်မိ၏။ ပြောတော့ဖြင့် မရင်းနှီးချင်ဘူး၊ မပတ်သက်ချင်ဘူ ဆိုတဲ့လူက အခုတော့ ဇာတ်လမ်းရှာနေပြီမဟုတ်လား။ မနက် စိတ်မကောင်းဖြစ်ပြီး ကျောင်းသွားတာ Class ပင် ပြီးအောင်မတ ဖြစ်ဘဲ Pratical နှစ်ချိန်ပြီးတာနဲ့ အစောကြီးပြန်ခဲ့တာပင် ..။

ဒီမသာမယာဖြစ်နေတဲ့မျက်နှာကို အစ်ကိုကြီးရှေ့မှာ ဘယ် သွားပြရဲပါ့မလဲ။ မနက်တုန်းက သူ့မျက်နှာကို ရဲရဲပင်မကြည့် တော့ဘဲ အသံ ပြေးထွက်ခဲ့မိတာလေ။ အခုတော့ အန်တီလေး သွားမတဲ့။ ဘာတွေပြောပြီး ဘယ်လိုတွေရယ်မယ်ဆိုတာ၊ ပြုံးမ ဆိုတာတွေကို သိချင်စိတ်ရှိပေမယ့် မလိုက်ချင်တော့ပါလေ ..

"မိနီကိုပဲ ခေါ်သွားပါလား စော"

"နေပါစေ မမ၊ စောက အသံနဲ့ရင်းနှီးပြီးသားမို့ခေါ်တာပ





သူ မလိုက်ချင်လည်း နေပါစေတော့ .. စော တစ်ယောက်တည်းပဲ သွားတော့မယ်"

တရှုပ်ရှုပ်ခြေသံက အိမ်ထဲမှထွက်သွားပါ၏။ မျက်ဝန်းမှ မျက်ရည်စကို လက်ဖနောင့်ဖြင့် ပွတ်သုတ်လိုက်မိသည်။ အစ်ကိုကြီး အန်တီလေးကို စိတ်ခုတာနဲ့ အသံ ကိုပါ ရောပြီး စိတ်မဆိုးပါနဲ့။ အစ်ကိုကြီးမျက်နှာကို နှစ်ရက်မမြင်ရမှ အသံ မနေနိုင်လို့ပါ။ အန်တီလေးလည်း လိုတာထက်ပိုမရောမိပါစေနဲ့။ အစ်ကိုကြီးသာ စိတ်ယိုင်သွားရင် အသံ ရင်ကွဲသွားမှာစိုးလို့ပါနော် ..။

Bell တီးသံကြောင့် အိမ်ရှေ့သို့ မိခတ္တာ ထွက်လာ၏။ ဘာဂျာတံခါးရှေ့မှာ မတ်မတ်လေးရပ်နေသည့် မမချောချောလေးကို အငေးသားကြည့်နေမိသည်။

"ဘယ်သူလဲ ခတ္တာ"

"မသိဘူး"

"ဟာ ... ဧည့်သည်ရောက်နေတာကို ဒီအတိုင်းငေးပြီး ကြည့်နေရလား ..၊ နင်ကော့နာဦးမယ်"

အတွင်းမှ လူငယ်တစ်ယောက်ထွက်လာပြီး ဘာဂျာတံခါးကို လာဖွင့်ပေးလိုက်တာမို့ စော ပြုံးပြလိုက်ပါ၏။ ပုံစံက လူရည်သန့်လေးမို့ သူ့ညီလေးပဲဖြစ်မယ်ထင်ပါရဲ့ ..။

"မမက .."

"ဒေါက်တာ စောသီရိနွယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ ..."

"မနက်က စောကြောင့် ကိုဘုန်းမြင့်မိုရ် အထိတ်တလန့်ဖြ
သွားတာ သက်သာရဲ့လားလို့ လာကြည့်တာပါ၊ အခုမှ ဆေးရုံက
ပြန်လို့ မှောင်တောင်နေပြီ ..၊ အားနာလိုက်တာ"

"ကျွန်တော်တို့က အားနာရမှာပါ မမရဲ့၊ ကိုကိုကြီးတောင်
ခုထိဆင်းမလာသေးဘူး၊ ထမင်းလည်းစားမကောင်းလို့ မစားဘူ
ချည်းပြောနေတာ ... ကျွန်တော်လည်း အလုပ်က အခုနလေးမှ ပြ
ရောက်တယ်"

"ဟုတ်လား"

"အပေါ်ကိုပဲ လိုက်ကြည့်ပေးပါနော်"

"ရပါတယ်"

"ကျွန်တော့်ကို ဆေးအိတ်ပေးလေ"

"နေပါစေ"

"ပေးပါ မမရဲ့ ..၊ ကိုကိုကြီးကို လာကြည့်ပေးတဲ့ဟာပဲ မမလို့
ခေါ်တာစိတ်မဆိုးပါနဲ့နော် ..၊ ရင်းနှီးတဲ့သဘောမျိုးနဲ့ခေါ်မိတာပါ"

ပြုံး၍ ခေါင်းသာညိတ်ပြလိုက်မိ၏။ ဆေးသေတ္တာလှမ်းယူစဉ်
လက်ချင်းထိသွားတာမို့ စော မျက်နှာနွေးခနဲဖြစ်သွားရပါသည်
လူနာတွေနဲ့ ထိကိုင်စဉ်ကလိုမျိုးမဟုတ်တာတော့ အသေအချာပါပဲ
ဘာကြောင့်ရှက်ရတာပါလိမ့် ..။

"Sorry ... မမ"





"ရပါတယ်"

ပြသနာပဲ ..၊ ဒီ "ရပါတယ်" ဆိုတဲ့စကားကို ဒီအိမ်မှာ ခဏ
ခဏပြောမိတာ အားနာမှုကြောင့်ပဲထင်ပါရဲ့။ ကျွန်းလှေကားက
Polish တင်ထားတာမို့ အသစ်အတိုင်းနယ်ပင် ..၊ ဘုရားခန်းဘေးရှိ
အခန်းတံခါးကို ကောင်လေးက နှစ်ချက်ခေါက်လိုက်လေ၏။

"ဒေါက် ... ဒေါက်"

"ဘယ်သူလဲ"

"ကျွန်တော်ပါ"

"ထမင်းမစားဘဲ ဘာလာလုပ်ပြန်တာလဲ ညီညီ"

တံခါးကိုတွန်းဖွင့်လိုက်စဉ် အပေါက်ဝမှာ ရပ်နေသည်က စော
တစ်ယောက်တည်း ဖြစ်နေလေ၏။ ကောင်လေးက ဘေးအကွယ်မှာ
ရပ်လျက်ပြုံးနေလေသည်။ ဘာသဘောနဲ့များဒီလိုလုပ်လိုက်တာပါလိမ့်။

"ဒေါက်တာ"

"ခြေထောက် သက်သာရဲ့လားလို့ လာကြည့်ပေးတာပါ
ကိုဘုန်းမြင့်မိုရ် ..."

"ဪ .. မဟုတ်တာဘဲ"

"ခုတင်ပေါ်သာလှဲလိုက်ပါ ကိုကိုကြီးရာ .. ကုပေးမယ့် ဆရာ
ဝန်က အခန်းထဲအထိရောက်နေပြီပဲဟာကို ..."

"အားနာလို့ပါ ညီညီရယ်"

အနောက်မှာ သူမများ ပါလာလေသလားဟု လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော်ငြား အရိပ်ပင်မမြင်ရ။ ပါမလာဘူးထင်ပါရဲ့ ..၊ မနက်က ဘာကိုစိတ်ကောက်သွားမှန်းမသိ။ ပန်းပင်မပန်တော့ဘဲ ထွက်သွားတာလေ။ ဆယ်ကျော်သက်ကလေးတွေကို အရိပ်အကဲဖမ်းရတာ တကယ်မလွယ်ဘူးပဲ။

"ခြေထောက်နည်းနည်းနာရုံလေးပါ"

"ကြည့် .. ကြည့်မယ်လေ ..၊ ပြီးရင် BP ပါတိုင်းကြည့်ပေးပါမယ်၊ မနက်ကတည်းက ကြည့်လိုက်ရမှာကို အခုမှလာကြည့်ပေးလို့ ကိုကိုဘောင် စော ကို ဆူလိုက်သေးတယ်"

"မဟုတ်တာ ... ကျွန်တော်ကိုက နမော်နမဲ့ ဖြစ်သွားတာပါ ဒေါက်တာရယ်"

"စော ကိုက ကားမောင်းကြမ်းတာပါ ကိုဘုန်းမြင့်မိုရ်ရယ်"

ကိုကို ဘာမှမပြောပေမယ့် စကားပြောလို့အဆင်ချောအောင် အပိုတွေများပြောမိလေပြီလား။

မသန်တော့သည့်ခြေထောက်ကအနည်းငယ်မျှသိမ်ချင်သည့်နယ်။ ဆေးလူးကာ အသာဖိနှိပ်ပေးလိုက်မိတော့ သူ့မျက်နှာက ပန်းရောင်သန်းလာလေ၏။

"ဒေါက်ဟာ"

"ဒီခြေထောက်ကို အားစိုက်ပြီးသုံးပေးပါ ကိုဘုန်းမြင့်မိုရ် ..၊ ဒါကိုညှာနေရင် လုံးဝသိမ်သွားလိမ့်မယ်"

"ဟုတ်ကဲ့"





"BP တိုင်းရအောင်နော်"

သွေးပေါင်ချိန်စက်ကိုဖွင့်လျက် နားကျပ်ဖြင့် ဖိစမ်းလိုက်ပါ၏။

လေညှစ်ပူဖောင်းလေးကို အဆမှန်မှန်ညှစ်လိုက်ရာ 120/80 မို့ Normal သာရှိနေပါသည်။

"(120/80) ဆိုတော့ Normal ပါပဲ၊ ဂျာကင်ကြယ်သီးဖြုတ်ပေးပါလား"

"ဗျာ"

"ဩော် ... ကိုကိုကြီးနှယ် ..."

ဘေးမှာရပ်နေသည့်ကောင်လေးက စိတ်မရှည်ပုံဖြင့် သူ့ဂျာကင်ကြယ်သီးတို့ကို ဖျတ်ခနဲဆွဲဖြုတ်ပေးလိုက်ပါ၏။ အလို!.. နလုံးခုန်သံတွေမြန်လွန်းလှချည်လား ..။

"(88) တောင်ဖြစ်နေပါလား။ မနက်ကတည်းက အခုထိ အဲဒီလိုပဲလား ကိုဘုန်းမြင့်မိုရ်"

"ဟုတ်တယ်"

"ဘာဆေးသောက်ထားသေးလဲ"

"Doctor ထွန်းထွန်းနိုင် ပေးတဲ့ Cost ကို မနက်ကသောက်လိုက်တာပဲ ဒေါက်တာရဲ့"

"ညနေရော"

"ညနေက အားဆေးပဲလို့ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"စော ကြည့်ပါရစေ"

ကောင်လေးက အံဆွဲဖွင့်၍ ဆေးဘူးတွေကိုပြပါ၏။ မနက်ည Cost တွေကို ပုလင်းရဲ့စက္ကူပတ်တွေမှာရေးပေးထားတာကြောင့် ခေါင်းညိတ်ပြလိုက်မိသည်။

"ကောင်းပါတယ်၊ ဒါပေမယ့် ဒီညအိပ်ပျော်အောင်တော့ နှလုံးဆေးနဲ့အိပ်ဆေးတစ်တွဲ စော ပေးခဲ့မယ်၊ အစာကိုဝင်အောင်စားပြီးမှ သောက်ပါနော်၊ မနက်ဖြန်မောသေးရင် ဆေးထပ်ပေးပါဦးမယ်"

"ဟုတ်ကဲ့ ... အားနာလိုက်တာဗျာ"

"ရပါတယ် အိမ်နားနီးချင်းတွေပဲဟာ၊ စော ကို ခွင့်ပြုပါဦး"

စော ပြန်ခဲ့စဉ် ခြံဝအထိလိုက်ပို့ပေးသည့် ကောင်လေး၏ မျက်နှာက ပြုံးရွှင်လို့ပါပဲ။ စောတို့ ခြံဝရောက်တော့မှ သူက နှုတ်ဆက်လိုက်လေ၏။

"ကျွန်တော့်နာမည် ကောင်းသန့်စင်ပါ မမ၊ "မိုးမြေ" ကုမ္ပဏီမှာ GM လုပ်နေပါတယ်"

"ဩော် ... ဟုတ်ကဲ့"

"ကျွန်တော့်ကို ကောင်းလို့ခေါ်ပါလား ... ရင်းနှီးသမှုနဲ့လေ"

စော ပြုံးလိုက်ပါ၏။ ဘယ်ယောက်ျားလေးတွေနဲ့မှ မရင်းနှီးချင်တာကို ဘယ်လိုများပြောရပါ့မလဲ။





[ ၁၁ ]

ညက ကောင်းကောင်းပင်အိပ်မပျော်။ မနက်အိပ်ရာထတော့ စိတ်မကြည်လင်တော့ တာဝန်ကရှိနေတာမို့ ရေမိုးချိုးကာ အဝတ်လဲလိုက်၏။ ဆံနွယ်ရှည်တွေကို ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်လိုက်ပြီး မှန်ထဲမှာကြည့်လိုက်မိသည်။ သနပ်ခါးရေကျဲလူးထားသည့်မျက်နှာမို့ ဘာမှသိပ်မပြင်စရာမလိုပေ။ ဩော် .. စော အသက် တောင် ၂၉ နား နီးခဲ့ပြီပဲ။

Breakfast စားရန်ဆင်းလာတော့ ထမင်းစားခန်းထဲမှာ ကိုကိုပါ အလုပ်မသွားဘဲရှိနေပါသေး၏။ စော ဝင်လာတာကို တစ်ချက်ကြည့်ကာ မျက်လွှာချသွားသည့် တူမတော်ကြောင့် သက်ပြင်းကို ခိုးရှိုက်လိုက်မိ၏။ သူနဲ့ပတ်သက်ပြီး စောကို အသံ တစ်ယောက်ရန်သူလိုများ သတ်မှတ်နေပြီလား ..။

"ညက အိပ်မပျော်ဘူးလား စော"



www.burmeseclassic.com

www.burmeseclassic.com



"စာဖတ်တာ ညညနက်သွားလို့ပါ ကိုကို"

"စောကြိုက်တဲ့ ဘဲဥချဉ်ရည်ဟင်း ထည့်ပေးလိုက်တယ်နော်၊ သူငယ်ချင်းတွေကိုပါ ကျွေးရအောင်လို့ ဟင်းသုံးလေးမျိုး ပိုထည့်ပေးလိုက်တယ်"

"ကျေးဇူးပါပဲ .. မမ"

မိဘနှစ်ပါးစလုံး စကားပြောနေပေမယ့် တူမဖြစ်သူအသံတိတ်နေတာမို့ ရင်ထဲမှာ မကောင်းသလို ခံစားရလေ၏။ တစ်ခါမှ ဒီလိုစကားမပြောဘဲ ငြိမ်သက်တိတ်ဆိတ်တဲ့ပုံစံမျိုး မလုပ်ဖူးတာဘဲ။ ဒေါက်တာသက်အောင် သမီးဖြစ်သူကို တစ်ချက်ကြည့်လိုက်လေ၏။

"ငါ့သမီး ရွှေအိမ်စည် ဘာဖြစ်နေလဲဟေ့"

"ဘာမှမဖြစ်ပါဘူး ဖေဖေ"

"မျက်နှာကလည်းမကောင်းပါလား၊ သမီး ဘာကိုစိတ်ဆိုးနေတာလဲ"

"ဟင့်အင်း"

အမေဖြစ်သူမေးတာကိုတောင် မပြောချင်သလိုပုံစံက ပိုပြီးသိသာစေနေတာလေ။ ကိုဘုန်းမြင့်မိုရ်အပေါ်မှာ အသဲ့ရဲ့စိတ်က သာမန်ထက် ပိုများပိုသာနေလေသလား။ ငယ်ရွယ်လွန်းတဲ့အရွယ်မို့ စိတ်ကိုဖမ်းရ ခက်သားလေ ..။

"မမ သမီးက စောကို စိတ်ခုနေတာ"

"ဘာကြောင့်လဲ"





"မနေ့ကကိစ္စလေ"

"ကြည့်စမ်း!.. ဒီစာက သူ့ကို ကမင်တိုက်တာမှမဟုတ်တာဘဲ သမီးရယ် ..၊ ကာယကံရှင် စိတ်ဆိုးတယ်ဆိုရင်လည်းထားတော့၊ ဘယ့်နှယ်ကြောင့် သမီးက အန်တီလေးကို စိတ်ခုနေရတာလဲ ..၊ အခ်ိပ္ပာယ်မရှိဘူးနော်"

"အသံ ... ဘာပြောလို့လဲ"

"မပြောလည်း မျက်နှာကိုကြည့်ရုံနဲ့သိနိုင်တယ်..၊ ကိုယ့်အဒေါ်ဘယ်လောက်ချစ်မှန်းသိသိကြီးနဲ့ အခုလို စကားမပြောချင်သလိုလုပ်တာ ကောင်းလား"

"အသံ က အန်တီလေးကို စိတ်ဆိုးတာမှ မဟုတ်တာ"

"ဒါဖြင့် ဘာကိုစိတ်ဆိုးတာလဲ"

ကိုကို့အမေးကြောင့် ကော်ဖီခွက်ကို အကုန်မော့ချလိုက်ပြီး နှုတ်ခမ်းရှုလျက်ခပ်တိုးတိုးပြောလေ၏။ သက်မကိုဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ကျိတ်ပြီးချမိပြန်လေသည်။ ခက်တယ် အသံ ရယ်။

"အသံ က အစ်ကိုကြီး အသဲ့ ကို လေသံမာမာနဲ့ပြောလိုက်တာကို စိတ်မကောင်းဖြစ်နေတာပါ ဖေဖေရဲ့"

"သူလည်း သမီးလိုရောဂါသည်ပဲလေ သမီးရယ် ..၊ ရင်ထိတ်စရာနဲ့တွေ့တုန်း သမီးကို အဲဒီလိုပြောမိတာမျိုးပဲဖြစ်မှာပေါ့၊ ကိုယ်ချင်းစာကြည့်လေ..၊ သမီး မေ့တဲ့အခါလည်း မိန်ကို အော်တာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မိနိုက မိနိုပဲလေ ဖေဖေရဲ့ ..၊ အသံ က အသံပဲဟာ တူမှမတူတာကို"

"ကဲ!.. ဂျစ်မနေစမ်းပါနဲ့ မိသံရယ် ..၊ ကလေးဖြစ်ပြီး အထအနကောက် စိတ်ခုစရာလား"

မမက စိတ်မရှည်သလိုဟောက်တော့မှ မျက်နှာလေးမဲ့သွားလေ၏။ အလို!.. စောထ င်နေသလိုပဲ အသံ့ ရင်ထဲမှာ သူ တကယ်များရှိနေလေသလား။ အသက် ၁၂ နှစ်ဆိုတဲ့ကွာဟမှုကို ဒီကလေးမ မတွေးဘူးလား။ မိဘတွေ ရင်ဘတ်စည်တီးဖြစ်မယ့် လုပ်ရပ်မျိုးတော့ မလုပ်လောက်ဘူးထင်ပါရဲ့ ..။

"အသံ ဒီနေ့ရောက်ရင် သူ့ကို သက်သာရဲ့လားလို့ မေးပေးပါ။ လိုအပ်ရင် အန်တီလေး ဆေးထပ်ပေးဖို့ရှိလို့ .."

"... ... ..."

"အသံ ... သမီးအန်တီပြောနေတာ ကြားရဲ့လား ..."

"အသံ က သူ့ခြံထဲသွားလို့တောင်ဖြစ်ပါ့မလားလို့ တွေးပူနေလို့ပါ မေမေရဲ့"

"သူ သမီးကိုမျှော်နေမှာပါ"

စော ထံ မျက်ဝန်းလေးတွေရောက်လာလေ၏။ ဟုတ်နေပါပြီ။ ဒီကလေးရဲ့ စိတ်တွေပုံမှန်ထက်ပိုနေတာ သိသာလွန်းနေသည်ပဲ..။

"မနေ့က အန်တီလေးသွားတော့ သမီး မပါဘူးလားလို့တောင် မေးသေးတယ်"





နှုတ်ခမ်းတွေပြုံးသွားလေ၏။ အပိုတွေပြောတာမဟုတ်ပါဘူး။ စော ရောက်သွားချိန်က သူ့မျက်ဝန်းတွေက စောနောက်မှာ တစ်ယောက်ယောက်ပါလေသလား မျှော်လင့်မှုတွေနဲ့ ရှာကြည့်လိုက်တာကို လက်တွေ့သိခဲ့ရတာပါပဲ။

"ဟုတ်လို့လား"

"ဟုတ်မဟုတ် သူ့နဲ့တွေ့ရင်မေးကြည့်ပေါ့။ စော သွားတော့မယ် ကိုကိုနဲ့မမ၊ ညနေ ၆ နာရီလောက်ပြန်ရောက်မယ်။ တကယ်လို့ နောက်ကျရင် အိမ်ကို Phone ဆက်လိုက်မယ်နော်"

"အေး ..."

"ကိုကိုက ဒီနေ့ Off တစ်ရက်လား"

"အေး ... ဟုတ်တယ်"

ခုမှထလိုက်စဉ် တူမဖြစ်သူခေါင်းကို အနောက်မှအသာဖိတွန်းလိုက်၏။ ပြုံးဝှဲ့တဲ့ဖြစ်သွားသည့်မျက်နှာလေးကြောင့် စိတ်ကောက်ပြေပြီမှန်းသိလိုက်သည်။ အသံ က အကြာကြီးစိတ်ကောက်တတ်တဲ့ကလေးမှ မဟုတ်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်လုပ်လို့ကိုမရဘူး × × × တကယ့်ပြဿနာပါ × × × မမကျွန်တော့်ကို ပြုစား"

Bathroom ထဲမှာ သီချင်းအော်ဟစ်ပြီးဆိုနေသည့် ညီညီ့ကြောင့် ပြုံးလိုက်မိ၏။ အံမယ် ဒီကောင် မမ သီချင်းတွေ ဘာတွေ ဆိုနေတာ မရိုးတော့ဘူးထင်ပါရဲ့။ မနက်တိုင်းနိုးနေရတဲ့လူက ဒီမနက်တော့ သူ မနိုးရသေးခင် စောစောစီးစီးထပြီး ရေပင်ချိုးနေလေပြီ။

"ဒီရင်မှာ မမ. မမ ဖြစ်နေပြီ × × × ဝူး!"

"တော်တော်မှအူမြူးနေပါလား ညီညီ"

ရေချိုးခန်းတံခါးဖွင့်ပြီး ထွက်လာသည့် ညီညီ့ကို နောက်တော့





စပ်ဖြဲဖြဲရယ်ပြလေ၏။ ဒီကောင်တော့ ဒေါက်တာစောသီရိနွယ်ကို ငြိပြီထင်ပါရဲ့ ..။

"မမနဲ့ ဘယ်တုန်းကသိတာလဲ"

"ဘယ်က မမလဲ"

"ဟိုဘက်ခြံက ဒေါက်တာစောသီရိနွယ်ကိုပြောတာလေ ကိုကိုကြီးရ"

"ဒေါက်တာဆို ဒေါက်တာလို့ မေးပေါ့ကွ၊ ဘယ်ကမမမှန်း ငါသိမှာတုံး"

သူ့ရင်ဘတ်ကို လာစမ်းလိုက်တာမို့ အေးခနဲဖြစ်သွားရ၏။ ဒီကောင်တော့ လုပ်ချလိုက်ပြန်ပြီ၊ အစ်ကိုကို စောစောစီးစီး လုပ်ကြံရတယ်လို့ ..။

"ဘာလုပ်တာလဲ"

"ကိုကိုကြီး Heart ထိသွားလားလို့"

"ငါက ဘာကိစ္စနဲ့ ထိရမှာတုံး .. ပေါက်ကရတွေ"

"သနပ်ခါးနံ့လေးရတော့ တကယ့်ရင်မခုန်သွားဘူးလား ..၊ မှန် မှန်ပြော"

"မင်းနော် ငါ့ကို တူမနဲ့ စ,မရတာနဲ့ အခေါ်ကိုပါတွဲပြီး စ,နေပြန်ပါပြီ"

"ကျွန်တော်မေးတာကိုသာ အမှန်အတိုင်းဖြေပါ ကိုကိုကြီးရာ"

သူ ညီညီ့ကို ရှုတည်တည်ကြီးကြည့်လိုက်မိ၏။ ဒင်းက



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့ကိုတွေ့ပြီးရင်ခုန်မိတာနဲ့ သူ့ကို အမိအရ လိုက်ကျပ်နေပါရောလား။ သူ့ရင်ခုန်သံတွေက လွန်ခဲ့တဲ့ နှစ်နှစ်တာကာလကတည်းက သေဆုံးခဲ့တာ ကြာခဲ့ပြီလေ ..။

"လောကမှာ ငါ့ရင်ကို ခုန်လှုပ်စေခဲ့တာ မိန်းမတစ်ယောက်တည်းပဲရှိတယ် ..၊ အေး အဲဒီမိန်းမကပဲ ငါ့နှလုံးသားကို သေအောင်သတ်ခဲ့တာ အမှန်ပဲညီညီ၊ မင်းဘာကို သိချင်တာလဲ "

"မဟုတ်ဘူးလေ ... ကျွန်တော်က ဒေါက်တာနဲ့ပတ်သက်ပြီး ကိုကိုကြီးရဲ့ခံစားချက်ကို မေးနေတာ"

"ငါပြောတာ ရှင်းရှင်းလေးပဲ ညီညီ ... လေကုန်တယ်ကွ"

"အား!.. တော်ပါသေးရဲ့ ..၊ ကိုကိုသာ မမကိုခိုက်သွားရင် ကျွန်တော်နှလုံးသားတွေ တစ်စစီကွဲကြေကုန်မှာ အသေအချာပဲ၊ ရှဲရှဲ.. မိုးနတ်မင်း ကျေးဇူးကမ္ဘာပါ ကိုကိုကြီး"

လက်နှစ်ဖက်ကိုဆုပ်လျှက် ရှိသေပြနေတာမို့ ပြုံးလိုက်မိ၏။ အလုပ်မှာ လူကြီးလိုနေရပေမယ့် အိမ်မှာ ကလေးလိုနေတတ်တာ ညီညီ့ ပုံစံပဲ မဟုတ်ပါလား။

"ရှူးပဲ × × ရှူးပဲ × × ဒီမှာ မမ –မမ ကျွန်တော့်ချစ်လား"

သူ့ပခုံးကို ကျောလာကပ်ပြီး သီချင်းဆိုလိုက်ပြန်တာမို့ သူဟက်ခနဲရယ်လိုက်မိလေ၏။ သွားပြီ .. ညီညီတော့ ကုရာနတ္ထိ ဖြစ်ပါရောလား။

"ရှူးပါ .. ညီညီရာ"





"အချစ်က လူကိုရူးသွပ်စေ၏ဆိုတဲ့ စကားပုံကို ကိုကိုကြီး မကြားဖူးဘူးလား ဗျ"

"အသက်က စကားပြောတယ်လေကိုကိုကြီးရဲ့ ..၊ ကိုကိုကြီးက တည်ငြိမ်တဲ့အရွယ်မှ အချစ်ကိုတွေ့တာလေ ..၊ ကျွန်တော်က Over Twenty Two ဗျ ၊ နှစ်ဆယ့်နှစ်မှ အချစ်ပွင့်တွေလှိုင်လှိုင်ပွင့်တော့တာပဲကိုး၊ မမဒေါက်တာရဲ့နားကျပ်လေး ဒီနေရာကို လာထောက်ပြီး ချစ်တယ်လို့ပြောတဲ့နေ့ ကောင်းသန့်စင် သေပျော်ပြီဗျို့"

"ဟော့ကောင်! စောစောစီးစီး နိမိတ်မရှိ နမာမရှိ လျှောက်အော်နေပြန်ပါပြီ"

"ဦးဘုန်း ... ဟိုဘက်အိမ်က မမ ရောက်နေပါတယ်"

"ဒေါက်တာလား"

"မမလား"

ပြိုင်တူမေးလိုက်တာမို့ ခဏ္ဍာက ဘယ်သူ့ကိုဖြေရမလဲ ဒွိဟဖြစ်သွားကာ ကြောင်သွားလေ၏။ ညီညီ မျက်စောင်းခဲတာကိုပါရလိုက်တာမို့ သူ တွန့်ခနဲဖြစ်သွားရလေသည်။ တောက်!.. ဒီပါးစပ်တော့ ပိတ်ရိုက်လိုက်တာပဲကောင်းမယ်ထင်ပါရဲ့။ ညီညီ သံသယဝင်အောင် မေးရတယ်လို့ ..။

"မေးနေတာ ဖြေလေ"

"ဟုတ်ဘူး ... ဇဥ်ဇဥ် ရောက်နေတာ"

"သံယောဇဥ်လား ... အဲဒါဆို သူ့ကို ကိုကိုကြီးဆွဲထားဦးနော်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မေးစရာရှိလို့"

"ဘာမေးဦးမလို့လဲ"

"မမကိစ္စ ဘာညာကွိကွပေါ့ဗျ"

"တော်တော်ရှုပ်တဲ့ကောင်ပါလားကွ"

တုတ်ကောက်ကိုအားပြုကာ လှေကားမှဆင်းလာခဲ့၏။ ညွှေ့ခန်းမှာ သူ့ကိုကျောပေးရပ်နေသည့် ကောင်မလေးကို တွေ့ရပါသည်။ မနက်တိုင်း၊ ညနေတိုင်း အမြဲလာတတ်တဲ့ ချာတိတ်မကို မမေးမိဘဲ ဒေါက်တာ့ကိုမှ မေးမိရတယ်လို့...၊ အားနာစိတ် ဖြစ်သွားရလေ၏။ အလို!.. သူမ ရပ်ပြီးကြည့်နေတာ နံရံမှာချိတ်ထားသည့် သူ့ဓာတ်ပုံပါလား။ ဘေးနားကို သူရောက်လာတာကိုပင် သတိမထားမိဘဲ မော့ပြီးငေးနေတာ လည်တိုင်လေးပင်မတ်လို့ပါလေ..။

"ဖဦဖဦ ..."

"ဟင်"

"ကျောင်းသွားတော့မှာလား"

မေးတာကို မဖြေသေးဘဲ သူ့ကိုမော့ကြည့်လိုက်သည့်ချာတိတ် နှင့် မျက်လုံးချင်းဆုံသွားပါ၏။ သူ့မျက်နှာကို စေ့စေ့စပ်စပ်ကြည့်နေတာမို့ အံ့သြသွားရလေ၏။

"ဘာလဲ"

"ထူးထူးခြားခြားများဖြစ်နေလားလို့ သေချာအောင်ကြည့်တာ"

"ဘာဖြစ်လို့ ..."





"အဲဒီလိုမေးပါ့မလားလို့ ..၊ မနေ့က အသံ့ ကို အစ်ကိုကြီး လေသံမာနဲ့ပြောလိုက်တာလေ"

"ဟောဗျာ .."

"မှတ်မိရဲ့လား"

" Sorry "

"အစ်ကိုကြီးအတွက် Sorry တစ်ခွန်းနဲ့ ပြေလည်သွားပေမယ့် ခံရတဲ့သူက နာတယ်"

"ဖဦဖဦ"

"အိမ်မှာ အသံ က ကလေးမို့ အဆူခံအငေါက်ခံရတာ မဆန်းတော့ပေမယ့် အစ်ကိုကြီးဆီက အဲဒီလို လေသံမာနဲ့ပြောတာကိုတော့ အသံ မခံနိုင်ဘူး"

ဘုရားရေ!.. ပြောရင်းနဲ့ မျက်ရည်တွေတောင် ဝဲလာပါရောလား။ ဘာရယ်မဟုတ် .. ငေါက်လိုက်မိတဲ့စကားတစ်ခွန်းကို ဒီလောက်ထိမှတ်ထားရတယ်လား ဖဦဖဦရယ် ...။

"ကိုယ် ..."

"ဟုတ်ပါတယ်၊ ဘယ်သူမဆို ခုချိန်ထိ အသံ့ ကို ကလေးလို မြင်တုန်း ဆူတုန်း ငေါက်တုန်းပါပဲလေ"

မျက်နှာလွှဲပြီး ခေါင်းကိုပါငုံ့ချလိုက်တာမို့ သူ လန့်သွားရပါ၏။ ငိုများငိုချလိုက်လေမလား။ သူ ညက ကောင်းကောင်း အိပ်မပျော်ခဲ့သလို ဒီချာတိတ်လည်း အိပ်ပျက်ညကို ရင်ဆိုင်ခဲ့ရလေ



www.burmeseclassic.com

www.burmeseclassic.com



သလား၊ ခက်တော့ ခက်ချေပြီ။

"ကိုယ် မရည်ရွယ်ပါဘူး ဇွဲဇွဲ"

စူးခနဲမော့ကြည့်လိုက်သည့်မျက်ဝန်းအစုံက အားပါလွန်းလေ၏။ ဒါကိုစိတ်ကောက်ပြီး မနေ့က သူမ ပန်းမတောင်းတာဘဲကိုး။

"အသံ တစ်ညလုံး အိပ်လို့မရခဲ့ဘူး"

တူပါတယ်ဆိုမှ သက်သေထူပြနေပြန်ပါရောလား။ သူ့ကို စိတ်ကောက်နေတဲ့သူလည်း မရှိခဲ့သလို သူကလည်း တစ်ခါမှမချော့ခဲ့ဖူးတာနဲ့တော့ တည့်တည့်ကြီးတိုးချေလေပြီ။

"ကိုယ် ဘယ်လိုပြန်ချော့ပေးရမလဲ"

"အစ်ကိုကြီး"

"ဇွဲဇွဲက ဘယ်တော့မဆို အပေးအယူကိစ္စ အမြဲပြောလေ့ရှိတာဆိုတော့လေ ပြောပါ"

"ဒါဖြင့် အသံက အစ်ကိုကြီးကို ပြန်အော်ရမယ်၊ အဲဒီလို အလျော်အစားလား .. ဘယ်ဖြစ်မှာလဲ အသံ ငရဲကြီးမှပေါ့"

"မဟုတ်သေးဘူးလား"

"မသိဘူးကွာ၊ အိမ်မှာစိတ်ကောက်မှန်းသိတော့လည်း ဝိုင်းဆူတာကို ခံခဲ့ရသေးတယ်"

ခြေတစ်ချက်ဆောင့်ကာ Sattee ပေါ်ထိုင်ချလိုက်တာမို့ သူ ရယ်ချင်သွားရပါ၏။ ပြောတော့ဖြင့် ကလေးမဟုတ်တော့ဘူးတဲ့..၊ လုပ်နေပုံကဖြင့် ကလေးစိတ်မပျောက်ဘဲနဲ့လေ ခက်ပါ့ .. ဇွဲဇွဲ..။





"ကိုယ်တောင်းပန်ပါတယ် ဇွဲဇွဲရယ် ... ကျေနပ်အောင် ကိုယ် ဘာလုပ်ပေးရမလဲသာ ပြောပါ"

"တကယ်လား"

"တကယ်ပေါ့"

"အသံ နဲ့ တစ်ညနေလမ်းလျှောက်ထွက်ရမယ်"

"အတူတူ"

"ဟုတ်တယ်"

"အင်း ... ပြီးတာပဲ"

"ကတိနော် .. မတည်လို့ကတော့ အသံ့ အကြောင်း ကောင်းကောင်းသိစေရမယ်နော်"

"ဟာ!.. ငါ့အစ်ကိုကိုကြုံးဝါးနေတာ ကြောက်စရာကြီးပါလား ခဲတံစက္ကူပုတ်ရဲ့"

"ဘာပြောတယ်!.."

"ဒါနဲ့ မမ Hand Phone ကိုင်လား"

"ဘယ်ကမမလဲ"

"မင်းအန်တီလေးကို ပြောတာလေ"

"ဆရာဝန်ပါဆိုမှ Phone မကိုင်ဘဲရှိမလားကို Beer ဗိုက်ရဲ့"

"ဒါဆိုလည်း နံပါတ်လေးတစ်ဆိတ်လောက်ပြောပါ၊ Please"

"ပြောနိုင်ဘူး"

စလာပါပြီ။ ညီညီနဲ့ကျ သူတစ်ပြန် ကိုယ်တစ်ပြန် အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာဖြစ်ပါလျက် ဒါကိုတော့ စိတ်မကောက်ဘဲ သူ လေသံလေး မာသွားတာကိုမှ ကောက်သတဲ့လေ။ ခေတ်ကာလသမီးပျိုရဲ့စိတ်ကို သူ လိုက်မမီတော့ပါလားနော်။

"ပြောပါကွာ ... မုန့်ဝယ်ကျွေးပါ့မယ်"

"မစားချင်ပါဘူး ... အသံ့ ကို အစ်ကိုကြီး အမြဲကျွေးနေတာကို များ ..."

"ဒါဖြင့် ရုပ်ရှင်လိုက်ပြမယ်ကွာ"

"ပိုတောင်ဝေးသွားသေးတယ်၊ ကြည့်ချင်ရင် အိမ်မှာ Projector နဲ့ ကြည့်နေကျရှင့်"

"ဒါဖြင့်လည်း လိုချင်တာဝယ်ပေးမယ်ကွာ"

"ဟာ စိတ်ရှုပ်လာပြီကွာ၊ ဘယ်လိုဖြစ်နေတာလဲ၊ ဒီနေ့လည်း စိတ်မကြည်လို့ ပန်းမပန်တော့ဘူး အစ်ကိုကြီး၊ နှစ်ပွင့်အကြွေးနော်"

သူဘာမှပြန်မပြောနိုင်မီ ခြေဆောင့်၍ထွက်သွားသည့် သူမနောက် ညီညီ လိုက်သွားတာရော သူမလက်ကို အတင်းဆွဲကာ ကားပေါ် တက်ခိုင်းလိုက်တာကိုပါ မြင်လိုက်ရလေ၏။ ပြောတော့ဖြင့် မမ ဆိုပြီး ခုတော့လည်း ညီမလေးနဲ့ နှစ်ပါးသွားတေးသီပြန်ပါရောလား ညီညီ၊ ရင်မောရပါဘိ။





[ ၁၂ ]

ရုံးခန်းတံခါးကိုဖွင့်ဝင်စဉ် သရဖီက မျက်ရိပ်ပြလိုက်လေ၏။ ဒါဆို သူ ရောက်နေပြီပေါ့လေ။ လက်မှတ်ထိုးစရာရှိတာကို ထိုးပြီး ခုံမှာဝင်ထိုင်စဉ် သရဖီက တိုးတိုးကပ်ပြောလိုက်ပါ၏။

"ဒေါက်တာမြင့်မြတ်ကျော် တစ်ယောက်တော့ ရောက်တာနဲ့ နင့် Duty Roster ကိုတောင်းကြည့်တာတဲ့၊ သတိတာထားပေတော့ စောရေ"

"သူ့ကိုသာသတိထားနေရရင် စောအတွက် ကမ္ဘာလေးက ကျဉ်းသွားမှာပေါ့ သရဖီရဲ့..၊ အနေသာကြီးပါ၊ ပြည့်သူအသစ် ဖြစ်သူ အဟောင်း ဆိုတာ နားထားလိုက်၊ စောသိရိနွယ်တို့ အရင်လို ပျော့ ပျော့လေးနဲ့ နွဲ့နွဲ့လေးမဟုတ်တော့ဘူး Do or Die ပဲ "



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး .. ဒါ Morning Rhythm လား၊ ငါတောင် လန့်လာပြီ"

တံခါးဖွင့်လိုက်သံနှင့် ဝင်လာသည့်ခြေသံတို့ ကြားပေမယ့် မော့မကြည့်ဖြစ် မနေ့က Case တွေကိုလိုအပ်သည့် Remark တွေ ပြန်ဖြည့်ထည့်ရေးတာကိုသာ အာရုံစိုက်နေမိလေ၏။

"အားလုံးပဲ ဒါ ကျွန်တော်တို့ ဆေးရုံကို ပြောင်းလာတဲ့ ဒေါက်တာ မြင့်မြတ်ကျော်ပါ ..၊ မဝါတို့နဲ့ဘွဲ့အတူတူပဲဆိုပါတော့"

"ဟုတ်ကဲ့ပါ ဆရာ"

လက်ထောက်ဆေးရုံအုပ်အသံကြောင့် ဖျတ်ခနဲ ထ,ရပ်လိုက်ရ၏။ ဒေါက်တာဝင်းဝါဖြူနှင့် လက်ဆွဲနှုတ်ဆက်နေသည့် သူ့ကို တစ်ချက်သာကြည့်လိုက်ပြီး ချက်ချင်းပြန်လွှဲလိုက်မိသည်။ စောခံက ထောင့်ဆုံးမို့ သူနဲ့နောက်ဆုံးနှုတ်ဆက်ရမယ့်သူ ဖြစ်နေတာလေ ..။

"ဒါက ဒေါက်တာ နွယ်နွယ်ထွန်း"

"ဒေါက်တာ ထွန်းထွန်းဝင်းပါ"

"ဒေါက်တာ နေမင်းသော်တာပါ"

"ဒေါက်တာ သရဖီဦးပါ"

စောရှေ့တည့်တည့်မှာ ရပ်လိုက်သည့်သူ့ကို ခပ်တည်တည်ပင် ကြည့်လိုက်ပါ၏။ သူ့မျက်ဝန်းမှာစကားတွေ အများကြီးပြောသည့်နှယ် အဓိပ္ပာယ်တွေပေါ်လွင်နေလေသည်။ နှုတ်ခမ်းတွေကတော့





အရင်လို ပြုံးပြုံးပင် ရှိနေဆဲပါပဲ ..။

"ဒါကတော့ ကျွန်တော်တို့ဆေးရုံမှာ အလှဆုံးဘွဲ့ရထားတဲ့ ဒေါက်တာစောသီရိနွယ်ပါပဲ"

"ဆရာကတော့ လုပ်ချလိုက်ပြန်ပါပြီ ... မဟုတ်တာတွေ"

"မှန်တာပြောတာပဲလေ စောသီရိရဲ့ ..၊ မင်းကုတဲ့လူနာတွေက မင်းမျက်နှာမြင်လိုက်တာနဲ့ ဆေးကုစရာတောင်မလိုတော့ဘူးဆိုတဲ့ သတင်းက ဆေးရုံတိုင်းအနှံ့ပျံ့နေတာကွ"

ရယ်သံတွေထွက်လာပါ၏။ သူကမ်းပေးနေသည့်လက်ကို နှုတ်ဆက်ခြင်းမပြုဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။ ရန်သူကို လက်ဆွဲနှုတ်ဆက်ဖို့အတွက် စော အဆင်သင့်မဖြစ်သေးဘူးလေ..။

"ဘာဖြစ်လို့လဲ"

"ဒီဒေါက်တာ့ကို စော သိပြီးသားမို့ပါ။ တကူးတက မိတ်ဆက်စရာမလိုပါဘူး ဆရာရဲ့"

"ဒီလိုလား"

"ကျေးဇူးတင်ပါတယ် စော .. အခုလိုပြန်ဆုံရတာဝမ်းသာပါတယ်"

"စော ကတော့ ဝမ်းမသာဘူးရှင့်"

အားလုံး ပါးစပ်ဟသွားကြသလို သရဖီက စောလက်မောင်းကို အသာညှစ်ကာ သတိပေးလိုက်လေ၏။ ဖြစ်တည်လာသည့် ဒေါသကို အမြန်မျိုချလိုက်ရသည်။ ရင်ထဲမှ အမုန်းတရား...



www.burmeseclassic.com

www.burmeseclassic.com



ကိုလောင်မြိုက်စေလေ၏။ ကြာခဲ့တာမှန်ပေမယ့် ကွဲနေတဲ့အသည်းက အစုမှ ပိုပြီးသွေးစိမ့်ကျလာသည့်နှယ် ခံစားရတာအမှန်ပင်..။

"ကိုယ် စောကို ပြောစရာတွေအများကြီး ရှိနေပါတယ်"

"Sorry ပါ၊ စောမှာ နားထောင်ပေးဖို့ အချိန်မရှိဘူးရှင့်၊ ပြီးတော့ စောနဲ့ ဒေါက်တာကြားမှာ ဘာမှပြောစရာမရှိဘူးလို့ ယူဆထားတာပဲ၊ Duty ဝင်ရတော့မှာမို့ သွားလိုက်ပါဦးမယ်"

ဒုဆေးရုံအုပ်ကို ခေါင်းညွတ်အရိုအသေပြုကာ ထွက်လာခဲ့၏။ လက်ထဲဆုပ်ကိုင်ထားသည့်နားကျပ်က လက်ဝါးမှ ချွေးပင် စိုကုန်လေပြီ။ ရုံးခန်းထဲမှ ဆရာဝန်တွေက အကုန်လုံး အံ့အားသင့်ကုန်ပြီး စောတို့အကြောင်းကို ရိပ်မိကုန်ပြီထင်ပါရဲ့။ အရှက်ဆိုတာ တစ်ခါကွဲတာပဲသင့်တော်ပါတယ် ကျော်။ ဒီလိုပဲအလိမ်ခံရတာလည်း တစ်ခါသာ အကောင်းဆုံးပါ ဒါကို သိပါရဲ့လား။

"စော"

"... ... ..."

"စော ခဏလေး"

Corridor ထောင့်ချိုးအရောက်မှာ အနောက်မှပြေးလာသည့် ခြေသံနှင့်အတူ မီလာလေ၏။ စော Duty က ၁၀ နာရီမှဝင်ရမှာကို သူကြိုသိနေတာကို ဘာကြောင့် မေ့သွားရတာပါလိမ့် ..။

"စော ..."

လက်မောင်းကိုလှမ်းဆွဲလိုက်တာမို့ ရုန်းလိုက်ပါ၏။ ယောကျ်ား





အားကို အံတုဖို့ခက်ခဲလှချည်လား ..။

"ဒါ ဘာလုပ်တာလဲ .. ဖယ်"

"ကိုယ်ပြောတာကို နားထောင်ပေးပါဦး စောရယ်၊ လူတွေရှေ့မှာ ဒေါသဖြစ်တော့ စောကို ဘယ်လိုထင်သွားကြမလဲ ..၊ တွေးကြည့်ဦး"

"ဘယ်လိုထင်ထင် ဂရုစိုက်ရမှာလား ..၊ ရှင့်ကြောင့် ဟိုဆေးရုံကနေ နာမည်ပျက်ပြီး ပြောင်းလာခဲ့ရတဲ့လူကို ဒီအထိလိုက်ပြီး အရှက်ခွဲဖို့ပြင်တာလား ဒေါက်တာမြင့်မြတ်ကျော်"

"စော ... ကိုယ်တောင်းပန်ခွင့်ရပါရစေ၊ ကိုယ့်ကို နည်းနည်းတော့ အချိန်ပေးပါ"

"တောင်းပန်ချင်လို့ ဟုတ်လား"

"ဟုတ်တယ်"

"အတော်လေးတရားတာပါလား ဒေါက်တာရဲ့ ..၊ ရှင်လုပ်ခဲ့တဲ့ အမှားက တောင်းပန်ရုံနဲ့ခွင့်လွှတ်ဖို့လွယ်မယ်လို့များ ရှင်ထင်နေသလား"

"စော .."

"ရှင့်ကိုယ်ရှင် ဒီဘဝမှာ သတ်ပြီးသေပြရင်တောင် လုံးဝခွင့်မလွှတ်ဘူး၊ အဲဒါ ကျွန်မတစ်ယောက်တည်းအတွက် ပြောတယ်မထင်နဲ့ ၊ ကျွန်မလိုရင်ကွဲပြီး ဒုက္ခိတတစ်ပိုင်းဖြစ် ဘဝသေသွားရတဲ့ ကိုဘုန်းမြင့်မိုရ် အတွက်ပါ ပါတယ်ဆိုတာ ရှင် မြဲမြဲမှတ်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ရှင့်လက်ကို ခု ဖယ်လိုက်ပါ၊ ဂုဏ်သိက္ခာတည် သစ္စာမရှိတဲ့လူရဲ့ အသားနဲ့ထိတာ ကျွန်မ အသနမခံနိုင်ဘူး"

လက်တွေ အလိုလိုပြုတ်ကျသွားပါ၏။ ဒီထက်ပိုပြီးပြင်းထန်တဲ့ စကားမျိုးနဲ့ ပက်ပက်စက်စက်ပြောလိုက်ချင်ပါရဲ့။ သို့သော် စောက ရှင့်သီးရိုင်းစိုင်းတဲ့ အမျိုးအနွယ်ထဲက ပေါက်ဖွားရှင်သန်လာတဲ့လူမှ မဟုတ်တာလေ ..။

"တောက်! စောစောစီးစီး ဒေါသက ဖြစ်ရတယ်လို့"

လှေကားထစ်တွေကို အငြိုးတကြီးဆောင့်နင်းခဲ့မိ၏။ အိမ်မှာ အသံလေး စိတ်ဆိုးတိုင်း ဤသို့ခြေဆောင့်တတ်တာ သတိရမိသွားပါသည်။ ဒီလိုလုပ်တာ ရင်ထဲမှာ နည်းနည်းတော့ အေးသွားသားပဲ။

အချစ်ဆိုတာကို ဘဝမှာတစ်ကြိမ်သာကြုံတွေ့ခဲ့ရတာပါ။ အရူးအမူးပျော်ရွှင်ခဲ့ဖူးပါတယ်။ သူမတူတဲ့ ကြည်နူးမှုတွေကိုလည်း ခံစားခဲ့ရတာ အမှန်ပါပဲ၊ စွန်းထင်းခဲ့ဖူးတဲ့ ပါးပြင်ထက်က အနမ်းခြေရာတွေထက်မှာ မျက်ရည်စက်တွေ ကျန်ရစ်ခဲ့လိမ့်မယ်လို့ သဲ သယမြူမှုန်တစ်ခုမှ မမြင်ခဲ့တာလေ ..။

ရက်စက်တယ်ဆိုတာ လှပတဲ့စကားလုံးတစ်ခုမှမဟုတ်တာပဲ။ အဖတ်ဆည်မရအောင်ကျခဲ့ရတဲ့ ဂုဏ်သိက္ခာနောက်ပါးမှာ စောရဲ့ နာမည်ပါ နစ်မြုပ်ကျရှုံးခဲ့ရတာလေ။ ယှဉ်ရွေးခံလိုက်ရတာနဲ့တင် စော ဘက်က အများကြီးနစ်နာခဲ့တာကို ကျော် မမြင်ခဲ့တာလား..။

ဘာများသာနေလို့လဲ။ အနုပညာပန်းတစ်ပွင့်အဖြစ် နာမည်





ထင်ပေါ်တာကိုပဲ အထင်ကြီးခဲ့တာပေါ့လေ။ အလှပေါ်အယဉ်ဆင့်လို့ စော ကိုချစ်ခဲ့မိတာပါဆို။ 1[st] MB မှာ Star တစ်ပွင့်ဖြစ်ခဲ့လို့ပဲ တမင်ချိုးချင်တာများလား။ ဒါဆိုရင်လည်း House မဆင်းခင် လက်တွဲဖြုတ်ခဲ့ရောပေါ့၊ ရည်မှန်းချက်အတူတူ ဘွဲ့လွန်ကိုတောင် ယူဖြစ်ခဲ့သေးတာ..၊ စေ့စပ်ဖို့စိတ်ကူးတွေယဉ်ပြီး ဝတ်စုံချုပ်ဖို့ ပိတ်စတွေတောင်လိုက်ကြည့်ခဲ့တာကို သတိရတိုင်း ပြန်ရှက်လို့မဆုံးပါဘူး၊ စောရဲ့အတိတ်ကို ခါးလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့တာလေ ...။

လှေကားအောက်မှာရှိသည့် Store ခန်းတံခါးကို အသာတွန်းဖွင့်၍ ပင်လိုက်မိ၏။ ဒီအခန်းထဲမှာ ခုံတွေ စားပွဲတွေ အပိုပစ္စည်းတွေကို သိမ်းတာမို့ မီးမှိန်မှိန်သာထွန်းထားပါသည်။ တံခါးကို မှီရပ်ရင်း မျက်ရည်ပေါက်ပေါက်က ပါးပြင်ထက် စီးကျသွားလေ၏။

အချစ်ကြီးချစ်ခဲ့မိတဲ့အတွက် နောင်တ က ရင်တွင်းမှာ ဖြစ်တည်၏။ ကိုကိုနဲ့မမသာ အောက်မှာဖေးမကူညီမှုသာ မလုပ်ပေးခဲ့ရင် စော ခန္ဓာကိုယ်ကို မတ်မတ်ပင်ရပ်နိုင်မည် မထင်ပါချေ။ အလှည့်ဆိုတာ ဘယ်တော့မှရှိလာနိုင်မှာလဲ ..၊ သူ့ကိုပြန်ပြီး ပြုံးပြမယ့်မဲ့ပြုံးမျိုးနဲ့ အနိုင်လေး တစ်ခါတော့ပိုင်းပါရစေလား လောကကြီးရယ် ..။



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးထားတာတွေကုန်မှ သက်ပြင်းရှိုက်လျက် ခေါင်းကို ဟိုဒီလှည့်ကာ ချိုးလိုက်မိ၏။ သူ့ Secretary မိုးသားဖြူက ပြုံးစိစိဖြစ်သွားတာမို့ လက်သီးထောင်ပြလိုက်ပါသည်။ ကိုကိုကြီး ခန့်ထားပေးခဲ့ တဲ့ Staff မို့ သူ အခက်အခဲမရှိ အဆင်ပြေသွားကာ အကူအညီလည်း အများကြီးရတာလေ ..။

"ဘာပြုံးတာလဲ"

"MD ဆို တစ်ခါမှ အဲဒီလိုကျောဆန့်လက်ဆန့် မလုပ်ဘူး။ GM က တကယ်ထူးဆန်းဘယ်"

"ကျွန်တော်က ဆန်းတာမဟုတ်ဘူး မမိုးရဲ့ ...၊ ခင်ဗျားတို့ MD ကမှ ဆန်းတာ"

"ဒီလကုန် Meeting မှပဲ တစ်ခါဆုံရဦးမှာပေါ့လေ"

"ဘာလဲ .. လွမ်းလွန်းလှပြီဆိုတဲ့သဘောလား"

"လွမ်းတာပေါ့၊ မိုးတို့ Staff တွေအားလုံး MD ကို ရှိသေ လေးစားတာ GM ရဲ့ ..၊ MD နဲ့ အလုပ်အတူ စ,လုပ်တုန်းကများ မျက်လုံးပြူးလျှာထွက် အသက်ရှူရပ်မတတ် အလုပ်လုပ်ခဲ့ရတာ





နောက်က ကျားလိုက်သလိုမျိုး အပြေးအလွှားပဲ၊ ပျော်ဖို့လဲကောင်းတယ် မောလည်းမောတယ်"

"ပျော်မောကြီးပေါ့လေ"

ရယ်လိုက်မိကြ၏။ ကိုကိုကြီးရှေ့မှာ ဒီလို တရင်းတနှီးစကားတွေပြောပြီး ရယ်မောခွင့်ရခဲ့ရဲ့လား မသိပါလေ။ သူကတော့ လူကြီးလိုနေရပေမယ့် သူငယ်ချင်းလိုပင် ပွင့်ပွင့်လင်းလင်း ပြောတတ်ဆိုတတ်တာပါပဲ။

"ကိုကိုကြီးနဲ့ အလုပ်လုပ်ရတာ လွတ်လပ်ရဲ့လား"

"စိတ်ကျဉ်းကျဉ်းတာမျိုးတော့မဖြစ်ပါဘူး။ ဒါပေမယ့် အမြဲတမ်း သတိအနေအထားမျိုးနဲ့တော့နေဖြစ်တဲ့အကျင့်တော့ ရသွားတာ အမှန်ပဲ..၊ ဒီအချိန် ကော်ဖီ၊ ဒီအချိန် ရေ၊ ဒီအချိန် နားတယ်ဆိုတာကို တစ်ပတ်တည်းနဲ့သိအောင် သင်ပေးသွားတာ၊ အလုပ်ကို လောဘကြီးတတ်အောင်၊ အချိန်ကိုလေးစားပြီး တန်ဖိုးထားတတ်အောင် သူ ပြပေးလို့ မိုးတို့တွေ ပေါက်သွားကြတာလေ၊ ညနေ(၅)နာရီ အလုပ်ဆင်းချိန်ဆိုတာကို မေ့လျော့တဲ့အထိ အလုပ်ထဲ စိတ်နစ်နေအောင် Lesson ကောင်း ကောင်းကြီးသင်ပေးတာကို ဒီနေ့ထိ မိုးတို့ မမေ့ဘူး"

"ဒါဆို ကိုကိုကြီးကို ခင်ဗျားတို့အားလုံး ချစ်ကြတယ်ပေါ့လေ"

"ချစ်ကြောက်ရှိသေပေါ့ GM ရဲ့"

"ဒါဖြင့် ကျွန်တော်ကရော ..."

"GM က ဘယ်လိုပဲ လူကြီးပုံဖမ်းဖမ်း ကလေးဆန်တဲ့ Style



www.burmeseclassic.com

www.burmeseclassic.com



က ပျောက်မှမပျောက်ဘဲ"

"ဟောဗျာ ..."

"မန်နေဂျာ ကိုကျော်မြင့်တို့အုပ်စုဆို Meeting ပြီးတိုင်း ဝေဖန်ကြတယ်"

"ဘာတဲ့လဲ"

"MD ရဲ့ညီက MD ခြေဖျားကို မမီနိုင်ဘူးတဲ့"

"အားရပါးရပါပဲလား"

သူ နှာခေါင်းရှုံ့၍ရယ်တော့ မိုးသားဖြူပါ လိုက်ရယ်လေ၏။ ကိုကိုကြီးက ကိုကိုကြီးပါပဲ။ သူ့ထက်(၁၀)နှစ်ကျော် ထမင်းအရင်စားခဲ့တဲ့ လူရဲ့ဦးနှောက်ကို ဘယ်လိုများမီအောင်လိုက်ပြီး ကျော်ခွင့်ရနိုင်ပါ့မလဲ..။

"ခင်ဗျားတို့က ကိုကိုကြီးကို ပိုပြီးသဘောကျကြတယ်ပေါ့လေ"

"ဟုတ်တယ်၊ ဒါပေမယ့် GM ဆီမှာ MD နဲ့တူတဲ့အချက်တော့ရှိတယ်"

"ဘာလဲ"

"ဝန်ထမ်းတွေကို ပွင့်ပွင့်လင်းလင်းနဲ့ ဘွင်းဘွင်းရှင်းရှင်း ပြောတတ်တာလေ"

"ဩော် ..."

"ကွာခြားချက်ကတော့ မကျေနပ်ရင် GM က လူကြားထဲမှာ ချက် ချင်းပြောတတ်တယ်။ MD ကျတော့ သူ့ရုံးခန်းထဲခေါ်ပြီး





နားရော ဖင်ပါ ပူအောင် တညောင်းကြီးပြောတတ်တာပဲ"

သူ တဟားဟားအော်ရယ်လိုက်မိ၏။ ညီအစ်ကိုနှစ်ယောက်ပေမယ့် ကွာခြားချက်တော့ရှိတာပါပဲ။ သူလည်း ကိုကိုကြီးကို စ၊ နောက်လေ့ရှိပေမယ့် ကိုကိုကြီး ဒေါသထွက်လာရင်တော့ အင်မတန်ကြောက်တတ်သည်လေ ..။

"GM က အသက်ငယ်တော့ ကိုယ့်ကိုယ်ကို ကျွန်တော်လို့ အမြဲသုံးတယ်။ ဒေါသမကြီးဘူး။ MD က ဒေါသဖြစ်ရင် ငါတွေ ဘာတွေနဲ့ ကြုံးအော်တော့တာပဲ"

"ဟုတ်ပါပြီ၊ အိမ်ကျရင် ဒီနေ့ အတင်းအုပ်သမျှ ကိုကိုကြီးကို ပြန်တိုင်မှာပဲ"

"မိုးက မှန်တာပြောလို့ မကြောက်ပေါင်ရှင်"

မိုးသားဖြူက ခပ်ပြုံးပြုံးဖြင့်ပြောလိုက်တာကြောင့် သူ ပြုံးလိုက်ပြီး ထမင်းစားချိန်မို့ ရုံးခန်းထဲမှထွက်ခဲ့ပါ၏။ မနက်က ဟိုချာတိတ်မဆီက မရမကတောင်းခဲ့သည့် Phone နံပါတ်ကို လမ်းလျှောက်လာရင်း နှိပ်လိုက်မိသည်။ မမ ဘာလုပ်နေမလဲဟင်။

ထမင်းစားချိန်ဖြစ်နေပြီမို့ အပေါ်ထပ်မှ ထမင်းချိုင့်ယူရန်တက်လာခဲ့ပါ၏။ Phone မြည်သံကြောင့် Duty Coat အိတ်ထဲမှ Phone ကိုယူကာဖွင့်လိုက်ပါ၏။ တစ်ခါမှမမြင်ဘူးသေးတဲ့ Hand Phone နံပါတ်ဖြစ်နေပါလား။ ဘယ်သူများပါလိမ့် ...။

"ဟယ်လို ..."



www.burmeseclassic.com

www.burmeseclassic.com



"မမလား ... ကျွန်တော်ပါ ကောင်း ..."

"ဟင် ..."

အလို!..၊ မနေ့ကပဲ မြင်ဖူးလိုက်သည့်ကောင်လေးက Phone ပါ ဆက်နေပါရောလား။ ဘယ်ကနေဘယ်လိုနံပါတ် ရသွားတာပါ လိမ့်။ မိအသံ ဒင်းတော့ နှုတ်မလုံဘဲလျှောက်ပြောပြန်ပြီထင်ပါရဲ့။

"မမ ဘာလုပ်နေလဲဟင်"

"ဘာလုပ်နေလဲဆိုတော့ Phone ပြောနေတယ်"

"အာ ... မမနောက်တတ်တာပဲ"

"မှန်တာပြောတာပဲလေ၊ Phone နံပါတ် ဘယ်ကရာတာလဲ"

"ဟဲ .. ဟဲ ဒီလိုပဲ ကြံဖန်ရတာပေါ့ မမရဲ့"

"အသံနဲ့ ဘာအပေးအယူလုပ်ပြီး ယူထားတာလဲ"

"အင်း ... ကြေးက သိပ်မများပါဘူး၊ ဒီ Sunday မှာ သူလိုချင်တာ လိုက်ဝယ်ပေးရုံပါပဲ"

"Date လိုက်တာပေါ့လေ"

"အား ... အထင်မလွဲလိုက်ပါနဲ့ မမရဲ့ ...၊ ကလေး ပူဆာရင် လူကြီးက လိုက်ဝယ်ပေးရတာလေ"

ကလေးတဲ့ ...၊ ကိုဘုန်းမြင့်မိုရ်ရော အသံ့ ကို ဒီလိုပဲခေါ်လေသလား၊ အပြစ်ကင်းတဲ့အရွယ်လေးမို့ ရဲတင်းပေမယ့် အသံက လူချစ်လူခင်ပေါတဲ့ ကလေးတစ်ယောက်ပါပဲ။

"တော်တော်အလိုလိုက်ကြတယ်ပေါ့လေ ..၊ အစ်ကိုက ပန်း





ပေးလို့ပေး ၊ ညီက လိုချင်တာဝယ်ပေးနဲ့ စော တူမကို အကျင့်ဖိုင်းဖျက်နေကြတာပဲ"

"အဲဒါတော့ မမ မှားသွားပြီ ..၊ ကျွန်တော်က ဒီတစ်ခါပဲ ပေးမယ် ပြောသေးတာဗျ၊ မမ ဆူချင်ရင် ကိုကိုကြီးကို ဆူရမှာ၊ သူလုပ်လို့ မမတူမ ပန်းသာရဲဖြစ်တာ၊ ဗိုလ်ကျလိုက်တာလည်း မပြောပါနဲ့၊ ဒီမနက်လည်း လူကြီးကို အကြောင်းသိမယ်ဆိုပြီး လာကြုံးဝါးသွားသေးတာဗျ"

"ကြည့်စမ်း!.. လူကြီးကို မရိုမသေနဲ့ပြောသွားတာပေါ့လေ၊ ဒီကလေးမလေးတော့ ..."

"ပြန်ရင် ဆူဦးမလို့လား .. ဒါဆိုရင်တော့ ကျွန်တော် နာပြီ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ မမရဲ့ ..၊ သူ့ကို ကလေးဆိုပြီး တစ်အိမ်လုံးရှိုင်းဆူကြတာကို အမြဲခံရလို့ဆိုပြီးပြောတာ ငိုသံတောင်ပါနေတယ်၊ ကိုကိုကြီးခမျာ ဘာလုပ်ရမှန်းမသိ မျက်နှာကိုင်ယ်ရော၊ အဲဒါ မမတို့ တစ်ခါဆူရင် သူက ကိုကိုကြီးဆီ တစ်ခါလာငိုနဲ့ ကြာရင် ကိုကိုကြီး ဒုက္ခဖြစ်မှာ သေချာတယ်"

သူ့ကိုသွားပြီးရင်ဖွင့်တာတဲ့လား ..၊ သူလည်း အသံ ပြောသမျှ ရင်ဖွင့်သမျှကို နားထောင်ပေးတာပဲလား။ အံ့ဩဖွယ်ကောင်းလေစွ။ အဲဒီအရွယ်မှာ စောက ဘာမဆို လျှို့ဝှက်မျိုသိပ်ထားနေတတ်ခဲ့တာလေ။

"အခုမှ သတိထားမိတယ်၊ မမ စကားပြောတာ ငိုသံများပါနေ



www.burmeseclassic.com

www.burmeseclassic.com



သလားလို့ ...၊ ငိုများငိုထားတာလား မမ"

"ဟင် ..."

လန့်သွားရပါ၏။ Phone ထဲမှာစကားတစ်ခါမှ မပြောဖူးပေမယ့် ဘယ်လိုများသိနေတာပါလိမ့် ..။ သတိထားပြီးပြောနေပေမယ့် သက်ပြင်းအချမှာ ခပ်သဲ့သဲ့လေးပါသွားသံကို ဒီကောင်လေး သိနေသတဲ့လေ ..။

"စိတ်ညစ်စရာရှိလို့လား"

"မရှိပါဘူး"

"ဒါဆို ဘာလို့ငိုမိလဲ"

"မင်း မသိပါဘူး"

"သိအောင်ပြောပြရင် သိရမှာပေါ့မမရဲ့ ... မဟုတ်ဘူးလား"

"ဗိုက်ဆာနေပြီ၊ ဒါပဲနော်"

Phone ကို ပိတ်လိုက်ပြီး ငိုင်သွားရပါ၏။

အချစ်ဦးဆိုတာ ဘဝမှာ အမြဲအမှတ်တရရနေတတ်တဲ့ လူ တစ်ယောက်တဲ့ ..။ ဒါပေမယ့် ကျော့်ကို မမေ့နိုင်ဘဲ သတိတရရှိနေတာ မျိုးမှမဟုတ်တာ။ ဒါကို စောကိုယ်တိုင်သာ သိတာလေ ...။

ကိုယ့်ရင်တစ်ခုလုံးကို ကြေမွစေခဲ့တဲ့လူကို အချစ်ဆိုတာ တစ်စက်လေးမျှမကြွင်းကျန်တော့တာမှန်း ဒင်းကိုသိစေချင်ရဲ့..။





[ ၁၃ ]

"ဒေါက်တာ စောသီရိနွယ် ရှိပါသလား ခင်ဗျာ"

ရုံးခန်းတံခါးကို လာခေါက်၍ မေးနေသည့် လူနှစ်ယောက်ကြောင့် အမြန်မတ်တတ်ရပ်လိုက်ရပါ၏။

"ကျွန်မပါ ... ဘာကိစ္စနဲ့များ ..."

"ဒါလေးကိုလက်ခံပြီး ဒီနေရာမှာ လက်မှတ်ရေးထိုးပေးပါ ခင်ဗျာ"

"ဟယ်! ..."

နှင်းဆီနီတွေ ဖွေးနေအောင်ထည့်ထားသည့် ပန်းခြင်းကြီးက စော စားပွဲထက်ပေါ်ရောက်လာလေ၏။ ထမင်းစားပြီးချိန်လေးပဲ ရှိသေးတာမို့ ရုံးခန်းထဲ လူစုံနေသေးလေသည်။ ဒါ ဘယ်သူပို့လိုက်တာတဲ့လဲ..။



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးပေးလိုက်ကာ ပန်းခြင်းမှ တစ်ခုခုများ တွေ့လို တွေ့ငြားရှာပါသော်လဲ ခည်ဘာည့်ကတ်မှ မတွေ့ရပါချေ။

"ဓာတ်လမ်းကတော့ စပြီ ခုစာရေ ... ဒါက ပထမဦးဆုံး Apology Gift လို့ ယူဆရမှာပဲ ..."

နှုတ်ခမ်းကိုကိုက်လိုက်မိ၏။ ပန်းမကြိုက်တဲ့မိန်းမမှန်း သိသိကြီးနဲ့ ဒါကိုပို့ရဲတယ်ပေါ့။ တွေ့ကြသေးတာပေါ့ ဒေါက်တာမြင့်မြတ်ကျော်။

"သူ အခု ဘယ်မှာရှိနိုင်မလဲ"

"နားနေခန်းထဲမှာပဲ ရှိဦးမှာပေါ့ စောရဲ့.. ခုနကမှ Operation Theatre ထဲကထွက်ဘဲ့ဟာ ... ပဲ့!.."

စိတ်မြန်သူပီပီ ပန်းခြင်းကို ဖျတ်ခနဲကောက်ဆွဲကာထွက်လာခဲ့၏။ သရဖို့ တားသံက ရုံးခန်းထဲတိုးသဲ့သဲ့ကျန်ရစ်ခဲ့လေသည်။ လူကို ကစားစရာများထင်နေသလား ...။ ဒေါသက ရင်ထဲမှာ ဆူပွက်လာလေသည်။

Corridor ထောင့်ကိုချိုးချလိုက်ပြီး နားနေခန်း Lock ကို ဆွဲဖွင့်ကာ တွန်းဝင်လိုက်၏။ Sofa ထက်မှာမှီလျက် မျက်လုံးမှိတ်နားနေသည့် သူ့ပေါင်ပေါ်သို့ ပန်းခြင်းကို ဇစ်ချပေးလိုက်ပါသည်။

"ဟာ... လန့်လိုက်တာ စောရယ်"

"ဒါက ဘာသဘောလဲ"

"ဘာကိုလဲ စောရဲ့"





"အဲဒီ ပန်းခြင်းလေ"

"ဘာလဲ ... ကိုယ် မသိဘူးနော်"

"ရှင် တခြားလူတွေကိုသာ ညာလို့ရရင်ရမယ်။ ကျွန်မကိုတော့ ရှင် ညာလို့မရဘူးမှတ်၊ ရှင် မပို့လို့ ဘယ်သူက ပို့မှာလဲ၊ ကျွန်မကို ကစားစရာထင်နေလား"

သူက ပန်းခြင်းကို ဘေးခုံပေါ်တင်လိုက်ပြီး ခပ်သဲ့သဲ့ရယ်မောလိုက်လေ၏။ ခုံမှလည်း ဖြည်းဖြည်းချင်းထရပ်လိုက်ပါသည်။

"Relax ! စော ... easy"

"ရှင့်အကြံအစည်တွေကို ရပ်တန့်ကရပ်ပါတော့ ဒေါက်တာ"

"Request လား ... Order လား စော"

"မြင့်မြတ်ကျော်"

"Ok ! ကိုယ်တို့ဆွေးနွေးကြတာပေါ့ ... စောကို အခုလို ပန်းခြင်းတွေလက်ဆောင်တွေပို့တဲ့သူ ရှိမနေသေးတဲ့အတွက် ကိုယ် ဝမ်းသာပါတယ် ... Thank ပါ"

"ဘာ ..."

"ကိုယ် ပိုးသီရိနဲ့ Divoce လုပ်လိုက်ပြီဆိုတာကို ပထမဆုံး ပြောပါရစေ"

"နင် ... နင် ..."

ယိုင်သွားသည့် ခန္ဓာကိုယ်ကြောင့် စားပွဲကိုလက်လှမ်းထောက်လျက် ထိန်းလိုက်ရပါ၏။ ဘုရားရေ!... သူ ကွာရှင်းပြီးပြီတဲ့လား



www.burmeseclassic.com

www.burmeseclassic.com



မြန်လိုက်တာ အိမ်ထောင်တစ်ခုကို ဒီလိုပဲ ဖျက်ပစ်ဖို့လွယ်သတဲ့လေ..။

"နင် အတော့်ကိုကြောက်စရာကောင်းဘဲ့လူပါလား"

"စော ဝေဖန်ရင်လည်း ကိုယ်ခံရမှာပဲလေ ..၊ ကိုယ်က အသွင်မတူတဲ့လူကိုမှ ရွေးချယ်ခဲမိတာကိုး၊ နောင်တဆိုတာ နောက်ကျပြီးမှ ရတဲ့အရာ ဆိုတာကို"

"မကြားချင်ဘူး"

ကြုံးအော်လိုက်မိ၏။ မိန်းမတစ်ယောက်ရှေ့မှာ သူ့အိမ်ထောင်ရေး မကောင်းဘူးဆိုပြီး ညည်းညူပြတဲ့ယောကျ်ားတစ်ယောက်ဟာ အဲဒီမိန်းမကို သိပ်မကြာခင်ဖွင့်ပြောဖို့ ပြင်ဆင်တာပဲတဲ့..၊ အဲဒီအဆိုခုတော့ မှန်နေပြီထင်ပါရဲ့ ..။

"စော ..."

လက်မောင်းနှစ်ဖက်ကို ဆွဲယူလိုက်တာကြောင့် လန့်ဖျပ်သွားရပါ၏။ အရင်တုန်းက သူ ဒီလိုလက်ရဲဇက်ရဲရှိခဲ့ဖူးတာမှ မဟုတ်တာလေ..။

"ဘာလုပ်တာလဲ!... ဖယ်"

"ကိုယ် တောင်းပန်ပါတယ်၊ ကိုယ်မှားခဲ့မိတဲ့အပြစ်တွေအတွက် တကယ့်ကို လှိုက်လှိုက်လှဲလှဲနဲ့တောင်းပန်းနေတာပါ၊ ကိုယ် ဘယ်လိုတောင်းပန်မှ စော ခွင့်လွှတ်ပေးမှာလဲ ... ပြောပါဦး"

"ဘယ်တော့မှ ခွင့်မလွှတ်ဘူး ... နင့်ကို ငါပြောထားပြီးသား နင့်ကိုယ်နင် သတ်ပြီးသေပြရင်တောင် ခွင့်မလွှတ်ဘူးလို့!"





"ညာတာ ... စော ညာပြောနေတာပဲ၊ ခုချိန်ထိ စောရဲ့ဘေးနားမှာ ဘယ်သူမှရှိမနေတာ စောရင်ထဲမှာ ကိုယ်ရှိနေတုန်းလို့ သိစေနိုင်တာလေ... ဝန်ခံလိုက်စမ်းပါ ... မင်း ကိုယ့်ကိုချစ်နေတုန်းပဲလို့"

"ကဲ !..."

သူ မျက်နှာလည်သွားပါ၏။ လက်ဝါးပြင်မှ စပ်ဖျဉ်းဖျဉ်းဖြစ်သွားတဲ့ထက် ရင်ထဲမှာပိုပြီးနာကျင်ရတာ အမှန်ပါလေ။ ပြောရက်လိုက်တာ တစ်ယောက်တည်းဖြစ်နေတာနဲ့ပဲ သူ့ကိုစောင့်နေတယ်လို့ ထင်ရက်တယ်လို့ တော်တော့်ကိုအတ္တကြီးတဲ့လူပါပဲလား ..။

"မင်း ... မင်း ကိုယ့်ကိုရိုက်တယ်"

"ဟုတ်တယ် ... မိန်းမတစ်ယောက်ကို ကြိုက်တုန်းကကြိုက်ပြီး လက်ထပ်ဖို့ကတိပျက်ခဲ့တဲ့လူကို ငါက ဘာအကြောင်းနဲ့များစောင့်နေရမှာလဲ..၊ နင့်ကိုယ်နင် သိပ်အထင်ကြီးမနေနဲ့ မြင့်မြတ်ကျော်..။ အိမ်ထောင်တစ်ခုကို စိတ်ကြိုက်ထူထောင်ပြီး မိန်းမရဲ့သိက္ခာကိုမငဲ့ဘဲ ကွာရှင်းတဲ့အထိ ..."

"တော်တော့"

"မတော်နိုင်ဘူး၊ ခုမှ ဘာလို့နောင်တစကားတွေနဲ့ လာတောင်းပန်နေတာလဲ..၊ အစကတည်းက နင်ချစ်လို့ဆိုပြီး ပိုးသီရိနဲ့ယူသွားတာလေ..၊ ငါ ဘယ်လောက်အရှက်ရခဲ့တယ်ထင်သလဲ၊ ဆေးရုံမှာ ငါ့မျက်နှာပြဖို့ မရဲတော့လို့ ဒီကိုပြောင်းလာခဲ့ရတာ နင် အခုဒီထိလိုက်ပြီး..."



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ပါတယ်၊ ကိုယ် အနူးအညွှတ်တောင်းပန်နေတာပါ စောရယ်"

"နှင် ..."

သူ့ရင်ခွင်ကျယ်ထဲရောက်သွားတာကြောင့် အားကုန်ရှန်းလိုက်မိပါ၏။ စော ပခုံးထက် သူ့ခေါင်းတင်ကာ ငြိမ်သက်နေသည့်ကြားမှ ရုန်းထွက်ခွင့်မရ။ ဘာတွေဖြစ်ကုန်ပြီလဲ ..၊ စောလိုချင်တာ ဒါမျိုးမှမဟုတ်တာလေ။ သူနဲ့စောက ကမ္ဘာကြီးခြားပြီး အဝေးမှာရှိနေခဲ့တာပါ။

"နှင် ဖယ်နော်"

"ခဏလေးပါ ... ဒီလိုလေးခဏလောက်နေပါရစေ စောရယ်"

"မြင့်မြတ်ကျော် .... နှင် ..."

"ပျော်မယ်ထင်ပြီး ခုန်ချခဲ့ရတဲ့ နွံထဲကရုန်းလာခဲ့ရတဲ့ ကိုယ့်ကို ကယ်တင်မှုမပေးချင်ဘူးလား၊ အရင်တုန်းကတော့ ကိုယ့်ပခုံးကို မှီခွင့်ရချိန် လောကကြီးတစ်ခုလုံး ပြည့်စုံသွားတယ်ဆိုတဲ့ စကားမျိုး ကြားချင်လိုက်တာ စောရယ်"

ဘုရားရေ!..၊ ဒါ သိမ်းသွင်းဖြားယောင်းတဲ့ စကားလုံးတွေပါပဲလား၊ တစ်ခုလပ်ဘဝရောက်တော့မှ စောရင်ခွင်မှာ ခိုခွင့်ရချင်တာ တော်တော်တရားမျှတမှုရှိပါလား မြင့်မြတ်ကျော် ..၊ ငါက နှင်လိုချင်တဲ့အချိန်မှာ အဆင်သင့်ယူသောက်လို့ရနိုင်တဲ့ ရေသန့်ဘူးလေး မဟုတ်တာကို နှင် သိသင့်ပါတယ်။

"ဖယ်တော့နော် .. နှင် ..."





"ဒေါက်တာ ... ဆေးရုံအုပ်ကြီးက ... အို! Sorry"

Nurse [illegible] မျက်လုံးပြူးကာ ပါးစပ်ကို လက်ဖြင့်ပိတ်လိုက်လေ၏။ နားနေခန်းတွင်းမှာ ဆရာဝန်နှစ်ယောက် ပူးပူးကပ်ကပ်ဖြစ်နေချိန်နဲ့မှ တည့်တည့်ကြီးလာတိုးရတယ်လို့ ..။

"မာလာကတော့ကွာ ... အရေးကောင်း ဂိန့်ခေါင်းဖျက်ပဲ"

"Sorry ဒေါက်တာ ... ဆေးရုံအုပ်ကြီးက ဆွေးနွေးစရာရှိလို့ သွားခေါ်ခိုင်းလို့ .. အဲဒါ .. မာလာ တောင်းပန်ပါတယ်"

ခေါင်းညွှတ်ပြ၍ ထွက်သွားကာ တံခါးကိုပြန်ပိတ်သွားလေမှ သူ့လက်များအတွင်းမှရုန်းထွက်လိုက်ရပါ၏။ သွားပါပြီ .. တစ်မျိုးတစ်မည်ထင်သွားရင်တော့ စောတော့ နာမည်ထပ်ပျက်ရဦးတော့မှာပါလား။ သူ တမင် ဒီလိုလုပ်ကြံတာ ဖြစ်နိုင်တာပဲ ..။

"နှင် ... နှင် ... ငါကို ..."

"ဘာလဲ ..၊ လူတွေသိကုန်မှာစိုးရိမ်နေတာလား စော၊ "ချော်လဲရောထိုင်" ဆိုတဲ့စကားက ရှိနေပြီးသားပဲဟာ ..၊ ကိုယ်တို့အကြောင်းတွေ နောက်တစ်ကြိမ်ထပ်ပြောကြလည်း ..."

"လူယုတ်မာ!"

နောက်ထပ်တစ်ကြိမ်မြှောက်တက်လာသည့် လက်ကို ဆွဲဖမ်းခံလိုက်ရလေ၏။ သူ့မျက်နှာထက်မှ မဲ့ပြုံးက စောရင်ကို ပိုပြီး ထိခိုက်စေလေသည်။ ဒင်း ... လုပ်ချင်တိုင်းလုပ်ရဲနေပါရောလား..။

"ကိုယ့်ပါးက မင်းရိုက်ဖို့မှမဟုတ်ဘဲ စော ရဲ...၊ ကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



ရချင်တဲ့လူကို မနာကျင်စေပါနဲ့တော့ .. ဟုတ်ပြီလား"

"တောက်! ..."

လက်ကိုရုန်း၍ အခန်းထဲမှထွက်ခဲ့ပါ၏။ မုန်းလိုက်တာ မုန်းဖို့ကောင်းတာအမှန်ပဲ ..၊ သူ ဒီလိုလက်ရဲလိမ့်မယ်လို့ စော လုံးဝထင်မထားတာလေ။ ကိုယ့်ကိုယ်ကို ဒေါသထွက်နေတာကြောင့် ရှေ့တည့်တည့်မှ လျှောက်လာနေသည့် လူတစ်စုကို သတိပင်မထားမိလေခဲ့။

"စော ... ညီမလေး"

"ဟင် ..."

ဖျတ်ခနဲမော့ကြည့်လိုက်စဉ် ဆေးရုံအုပ်ကြီးနှင့်အတူ လျှောက်လာနေသည့် ကိုကို့ကိုမြင်လိုက်ရလေ၏။ စောနောက်မှတံခါးဖွင့်၍ ထွက်လာသည့် သူ့ကိုတွေ့လိုက်ရစဉ် အားလုံးမျက်နှာထက် အံ့ဩ ရိပ်ထင်သွားသလို စော မျက်နှာပြင်မရအောင်ပျက်လေပြီ။ ကျော် မထင်မှတ်တဲ့နေရာမှာ အမှတ်တမဲ့တွေ့လိုက်ရုံနဲ့ ပြဿနာတွေ ရှင်း မရအောင်ရှုပ်တတ်တယ်ဆိုတာကို နင်သိသိကြီးနဲ့ ဒီလိုဖြစ်အောင် လုပ်ရတယ်လို့...။

"ဆရာကြီး ခေါ်တယ်ဆို"

"ဩော် ... ဟုတ်တယ် ဒေါက်တာ၊ ကျွန်တော့်ရုံးခန်းကိုပဲ လိုက်ခဲ့ပါ"

"ဟုတ်ကဲ့"





လူလေးယောက်အုပ်စုနှင့် သူပါသွားစဉ် ဘေးမှာကပ်၍ ရပ်ရင်း ကျန်ရစ်ခဲ့ပါ၏။ အစွန်ဆုံးမှပါသွားသည့် ကိုကို့အကြည့်တို့ကို မြင်ရုံဖြင့် ညကျ စကားတွေအများကြီးပြောတော့မယ်မှန်း သိလိုက်ပါသည်။ ခက်ချေလေပြီ။

"စော"

"သရဖီ"

"နင်ကြာနေလို့ ငါလိုက်တာ"

လိုက်လာမှဖြင့် ခုနကတည်းက လိုက်လာပါရောလား။ အခု အရှုပ်တွေဖြစ်ကုန်မှ ဘာလုပ်လို့ရတော့မှာလဲ။ သရဖီ က စောရဲ့လက်ကိုဆွဲကာ လေသာဆောင်ဘက်ခေါ်ခဲ့လေ၏။ ခြေလှမ်းတွေမှားယွမတတ်ဖြစ်ကာ လိုက်ပါလာခဲ့ရလေသည်။

"ပြော ... ဘာတွေဖြစ်ခဲ့လဲ ... နင်မျက်နှာ ဒီလောက်ထိပျက်နေရလား"

"သူက ... သူက divoce လုပ်ပြီးပြီတဲ့"

"ဘာရယ် .."

နဖူးကို လက်ဝါးဖြင့်အုပ်ကာ အသက်ကိုဝဝရှူလိုက်ရလေ၏။ ရင်ထဲမှာမွန်းကြပ်မှုက လျော့ပါးမသွားခဲ့ပါချေ။

"စောဘေးနားမှာ ဘယ်သူမှရှိမနေတာကို ကျေးဇူးတင်တယ်တဲ့လေ"

"အံမာ ... ရာရာစစ၊ ရှိရှိ မရှိရှိ သူ့အပူလား ... ဒီငနာတော့..."



www.burmeseclassic.com

www.burmeseclassic.com



"စောက သူ့ကိုစောင့်နေတုန်းပဲလို့ တင်းစီးပြီးပြောတော့ စိတ်တိုပြီးရိုက်လိုက်မိတယ်"

"ကောင်းတယ် ... အဲဒါမှ ဒင်းမှတ်မှာ"

ကောင်းတယ်တဲ့လား ..၊ မကောင်းဘူး သရဖီ၊ နောက်ဆက်တွဲပြဿနာကို နင်မသိသေးဘဲလေ ..။ စောတော့ အငွေ့ပျံပြီးပျောက်ကွယ်သွားချင်တော့တာ အမှန်ပါပဲ ..။

"သူ နင့်ကို ဘာပြန်လုပ်သေးလဲ"

"ဟင့်အင်း"

"ဒီလိုပဲဖြစ်ရမှာပေါ့ ... သူက အမှားလုပ်ထားတဲ့လူပဲဟာ"

"သူက စောကိုတောင်းပန်တယ် ဆိုပြီး ..."

အသံကတိုးသွဲ့သွားပါ၏။ စော မပြောတော့ရော ဟိုမာလာဖူးလေးက နှုတ်လုံမှာတဲ့လား ... ဒီသတင်းက အနေးနဲ့အမြန် ထွက်လာမှာပဲလေ...။ သရဖီက စောကိုငဲ့ကြည့်လိုက်လေ၏။

"ဘယ်လို ..."

"အဲဒီအခြေအနေမှာ မာလာဖူး မြင်သွားတယ်"

"ဟောတော် ဒုက္ခပဲ"

"အဲဒီဒုက္ခထက် အခန်းထဲကအထွက်မှာ ဆေးရုံအုပ်ကြီးနဲ့ အတူပါလာတဲ့ ကိုကိုနဲ့တန်းတိုးတဲ့ ဒုက္ခကပိုကြီးတယ် သရဖီရဲ့"

"ဖြစ်ရလေ စောရယ်"

"စောကို သူနဲ့ပတ်သက်မှာစိုးလို့ သူ ဒီစပြောင်းတဲ့နေ့ကတည်း





က ကိုကိုရောမမပါ သတိပေးထားတဲ့ကြားထဲက အခုလိုတွေဖြစ်လာတာ စောအတွက် မလွယ်တော့ဘူး"

"မငိုပါနဲ့ စောရယ် ... နင်ငိုတာ သူ့ကိုရှုံးတဲ့သဘောမျိုး ဖြစ်နေတယ် ဟဲ့ ..၊ သတိလည်းထားဦး"

ရှုံးတဲ့သဘောတဲ့လား ... သူ့ကိုတကယ်လည်း စော ရှုံးခဲ့တာပါပဲ။ သရဖီ စော ဘယ်တုန်းကမှ နိုင်ခဲ့တဲ့သူမဟုတ်ပါလေ။ အခုတစ်ခါ တစ်ကျော့ပြန်ဝင်လာခဲ့တဲ့ သူ့ကို နောက်ထပ်တစ်ကြိမ်ရှုံးရမယ်ဆိုရင် စော ခံနိုင်ရည်ရှိတော့မယ်မထင်ဘူး။

"သူ့ကို တစ်ခုခုပြန်လုပ်မှဖြစ်တော့မယ်"

"သေချာပြီလား၊ နင့်ပုံစံကိုကြည့်ရုံနဲ့ သူနဲ့ပတ်သက်ပြီး လှုပ်လှုပ်ဇတ်ခတ်ဖြစ်နေတာ သိသာလွန်းတယ် စော"

"စော ဘာလုပ်ရမလဲဟင်"

"နင် သူ့ကိုစောင့်နေဆဲလို့မထင်အောင် တစ်ယောက်ယောက်နဲ့တော့ တွဲပြလိုက်ပေါ့"

"တစ်ယောက်ယောက်နဲ့ ..."

"အင်း"

အာရုံမှာ မျက်နှာတစ်ခုက ပေါ်လာလေ၏။ Popular ဖြစ်ရုံသက်သက်ပဲတွဲခဲ့တာလား ပိုးသီရိရယ် ..။ ဒီလို လှတိုင်း လေးစားအားကျရတဲ့လူတစ်ယောက်ကို ဖြုတ်ချပစ်ခဲ့ရအောင် ဒီလူမှာ ဘာပြစ်ချက်များ ထောက်ပြစရာရှိလို့လဲ ..။ ကျော်ထက်ပိုပြီးခန့် ပိုစီးပွား



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့လူတစ်ယောက်ကို အလွယ်တကူချန်ရစ်ခဲ့ရအောင် အသည်းမာခဲ့တာတဲ့လား..။

ယခုတိုင်အောင် သူ့မျက်နှာထက်မှာ အရင်လိုအပြုံးမျိုးရှိမနေတော့ဘဲ ငေးငေးငိုင်ငိုင်ဖြစ်နေတာကို မကြာခဏမြင်ရလေ ဒင်းတို့နှစ်ယောက်ကို အမှန့်ချေချင်စိတ်က တဖွားဖွားပေါ်လာတာ ဘယ့်နှယ်လုပ်ရပါ့မလဲ။ စာနာစိတ်ဆိုတာ လူတိုင်းမှာရှိတတ်တဲ့အရာမဟုတ်တာလေ။

"ဟဲ့! Phone မြည်နေတယ်"

Duty Coat အိတ်ထဲမှ Phone ကိုထုတ်လိုက်၏။ ပေါ်လာသည့်နံပါတ်ကြောင့် အံ့သြသွားရပါသည်။ အစ်ကို့ကို သတိရချိန်မှာ ညီက Phone ဆက်လာရတယ်လို့။ ဒီကောင်လေး နေ့တိုင်းလိုလိုဆက်နေတော့တာပါလား။

"ဟယ်လို"

"မမ ... စားပြီးပြီလား"

"တစ်နာရီပဲရှိနေပြီ ... မစားလို့ဖြစ်မလား"

"အား မမအသံကလည်း ဆလတ်ရွက်ကြီးအတိုင်းပါလားဗျာ"

"ဘာဆလတ်ရွက်လဲ"

"ဆလတ်ရွက်ဆိုတာ စိမ်းစိမ်းနဲ့ကားကားကြီးလေ၊ ဒါလေးတောင်မသိဘူးလားဗျ"

မျက်ရည်ဝဲလျက်နှင့်ပြုံးလိုက်မိ၏။ လူကိုစိတ်ချမ်းသာအောင်





ဒီချာတိတ် ပြောတတ်သားပါလား၊ အစ်ကိုနဲ့ညီက ကွာခြားလွန်းတာ အမှန်ပါလေ။

"ဘာကိစ္စရှိလို့ဆက်တာလဲ ... ခဏခဏမဆက်နဲ့လေ။ Duty ဝင်နေမှန်းသိရဲ့နဲ့ ..."

"ကျွန်တော်က မမနားချိန်ကိုမှန်းပြီးမှဆက်တာပါဗျ။ Operation ဝင်ချိန်ဆို Phone ကို ရုံးခန်းထဲမှာ ထားခဲ့ရတာမဟုတ်လား။ ဒီလောက်တော့ ကျွန်တော် သိပါတယ်၊ အခု ဘာလုပ်နေလဲ"

"သူငယ်ချင်းနဲ့ စကားပြောနေတယ်"

"သူငယ်ချင်းက Man လား Lady လား"

ပြုံးမိပြန်၏။ မရမက အစ်တဲ့နေရာမှာတော့ အသံ့နဲ့ တူနေပြန်လေရော။

"Lady ရှင့် Lady.. ကဲ! တော်ပြီ Phone ပိတ်တော့မယ်"

"ဘယ်သူလဲ စော့..."

"သူ့ညီ ..."

"သူဆိုတာ ဘယ်သူလဲ"

"ကိုဘုန်းမြင့်မိုရ်ကို ပြောတာလေ"

သရဖီ အံ့သြနေစဉ် ဆေးရုံထဲပြန်ဝင်ခဲ့ပါ၏။ သိပ်မကြာခင် အကြောင်းပြရသေးတာပေါ့ မြင့်မြတ်ကျော် ..။



www.burmeseclassic.com

www.burmeseclassic.com



[ ၁၄ ]

"ဦးတုန်း ထမင်းစားတော့မလားတဲ့ ကြီးမေက မေးခိုင်းလိုက်လို့ ..."

"အေး .. ဒီနေ့ ညီညီ မိုးချုပ်မှ မို့ စားမယ်လို့ပြောလိုက်"

"ဟုတ်"

ခြံထဲမှာလမ်းလျှောက်နေရာမှ ခဏနားလိုက်ပါ၏။ အပင်တွေကို ဆေးထည့်နေတာမို့ ဘုံပိုင်ပိုက်ကိုဖွင့်၍ဆပ်ပြာနှင့်ဆေးလိုက်သည်။ ကျောကို လက်တို့လိုက်တာမို့ လှည့်ကြည့်လိုက်မိ၏။ အလို!... ချာတိတ်မ ရောက်လာပြန်ပါရောလား ..။

"ဘာကိစ္စတုန်း၊ စာမေးပွဲပြီးပြီ .. ကျူရှင်လည်းပိတ်ပြီ၊ အပြင်လည်းထွက်စရာမရှိဘဲ ပန်းလာတောင်းပြန်တာလား"





"ကြည့်!.. ကတိပေးပြီး မေ့ပြန်ပြီမဟုတ်လား"

"ဘာကတိလဲ"

"One evening မှာ together walking ရိုက်ဖို့လေ"

"ဟောဗျာ .. ကိုယ်က အခုပဲ ညနေစာစားတော့မလို့"

"စားပေါ့ .. စားပြီးမှ သွားကြမယ်လေ .. ဘာဟင်းချက်လဲ"

"သိချင်ရင် လိုက်ခဲ့ပေါ့"

"လိုက်ရင် ကျွေးမှာမို့လို့လား"

"ကျွေးမှာပေါ့"

"ဘာကျွေးမှာလဲ"

"Pussi Cat ဆိုတော့ ပုစွန်ခြောက်ကျွေးမယ်လေ"

"အစ်ကိုကြီးနော် .. ဟွန်း"

လက်မောင်းကို ဆွဲဆိတ်လိုက်၏။ နောက်မှနာသွားမှာစိုးပြီး ဦးဖူ လုပ်ပြန်တာမို့ ပြုံးလိုက်မိ၏။

စာမေးပွဲရှိ၍ နှစ်ပတ်လောက် လုံးဝမတွေ့ဖြစ်တာ ကြာသွားသလိုပါပဲလား ...။

သူ့မျက်နှာကို လိုက်ကြည့်နေတာကြောင့် မေးဆတ်၍ အသံတိတ်မေးလိုက်မိသည်။

"နည်းနည်းများပြည့်လာသလားလို့"

"ဟုတ်တယ်၊ အိမ်ကို ကြောင်မလေး လာမညှောင်တာ စိတ်ချမ်းသာလို့ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးနော် .. အသံ စိတ်ကောက်လိုက်ရမလား"

"Sorry ပါဗျာ ... ကောက်တော့မကောက်လိုက်ပါနဲ့ ..၊ ခင်ဗျား လေး ကောက်တိုင်း ကတိတစ်ခုပေးရတာ မချောင်ဘူးဗျ"

"အဲဒီလိုကတိမျိုး ဘယ်သူ့ကိုများ အစ်ကိုကြီး ပေးဖူးလို့လဲ၊ အသံ တစ်ယောက်တည်းကိုပဲ ပေးတာမဟုတ်လား ပြောပါဦး"

မေးငေါ့၍ ပြောနေပုံက ခေါင်းကိုထုချင်စရာကောင်းလေ၏။ ချစ်စဖွယ်ကောင်းတဲ့အရွယ်မို့ ဘယ်လိုလေးပဲလုပ်လုပ် ချစ်ဖို့ ကောင်းနေတာ အမှန်ပါလား ဇဉ်ဇဉ်ရယ်။

"ဟုတ်ပါတယ်ဗျာ ... ဟုတ်ပါတယ်၊ လာ အိမ်ထဲဝင်ကြစို့"

ရယ်ဟဟမျက်နှာပေးလေးဖြင့် သူ့ဘေးမှ ခုန်ဆွခုန်ဆွဖြင့် ပါလာသည့်ကောင်မလေးကြောင့် သူ့မျက်နှာမှာ အပြုံးတို့ဝေရလေပြီ။ ဒီလပိုင်းထဲမှာ သူနှင့်သိပ်စကားမပြောဖြစ်ဘဲ အထီးကျန်ပြီး ငြီးငွေ့သလို ဖြစ်ခဲ့တာတွေ ဘယ်ကိုများရောက်ကုန်ပါလိမ့် ..။

"ကြီးပုရေ ... အသံ ပါ စားမှာနော်"

"သြော် ... အသံ လေးရောက်နေတာလား ... ကြီးပု ပြင်ပေးမှာပေါ့ ... လာ လာ"

ထမင်းစားခန်းထဲဝင်ရင်း အသံစာစာလေးနှင့် သူမအသံလေးက သူတို့အိမ်ထဲမှာ စည်ကားနေလေပြီ။ ခုံဆွဲမထိုင်မီ ဟင်းအမည်တွေကို လက်ညှိုးဖြင့်ထိုးကာ တစ်ခုချင်းရေတွက်နေပုံကိုက ရယ်ချင်စဖွယ်လေးဖြစ်နေ၏။





"ဟား.. မြင်းခွာရွက်သုပ်ပါလား။ ဒါ အသံ အကြိုက်ဆုံး Salat ပဲ၊ ဒါက အာလူးကတ်တလိတ် good ပဲကွာ၊ ဒါ ဘာလဲဟင်"

"ဝက်သားလုံးကြော်ပါ မမ "

"ဒါဆို ဟိုလူကြီး ငတ်မယ့်ဟင်းပေါ့ ..၊ ဟီဟိ! ဒီနေ့တော့ သွားပြီ၊ ဟင်းချိုကရော ..."

"မုန်ညင်းနဲ့ကြက်သားပါ"

"ကြက်သားဆိုတော့ ဟိုလူကြီးအတွက် ကြက်သားဟင်း ပါမှာပေါ့"

"ပါပါတယ် မမ၊ ကြက်သားကိုနှပ်ပြီး ပြန်ကြော်ထားတာပါ"

"အင်း ... ဒင်းက အသားမပါရင်မျိုမကျဘဲကိုး ... ဒါက ပဲသီးကြော်လား .. ကြက်ဥနဲ့ပဲ"

"ဟုတ်တယ်၊ ကြက်ဥတွေ ကြက်သားတွေပါနေလို့ ကိုယ် ကြက်ဟင်းခါးသီး မချက်ခိုင်းတော့တာ"

သူက ခုံမှာထိုင်ရင်းပြောတော့ သူမမျက်လုံးဝင့်ကြည့်လိုက်လေ၏။ ထိုင်ရန်အချက်ပြမှပင် ထိုင်ခုံမှာထိုင်တော့သည်။

"အစ်ကိုကြီးက ကြက်ဟင်းခါးသီးကို ဘယ်လိုချက်တာကြိုက်လို့လဲ"

"ချက်ကျွေးမလို့လား"

"ကျွေးမှာပေါ့"

"ရှိုးပြန်ပြီ ... မင်းပုံစံက ဘဲဥတောင်ကျက်အောင်မပြုတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့မျှား ..."

"ဟာ ဟ ! ဒါတော့ အစ်ကိုကြီး ညံ့သွားပြီ။ အသံက အန်တီလေးထက် ပိုပြီးတောင်မှတော်တာရှင့် ... ကြက်ဥတို့ ဘဲဥတို့ကို လိုသလိုလုပ်ပေးနိုင်နေပြီ။ အစ်ကိုကြီး ဘယ်လိုစားချင်လဲပြော Half Fried လား Half boiled လား OK စေရမယ်"

"သေချာလို့လား"

"ဒါပေါ့"

ကြည့်ရတာတော့ ဒီကောင်မလေး အိမ်မှာချက်ပြုတ်နည်းသင်နေတာထင်ပါရဲ့။ အချိန်မပေးနိုင်သည့် အဒေါ်ဆရာဝန်ထက်ပင် တော်သည်ဆိုသောကြောင့် သူကျိတ်ပြုံးတာကိုမြင်တော့ မျက်စောင်းတစ်ပွင့်ရလေ၏။

"အစ်ကိုကြီးက မယုံဘူးပေါ့လေ"

"လက်တွေ့ပြမှ ကိုယ်ယုံတတ်တယ် ဇွဲဇွဲရဲ့"

"အင်း ... အဲဒီခေါ်သံလေးမကြားရတာ အတော်ကြာပြီပဲ၊ လွမ်းလိုက်တာမပြောပါနဲ့"

မထောက်လျက်ပြောပုံလေးက တစ်မျိုးလေးကြည့်ကောင်းနေလေ၏။ ညီညီ ရောက်လာရင်ဖြင့် သူမထံမှ ဒေါသသံတွေ ထွက်လာတော့မှာ အမှန်ပါလေ ..။

"ကြက်ဟင်းခါးသီးကို ပါးပါးလှီးပြီး ခရမ်းသီးနဲ့ဝက်သား ရောချက်ထားတာမျိုးစားချင်တာ"





အတင်းကြီးလိုက်မေးနေပြန်ပါပြီ။ သူတို့ညီအစ်ကိုနှစ်ယောက်က ဒီနေရာမှာတော့ အတော့်လေးတူနေတာလေ။

သူများပြောချင်မှန်း မပြောချင်မှန်းမသိဘဲ အလိုက်မသိ မေးရတယ်လို့ ..။

"အသံ ပြောမိရင် အဆူခံရမှာ"

"ဘယ်သူက ဆူမှာလဲ"

"အန်တီလေးပေါ့"

"ဘာကြောင့်လဲ"

"ကွယ်ရာမှာ အတင်းအုပ်လို့ဆိုပြီးတော့လေ ..."

"ဒါက ကိုယ် တခြားလူတွေကို ထပ်ပြီးလျှောက်ပြောမှသိနိုင်မှာပေါ့ ဇွဲဇွဲရဲ့ ..၊ မဟုတ်ဘူးလား"

"ဒါတော့ ဟုတ်ပါတယ်"

လမ်းမကြီးဘက်ရောက်ကာ Platform ထက်ဆက်လျှောက်လာခဲ့ကြ၏။ ညနေဆည်းဆာရောင်က သူတို့နောက်မှ ဖြာကျနေလေသည်။ ဒီညနေဝတ်လာသည့် လိမ္မော်ရောင် T - Shirt နှင့် အားကစားဘောင်းဘီရှည်နက်ပြာလေးက ဆည်းဆာအောက်မှာ ထင်းနေစေ၏။ ဆံပင်ကုပ်ဝဲလေးပင် ရှည်စပြုနေချေပြီ။

"ဆံပင်မညှပ်ဘူးလား"

"ညှပ်တော့ဘူး"

"လှချင်နေပြီပေါ့လေ ..၊ ကလေးနဲ့ဆံပင်ရှည်က သိပ်မလိုက်



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတစ်ခုခုကို ပြောတာလား"

"ဆိုပါတော့"

"အင်း ... ပြောရခက်ခက်ပဲ ..၊ အသံ က ဘာကိုမှ စွဲစွဲလမ်းလမ်းမရှိလှဘူး အစ်ကိုကြီးရဲ့ ..၊ ပန်းကြိုက်တာလည်း ငယ်ငယ်ကတည်းက မေမေက အမြဲတမ်းခေါင်းစည်းပြီး ပန်းပေးခဲ့တာမို့ ကြိုက်တာလို့ အန်တီလေးက ပြောတယ်"

"မင်းရဲ့အန်တီလေးကရော ပန်းကြိုက်လား"

သူမနှုတ်ခမ်းစူလျက် တိတ်သွားလေ၏။ ဒုက္ခပဲ ညီညီ မေးလျှင်ဖြင့် ဒေါက်တာ့အကြောင်းတွေအကုန်ပြောပြလေ့ရှိသည့် ကောင်မလေးက သူမေးလိုက်တိုင်း နှုတ်ဆိတ်သွားတတ်တာ ဘာကြောင့်ပါလိမ့်..။

"မေးနေတာဖြေလေ"

"ဘာလို့သိချင်ရတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပဲကြုံလို့ မေးမိတဲ့ဟာကိုပဲ"

"မပြောပြချင်ပါဘူး"

"အတော်တရားတာပဲနော်၊ ညီညီ မေးလိုက်ရင်တော့ မင်း အမြဲပြောပြတာပဲမဟုတ်လား ..၊ ကိုယ်မေးလိုက်တိုင်း ဘယ်တော့မှမပြောချင်ဘူး"

"အဲဒါ အကြောင်းရှိလို့ပေါ့ အစ်ကိုကြီးရဲ့"

"ဘာအကြောင်းလဲ"

ပြဿနာပဲ ..၊ အသံ နဂိုကမှ နှုတ်မလုံတတ်တဲ့လူပါဆိုနေမှ





အတင်းကြီးလိုက်မေးနေပြ ပါပြီ။ သူတို့ညီအစ်ကိုနှစ်ယောက်က ဒီနေရာမှာတော့ အတော်လေးတူနေတာလေ။

သူများပြောချင်မှန်း ပြောချင်မှန်းမသိဘဲ အလိုက်မသိ မေးရတယ်လို့ ..။

"အသံ ပြောမိရင် အဆူခံရမှာ"

"ဘယ်သူက ဆူမှာလဲ"

"အန်တီလေးပေါ့"

"ဘာကြောင့်လဲ"

"ကွယ်ရာမှာ အတင်းအုပ်လို့ဆိုပြီးတော့လေ ..."

"ဒါက ကိုယ် တခြားလူတွေကို ထပ်ပြီးလျှောက်ပြောမှသိနိုင်မှာပေါ့ ဇဉ်ဇဉ်ရဲ့ ..၊ မဟုတ်ဘူးလား"

"ဒါတော့ ဟုတ်ပါတယ်"

လမ်းမကြီးဘက်ရောက်ကာ Platform ထက်ဆက်လျှောက်လာခဲ့ကြ၏။ ညနေဆည်းဆာရောင်က သူတို့နောက်မှ ဖြာကျနေလေသည်။ ဒီညနေဝတ်လာသည့် လိမ္မော်ရောင် T - Shirt နှင့် အားကစားဘောင်းဘီရှည်နက်ပြာလေးက ဆည်းဆာအောက်မှာ ထင်းနေစေ၏။ ဆံပင်ကုပ်ဝဲလေးပင် ရှည်စပြုနေချေပြီ။

"ဆံပင်မညှပ်ဘူးလား"

"ညှပ်တော့ဘူး"

"လှချင်နေပြီပေါ့လေ ... ကလေးနဲ့ ဆံပင်ရှည်က သိပ်မလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ လူကိုရင့်စေတယ်"

"ဒါဖြင့် အန်တီလေးကျတော့ရော ..."

"အင်း ... ဒေါက်တာက ၃၀ ဝန်းကျင်လည်းဖြစ်လို့ အရှည်နဲ့ လိုက်တယ်လေ"

"လှရောလှလား"

ဘာသဘောနဲ့များမေးလိုက်တာပါလိမ့်။ ဘေးကိုငဲ့ကြည့်မိချိန် လက်နောက်မစ်လျှောက်ရင်း မျက်မှောင်ကြုတ်လျက် မေးဆတ်ပြပုံက လူမိုက် Styleနှင့်ပါ။ လှတယ်ပြောလိုက်မိရင်ဖြင့် လက်သီးနဲ့ ဆွဲထိုးမလားပင် မပြောတတ် ..၊ အတော်စက်တဲ့ချာတိတ်ပါပဲလား။

"ဖြေလေ ... ဘာလို့ပြုံးနေရတာလဲ ..၊ ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းမည်၏တဲ့၊ အဲဒါပဲ အစ်ကိုကြီး အဲဒီလိုပြုံးရင် ဟိုလူနဲ့ တူသွားပြီး မုန်းလိုက်ချင်တယ်တကယ်ပဲ"

"ဟင်း ဟင်း .. မင်းက ညီညီကိုမုန်းတယ်ဆိုတဲ့ သဘောလား"

"မုန်းတာပေါ့၊ တွေ့တာနဲ့ အသုံ့ကိုရန်လုပ်ပြီးစတတ်တဲ့လူကို မှ မမုန်းရင် ဘယ်သူ့ကိုသွားမုန်းမှာလဲ"

မုန်းတယ်တဲ့ ... အမုန်းတွေရဲ့နောက်ကွယ်မှာ ဘာရှိနေလဲ ဆိုတာကို သူမ မသိလေရော့လား။ ညီညီနဲ့သူမကြားက ဆက်နွှယ်မှုကို သူ အကဲခတ်၍မရ။ ညီညီ့နှုတ်က "မမ"လို့တဖွဖွရေရွတ်လေ့ရှိပေမယ့် သူမနှင့်တွေ့လျှင်ဖြင့် တီးတိုးစ,နောက်ထုရိုက်အော်ဟစ်ပြီး အရမ်းကိုရင်းနှီးလွန်းတာလေ ... ရင်မောရပါတယ် ဇဦဇဦ ..။





"အန်တီလေးနဲ့ အစ်ကိုကြီးက အတူတူပဲ"

"ဘယ်လို ..."

သူ အံ့သြသွားရပါ၏။ အတူတူပဲတဲ့ ..၊ ဘာကိုများတူနေတာလဲ။ တကယ်တမ်းအကြိုက်တူတာက သူမနှင့်သူရယ်ပါလေ။

"အသည်းကွဲခဲ့တာချင်းလည်းအတူတူ၊ ကျန်ရစ်ခဲ့တာချင်း လည်း အတူတူပဲလေ"

"ဟင် ..."

သူ ရင်ထဲဒိတ်ခနဲဖြစ်သွားရပါ၏။ သူ အသည်းကွဲခဲ့တာကို ဇဦဇဦ သိနေသတဲ့။ ကျန်ရစ်ခဲ့ရတာကိုလည်း သိထားသတဲ့လား။ အံ့သြဖွယ် ကောင်းလေစွ။

"အံ့သြသွားလား အစ်ကိုကြီး၊ ဆက်ပြောတဲ့အကြောင်းတွေကို ကြားရင် ဒီထက်တောင်ပိုပြီးအံ့သြသွားမှာ အမှန်ပဲ"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ အစ်ကိုကြီး Accident ဖြစ်တုန်းက ဆေးရုံအထိပို့ပေးခဲ့တာ အသုံ့ ဖေဖေနဲ့မေမေပါ"

"ဘာရယ် ..."

"ဒါကြောင့်အစ်ကိုကြီးကို အိမ်က သိနေကြတယ်လို့ အသံ ပြောတာပေါ့"

"ဒါဖြင့် .. ဒါဖြင့် ကိုယ်မသိအောင် ဒေါက်တာတို့က ဆေးရုံမှာ ဖုံးထားတဲ့သဘောပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘာကြောင့်လဲ ..၊ ကိုယ်က .. ကိုယ်က ကိုယ့်ကျေးဇူးရှင်တွေကို သိခွင့်မရှိဘူးလား ဇဉ်ဇဉ်"

သူမက လက်မောင်းကို အသာဆုပ်ကိုင်ထားလိုက်ပါ၏။ စိတ်လှုပ်ရှားနေမှန်း အသံ ရိပ်မိပါသည်။ ဆက်ပြောသင့်ပါသလား၊ မပြောလည်း တစ်နေ့သိမယ့်အတူတူ စောစောစီးစီးသိလိုက်တာက ပိုကောင်းမယ်ထင်ပါရဲ့။

ပြီးတော့ အစ်ကိုကြီးနဲ့ အန်တီလေး ဒီထက်ပိုပြီး မရင်းနှီးသွားရအောင် သတိပေးလိုက်ရာလည်း ရောက်နိုင်မှာလေ။

"မသိစေချင်တဲ့အကြောင်းက နောက်တစ်ချက်ရှိသေးလို့ပေါ့"

"ဘာလဲ"

"ဘာလဲဆိုတော့ ဖေဖေတို့ကားထဲမှာ အန်တီလေးလည်း ပါလာတယ်လေ"

"ဒါဆို ဒေါက်တာလည်း ကိုယ့်ကိုသိနေတာပေါ့"

"ကောင်းကောင်းကြီးသိထားတဲ့ နောက်တစ်ချက် ရှိသေးတယ်"

ပဟေဠိတွေဖုက်လှချည်လား။ ဒီညနေ အတူလမ်းလျှောက်ထွက်လာခဲ့တာ သူ ကံကောင်းသွားတာပေါ့နော်။ သူစဉ်းစားမရခဲ့တဲ့ လျှို့ဖုက် သိုသိပ်မှုအကြောင်းအချက်တွေကို မထင်မှတ်ဘဲ သိခွင့်ရခဲ့ရတာလေ..၊ ကျေးဇူးတင်ပါတယ် ဇဉ်ဇဉ် ..။





"အဲဒီနေ့က ဖေဖေတို့ Wedding တစ်ခုကနေ ပြန်လာခဲ့ကြတာပဲ"

"ဟင် ..."

"ဟုတ်တယ် ... အတိအကျပြောရရင် ဒေါက်တာမြင့်မြတ်ကျော်နဲ့ မပိုးသီရိတို့ရဲ့ Wedding ပေါ့"

"ဘာ ..."

သူ အံကိုတင်းတင်းကျိတ်လိုက်မိပါ၏။ အတိတ်ဆိုတာ မေ့ကောင်းတဲ့အရာတစ်ခု မဟုတ်ပေမယ့် သူ တမင်မေ့ထားခဲ့တဲ့ အတိတ်ကိုမှ တူးဆွခံရတယ်လို့။ ဘာရည်ရွယ်ချက်နဲ့များ ဇဉ်ဇဉ် ပြောရပါသလဲ။

"မပိုးသီရိကတော့ အစ်ကိုကြီး သိထားမှာပေါ့ ..၊ အသံပြောချင်တာက ဒေါက်တာမြင့်မြတ်ကျော်ကိုပါ"

"သူက ..."

"သူက အန်တီလေးရဲ့ ရည်းစားဦးပါပဲ"

"ဟာ !..."

သူ့ရင်ထဲ ဟာခနဲဖြစ်သွားရလေ၏။ တူညီခြင်းထပ်တူလို့ ဇဉ်ဇဉ် ဒါကြောင့် ပြောလိုက်တာပေါ့လေ။ ဒါကြောင့်မို့ သူ့ကိုကြည့်တဲ့ ဒေါက်တာ့မျက်ဝန်းတွေမှာ စကားလုံးတွေ အများကြီးပျော်ဝင်နေတာကိုး။

အသည်းမာလွန်းလှချည်လား။ ကိုယ့်ကိုသစ္စာဖောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ရည်းစားဦးရဲ့မင်္ဂလာပွဲကို ဒေါက်တာ ဘယ်လိုမျက်နှာထားနဲ့ များ တက်ခဲ့ပါလိမ့်။ သူကတော့ ကုမ္ပဏီကိုသွားနေရင်း လမ်းမှာ Shock ဖြစ်ခဲ့ရတာပါ။ မျက်ရည်မကျခဲ့ဘူးလား ..၊ ဒေါသတွေနဲ့ မဆူဝေခဲ့ဘူးလား၊ ကြေကွဲခြင်းတွေနဲ့ မပူခဲ့ဘူးလား ဒေါက်တာ စောသီရိနှယ်ရယ်..။

"ဒီအကြောင်းတွေကို အသံ ပြောမှန်း အန်တီလေး သိသွားရင် အဆူခံရဦးမှာ..၊ အန်တီလေးက အစ်ကိုကြီးမှာ ရောဂါရှိမှန်းသိထား လို့ အစ်ကိုကြီးစိတ်ညစ်အောင် မလုပ်ရဘူးလို့ အသံ့ ကို သတိ အတန်တန် ပေးထားတာလေ..."

သူ ခြေလှမ်းတို့ကို ရပ်လိုက်မိ၏။ ဆည်းဆာက အုံ့မှိုင်းသည် ဘက်ကိုကူးနေပြီပဲ။ တိမ်တောက်နေပုံက ကဗျာဆန်လွန်းနေပေ မယ့် သူ့ရင်ထဲကနွမ်းလျမှုတွေကတော့ အကျည်းတန်လွန်းနေတာ လေ။

"အစ်ကိုကြီး စိတ်မကောင်းဖြစ်သွားလားဟင် ..၊ အသံ တောင်းပန်ပါတယ်"

"ရပါတယ် ..၊ ဒေါက်တာ့ကို ကိုယ်ချင်းစာမိတာပါဗဉ်ဇဉ်၊ နာကျင်ရတာမှန်ပေမယ့် ကိုယ့်ကျေးဇူးရှင်တွေ ဘယ်သူဆိုတာကို သိခွင့်ရလိုက်တဲ့ အတွက် ကိုယ် ကျေးဇူးအများကြီးတင်တာပါ"

"မလိုပါဘူး၊ အသံ နဲ့အစ်ကိုကြီးကြားမှာ ကျေးဇူးဆိုတဲ့စကား လုံးက စိမ်းသက်စေပါတယ်"





"ဟုတ်ပါတယ်လေ"

နှစ်ယောက်သား ပြိုင်တူပြုံးလိုက်မိကြ၏။ သူ့လက်မောင်းကို တင်းတင်းပိုက်ကာ မော့ကြည့်နေသည့်ကောင်မလေးရဲ့ မျက်ဝန်း တွင်းမှာ မျက်ရည်တွေဝဲနေတာကို ဆည်းဆာအောက်မှာ လှပလွန်း နေတာလေ ..။

"ပြန်လှည့်ကြမယ်နော်"

သူမပြောတာကို ခေါင်းညိတ်ပြလိုက်ရင်း ခြေလှမ်းတွေကို ပြန် လှည့်လိုက်စဉ် ကားတစ်စီးက ဘေးမှကျော်ဖြတ်သွားပါ၏။ ထို့နောက် ခပ် လှမ်းလှမ်းအကွာမှာ ရပ်သွားပြီး ကားမောင်းသူက Platform မှာ ထွက် ရပ်လိုက်လေသည်။

"ကိုကို ..."

သူ့နှုတ်ခမ်းဟလျက် နှလုံးရပ်သွားရလေ၏။ အလို!... သူ့နှလုံး သားကို ဟက်တက်ကွဲစေခဲ့သူ ဖြစ်နေပါရော့လား ..။



www.burmeseclassic.com

www.burmeseclassic.com



[ ၁၅ ]

တိုက်ဆိုင်လွန်းလှချည်လား။ လွန်ခဲ့သည့်(၂)နှစ်တာကာလမှ အဖြစ်အပျက်တစ်ခုကို ပြောနေစဉ်အခိုက်မှာ တည့်တည့်ကြီး လာတိုးရတယ်လို့ ...။

သူ အံ့သြမင်သက်စွာ ရပ်လိုက်စဉ် သူမမျက်ဝန်းမှ မျက်ရည်တို့ တပေါက်ပေါက်ကျလာလေ၏။

နံဘေးမှ ဇဉ်ဇဉ်၏လက်ဖျားတို့က အေးစက်လာသည့်နှယ်ပင်..။

"ကိုကို ..."

"ပိုး ..."

သူလွှတ်ခနဲခေါ်လိုက်စဉ် ရင်ခွင်ထဲပြေးဝင်ကာ လက်မောင်းထက် မျက်နှာအပ်ငိုရှိုက်ချလိုက်တာကြောင့် အလန့်တကြား ဖြစ်သွားရလေ၏။





ဘာကြောင့်လဲ ..၊ ဘာသဘောနဲ့များ အခုလို လမ်းမကြီးလူမြင်ကွင်းမှာ လုပ်လိုက်ရတာပါလိမ့်။

"မင်း ... မင်း"

"ပိုးကို ... ပိုးကို ခွင့်မလွှတ်နိုင်ဘူးလားဟင် ..၊ ပိုးသိနေပါတယ်၊ ပိုးက.. ပိုးက ကိုကို ခွင့်မလွှတ်နိုင်တဲ့ကိစ္စကိုမှ တမင်ကြီးလုပ်ခဲ့မိတာလေ"

သူ့တစ်ကိုယ်လုံး တောင့်ခဲသွားရလေ၏။ ရင်တွင်းသို့ အပူလှိုင်းတို့က တစ်ကိုယ်လုံးပျံ့နှံ့သွားသည့်နှယ် ခံစားလိုက်ရပါသည်။

ဒါ သူ အင်မတန်ချစ်ခဲ့သည့်၊ သူ အမြတ်တနိုးနဲ့တွယ်တာခဲ့ရတဲ့ ချစ်သူပါ။

ပြီးတော့ ... ပြီးတော့ သူ့ရင်ကို အစိတ်စိတ်အမွှာမွှာဖြစ်စေခဲ့တဲ့ ရက်စက်ခဲ့တဲ့မိန်းမလည်းဖြစ်နေလေရဲ့ ..။

"ပိုး ... ပိုးနဲ့သူ ကွာရှင်းလိုက်ပြီ"

"ဘာ ..."

"ကိုကို ... ကိုကို့ကို ကျူးလွန်ခဲ့တဲ့အပြစ်တွေကြောင့် အိမ်ထောင်သက်တမ်း နှစ်နှစ်အတွင်းမှာ တစ်ရက်လေးမှ ပိုး စိတ်မချမ်းသာခဲ့တာ အမှန်ပါ"

လမ်းမထက် ဘာလုပ်ရမှန်း စဉ်းစား၍မရခင် ဇဉ်ဇဉ်က သူမကို ပိတ်တွန်းလေ၏။

ယိုင်လျက်သားဖြင့် သုံး,လေးလှမ်းခန့်နောက်ဆုတ်သွားချိန်၌



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင့်နှုတ်မှ အသံထွက်လာပါသည်။

"အရှက်မရှိတဲ့ မိန်းမ ... သိက္ခာမရှိတဲ့မိန်းမ၊ သစ္စာဖောက်တုန်းကဖောက်ခဲ့ပြီး အခုမှ နောင်တရပါပြီဆိုပြီး လာတောင်းပန်လို့ရမလား။ အစ်ကိုကြီးကို ဒုက္ခမပေးပါနဲ့တော့"

"ဟင်!..."

"ခင်ခင်"

"လွယ်လွယ်နဲ့ပြောထွက်ခဲ့တဲ့ ရှင့်ပါးစပ်က အစ်ကိုကြီးကို ဒီလိုမျိုးခေါ်ဝံ့သေးတာ အံ့ပါရဲ့ ... ရွံဖို့ကောင်းလိုက်တာ"

စူးစူးရဲရဲမျက်ဝန်းတို့ဖြင့် စိုက်ကြည့်နေသည့် ချာတိတ်မလေး၏ လက်မောင်းကို သူ လှမ်းဆွဲကိုင်ထားလိုက်မိ၏။ ကာယကံရှင်ထက် တောင်မှ သူမက ပိုပြီးမုန်းတီးနေပုံပါလား။

ကွာရှင်းလိုက်ပြီတဲ့။ ယူချင်တုန်းကဖြင့် ဘာကိုမှမငဲ့ကွက်၊ ဘယ်သူ့ကိုမှ မထောက်ထား မသက်ညှာဘဲ ကိုယ့်သဘောကျ လက်ထပ်လိုက်ကြပြီး အလွယ်တကူကွာရှင်းလိုက်လေသလား။

အံ့ပါရဲ့.. သဘာဝတရားက အမြဲတမ်းပြောင်းလဲနေမြဲဆိုတာကို လက်သင့်ခံနိုင်ပေမယ့် ပိုးရဲ့စိတ်အပြောင်းအလဲကိုဖြင့် သူ အံ့ဩ တကြီးဖြစ်နေရတာ အမှန်ပါလေ ..။

"သူက ... သူက ဘယ်သူလဲဟင် ..."

"ရှင်သိဖို့ မလိုပါဘူး ဒေါ်ပိုးသီရိရဲ့"

"နေပါဦး .. တို့ ကိုယ်ရေးကိုယ်တာကိစ္စပြောနေတာ မင်းနဲ့မဆိုင်





ဘဲ ဝင်ပါဖို့မလိုအပ်ဘူး မိန်းကလေးရဲ့ ... ဘေးဖယ်နေစမ်းပါ"

"ဘာ ..."

"ဒီမှာ ပိုးသီရိ .. မင်းနဲ့ကိုယ့်ကြားမှာ ဘာအကန့်မှရှိမနေတော့တဲ့အတွက် ဘာအကြောင်းမှလည်း ပြောဖို့မလိုတော့ပါဘူး။ သွားကြစို့ ခင်ခင်"

"နေဦး ..."

အသံတို့နှစ်ယောက်ရှေ့ လက်ဆန့်ကာပြီး တားလိုက်သောကြောင့် စိတ်တိုသွားရပါ၏။ မုန်းလိုက်တာနော်၊ အတော့ကိုမုန်းစရာကောင်းတဲ့မိန်းမပါပဲလား။ ဒီလောက်မုန်းဖို့ကောင်းတဲ့မိန်းမကိုမှ အစ်ကိုကြီး ဘယ်လိုအမြင်မျိုးနဲ့ကြည့်ပြီး ရွေးချယ်ချစ်မိခဲ့ပါသလဲ။ နှမြောလိုက်တာ ..၊ အဲဒီမိန်းမကို ချစ်ခဲ့တဲ့အစ်ကိုကြီးရဲ့ ချစ်ခြင်းတွေကို အသံ အရမ်းနှမြောမိသွားရတာလေ ..။

"ပိုးနဲ့ ကော်ဖီဆိုင်ကိုဖြစ်ဖြစ် နာရီဝက်လောက် စကားပြောလို့ရအောင် ခဏလောက်လိုက်ခဲ့ပေးပါလား ကိုကို ... တောင်းပန်ပါတယ်၊ ဒါ ... နောက်ဆုံးတောင်းဆိုခြင်းပါ"

"ကျွတ်!"

"ရှင် အတော့်ကိုပဲလွန်နေပြီနော်၊ အစ်ကိုကြီး ဒီလောက်ငြင်းနေပါလျက်နဲ့ အတင့်ရဲလှချည်လား ..၊ အတော်ခေါင်းမာတဲ့မိန်းမပဲ"

"ဒီမှာ.. မင်းအသက်အရွယ်ကိုလည်း ငုံ့ကြည့်လိုက်ဦး မိန်းကလေးရဲ့ ..၊ မင်းနဲ့တို့ ဘာများသက်ဆိုင်လို့ အခုလိုစွက်ဖက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရတာလဲ၊ အရိုအသေအကြောက်အလန့်မရှိလိုက်တာ"

"ဘာ!... ဘာပြောတယ်"

"ဇဉ်ဇဉ် တော်တော့ ..၊ လမ်းမကြီးမှာ ..."

"သူ တင်တင်စီးစီးပြောနေတာကို အစ်ကိုကြီး ကြားတယ် မဟုတ်လား၊ ဘာလို့သည်းခံနေတာလဲ ..၊ ပြောချလိုက်ပါလား၊ ဒီမိန်းမကို ပက်ပက်စက်စက်ရွံတဲ့အကြောင်းတွေ တန်းစီပြီးတော့ လေ..."

သူ့လက်မောင်းကိုလှုပ်ခါလျက် ပေါက်ကွဲစွာဖြင့် ပြောချလိုက်သည်က ဇဉ်ဇဉ်ရယ်ပါ။

ဘာတွေဖြစ်ကုန်ပြီမှန်းမသိတော့လောက်အောင် သူ ကယောင်ချောက်ချားဖြစ်နေတာကိုရော သိကြပါရဲ့လား။ ဇဉ်ဇဉ့်လက်ဖျားကို သာ ခပ်တင်းတင်းဆုပ်ကိုင်လိုက်မိသည်။

"မင်း အတော်ရိုင်းတဲ့ ကောင်မလေးပဲ"

"တော်တော့ ပိုးသီရိ .. ပြတ်ပြီးသားဇာတ်လမ်းတစ်ပုဒ်ကို ဘယ်လို မှပြန်မဆက်ချင်ပါနဲ့တော့ .. ပြီးခဲ့ပါပြီ"

"ကိုကို ... ပိုးက အဲဒီလိုအဓိပ္ပာယ်နဲ့ပြောနေတာမျိုး မဟုတ်ရ ပါဘူး၊ ကိုကို့ကို သေသေချာချာမတောင်းပန်ရသေးတဲ့အတွက်ပါ"

"မလိုပါဘူး"

"ကဲ .. ရှင် ကြားတယ်နော်"

"နေပါဦး .. မင်းက ဘာအတွက်နဲ့ ကိုကို့ဘေးမှာ တောက်တဲ့





လိုတွယ်ကပ်နေရတာလဲ ... ကိုယ့်အသက်အရွယ်ကို ပြန်မကြည့် တတ်ဘူးလား"

"ဘာ !.."

အံ့ဩမိရပါ၏။

ပိုးထံမှာ ဤသို့နိမ့်ကျသည့်စိတ်တွေရှိနေမည်ဟု သူ လုံးဝ မထင်မိခဲ့ပါချေ။

ကလေးတစ်ယောက်ကို သူနဲ့ယခုလို စွပ်စွဲသမုတ်လိမ့်မည်ဟု ထင်မှတ်မထားတာမို့ ကြောင်သွားစဉ် ဇဉ်ဇဉ်က သူ့လက်ကိုဖြုတ် ကာ သူမကို ထပ်တွန်းရန် ရွယ်လိုက်ပါသည်။

"ဇဉ်ဇဉ်"

"တီ .. တီ"

ကားဟွန်းသံကြောင့် သူတို့လှည့်ကြည့်လိုက်မိစဉ် ဘေးနား ရပ်သွားသည့်ကားပေါ်မှဆင်းလာသည်က ဒေါက်တာစောသီရိနွယ် ဖြစ်နေလေ၏။

"ဘာတွေဖြစ်နေတာလဲ အသံ"

"အသံနဲ့ အစ်ကိုကြီး လမ်းလျှောက်လာတာကို ဒီမိန်းမ လိုက် ပြီးနှောင့်ယှက်နေလို့"

စိတ်ရှုပ်မှုတွေပေါ်နေသည့် သူ့မျက်နှာ၊ ဒေါသဖြစ်နေသည့် ဇူမနှင့် ရန်လိုနေသည့်မိန်းမကိုကြည့်ကာ စော သက်ပြင်းရှိုက်လိုက် ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဖြစ်သူက ဆေးရုံက စောကိုနှောင့်ယှက်သလိုမျိုး မိန်းမဖြစ်သူ က လမ်းပေါ်မှာ သူနဲ့အသံကို ဒုက္ခလိုက်ပေးသလို ဖြစ်နေတာလေ ..။

"နင် .."

"ဟုတ်တယ် ... တို့က စောသီရိနွယ်ပဲ"

"ဒါဆို ..."

"ရှင်တို့နှစ်ယောက် အတော်လေးတရားကျစရာပါပဲလား ပိုးသီရိ..၊ ရှင့်အမျိုးသားက တို့ရှိနေတဲ့ဆေးရုံကို ပြောင်းပြီး ဒုက္ခပေးသလို ရှင်ကလည်း ကိုဘုန်းနဲ့ တို့တူမကို လိုက်ပြီးနှောင့်ယှက်နေတာတော့ မဖြစ်သင့်ဘူးလို့ယူဆတယ်နော် ..၊ ဘယ်လိုလဲ"

"နင်နဲ့သူက ..."

"ဒါ ရှင်သိဖို့မလိုပါဘူး၊ ကမ္ဘာကြီးခြားပြီးမေ့ခဲ့ပြီး လန့်နိုးလာမှ လာလည်တာ ဦးနှောက်မရှိတဲ့လူတွေရဲ့အလုပ်ပဲ ပိုးသီရိ ..၊ ဒီလောက်နဲ့ပဲရပ်သင့်ပါပြီ၊ အသံ ကိုဘုန်းကိုခေါ်ပြီး ကားပေါ်တက်တော့"

"ဟုတ်.. အန်တီလေး"

"ငါ ပြောလို့မပြီးသေးဘူး စောသီရိနွယ်"

"တော်ရုံပဲပေါ့ ပိုးသီရိ .. မင်းလုပ်ရပ်တွေက မင်းရဲ့ Character ကိုပြသနေတာ .. ဒါက တို့တွေရဲ့နယ်မြေမို့ သိက္ခာကျတယ်၊ ဒါပါပဲ"

"တောက်!..."

အသံနှင့်သူ နောက်ခန်းမှာ ဝင်ထိုင်လိုက်ပြီး ရှေ့ခန်းမှတက်





ကာ ကားကိုလမ်းသွယ်ထဲဝင်လာခဲ့ပါသည်။ အသွင်တူမှ အိမ်သူဖြစ်တာတဲ့၊ ကိုကို ပြောခဲ့တာ မှန်နေတာပဲ။ ပိုးသီရိနဲ့ ကျော်ဟာ အသွင်တူလို့ ယူဖြစ်ခဲ့ကြတာ အမှန်ပါလေ ..။

ဒီညမှာ ကိုကို ဆုံးမမယ့်စကားတွေကို နားပူအောင် ထိုင်နားထောင်ရဦးမယ်ဆိုပြီး စိတ်ညစ်ပြန်လာတဲ့လူကို အခုတစ်ခါ ထပ်ဆင့်ပြီးစိတ်ညစ်စေတာတော့ လောကကြီးမတရားဘူးထင်ပါရဲ့ ..။

နောက်ကြည့် မှန်ထဲမှ တစ်ချက်ကြည့်လိုက်မိစဉ် သူ့မျက်နှာမှာ ကြေကွဲမှုတွေကို မြင်နေရလေ၏။

ဘုရားရေ!.. သူ ... သူ အချစ်ဦးကို မမေ့နိုင်သေးဘဲ အသနားပိုစရာတွေများဖြစ်ကုန်ပြီလား ..။

"အစ်ကိုကြီး ... အဆင်ပြေရဲ့လားဟင်"

"အင်း ..."

"သေချာလို့လား"

"ကိုယ် ဘာမှမဖြစ်ပါဘူး ဇဉ်ဇဉ်ရယ်"

ဖြေသံက တိုးသဲ့သဲ့ရယ်သာ ... ရောဂါတွေတိုးကုန်ပြီလား။

ခြံရှေ့ ကားရပ်ပေးလိုက်စဉ် အသံ က အရင်ဆင်းလျက် သူ့ကို ကူပေးလေ၏။

"ရပါတယ် ဇဉ်ဇဉ် ... ဒေါက်တာနဲ့ပြန်လိုက်ပါ"

"ဖြစ်ရဲ့လား အစ်ကိုကြီးရဲ့"

"ဖြစ်ပါတယ် သွားသွား"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုပြန်ရောက်ချိန်ထိ ရင်ထဲမကောင်း။ အမြဲဆူညံနေသည့် အသံပင် နှုတ်ပိတ်နေသဖြင့် တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

"ဘာတွေဖြစ်လာတာလဲ စော"

"မပြောချင်တော့ပါဘူး မမရယ် ..၊ သူက ဆေးရုံမှာ စောကို နှောင့်ယှက်တယ် ..၊ မိန်းမလုပ်တဲ့သူက အသံနဲ့ကိုဘုန်း လမ်းလျှောက်ထွက်လာတာကို နှောင့်ယှက်တယ်လေ"

"ဘယ်လိုကြောင့်လဲ"

"သူတို့နှစ်ယောက် divoce လုပ်ပြီးပြီတဲ့"

"ဟဲ့!.. သေချာလို့လား"

"အဲဒါတော့ စောလည်းမသိဘူး၊ ဆေးရုံမှာသူလုပ်ပုံတွေမဟုတ်တာ စောအတွက် အရှက်ရစရာတွေနဲ့ချည်း ကြုံရတယ် မမရဲ့၊ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဆေးရုံအုပ်ကြီးနဲ့ကိုကိုတို့အုပ်စု ထွက်လာတာနဲ့ တည့်တည့်ကိုတိုးတော့တာပဲ"

"ဟောတော်"

"အဲဒါ ကိုကိုတော့ စောကို ဒီည ဆူတော့မယ်ဆိုပြီး ပြန်လာခဲ့တာ .. လမ်းထိပ်ရောက်တော့ အသံတို့ပြဿနာဖြစ်နေတာနဲ့တိုးပြီး ပိုစိတ်ညစ်ရရော"

"ဒုက္ခပဲ.. အစ်ကိုတော့ စောကို အလုပ်ထွက်ခိုင်းတော့မှာ ထင်ပါရဲ့"





"ဘာလို့ထွက်ရမှာလဲ မမရဲ့ ..၊ စောက အပြစ်လုပ်ထားတဲ့သူမှမဟုတ်တာ၊ တစ်ခါပဲအရှုံးခံမယ် နောက်တစ်ခါတော့ မရစေရဘူး"

မမကစော့ရဲ့ ပခုံးကို အသာပုတ်ပေးလိုက်ပါ၏။ အပေါ်ကိုတက်လာကာ Bathroom ထဲမှာ ခေါင်းမှလောင်း၍ ရေတစ်ဝကြီးချိုးချလိုက်မိသည်။ ရင်ထဲမှပူလောင်ခြင်းကို မအေးစေနိုင်သေးပါလား ..။

ဆံပင်တွေကို Dryer ဖြင့်မှုတ်ချိန်က အတော်ကြာပါ၏။ အသံ့လို အတိုလေးထားလိုက်ရင် ကောင်းပေမယ့် စော အသက်အရွယ်နဲ့ စော အလုပ်အကိုင်ကို ကြည့်ရသေးတာမဟုတ်လား ..။

"အန်တီလေး ... မေမေကြီးက ထမင်းစားကြမယ်တဲ့ ..."

"အန်တီ မဆာသေးဘူး မိနီ ... နင့်ဘဘပြန်လာမှပဲ အတူစားမယ်လို့ ပြောလိုက်ချေ "

"ဟုတ်"

အိပ်ရာထက် အသာလှဲချလိုက်ပါ၏။ အသည်းကွဲတယ် ဆိုတာကို အရွယ်ရောက်ချိန်မှာ လတ်လတ်ဆတ်ဆတ်ကြီးကြုံခဲ့ရတာပါ။ ကျဆင်းခဲ့ရတဲ့သိက္ခာကို မျက်ရည်တွေနဲ့ရင်းခဲ့ရတဲ့ အရင်းအနှီးက နည်းမှမနည်းခဲ့တာပဲ ..။

ရိုက်ချက်က အပြင်းစားပါပဲ ကျော် ... အသက်ထက်မကချစ်ပါတယ်ဆိုတဲ့ နှုတ်ထွက်စကားကို တာဝန်ယူဖို့ပျက်ကွက်ခဲ့တာ ဘာကြောင့်လဲ ..။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာ တခြားသူငယ်ချင်းဆရာဝန်တွေရှေ့ Wedding Card လာထည့်ပေးပြီး Sorry ဆိုတဲ့စကားကို ပေါ့ပေါ့လေးပြောထွက်ရဲတာ အံ့ဩပါရဲ့။ ပိုးကိုမှ တကယ့်မေတ္တာစစ်နဲ့ချစ်သွားတာပါတဲ့... (၅၂၈)က အားနည်းခဲ့တဲ့သဘောပေါ့လေ သူငယ်ချင်းတဲ့ .. သူငယ်ချင်းအဆင့်နဲ့ပဲအဆုံးသတ်ချင်ရင် ရှေ့ကိုဘာကြောင့်တိုးခဲ့ပါသလဲ။

စောမျက်နှာ၊ စောလည်တိုင်၊ စောလက်မောင်းနဲ့ စောရဲ့လက်ဖမိုးနေရာတွေကို ဘာကြောင့် စည်းကကျူးကျော်ခဲ့ပါသလဲ။ ကျေကျေနပ်နပ်ကြီးလိုက်လျော့မိခဲ့သမျှ နမျှောမိတာ အရမ်းပါပဲ။ ဘာမှ အစားပြန်မရနိုင်တဲ့ ဆုံးရှုံးမှုတွေပါ။ ပါးကိုရိုက်မိတာနဲ့ မကျေသေး ပါဘူးကျော်... ဒီထက်မက ပြန်ပြီး Lesson တွေပေးချင်ပါသေးတယ်။

စောသီရိနွယ်ကို လျှော့တွက်ပြီး ပါးပါးလေးရိုက်ခဲ့တဲ့အတွက် ထိုက်သင့်တဲ့အပြစ်ဒဏ်တစ်ခုကိုတော့ မဖြစ်မနေပြန်ပေးသင့်တာပေါ့၊ တန်ကြေးဆိုတာ နေရာတကာသတ်မှတ်ထားရင် စောရဲ့ကြေမွသွားတဲ့နှလုံးသားကို ကုစားခဲ့ရတဲ့ကာလများစွာအတွက် နင် အသေအချာကို ပြန်လျော်ပေးရမှာ အမှန်ပဲ ..။

ဒီတော့ "ဆက်ရန်ရှိသေးသည်"ပေါ့ မြင့်မြတ်ကျော် ..။

"ညီမလေး ... အစ်ကို ပြန်ရောက်ပြီ"

"လာပြီ မမ"

အိပ်ရာထဲမှလူးလဲထကာ အဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲဆန့်လိုက်ပါ၏။ ဆံပင်တွေခြောက်ပြီမို့ ကလစ်ဖြင့် ညှပ်





စည်းထားလိုက်ပြီး အောက်ထပ်ကို ဆင်းလာခဲ့သည်။ မမ ထမင်းပွဲပြင်နေတာကို ဘာမှလုပ်စရာမရှိပါဘဲ ဟင်းခွက်တွေ စီတင်ပေးနေမိ၏။

"အသံလည်း ထမင်းကောင်းကောင်းမစားဘူး၊ အဲဒီကလေးဟာ သိပ်ပြောရခက်တာပဲ"

" Ovaltine လေးနဲ့ မုန့်တစ်ခုခုပြင်ပြီး ကျွေးလိုက်ပါ မမ ... ဘာမှမစားဖြစ်ရင် သမီး အစာအိမ်ပြန်ဖြစ်နေဦးမယ်"

"အေးပါ"

"ကိုကိုရော ..."

"ရေချိုးနေပြီ ... ခဏနေဆင်းလာတော့မှာ"

"မမရော စားမှာလား"

"ဟင့်အင်း ... မောင်နှမတွေ စကားလွတ်လွတ်လပ်လပ်ပြောကြပါ"

"သမီးကော မြ"

ပြောနေတုန်းဝင်လာသည့် ကိုကို့ထံမှမေးခွန်းထွက်လာပါ၏။ မမ က ထမင်းခပ်ထည့်ပေးရင်း လှည့်ဖြေလိုက်လေသည်။

"မောလို့ အိပ်တော့မယ်တဲ့"

"ထမင်းစားပြီးပြီလား"

"ပြီးပြီ အစ်ကိုရဲ့ ... မြနဲ့အတူစားတာပဲ"

"အေး ... အေး"

ကိုကို ထိုင်ပြီးမှ ခုံမှာ စော ဝင်ထိုင်လိုက်ပါ၏။ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သား စကားမပြောဖြစ်ဘဲ ထမင်းကိုငုံ့စားနေမိသည်။ ရင်ပြည့်သလို ဖြစ်နေတာမို့ စား၍မဝင်ပါချေ။ တစ်ပန်းကန်ကုန်အောင်ပင် မစားနိုင်ဘဲရပ်လိုက်စဉ် ကိုကိုက မျက်လုံးလှန်ကာကြည့်လိုက်တာနှင့် တိုးလေ၏။

၁၀ တန်းအောင်ရန်နှစ်ကတည်းက စာပြပေးခဲ့သည့် ကိုကို့ကို ဆရာလိုရော အစ်ကိုလိုပါ အားကိုးချစ်ခင်လေးစားခဲ့ရသည့် စောရယ်ပါ။ မမလက်ပေါ်ကြီးပြင်းလာခဲ့ရသလို ခဲအိုဖြစ်သူနဲ့ သူ့စိမ်းလို စိမ်းသက်မနေဘဲ ချစ်ခင်ခွင့်ရတာ တခြားလူတွေထက် စောက ကုသိုလ်ကံ ပိုကောင်းစေသည့်အချက်ပါပဲ။

"ကိုကို"

"အင်း ..."

"စောကို ဘာပြောမှာလဲ"

"တခြားပြောစရာမှမရှိတာပဲ စော ..."

"ဒီနေ့တွေ့တဲ့ကိစ္စလား"

"ဒါပဲပေါ့"

"သူနဲ့စော ဘာမှမပတ်သက်ဘူး .. စောကိုယုံပါ"

"အဲဒါဆို ဒီနေ့ ရပ်ပျက်တဲ့ကိစ္စမျိုး နောင်မဖြစ်စေနဲ့ပေါ့ ညီမလေး၊ ကိုကို ဒီလောက်ပဲ ပြောချင်တယ်"

"ဟုတ်ကဲ့"

"စော သိထားဖို့က စောနဲ့သူ အဆင့်ချင်းမတူတော့ဘူး၊ ပြီး





တော့ စည်းတစ်ခါကျော်ဖူးတဲ့ယောကျ်ားတစ်ယောက်ဟာ နောက်ထပ်စည်းကိုကျော်ဖို့ နောက်မတွန့်တော့ဘူး၊ ရဲသွားပြီ"

"စော နားလည်ပါတယ်"

"ကိုကိုတို့ညီမလေးကို နောက်ထပ်မျက်ရည်တွေထဲမှာ မမြင်ပါရစေနဲ့ စော ..၊ လွမ်းစရာတွေးမိရင် နာစရာနဲ့ဖြေသိမ့်လိုက်ပါ၊ ကိုကို ပြောချင်တာ အဲဒါပဲ"

"ကျေးဇူးတင်ပါတယ် ကိုကို "

ကိုကို ခေါင်းညိတ်ပြလိုက်မှ ခုံဖယ်၍ထလာဖြစ်၏။ ဝရန်တာ ထွက်ကာ ဟိုဒီလျှောက်နေမိသည်။ ကြယ့်ရောင်က ဝန်းကျင်ကိုမပီပြင်စေပါချေ။ လေညှင်းနွဲ့နွဲ့ကို မျက်စိမှိတ်၍ ခံယူမိလေ၏။ ရင်ထဲ ငြိမ်းအေးခွင့်ရပါစေရှင် ..။

ဆံနွယ်တွေကို လက်ဖြင့်စုစည်းလိုက်ပြီး အကြည့်တို့က တစ်ဖက်အိမ်သို့ ရောက်သွားရပါ၏။ အလို!.. ဟိုဘက်ဝရန်တာမှာ ရပ်နေသူက သူဖြစ်နေပါရောလား။ သတိရနေတာများလား။ သို့တည်းမဟုတ် စောလိုပဲ ရင်နာစွာနဲ့မေ့မရနိုင်တာများလား ကိုဘုန်းမြင့်မိုရ်..၊ စော လည်း ထပ်တူထပ်မျှခံစားနေရတာကို သိစေချင်ပါရဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



[ ၁၆ ]

"ဘယ်လို ..."

တအံ့တသြဖြင့် ညီညီ ကော်ဖီသီးသွားတာမို့ သူ တစ်ချက် ကြည့်လိုက်မိ၏။

ဒီကောင်တော့ မလွယ်ပါလား။ ဒေါက်တာ့သတင်းကြားတာနဲ့ အယောင်ယောင်အမှားမှားတွေဖြစ်လို့လေ ..။

"မမက .. မမက ဒေါက်တာမြင့်မြတ်ကျော်ရဲ့အချစ်ဦး ဟုတ်လား"

"အင်း"

"ဟာ.. ဒါဆို မမလည်း ကိုကိုကြီးလိုပဲ Broken Heart ပေါ့"





"လုပ်လာပြန်ပြီ .. သူ့ရှေ့မှာ သွားမပြောမိစေနဲ့ဦး ...၊ တော်ကြာ ငါ နှုတ်မလုံတာပေါ်ကုန်တော့မှာပဲ"

ညီညီက ပြုံးမြမြဖြစ်သွားပြီ သူ့ကိုအကဲခတ်ဟန်ဖြင့် ကြည့်လိုက်လေ၏။ ညက တော်တော်နှင့်အိပ်မပျော်ပေမယ့် မနက်တိုင်း နိုးနေကျအချိန်တိုင်းနိုးလာတာပဲမို့ မျက်ဝန်းလေးတွေက စပ်နေသလို ခံစားနေရ၏။

ဒါကို ညီညီ သိလို့ မဖြစ်ပါလေ။

"ကိုကိုကြီး"

"ဘာလဲ"

"လွမ်းနေဆဲပဲလား"

"သွားစမ်းပါ"

"အတော်လည်းဟုတ်တဲ့လင်မယားတွေပဲနော် ..၊ ယူတုန်းကဖြင့် ယူကြပြီး အခု ကွဲတော့လည်း အလွယ်လေး ... မေတ္တာက မလေးနက်လိုက်တာ"

"သူတို့နဲ့မတန်တဲ့စကားလုံးမျိုး မသုံးစမ်းပါနဲ့ ညီညီရာ"

"ဘာကိုလဲ"

"မေတ္တာဆိုတာ အသန့်စင်ဆုံးအရာကွ ..၊ ခင်းတို့နဲ့မထိုက်တန်ဘူး"

"ရင်ထဲရှိတာ ဖြစ်နေသလား"

ပေါင်မုန့် Jam သုတ်ထားတာကို ကိုက်စားလိုက်ပြီး Team



www.burmeseclassic.com

www.burmeseclassic.com



နှင့် မျှော်ချလိုက်ပါ၏။ ညီညီ မေးတာကို မဖြေချင်တာမို့ တုံ့တို့ ဘာဝေလုပ်နေမှန်းသိသဖြင့် ညီညီက သူ့လက်မောင်းကို အသာတို့ လိုက်လေသည်။

"အဲဒါ ဝန်ခံတာလား"

"တော်စမ်းပါ"

"ရင်ထဲမှာတော့အောင့်နေတယ်မဟုတ်လား ကိုကိုကြီးရ ..၊ အချစ်ဆူးလေးစူးနေတုန်းပဲမို့ Heart Attack ကို အသည်းအသန်ကြီးကုစားခဲ့ရတာ ကျွန်တော်အသိဆုံးပဲဟာ၊ ညာစရာလား"

"မင်းသာ ဒေါက်တာစောသီရိနွယ်ကို ဆေးကုသဖို့ကြိုးစားစမ်းပါ၊ ငါ့ကိုလာဆွပေးမနေနဲ့"

"မလွယ်တော့ဘူး ကိုကိုကြီးရေ့ ..၊ တစ်ခါမှ မချစ်ဖူးသေးတဲ့လူကို ချဉ်းကပ်ရတာလွယ်တယ်၊ ချစ်ဖူးပြီး အသည်းကွဲဖူးတဲ့လူကို ပြန်ချစ်အောင်လုပ်ဖို့က လေကားမရှိဘဲ နံရံကိုတက်ရသလို ခက်ခဲလွန်းအားကြီးတယ်"

အလို...! မချစ်ဖူးသေးတဲ့လူကို ချဉ်းကပ်ရတာ လွယ်တယ်တဲ့လား။ ညီညီ ဘာကိုများ ရည်ရွယ်ပြီးပြောလိုက်တာပါလိမ့်။ အာရုံက မနေ့က သူ့အတွက်စိုးရိမ်ပြီး ကူညီခဲ့သည့် ဇွဲဇွဲကို ဖျတ်ခနဲ မြင်ယောင်လိုက်မိ၏။

ဘုရားရေ! ညီညီတော့ ဒေါက်တာ့ကိုမှန်းရာကနေ လမ်းကြောင်း တကယ်ပဲရွှေ့ချေပြီလား ..။





ဇွဲဇွဲပုံစံလေးက ချစ်သူ တစ်ခါမှမထားဖူးသေးတဲ့အရွယ်လေး ဖြစ်နေတာလေ ..။

"ကိုကိုကြီး"

"ဟင် ..."

"မေးတာရောကြားရဲ့လား"

"ဘာလဲ"

"အခြေအနေဘယ်လိုလဲ"

"မနက်ဖြန် ငါတက်နိုင်ပါတယ်ကွ"

"ဘာတက်ဖို့လဲ"

"Meeting လေ"

ညီညီက မျက်ခုံးပင့်သွားပြီး ဟက်ဟက်ပက်ပက်ရယ်ချလိုက်လေ၏။ နေပါဦး ... သူ ဘာများမှားပြီးပြောမိလို့ပါလိမ့် ..။

"သွားပြီ ... ဦးဘုန်းမြင့်မိုရ်တို့ ကုစားလို့မရတော့ပါလား"

"ဘာလဲကွ"

"ကျွန်တော်မေးတာက ချာတိတ်နဲ့ အခြေအနေ ဘယ်လိုလဲလို့ မေးတာကို အဖြေက တခြားစီဖြစ်နေတာလေ"

သူ့မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ မဟုတ်သေးဘူး။ သူ့စိတ်လေးတစ်ချက်လွတ်သွားရုံနဲ့စကားတွေ ကမောက်ကမ ဖြစ်ကုန်တာလေ ..။

"လာပြန်ပြီ .. ကလေးနဲ့ငါ့ကိုတွဲပြီး မစနဲ့လို့ မင်းကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါပြောရမလဲ ညီညီ ”

“ကိုကိုကြီး တကယ်ပဲ ရင်မခုန်တော့တာလား”

“ရင်မခုန်ရင် ငါသေပြီပေါ့ကွာ”

“အကောင်းပြောနေတာလေဗျာ ..၊ လူကြီးဖြစ်ပြီး ဝေ့ဝိုက်မပြောပါနဲ့ဗျ”

“မင်းဘာသာ မင်းဖွင့်ပြောချင်တဲ့သူကိုပြော .. ငါ့ကိုမနှောင့်ယှက်စမ်းပါနဲ့”

“သေချာလား”

“ဘာကိုလဲ လာပြန်ပြီ”

“ချာတိတ်ကို စိတ်မဝင်စားဘူးဆိုတာလေ ..”

“ကျွတ်! သူများသမီးနုနုထွတ်ထွတ်လေးကို ငါ့လို ...”

“ချွင်!”

နားထဲမှာ တိုးတိုးကြားလိုက်သော်ငြား ခေါင်းနားပမ်းကြီးသွားရပါ၏။

ပါးစပ်ကိုလည်း အချိန်မီဘရိတ်အုပ်လိုက်ရလေသည်။ စောစောစီးစီးကိုပေါက်ချလာပါရောလား။

“ဆက်ပြောလေ”

“ရှူး ...”

သူ အချက်ပြလိုက်စဉ်မှာပင် ပန်းကန်တစ်ချပ်နှင့် ထမင်းစားခန်းထဲဝင်လာသည်က ချာတိတ်ရယ်လေ။





“ဟာ ... အစ်ကိုကြီးက Breakfast တောင်စားနေပြီလား”

“စောစောစီးစီး ဘာလာရှုပ်တာလဲ”

“အံမာ ... အသံ က စေတနာနဲ့ အစ်ကိုကြီးအတွက် မုန့်လုပ်ပြီး လာပို့ပေးတာပါနော်၊ ရှင့်အပူလား”

“ဘာမုန့်လဲ ...”

“ကြက်ဥ အောမလက်”

“လာပြန်ပြီ အဆီအအိမ့်တွေ”

“ရှင့်ဖို့မှမပါတာ ..၊ မနာလိုမရှိပါနဲ့ ..၊ စားကြည့်ပါဦး အစ်ကိုကြီးရဲ့ ..၊ အသံ မနက်အစောကြီးထလုပ်လာတာ”

သူ့ရှေ့စားပွဲထက် လာချပေးသည့် ကြက်ဥအောမလက်က ငါးခုတောင်ပါ ..။

ညီညီ့ဖို့မပါဘူးလို့ နှုတ်ကပြောနေပေမယ့် ဒီလောက် အများကြီးကို သူ ဘယ်ကုန်နိုင်ပါ့မလဲ၊

အခုနောက်ပိုင်းမှာ သူမရောက်လာတိုင်း ညီညီနဲ့သာ စကားတွေများပြီး ပြန်ဖြစ်ခဲ့တာလေ။

သူနဲ့စကားကောင်းကောင်းပြောဖြစ်တဲ့တစ်ညနေကလည်း...။

အတွေးကိုရပ်ကာ သက်ပြင်းရှိုက်ရင်း ပန်းကန်ကိုရှေ့သို့ တွန်းပို့လိုက်ပါသည်။

“ဘာလို့လဲ”

“ညီတာတွေမစားနိုင်ဘူး၊ ဒါကြောင့် ပေါင်မုန့်တောင်မကြော်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတော့တာ"

"နည်းနည်းလေးတောင်မမြည်းဘူးလား အစ်ကိုကြီးရဲ့"

"မစားချင်ဘူး .. အန်လိမ့်မယ်၊ ညီညီ မြည်းပေးရင် ကျေနပ်ပေါ့"

ပြောရင်းထရပ်လိုက်ပါ၏။ ရှောင်ပေးမှကောင်းမယ် ထင်ပါရဲ့။ စားပွဲဘေးရပ်ကျန်ရစ်ခဲ့သည့် သူမမျက်နှာလေး ဘယ်လိုဖြစ်ကျန်ရစ်ခဲ့မလဲ သူ မသိခဲ့ပါ။

"သံယောဇဉ် မသဒ္ဒါတဲ့မုန့်ကို စားရချေသေးရဲ့ဗျာ"

"မကျွေးပါဘူး"

"ဟ ... ကိုကိုကြီးမှမစားတဲ့ဟာ ကိုယ်စားမှပေါ့ သံယောဇဉ်ရဲ့"

"အသံ ရှင်ဖို့လုပ်ပေးတာမှမဟုတ်ဘဲ"

"ဟုတ်ဟုတ်,မဟုတ်ဟုတ် ကိုယ်တော့စားပြီ"

"ဦးကောင်းသန့်စင်! ရှင်နော် ..."

သူမအော်သံနှင့် ညီညီ့ရယ်သံတို့က နောက်ပါးမှာ ကျန်ရစ်ခဲ့ပါ၏။

ခြံထဲရောက်တော့ စိတ်မပါပေမယ့် ပန်းပင်တွေကို ငေးကြည့်ရင်း လမ်းလျှောက်နေမိသည်။

ရင်မောရတာအမှန်ပါပဲ ..။

ညီညီ ခဏနေကုမ္ပဏီသွားတော့မှာမို့ ခြံတံခါးကိုဖွင့်ထားရန်





ပြင်လိုက်စဉ် တစ်ဖက်ခြံမှထွက်လာသည့် ဒေါက်တာ့ကို လှမ်းမြင်လိုက်ရလေ၏။

အလို!.. ဒီနေ့ ကားမပါဘဲ လမ်းလျှောက်ထွက်လာတာပါလား။

"Morning ပါ ဒေါက်တာ"

အတွေးဖြင့်လျှောက်လာရမှ အလန့်တကြားဖြစ်သွားရပါ၏။ သူလည်း အစောကြီးနိုးတာပါလား။

" Morning ပါ ကိုဘုန်း ... ညက အိပ်လို့ပျော်ရဲ့လား"

"ဟုတ်ကဲ့"

"စောကတော့ ဒေါသတွေမငြိမ်းတာနဲ့ Xanax တစ်လုံး on လိုက်ရတယ်"

"Sorry ပါ ဒေါက်တာ ... ကျွန်တော်အတွက်နဲ့ ..."

"မဟုတ်ဘူး ကိုဘုန်းရဲ့"

"ဗျာ .."

Duty Coat ကိုလက်မှာကိုင်၍ သူရှေ့လာရပ်လိုက်သည်။ ဒေါက်တာ့ထံမှ သနပ်ခါးရနံ့သင်းသင်းလေးကို ရှူရှိုက်လိုက်ရလေ၏။ မနက်အစောကြီး ရင်ကိုအေးမြသွားသလိုပါပဲလား။

"သူနဲ့ ဆေးရုံမှာပြန်တွေ့နေရလို့ပါ"

"ဘယ်လို ..."

"ဒေါက်တာမြင့်မြတ်ကျော်လေ ..၊ စော ရှိနေတဲ့ဆေးရုံကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလာတဲ့နေ့ပဲ နည်းနည်းပြဿနာတက်ရလို့ ဒေါသတွေဖြစ်လိုက်ရတာ တစ်နေ့လုံးပဲ၊ အပြန်မှာ ကိုဘုန်းတို့နဲ့အတူ ဟို တစ်ယောက်နဲ့ထပ်ဆုံရတာလေ ..."

"ဖြစ်ရလေ ဒေါက်တာရယ်"

"ဟင်း ... ဟင်း စော က ခံနိုင်ရည်ရှိနေပါပြီ ကိုဘုန်းရဲ့ ..၊ ရင်ထဲကအနာကို ကျက်နေပြီပဲထင်ခဲ့မိတာ .. Plasta ခွာလိုက်မှ သွေးပြန်ယိုမှန်း သိလိုက်ရတာပဲ"

"ကျွန်တော် စိတ်မကောင်းလိုက်တာ"

"ရပါတယ် .. စောက ကိုဘုန်းကို စိတ်ပူနေတာ တစ်ခုခုဖြစ်မှာစိုးလို့လေ .. အသက်ရှူရတာ အဆင်ပြေရဲ့လား"

ပြောရင်းဖြင့် တုတ်ကောက်ကိုင်ထားသည့်လက်ကို လာကိုင်လိုက်တာမို့ သူ လက်ပြောင်း၍ပေးလိုက်မိ၏။ လက်ကောက်ဝတ်ကို ခဏမျှစမ်းရင်း ခေါင်းညိတ်ပြုံးပြလိုက်သည့် ဒေါက်တာ့အပြုံးက မနက်ခင်းကို ပို၍လှပသွားစေသည့်နှယ်ပင်..။

"သွေးခုန်နှုန်းကတော့ Normal ပါပဲ ... မဆိုးပါဘူး"

"ကျွန်တော့်အသက်ကို ကျွန်တော် ကြည့်ပြီးမွေးနေရတာပဲ ဒေါက်တာရယ်"

"ခဏပါပဲ ကိုဘုန်းရယ်.. မေ့လိုက်ပါ၊ စိတ်ညစ်စရာတွေ လျှောက်တွေးမနေပါနဲ့ ..၊ ပြောမယ့်သာပြောရတာ လောကမှာ အခက်ခဲဆုံးအလုပ်ဟာ အဲဒီလိုမေ့ရခြင်းပဲတဲ့ ၊ စောကတော့ အတိတ်





ဆိုတာကို ဘဝထဲကနေ လုံးဝကို ဖယ်လိုက်ချင်တာ အမှန်ပဲ"

အခက်ခဲဆုံးဆိုပါလား။ ဒေါက်တာရော အဲဒီ ဒေါက်တာမြင့်မြတ်ကျော်ကို အခုချိန်ထိ မေ့လို့မရ ဖြစ်နေတယ်ထင်ပါရဲ့ ..။

"ကံကိုက ဖြစ်လာရတာကိုး ဒေါက်တာရဲ့ ..၊ လူသားတွေ ဘယ်တတ်နိုင်ပါ့မလဲ"

စော ပြုံးလိုက်မိပါ၏။ တစ်ခါသေဖူးခဲ့လို့ ပျဉ်ဖိုးနားလည်သွားလေသလား။ ဟိုအရင်တုန်းကနဲ့ ဆန့်ကျင်တဲ့စကားမျိုးကို သူ ပြောနေတာလေ ..။

"ဘာကိုသဘောကျလို့လဲ ဒေါက်တာ"

"ကိုဘုန်းတောင် အရင်တုန်းနဲ့မတူတော့သလိုပဲ တွေးလိုက်မိလို့ပါ"

"ဗျာ .."

"ဟုတ်တယ်လေ ..၊ ဟိုတုန်းကဆို ကိုဘုန်းနဲ့ Interview မှန်သမျှ စာစောင်တွေဖတ်ရတိုင်း လူတွေရဲ့ရင်ထဲကို အများကြီးဖြစ်တည်စေခဲ့တာချည်းပါ၊ အခု ကိုဘုန်း ပြောနေပုံက အနာဂတ်ပျောက်နေတဲ့လူလိုပဲ လုံးဝကြီးဆန့်ကျင်ဘက်ဖြစ်နေတာကိုး"

သူ ငိုင်သွားရပါ၏။ အနာဂတ်ပျောက်နေတဲ့လူလိုပဲတဲ့..။ မှန်နေတာပဲ ..။

ဒုက္ခိတတစ်ယောက်ဖြစ်သွားပြီးကတည်းက (သူ့ကိုယ်သူ မတ်မတ်မရပ်နိုင်ဘူးဆိုတဲ့အသိ ဝင်သွားစဉ်ကတည်းက) ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ယုံကြည်မှုမဲ့သွားရတာလေ ...။

"ဟောကြည့်! ပြောရင်းနဲ့ကို ငိုင်ကျသွားတာ သိသာလွန်းနေပြီ"

"မဟုတ်ပါဘူး"

"လောကမှာ အချစ်ကိုမတွေ့ဖူးတဲ့လူရယ်လို့မရှိသလို အသည်းမကွဲဖူးတဲ့လူတွေလည်း မရှိလောက်ပါဘူး၊ စောတို့လို တည်ငြိမ်တဲ့အရွယ်သက်တမ်းမှာ တစ်ကြိမ်တော့ ကြုံရမှာပေါ့၊ အချစ်သေတာနဲ့ဘဝသေတယ်ဆိုတာ စိတ်ဓာတ်ပျော့ညံ့တဲ့လူညံ့မျိုးတွေမှာပဲ ရှိမှာပါ ကိုဘုန်းရဲ့ ..၊ ကိုဘုန်း တတ်ထားတဲ့ပညာ .. ကိုဘုန်း လက်ရှိအခြေအနေနဲ့ အသက်အရွယ် ဒါတွေက ဒီလိုပျော့ညံ့ဖို့သင့်မသင့် ချင့်ချိန်ကြည့်ပေါ့"

သူ နှုတ်ခမ်းတွေ ဟ,သွားရပါ၏။ ပညာတတ်ပီသပါပေရဲ့။ စကားကို နားဝင်အောင်ပြောပြသွားလိုက်တာ လွန်ခဲ့သည့် နှစ်နှစ်ကျော်ကာလက ဘုန်းမြင့်မိုရ်ကို ပြန်မြင်လိုက်ရသည့်နှယ် ခံစားလိုက်ရလေ၏။ အားငယ်နေခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုပင် ပြန်ရှက်သွားရတဲ့အထိပါပဲ ..၊ ကျေးဇူးပဲ ဒေါက်တာ..။

"ကံဆိုတာ လူက လုပ်တာပါပဲ ... ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ဖူးစာမပါလို့ လွဲခဲ့ရတယ်ပဲဆိုဆို ..၊ ဦးရာလူစနစ်နဲ့ပဲလုလုစော တို့လက်ခံခဲ့ရပြီးပြီ၊ တကယ်လည်းရှက်ခဲ့မိတာအမှန်ပါ။ စော





လည်း စောရဲ့ ဆေးလောကမှာ နာမည်ပျက်ခဲ့ရသလို ကိုဘုန်းလည်း စီးပွားရေးလောကမှာ အတော်လေးနာမည်ထိခိုက်ခဲ့ရတာ လူသိရှင်ကြားပါပဲ၊ ဒါပေမယ့် ကိုဘုန်း သိထားဖို့က စောတို့ မမှားဘူး၊ ဒါကို ဘုရားသိပါတယ်၊ စောတို့ရဲ့ကိုယ်စောင့်နတ် သိပါတယ်၊ အဲဒါပဲလိုအပ်တာပါမှန်ရဲ့လား"

"မှန်ပါတယ် ဒေါက်တာ"

"အဲဒါဆိုရင် ကိုဘုန်းရဲ့အနာဂတ်ကို မမှုန်ဝါးပါစေနဲ့လို့ စောပြောပါရစေ"

"ကျေးဇူးအများကြီးတင်ပါတယ်.ဒေါက်တာ၊ တကယ့်ကိုလှိုက်လှိုက်လှဲလှဲနဲ့ကျေးဇူးတင်တာ အမှန်ပါ"

လက်ကမ်းပေးလိုက်တာမို့ သူ့လက်ကို စော ကိုင်လိုက်မိပါ၏။ နွေးလိုက်တာနော်။ ရင်ထဲထိတိုင်နွေးထွေးသွားသလိုပါပဲ။

တစ်ခါမှ မခံစားခဲ့ရဖူးတဲ့ခံစားချက်ကြောင့် ရင်ထဲမှာ သိမ့်ခနဲဖြစ်သွားရတာလေ။

သူ့မျက်နှာထက်မှအပြုံးက တစ်ချိန်က ဘုန်းမြင့်မိုရ်ကို ပြန်တွေ့လိုက်ရသလိုနှယ်ပါ။

လူတွေကို အမောပြေပြီး အားတက်စေခဲ့တဲ့အပြုံးကို သူ ပြန်ပြုံးနိုင်ပြီပဲ..။

စော ဝမ်းသာပါတယ် ကိုဘုန်းမြင့်မိုရ် ...။

"ကား ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုတော့ စော စမ်းသပ်လို့မရဘူးလေ .. Taxi နဲ့ပဲ သွားရတော့မယ်"

"ဒါဆို ညီညီကားနဲ့လိုက်ပါလား ဒေါက်တာ .. ခဏနေ သူ ထွက်လာတော့မှာ"

"နေပါစေ ကိုဘုန်းရယ် ... ကိုဘုန်းက စောထက် သုံးလေးနှစ်ကြီးပေမယ့် ကျွန်တော့်လို့ စိမ်းစိမ်းကြီးသုံးနေတုန်းပဲနော်"

"ဗျာ .."

"ဩော် ... ကိုဘုန်းရဲ့ညီက စောကို မမလို့ တရင်းတနှီးသုံးပြီးသူ့ကို "ကောင်း"လို့ခေါ်ဖို့ပြောထားတာကြောင့်ပါ"

"ဩော် ... ဟုတ်လား"

"စော သွားတော့မယ်နော်၊ အစားကိုဝင်အောင်စားဖို့ သတိပေးပါရစေနော် ..၊ ပြီးတော့ အိပ်ရေးဝအောင်လည်းအိပ်ဦး .. ဟို တစ်လောက ပြည့်လာပြီး အခုပြန်ပိန်သွားပြန်ပြီ၊ မျက်ကွင်းတွေပါ ညိုနေရင် သိပ်မကောင်းတော့ဘူး၊ လက်ဆစ်နဲ့လက်သည်း မညိုရင်တော့ နှလုံးအတွက် စိတ်ချပါတယ်"

နှစ်ယောက်သားပြုံးလိုက်မိပါ၏။ သူ့လက်ကို အခုထိမလွှတ်သေးဘဲ ငုံ့ကြည့်နေတာမို့ ငြိမ်နေမိသည်။ ဒီဒေါက်တာတော့ လက္ခဏာ ပါ ဟောတော့မယ့်ပုံဖြစ်နေပါရောလား။

"ဟင်!"

"ခွမ်း!"





"ဘာဖြစ်တာလဲ"

ခြံဝမှမြင်ကွင်းကိုလှမ်းမြင်ရစဉ် လက်ထဲမှမုန့်လှယ်ပေးခဲ့သည့် ကြွေပန်းကန်ပြားလေး လွတ်ကျသံက ကျယ်ပေမယ့် သူက လှည့်မကြည့်ပါချေ။ ဘာတွေများ အလွမ်းသယ်နေကြပါသလဲ။ တစ်ယောက်လက်ကိုတစ်ယောက်ကိုင်ထားလျက် ပြုံးနေကြသည့် မြင်ကွင်းကို အငေးသားကြည့်ကာ မျက်ရည်တို့ရစ်ဝဲလာလေ၏။ အစ်ကိုကြီး အသဲ့ကို ဒီနည်းနဲ့ရင်ကွဲအောင်လုပ်တော့မှာလား။

"သံယောဇဉ် ... ဟင်!"

အနောက်မှရောက်လာသည့် သူ့ညီကို သတိမထားမိအောင်ပင် အကြည့်တို့ရီဝေနေလေ၏။ ရင်တွင်းမှလှိုက်တက်လာသည့် ငိုချင်စိတ်က ရင်ဝကိုလာဆောင့်သဖြင့် ရင်ဘတ်ကို အမြန်ဖိလိုက်ရပါသည်။

"သံယောဇဉ် ... သတိထားလေ"

သတိပေးသံအဆုံးမှာ အသဲ့မျက်ဝန်းမှ မျက်ရည်က ပါးထက်ကို ကျသွားလေတော့၏။ အို ... အစ်ကိုကြီးရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



[ ၁၇ ]

"ကိုကိုကြီး အလုပ်ပုံမှန်ပြန်ဆင်းတော့မယ် ညီညီ"

ဝမ်းသာစရာသတင်းပါပဲ။ သို့သော် သူ တစ်နေကုန် နေမထိထိုင်မသာဖြစ်နေတာ ဘယ်လိုလုပ်ရပါ့မလဲ။ မနက်ဖြန် Meeting မှာ အားလုံးသိအောင်လို့ ကိုကိုကြီး အသိပေးတော့မှာလေ ... အဲဒါက အကြောင်းမဟုတ်၊ အကြောင်းက ဒီမနက်ပဲ ကိုကိုကြီးနဲ့မမ လက်ချင်းဂဟေဆက်ခဲ့တာက အဓိကပါ။ ပြီးတော့ ကိုကိုကြီးအပေါ်ထားရှိတဲ့ သံယောဇဉ်ရဲ့ရင်ထဲကို ရှင်းရှင်းကြီးမြင်လိုက်ရတာလေ။

ဒီပုံအတိုင်းဆို သူ ငြိမ်နေလို့ဘယ်ဖြစ်ပါတော့မလဲ။ လူကြမ်းကြီးတော့ လုပ်ရတော့မှာပဲ ..၊ သံယောဇဉ်ရဲ့ ရင်ငြိမ်းအေးစေဖို့ .. နောက် သူ့နှလုံးသားရဲ့ပလ္လင်ပေါ်မှာ မမရဲ့ချစ်ခြင်းတွေရှိနေတဲ့ အသည်းပွင့်လေးနားခိုဖို့ပါပဲ .. မဖြစ်တော့ဘူးနော်၊ ကိုကိုကြီးနဲ့မမ





နဲ့ ချစ်သွားလို့မဖြစ်ဘူး... ကိုကိုကြီးအတွက် အလျှော့ပေးချင်ပေမယ့် ကွဲရမယ့်အသည်းက နှစ်စုံလေ။

"GM"

"..."

"GM"

"ဟှင် ... ဘာလဲ"

"လက်မှတ်ထိုးပေးဖို့ခေါ်နေတာ ငါးခါလောက်ရှိနေပြီ၊ ဘာတွေ တွေးနေတာလဲ"

"ဩော် ... Sorry ကျွန်တော့်စိတ်တွေ မိုးဆန်းပန်းဆေးရုံကို လွင့်သွားလို့"

"ဆေးရုံမှာ ဘယ်သူရှိလို့လဲ"

"ကျွန်တော့်နှလုံးသား"

"ဟောတော်"

မိုးသားဖြူက ခစ်ခနဲရယ်လိုက်လေ၏။ သူကတော့ ရူးပေါပေါဖြစ်နေပြီထင်ပါရဲ့။ အင်းပေါ့လေ .. အချစ်က လူကိုရူးစေတယ်ဆိုရင် သူလည်း အရူးတွေထဲကတစ်ယောက်ပါပဲ။ ဒါပေမယ့် အဲဒီအချစ်ရူးရဲ့ ရင်ထဲကနှလုံးသားထဲမှာ ပေးနေချင်တဲ့သူသာ ရှိပါစေလား။

"မိန်းမတစ်ယောက်ကို ချဉ်းကပ်ဖို့ ဘယ်လိုနည်းလမ်းမျိုးတွေရှိရမလဲ ..၊ ပြီးတော့ အဲဒီမိန်းမရဲ့နှလုံးသားကိုပိုင်ဆိုင်ဖို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘယ်လိုအရည်အချင်းမျိုးတွေရှိသင့်သလဲ .. မမိုး ပြောကြည့်
ပါဦး"

"အာ ... ဒါဆိုရင် မိုးက သူ့ပုန်ဗိုလ်ဖြစ်တော့မှာပေါ့"

"ဘာဖြစ်လို့လဲ"

"GM မကြားဖူးဘူးလား ... မမလေးကိုခိုးဖို့ လူဆိုးတွေ
မောင် တိုင်ပင်ဆိုတာလေ .."

"No, no အဲဒီအဆင့်ထိ မရောက်သေးပါဘူး၊ အခုမှ မမကိုပိုးဖို့
တိုင်ပင်တုန်း"

"မမ ... ဟုတ်လား"

"ဟုတ်တယ် ... မိုးလည်းသိပြီးသားဖြစ်မှာပါ၊ ဒေါက်တာ
စောသီရိနွယ် လေ"

မိုးသားဖြူ ပါးစပ်အဟောင်းသားဖြစ်သွားပြီးမှ ရယ်လိုက်လေ
၏။ အံ့သြသွားမှန်းသူသိနေပါသည်။ မမဟာ ကိုကိုကြီးနဲ့ထပ်တူ
အသည်းကွဲခဲ့တဲ့လူအဖြစ် နာမည်ပြိုင်တူပျက်ခဲ့ရတဲ့ နာမည်ကြီးတွေ
ပဲကိုး။

"ဒေါက်တာ့ကို GM က ..."

"ဟုတ်တယ်၊ ဘာလဲ .. ချစ်ခွင့်မရှိဘူးလို့ ပြောချင်တာလား"

"မဟုတ်ပါဘူး .. ထင်မထားမိလို့ပါ၊ မိုးက MD နဲ့ဒေါက်တာ
ကိုပဲ လိုက်ဖက်တယ်လို့ တွေးထားတာကိုး"

"တော်ပါတော့ ..။ အဲဒီအတွေးကို ချက်ချင်းထုတ်ပစ်လိုက်စမ်း





ပါ .. ဒီမှာ ဦးနှောက်စားရတဲ့ကြားထဲ မမိုးက နိမိတ်ပြနေပြန်ပါပြီ"

"ဟင်... ဒါဆို MD ရော ဒေါက်တာ့ကို စိတ်ဝင်စားနေတာ
လား"

"မသိဘူး၊ ကျွန်တော်လည်း သေချာမပြောနိုင်ဘူး၊ မမရော
ဟိုချာတိတ်မပါ ကိုကိုကြီးကို စိတ်ဝင်တစားရှိနေတာတော့ သေချာ
တယ်"

"အဲဒီချာတိတ်က ..."

"မမ တူမလေ"

"ပေါ်တော့ GM ရဲ့ပွဲက မလွယ်ပါလားနော်"

"အဲဒါပြောတာပေါ့ ... ကိုကိုကြီးမှာ ဘာအစွမ်းအစတွေရှိနေလို့
များ မိန်းကလေးတွေပစ်ကျနေကြတာလဲမသိတော့ဘူး"

မိုးသားဖြူက File ကိုပြန်ယူကာ စဉ်းစားပုံကိုပြလိုက်၏။
ထွက်သွားရန် ခြေလှမ်းပြင်လိုက်ပြီးမှ ကိုယ့်ကို ပြန်လှည့်လိုက်လေ
သည်။

"ဒါပေမယ့် GM မှာ Chance တော့ရှိတယ်"

"ဘာ Chance လဲ"

"ဒေါက်တာ့မမကို ပိုးဖို့လေ၊ GM က ပိုပြီးအခွင့်အရေးရှိတာ
ပေါ့"

"ထင်သလား၊ ကျွန်တော်က ကုမ္ပဏီမှာရောက်နေတုန်း ...
ကိုကိုကြီးက အိမ်မှာထိုင်ပြီး OK နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"ဟ! မမနဲ့ ကျွန်တော်တို့က ခြံချင်းကပ်ဖြစ်နေတာ မိုးရဲ့"

"သေရော့ပါ"

"မသေချင်သေးဘူး၊ မမနဲ့မှ မင်္ဂလာမဆောင်ရသေးတာ .."

"ဒါဆိုလည်း ဒေါက်တာ့ကို ကြိုပို့လေးဘာလေးလုပ်၊ ကော်ဖီဆိုင်ခေါ် .. လက်ဆောင်ဝယ်ပေး .. ကြိုက်တာမှန်သမျှ လုပ်နိုင်တာပဲ"

"မမက ကိုယ်ပိုင်ကားနဲ့ .. အဲ! နေဦး ဒီနေ့ ကားမပါဘဲသွားတာ ထင်တယ်၊ ကျေးဇူးပဲ မမိုး ... Idea ပေးတဲ့အတွက် .."

မိုးသားဖြူ ခေါင်းညိတ်ကာ ခုံမှာသွားပြန်ထိုင်တော့ သူထိုင်ခုံကျောမှီထက် မှီချလိုက်ပါ၏။ ဟုတ်တယ် .. ဒီညနေပဲ မမကို သွားကြိုရမယ်။ ကိုကိုကြီး လာကြိုနိုင်းတာလို့ပဲ ပြောလိုက်ရုံပေါ့၊ လက်ဆောင်က ဘာဝယ်ပေးရမလဲ။ ဟိုချာတိတ်မဆို ပန်းသရဲမို့ အကြောင်းမဟုတ်။

ကောင်းပြီ .. မမ ဘာကြိုက်နိုင်မလဲ စဉ်းစားပြီး ဝယ်သွားရုံပါ။ သိပ်မခက်လှပါဘူး၊ ပြီးရင် နှစ်ယောက်အတူတူ ဆိုင်တစ်ဆိုင်မှာထိုင်ပြီး အေးအေးဆေးဆေးစကားလက်ဆုံကျရုံပေါ့ .. OK !!





"သူနဲ့စကားပြောဖို့တော့ နာရီဝက်လောက်ပဲဖြစ်ဖြစ် အချိန်တော့ပေးလိုက်သင့်တယ်လို့ ငါတော့ထင်တယ် စော"

"ဘာဖြစ်လို့လဲ"

"နင် ဒီလို ဘယ်အချိန်အထိ ရှောင်နေမှာလဲ ..၊ လူတွေသို့လော သို့လော ပြောကုန်ကြပြီနော်"

"စော ... သူ့ကို အပြတ်ပြောထားပြီးပြီဟာ"

"အဲဒါ နင့်အပြောလေ ... သူက နင့်ကွယ်ရာမှာ ပိုင်စိုးပိုင်နင်းတွေပြောနေပြီ ... နင့်ကိုလက်တွဲဖြုတ်ခဲ့မိလို့ နောင်တတွေ ကောင်းကောင်းကြီးရနေပြီဆိုပြီးတော့လေ"

စော မျက်နှာလေးမှဲ့သွားရပါ၏။ လျှာဖျားကပြောတာတော့ ပေါ့ပေါ့လေးပါလား..။ နှလုံးသားထက်မှာ အရှိုးရာ၊ အမွန်းရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို စော သာရခဲ့ရတာကိုး၊ သီးခြားကမ္ဘာထဲမှာ နှစ်ကိုယ်တူ အပျော်ကြီးပျော်ခဲ့ကြလို့ ဝမှ ကမ်းစပ်ကခြေရာတွေကို ပြန်လိုက်ကောက်လို့ ရနိုင်ပါတော့မလား။ ရင်ကွဲသူချင်းသာ နားလည်ပေးနိုင်တာပါလေ..။

"စောကို အထင်သေးနေတဲ့ယောကျ်ားတစ်ယောက်ကို အကောင်းဆုံးသင်ခန်းစာတစ်ခု ဘယ်လိုပေးရမလဲလို့ စဉ်းစားနေတုန်းပဲ"

"ဘယ်လို ..."

"ဟုတ်တယ် ... သူ့ကို ခါးခါးသည်းသည်းငြင်းဆန်လေ သူက ရှေ့ကိုပိုတိုးလေဖြစ်လာဦးမှာပဲ ..၊ ဒီတော့ စော အလိမ္မာနည်းသုံးမှ ဖြစ်တော့မယ်ဆိုတာ နားလည်ထားတယ်"

"နင် ဘယ်လိုလုပ်မှာလဲ"

"စောင့်ကြည့်ပေါ့ သရဖီရဲ့ ... ပွဲကလုမှာအသေချာပဲ ... အရင်ဦးဆုံးက သူ့ကို ရေလိုက်ငါးလိုက်လေး အလိုက်သင့်ဆက်ဆံဖို့ ပြင်ဆင်ရမယ်၊ စောရဲ့အနားမှာ ဘယ်သူစိမ်းယောကျ်ားမှ ရှိမနေဘူးဆိုတဲ့ သူ့ လျှော့တွက်ချက်ကို တစ်ချီတည်းနဲ့ ရိုက်ချိုးပြလိုက်ရုံပါ"

"နင် ..."

"ဟုတ်တယ် ... စော တစ်ယောက်ယောက်ကို အချိန်မီ လက်ချိတ်ပြနိုင်ဖို့လိုနေပြီ၊ ဒီလိုမှမဟုတ်ရင် သူက စောကို စောင့်နေတယ်လို့ပဲ ယူဆနေဦးမှာ"

"နင် အပျော်တွဲမလို့လား"

"ဘယ်ကလာ ... အတည်"





"ဟင်!.. နင့်မှာရှိထားပြီလား"

အဖြေပြန်မပြေးမိဘဲ ပြုံးရုံသာပြုံးလိုက်မိ၏။ အာရုံထဲမှာပေါ်လာသည်က သူ့မျက်နှာပင်..။ ဒီမနက် သူ့လက်နွေးနွေးကို ကိုင်စဉ်က ရင်ထဲမှာသိမ့်ခနဲဖြစ်သွားသည့်ခံစားချက်ကို ပြန်တွေးလျက်ကျေနပ်နေမိ၏။ ကလေးနဲ့ပြောစဉ်က အပျော်မျိုး စော မပေးနိုင်ပေမယ့် ရှေ့အနာဂတ်ခြေဆက်လှမ်းနိုင်ဖို့ကိုတော့ ခွန်အားတွေဖြည့်ပေးနိုင်သေးတာ အမှန်ပါရှင်။

"ဘယ်သူလဲ စော"

"လောလောဆယ်ဆယ်ပြောလို့ ဘယ်ဖြစ်ဦးမှာလဲ သရဖီရဲ့"

"ဒါက ဖုက်ဖဲပေါ့လေ"

နှစ်ယောက်သား လွတ်လပ်ပေါ့ပါးစွာရယ်လိုက်မိကြ၏။ လှေကားထစ်တွေကို ခပ်မှန်မှန်ပင်တက်လာခဲ့တာမို့ ရုံးခန်း Corridor ရောက်ခင်မှာ Lift ထဲမှထွက်လာသည့် ဆရာဝန်အုပ်စုနှင့် တိုးသွားရလေသည်။

"ဒီနှစ်ယောက် ဘာတွေသဘောကျလာတာလဲ၊ အူမြူးနေပုံပါလား"

"ဘာရယ်မဟုတ်ပါဘူး နွယ်ရယ် ..၊ ဒီလိုပဲ ဟိုရောက်ဒီရောက်ပေါ့"

"တို့တွေရော သိခွင့်မရှိဘူးလား"

"အဲဒါတော့ စောကိုပဲ မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



သရဖီက စောကို ဦးတည်ပေးလိုက်တာမို့ အားလုံးအကြည့်က စောထံ ပြုံကျလာပါ၏။ အထူးသဖြင့် သူ့မျက်လုံးများက အရိပ်တစ်ခုဖြစ်သွားသလို မြင်လိုက်ရတာပင်။

"ဘယ်လိုလဲ စော"

မျက်ခုံးပင့်မေးတာက ကိစ္စမရှိ၊ သူရှိရာဘက်ကို မျက်စပစ်ပြလိုက်တာက ရင်ထဲမှာစူးခနဲအောင့်သွားစေ၏။ ဒီတစ်ခုလပ်နဲ့ အခုချိန်ထိ စွပ်စွဲချင်နေကြတုန်းပါပဲလား။

"နောက်တော့ ပြောပြမှာပေါ့ နွယ်"

"ဘာလဲ ... လူမသိစေချင်သေးတဲ့ကိစ္စပေါ့လေ၊ ဆေးရုံတစ်ခုလုံး ပွကုန်မှာစိုးလို့လား"

"အိုး ... နွယ့်စကားက စောကို ဒီဆေးရုံက တစ်ယောက်ယောက်နဲ့လို့ ထင်နေသလိုပါလား"

"နို့ ... မဟုတ်လို့လား"

"မဟုတ်ပါဘူး ...အပြင်ကပါ"

"ဟုတ်လား ... စိတ်ဝင်စားစရာပဲ"

"နောက်တော့ ပြောပြမယ်လေ"

"OK !"

အားလုံးရုံးခန်းထဲဝင်စဉ် သူက စောရဲ့လက်ကောက်ဝတ်ကို ဖျတ်ခနဲဆုပ်ကိုင်ကာ ကျန်ရစ်ခဲ့စေ၏။ သရဖီ က မြင်လိုက်ပေမယ့် မမြင်ချင် ယောင်ဆောင်ကာ နွယ်တို့နောက်မှာ လိုက်ဝင်သွားပါ၏။





"ဘာလဲ"

"စော တကယ်ပြောနေတာလား"

"ဘာကိုလဲ"

"စောမှာ ချစ်သူရှိနေပြီဆိုတာလေ"

စော ဟက်ခနဲရယ်လိုက်မိ၏။ ဒီလူကို လွယ်လွယ်နဲ့ ခါချလို့မရမှန်း တွက်ဆထားတာပါပဲ။ သူ့ပုံစံက တစ်ခုခုလုပ်တော့မလို စိတ်လောနေဟန်ပေါက်နေတာလေ။

"ဒါ ဆန်းသလား ကျော်ရဲ့... နင်တော့ အိမ်ထောင်ပြုပြီးလို့ Divoce တောင်လုပ်နေပြီ၊ ဒီအရွယ် ရည်းစားရှိတာမဆန်းပါဘူး ရှင်ရဲ့..."

"ကိုယ် မယုံဘူး"

"အဲဒါ ဘာလုပ်ပေးရမှာလဲ"

"ဒါ စော ကိုယ့်ကို တမင်သက်သက်ဖြတ်ချချင်လို့မဟုတ်လား"

"အမိပ္ပာယ်မရှိလိုက်တာ ကျော်ရယ် ... နင့်ကိုလက်မခံချင်တာနဲ့ စောက တွေ့ရာလူကိုကောက်ပြီး ချိတ်လိုက်မယ်လို့ ထင်နေသလား"

"အဲဒီလိုမဟုတ်ရင် ဘာသဘောလဲ"

စော ခေါင်းကိုခါလိုက်မိ၏။ မလွယ်ပါလား၊ ဒီလူဟာ အင်မတန်ပါးနပ်လွန်းပြီး ကြိုတင်မြင်တတ်လွန်းနေတာ အမှန်ပါလေ။ စောကို ဖြတ်ချခဲ့တုန်းက ဖြတ်ချခဲ့ပြီး အခုပြန်ဆက်ချင်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူရမယ်ဆိုပြီး လျှော့တွက်လွန်းတာမဟုတ်လား။

"ဒီမှာ ကျော် ... နင်နဲ့ငါ့ကြားက ကြိုးတစ်ချောင်းက ပြတ်တောက်ခဲ့တာ နှစ်နှစ်ကျော်ကြာခဲ့ပါပြီ"

"ကိုယ်သိတယ်လေ .. အဲဒါကြောင့်လည်း ကိုယ့်အမှားတွေကို စော ဆီမှာ ဝန်ချတောင်းပန်ပြီး ကိုယ်တို့ချစ်သူရဲ့ လက်ကျန်သံယောဇဉ်နဲ့ အနာဂတ်ကို ဆက်လှမ်းဖို့ကြိုးစားနေတာလေ"

"နင် ဘာကိုမှ မစဉ်းစားဘူးလား"

"ဘာကိုစဉ်းစားရမှာလဲ ..၊ ကိုယ့်ခေါင်းထဲမှာရော ရင်ထဲမှာပါ စောက ထာဝရရှိခဲ့တဲ့ အချစ်ဦးပါပဲ"

စော ဟက်ခနဲရယ်လိုက်မိ၏။ အချစ်ဦးတဲ့လား Wedding Card ပို့စဉ်အချိန်ကို တမင်ပဲမေ့ထားတယ်ထင်ပါရဲ့၊ အချစ်စစ်ကို ရှာတွေ့ပါပြီ ဆိုတဲ့ အသံနဲ့စကားလုံးတွေ ဘယ်ဆီကိုများ ထွက်ပြေးကုန်ပြီလဲ၊ အတော့်ကိုကြောက်စရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါလားနော်။

"နင်ပဲ ပိုးသီရိကို အချစ်စစ်နဲ့ချစ်လို့လက်ထပ်ခဲ့တာဆို"

"အဲဒီအကြောင်း မပြောပါနဲ့တော့လား စောရယ်"

"မပြောလို့ဖြစ်မလား ..၊ နင်က အဖြူထည်မှမဟုတ်တော့ဘဲ ကျော်၊ စွန်းထင်းဖူးတဲ့နင့်အတိတ်ကို ဘယ်လို Correction Pen မျိုးနဲ့ ဖျက်ပစ်လို့မရဘူး၊ အဲဒါကို နင်သိရမှာပေါ့"

"ကိုယ်သိပါတယ် စောရယ်၊ စိတ်စေရာကိုယ်ပါပြီးပြုခဲ့မိတဲ့





အိမ်ထောင်ရေးမှာ ဒုက္ခနဲ့အတိပြည့်နှက်နေခဲ့တာပါ"

"အဲဒါ နင်ရွေးချယ်ခဲ့တဲ့ကံစွပဲ ..၊ မိန်းမတစ်ယောက်ကို လွယ်လွယ်နဲ့ကွာရှင်းတာ ယောကျ်ားကောင်းယောကျ်ားမြတ်တို့ရဲ့ လုပ်ရပ်မှမဟုတ်ဘဲ ကျော်"

"ပိုးမှာ ..."

"သူ့အားနည်းချက်ကို တစ်ဖက်သက်ထိုးနှက်ပြဖို့ နင်မလုပ်ပါနဲ့၊ မိန်းမတစ်ယောက်နဲ့ လက်ထပ်လိုက်တာနဲ့ မျိုးဆက်ပွားဖို့ တစ်ခုတည်းလို့အပ်တယ် ပြောချင်ရအောင် နင် လူမဟုတ်ဘူးလား"

"စော .."

စော မျက်နှာတင်းသွားချိန်မှာ သူ ကွက်ခနဲမျက်နှာပျက်လေ၏။ အဲဒါပဲ ကျော်၊ နင့်ကို သာသာနဲ့နာနာလေး ထိုးနှက်ပြချင်နေတာ အတော်ပါပဲ၊ တီခနဲပြတ်အောင်ဖြတ်ခဲ့တဲ့ နင့်အတွက် ငါက ခေးတစ်လက်လောက်မဲ့ဖြစ်ချင်တာအမှန်ပါ။

"ကိုယ့်ကို .. ကိုယ့်ကို နည်းနည်းလေးတောင်မှ ခွင့်မလွှတ်နိုင်ဘူးလို့ ဆိုလိုချင်တာလား"

"ဟင်း ... ဟင်း နင်တောင်မှ ငါ့ကို ချန်ထားရစ်နိုင်ခဲ့တာပဲ၊ ငါက အရူးတစ်ယောက်လို နင့်ကို ထိုင်စောင့်နေမယ်လို့ နင်မျှော်လင့်ထားသလား။ စောသိရှိနှယ်တို့က နာရင် သေတဲ့အထိ တေးမှတ်ထားတတ်တယ် မြင့်မြတ်ကျော်၊ နင် မလိုချင်တော့ ပစ်ပြီးနောက်မှပြန်ကောက်ရ အောင် ငါကသဏ်မဲ့ပစ္စည်းမှ မဟုတ်တာဘဲ



www.burmeseclassic.com

www.burmeseclassic.com



ငါ နောက်ဆုံးပြောမယ် ကျော် .. ၇ နှစ်တာခင်ခဲ့တဲ့ သူငယ်ချင်းလို့ နိစ္စရူပ ခေါ်ပြောနိုင်ပေမယ့် ဒီထက်ပိုပြီးဘာကိုမှ နင် မမျှော်ကိုးပါနဲ့၊ ကြိုးဆိုတာ ဖြတ်ပြီးပြန်ဆက်ရင် ဆက်ထုံးဆိုတာ ရှိတယ်"

"စောရယ် .."

"သိပ်မကြာခင်မှာ နင့်လက်ထဲကို ငါရဲ့မင်္ဂလာဆောင်ဖိတ်စာ တည့်ပေးတော့မှာပါ၊ ဒါပါပဲ"

ပြောပြီးသည်နှင့် ရုံးခန်းထဲဝင်လိုက်တော့၏။ သရဖီက စော မျက်နှာကို အကဲခတ်သလို ကြည့်နေမှန်းသိပေမယ့် တည်ထားတဲ့ မျက်နှာကို ဘယ်လိုမှလျှော့လို့မရတော့ပေ။ Duty ဆင်းတော့ အကုန် အချိန်တူနေတာမို့ Lift တစ်ခုထဲပေါင်း၍ စီးခဲ့ကြ၏။ ဆေးရုံ ရှေ့ရောက်စဉ် စောရှေ့မှာ ကားတစ်စီးက လျှောခနဲလာရပ်လေသည်။ ကားပေါ်မှ ဆင်းလာသူကိုမြင်စဉ် အလန့်တကြားဖြစ်ကာ အံ့သြသွားရပါ၏။ ဘုရားရေ ! ကောင်လေးဖြစ်နေပါလား။

"ကောင်း ..."

"မမကိုလာကြိုတာပါ၊ ပင်ပန်းနေပြီလား"

ပြုံးရွှင်နေသည့်မျက်နှာဖြင့် ကမ်းပေးလာသည့် မွှေးပွဝက်ဝံရုပ် အဖြူလေးကို လှမ်းယူရင်း ရယ်လိုက်မိ၏။ လူကို ၁၆ နှစ်သမီးများ ထင်နေလားမသိ၊ ခမ်းလှမ်းလှမ်းမှာ ရပ်နေသည့် သူ့အကြည့်တို့က စောတို့ထံမှာ စူးစိုက်နေမှန်း အလိုလိုသိနေပါသည်။

"ဒီလိုပါပဲ ကောင်းရဲ့"





"အိမ်ကို တန်းပြန်ချင်သလား၊ ဒါမှမဟုတ် ဆိုင်တစ်ဆိုင်မှာ တစ်ခုခုဝင်စားပြီး စကားပြောချင်သလား"

"ကောင်း သဘောလေ"

ကောင်လေးမျက်နှာက ပို၍ချိုမြသွားလေ၏။ နောက်ပိုင်း နောက်မှကြည့်ရှင်းတာပဲ ကောင်းမှာပါလေ၊ လောလောဆယ်ဆယ် ဒင်းရှေ့မှ လူကောင်ပြဖြစ်သွားရတာမို့ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။

"OK ! ဒါဖြင့် ကော်ဖီဆိုင်အရင်ဝင်ကြတာပေါ့ .. လာ"

တံခါးဖွင့်ပေးတာကိုမတက်ဖြစ်သေးဘဲရပ်နေမိတော့ ကောင်လေး က ပြန်လှည့်ကြည့်ကာ ပြုံးလိုက်ပြီး စော့ လက်ဖျားကို ဖျတ်ခနဲဆုပ် ကိုင်ဆွဲခေါ်လိုက်လေ၏။ ကွက်တိပါပဲ၊ စော ဖြစ်စေချင်သလို အခြေ အနေမျိုး တကယ်ပဲဖြစ်သွားတာမို့ ကောင်လေးကို ကျေးဇူးတင်လိုက် မိလေသည်။ တကယ်ပါ ကောင်းသန့်စင် .. ဒီညနေလေး အမှန်ကို ကျက်သရေရှိသွားရတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



[ ၁၈ ]

ကားမှန်ကိုချထားတာမို့ လေအေးတို့က အပြင်မှဝင်လာနေ၏။ ရင်ထဲမှ ဒေါသတို့ အေးသွားသလိုပါပဲလား၊ ဘာစကားမှ မပြောဖြစ်တာမို့ အပြင်ရှုခင်းတို့ကိုသာ ငေးကြည့်နေခဲ့ပါသည်။ အခုချိန်ဆို ကိုဘုန်း ဘာတွေများလုပ်နေမှာပါလိမ့် ..။

"မမ ..."

"ဟင် ..."

"ခုန ကျွန်တော်တို့ကို ရပ်ကြည့်နေတဲ့လူက မမရဲ့ အဆက်ဟောင်းကြီးများလား"

"ဘာရယ် ..."

"မဟုတ်ဘူးလား"





"နေပါဦး ..၊ မင်း ဘယ်လိုသိတာလဲ"

"သူ့အကြည့်တွေက သိသာတာကိုး မမရဲ့၊ ဒီလောက် ဆွေးဆွေးမြည့်မြည့်ကြည့်နေတဲ့ဟာ"

"မဟုတ်ဘူး ..၊ တို့ပြောတာက တို့နဲ့ ပတ်သတ်တဲ့လူရှိမှန်း ဘယ်လိုသိတာလဲလို့မေးတာ"

"ဒါလား ကိုကိုကြီး ပြောပြထားလို့ပါ မမရဲ့"

ဘုရားရေ!.. သူက ဘာကြောင့် ညီဖြစ်သူကို စောရဲ့ အကြောင်းတွေပြောပြနေတာပါလဲ၊ စော ကိုများ စိတ်ဝင်စားလို့များလား ..၊ အိုလေ ဒီလိုတွေးလိုက်ရုံနဲ့ ရင်ထဲမှာသိမ့်ခနဲခံစားသွားရတာ ဘာကြောင့်လဲ။

"သူက ဘာကြောင့် တို့အကြောင်းတွေပြောရတာလဲ"

"မသိဘူးလေ"

"ကြည့်!"

"ဟင်းဟင်း ... ကိုကိုကြီးကိုပဲ ဝိုင်းပြီး စိတ်ဝင်စားနေကြတာပါလား"

"ဘယ်လို ..."

"ဟုတ်တယ်လေ ..၊ မမတို့တူဝရီးနှစ်ယောက်စလုံး ကိုကိုကြီးကိုပဲ စိတ်ဝင်စားကြတာကို ကျွန်တော် သိပါတယ်"

"မဟုတ်တာ"

မျက်နှာ နွေးခနဲဖြစ်သွားတာမို့ တစ်ဖက်ကို လွှဲလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



စော ရင်ထဲကိုများ ဒီကောင်လေး မြင်နေပြီလား၊ မဖြစ်နိုင်တာ၊ စောက လူ တစ်ဖက်သားမြင်အောင် ဣန္ဒြေမဆည်နိုင်တဲ့ မြီးကောင်ပေါက်အရွယ်လေးမှမဟုတ်တာဘဲ"

"ဝန်မခံချင်ဘူးပေါ့လေ"

"တို့က ဘာကိုဝန်ခံရမှာလဲ ကောင်းရဲ့၊ အစီပွာယ်မရှိလိုက်တာ၊ အခုချိန်ထိ တို့ဆီမှာ လူမသိသူမသိ ဖုံးကွယ်ထားစရာအကြောင်း ဘာတစ်ခုမှမရှိသေးတာ အမှန်ပဲ"

"သေချာလား"

"ဒါပေါ့"

"ဒါဆို မနက်က ကိုကိုကြီးလက်ကို ဘာလို့ကိုင်ရတာလဲ"

"အဲ !"

ရုတ်တရက်မေးခွန်းကို အငိုက်မိသွားရပါ၏။ အလိုလေး! မနက်က သူ့လက်ကိုဆုပ်ကိုင်ပြီး အတော်ကြာအောင် စကားပြောမိတာကို မြင်လိုက်တာတဲ့လား။ ဒုက္ခပဲ၊ တိတ်တခိုးရင်ခုန်သံမြန်ခဲ့တာကို လူသိရှင်ကြားဖြစ်ကုန်တော့မှာလေ။

"အဲဒါက သူ့သွေးခုန်နှုန်း Normal ရှိမရှိ စမ်းကြည့်တာပါ"

"မညာနဲ့"

"တကယ်ပြောတာပါ ကောင်းရဲ့"

"မမကိုင်ထားတာ ကိုကိုကြီးရဲ့လက်ဝါးပြင်နော်"

"အဲ! အဲဒါက သူ့လက်ဆစ်တွေ လက်သည်းတွေကို ညို့မညို





စစ်ကြည့်တာလေ .. ဒီထက်မပိုပါဘူး"

"ပိုမှန်း ကျွန်တော် သိနေတာပါဗျ"

"မင်းနော် ... မဟုတ်တာတွေ ..."

အတင်းငြင်းဆန်မိရင်း ရှက်ရဲရဲဖြစ်လာရလေ၏။ တိတ်တဆိတ်ငြိတွယ်ခြင်းတွေကို သူ့ကိုသာ သိစေချင်တာလေ။ ခုတော့ သူ့ညီလေးက လာရိပ်မိရတယ်လို့။ ခက်ပါ့ စောရယ်။

"ဘာမှမပြောဘဲနဲ့တော့ .. ကိုကိုကြီးအား တွေ့စရာအကြောင်း မရှိဘူး"

"ဘာဖြစ်လို့လဲ"

"မနက်ဖြန် Meeting မှာ ကိုကိုကြီး တရားဝင်ကြေငြာတော့မှာ"

"ဘာကိုလဲ"

"သူ အလုပ်ပုံမှန် ပြန်ဝင်တော့မယ်တဲ့"

"အို!"

လှိုက်ခနဲဖြစ်သွားရသည့်ရင်ကို အသာဖိထားလိုက်ရ၏။ ဝမ်းသာမိတာ မပြောပါနဲ့တော့။ စော ပြောတဲ့စကားတွေက သူ့အတွက် ခွန်အားတွေ တကယ်ပဲဖြစ်ခဲ့တာပေါ့လေ။ ကျေးဇူးတင်ပါတယ် ကိုဘုန်းရယ်..။ စောရဲ့စကားတွေကို အလေးအနက်ထားပေးတဲ့ အတွက်ကြောင့်ပါပဲ။

"အဲဒါ ဝမ်းသာစရာမဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့ ..၊ ဒါပေမယ့် ဝမ်းမသာနိုင်တဲ့ လူနှစ်ယောက်တော့ ရှိတယ်"

"ဘယ်သူတွေလဲ"

"ကျွန်တော်နဲ့ သံယောဇဉ်"

"ဟင် .."

အထိတ်တလန့်ဖြစ်ရပြန်ချေပြီ။ ဘယ့်နှယ်ကြောင့် ဒီနှစ်ယောက်က သူအလုပ်ပြန်ဝင်မှာကို စိတ်မချမ်းသာဖြစ်ရတာပါလိမ့်။ အံ့သြစရာပါလား။

"ဘာကြောင့်လဲ"

ကောင်း က ကော်ဖီဆိုင်ရှေ့မှာ ကားကိုထိုးရပ်ကာ တံခါးဖွင့်လိုက်ပါ၏။ စော မေးတာကို ပြန်မဖြေသေးချေ။

"ကော်ဖီသောက်ဖို့ဆင်းပါ မမ"

နှစ်ယောက်ယှဉ်တွဲလျက် ဆိုင်ထဲဝင်ခဲ့ပါ၏။ ထောင့်ကျကျစားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်ပြီး မှာတာကို စော ဘာမှမပြောမိသေး။

မျက်နှာချင်းဆိုင်ထိုင်နေပေမယ့်။ ကောင်းက စော ကို ကြည့်မနေပါလေ။ ဖြေဖို့အတော့်ကိုများ ခက်ခဲနေပါသလား ကောင်းသန့်စင်။

"ကုမ္ပဏီကို အပိုင်လိုချင်လို့များလား ကောင်း"

"ကျွတ်! မဟုတ်တာ ..၊ ကျွန်တော် ကိုကိုကြီးအပေါ်မှာ ဒီလောက်ကြီး ဒီလိုစိတ်မျိုးထားမိမလား မမရဲ့။ ကျွန်တော့်အပေါ် ဒီလောက်ကောင်းတဲ့ အဖေလိုအစ်ကိုမျိုးကို ..."





"ထားပါတော့..၊ အသံ က ဘာကြောင့် ဝမ်းနည်းရမှာလဲ"

"မမတူမက ကိုကိုကြီးကို စိတ်ဝင်စားနေတာ မမသိရဲ့လား"

"ဘယ်လို!"

"ဟုတ်တယ်၊ သံယောဇဉ် က ကိုကိုကြီးအပေါ်မှာ သာမန်ထက်ပိုလွန်တဲ့တွယ်တာမှုတွေရှိနေတာ အမှန်ပဲ"

မျက်နှာတစ်ပြင်လုံး နွေးခနဲဖြစ်သွားရလေ၏။ တူမနဲ့ပြိုင်ပြီး လူတစ်ယောက်ရဲ့နှလုံးသားကို မျှော်လင့်နေမိတာ အတော်ရှက်စရာကောင်းတဲ့အဖြစ်ပါလား။ ဘယ်လိုများလုပ်ရပါ့။ ရွေးချယ်မှုဆိုတာ မိန်းမသားတွေဘက်ရှိတဲ့ အနေအထားမှမဟုတ်တာလေ။

"သူကရော ..."

"အဲဒါတော့ ကိုကိုကြီးပဲသိမှာပေါ့ မမရဲ့"

"ဒါဆို မင်း စိတ်မကောင်းဖြစ်တာကရော ဘာကြောင့်လဲ"

"ကိုကိုကြီးအပေါ် မမရဲ့သဘောထားတွေ မပြောင်းလဲပါနဲ့လို့ မေတ္တာရပ်ခံချင်တာပါ"

"ဘာရယ် ... ဘာဖြစ်လို့လဲ"

"ကိုကိုကြီးကို မမ သဒ္ဓါတွေပိုမိရင် ကျွန်တော့်အသည်းတွေ ကွဲကုန်လိမ့်မယ်ဗျ"

"ဟင် !..."

"ဘာဇလို့လဲဆိုတော့ ကျွန်တော်က မမကို ချစ်နေတဲ့လူကိုး"

"ကောင်း !"



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲထရပ်လိုက်မိ၏။ စားပွဲထက်မှ ကော်ဖီတို့က အရှ
မယွင်းသေး။

ကြည့်စမ်း!.. ဒီကောင်လေးက စောကို စောကို ချစ်နေတာတဲ့။
လုံးဝထင်မထားတာတွေ ဖြစ်ကုန်ပါရောလား။

"မဖြစ်နိုင်ဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ ..။ အသက်ကွာလို့လား ... ဂုဏ်ရည်
မတူလို့လား ..၊ အချစ်နဲ့မသက်ဆိုင်တာတွေကို မမ ထည့်မပြောချင်
ပါနဲ့၊ တစ်ခါမှမချစ်ဖူးသေးတဲ့ ချစ်ခြင်းတွေနဲ့ မမအပေါ်ချစ်နေမိတဲ့
ကျွန်တော့်ရဲ့ချစ်ခြင်းတွေကို အသိအမှတ်ပြု နားလည်ပေးပါ"

"ကောင်း .. တို့မှာ ..၊ တို့မှာ ..."

"ကိုကိုကြီးကိုပဲ စိတ်ဝင်စားတယ်လို့ ဝန်ခံလိုက်ချင်တာလား..
အဲဒီလို မရက်စက်ပါနဲ့ မမရဲ့ ..၊ မမ ခေါင်းတညိတ်မှာ သေဆုံးရ
မယ့်နှလုံးသားက နှစ်စုံတောင်ရှိတယ်ဆိုတာကို သတိရမှပေါ့"

"မဟုတ်တာ ... ခက်တာပဲ ကောင်းရယ်"

"မခက်ပါဘူး မမရဲ့ ... အဖြေက အရှင်းကြီးမြင်နေရတာပါ"

"တို့ ပြန်တော့မယ်"

ခြေလှမ်းစလှမ်းလိုက်စဉ် ကောင်းက စောရဲ့လက်ကောက်ဝတ်
ကို ဖမ်းဆွဲကာ စားပွဲထိုးကို ငွေရှင်းပေးလိုက်၏။ ပြီးနောက် ဆိုင်ပြင်
ကို ဆွဲခေါ်ခဲ့လေသည်။ လူက ထူပူပြီး လက်ကိုရုန်းပါသော်လည်း
လုံးဝ မလွှတ်တာကြောင့် စိတ်ဆိုးရအခက် ဖြစ်နေလေ၏။





"လွှတ်နော်"

"မမ ခေါင်းညိတ်ရင် လွှတ်ပေးမယ်"

"မင်း ဓားပြတိုက်နေတာလား ကောင်းသန့်စင်"

"အချစ်မှာ အရာရာတရားတယ်လို့ ဆိုရိုးရှိပါတယ် မမရဲ့..၊
ပြော အိမ်ကိုတန်းတန်းမတ်မတ်ပြန်ချင်လား ..၊ ဒါမှမဟုတ် ကျွန်တော်
နဲ့အတူ အဝေးကြီးကို လိုက်ခဲ့ချင်သလား၊ Choice you wish ÷

"မင်းနော် ..."

"Yes or No နဲ့ ဖာတ်လမ်းဖြတ်မှာနော်"

"ကောင်းသန့်စင် ... တို့ မကြိုက်ဘူးနော်"

"ကြိုက်ခိုင်းနေတာမဟုတ်ဘူးလေ ... ချစ်ခိုင်းနေတာမမရဲ့..၊
ချစ်ခိုင်းနေတာပါ"

"ကျွတ်!"

ပြဿနာပဲ ..၊ လမ်းမကြီးပေါ်မှာ လက်ဆွဲပြီး ကားပေါ်တက်
ခိုင်းနေတာ လူ့လိမ္မာနည်းမသုံးတတ်ရင် ဒီမိုက်ရူးရဲလေးလုပ်ချင်တာ
လုပ်တာနောက် စော ပါရတော့မှာလေ၊ မင်း ငယ်ပါသေးတယ်
ချာတိတ်ရယ်။

"တို့ဆီမှာ အချစ်ဆိုတာ မရှိတော့ဘူး"

"ကုန်ပြီလို့ ... မျက်စိမှိတ်မငြင်းလိုက်နဲ့ မမ"

"ခက်လိုက်တာနော်"

"မခက်ပါဘူး မမရဲ့ ..၊ ကျွန်တော်က ဆရာဝန် မဟုတ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အမာရွတ်ထင်နေတဲ့ မမရဲ့နှလုံးသားကို ရင်ထဲကချစ်ခြင်းတွေနဲ့ ကုစားပေးနိုင်ပါတယ်၊ ယုံပါ”

စကားတွေတက်နေလိုက်တာနော်၊ အစ်ကိုဖြစ်သူ အေးဆေးတည်ငြိမ်သလောက် ညီဖြစ်သူကတော့ အသွင်မတူပါလား။

“တို့ကို နားလည်ပေးပါလား ....ကောင်း”

“ကျွန်တော် ဒီထက်ပိုပြီး နားမလည်နိုင်ဘူး မမ ..၊ တစ်မနက်လေး စကားလက်ဆုံကျရုံနဲ့ ကိုကိုကြီး ခွန်အားတွေပြည့်ဝလာတာကို ဝမ်းသာမိပေမယ့် ရူးချင်စိတ်က တစ်ဖက်မှဖြစ်နေတာ ဘယ်လိုလုပ်ရမလဲ..၊ ကိုကိုကြီးကို ကျေးဇူးပြု၍ မပြုစားပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်”

“တို့က ... တို့က မင်းအစ်ကိုကို အဲဒီလိုလုပ်နေတာမှမဟုတ်ဘဲ”

“မဟုတ်ရင်လည်း ဒီမှာတင်ရှေ့မဆက်ဘဲ ရပ်ပေးပြီး ကျွန်တော့်ဘက်ကို ငဲ့ကြည့်ပေးပါ”

“ကောင်းသန့်စင် ...”

လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်တာကြောင့် ရင်ထိတ်သွားရပါ၏။ နှလုံးသားကိုဦးစားပေးရမယ့်အရွယ် မဟုတ်တော့ပေ။ ဒုတိယမြောက်ချစ်ခြင်းမှာ စော ရင်မနာချင်ပါလေ၊ ခုတော့ ကောင်လေး ငယ်ငယ်ရဲ့အရူးအမူးချစ်ခြင်းတွေကို စော မည်သို့တုံ့ပြန်ပေးရမည်နည်း။ ခက်ချေပြီကော စောသိရိုနွယ်။

“မမ ...”





“တို့စဉ်းစားပေးမယ်၊ ခုတော့ အိမ်ပြန်ချင်ပြီ”

“OK ! စဉ်းစားပေးမယ်လို့ပြောတဲ့အတွက် အမှတ်တရလက်ဆောင်”

“ဟဲ့ !”

လက်ဖမိုးကို ဖျတ်ခနဲယူ၍ နမ်းရှိုက်လိုက်တာမို့ စော လန့်သွားရလေ၏။ ရဲတင်းလိုက်တာလို့ပြောရအောင် ကျော်နဲ့တူတာမှ မဟုတ်တာလေ။ ဘာတစ်ခုမှပြန်မပြောတော့ဘဲ အဆင်သင့်ဖွင့်ပေးလိုက်သည့်တံခါးမှ ကားပေါ်တက်ထိုင်လိုက်ရတော့သည်။

ကံဆိုတာ လူကလုပ်တာလို့ပြောကြပေမယ့် စော ဘဝမှာဖြင့် ကံကမကောင်းနိုင်ပါလေ၊ နှလုံးလမ်းကြောင်းမှာပဲ ကျွန်းဆိုတာ ထွန်းနေလို့များလား။ အေးခဲနေပြီဖြစ်တဲ့ ရင်ခုန်သံတွေ နောက်ထပ် တစ်ဖန် ဖြစ်တည်ခွင့်ဆိုတာ ဘယ်ကာလမှရှိနိုင်မှာလဲ ..။

ခြံရှေ့မှာရပ်ပေးလိုက်သည့်ကားပေါ်မှ ဆင်းတော့ အချိန်က ၈ နာရီထိုးခါနီးနေလေပြီ။ ခြံထဲဝင်လာစဉ် တစ်အိမ်လုံးငြိမ်သက်တိတ်ဆိတ်နေတာကို သတိထားလိုက်မိ၏။ ဘာများဖြစ်လို့လဲ ခါတိုင်းဆို စော ကို အသံ ထွက်မျှော်နေတာလေ။

“ပြန်လာပါပြီ”

ဧည့်ခန်းမှာထိုင်နေသည့် ကိုကိုက သတင်းစာဖတ်ရင်း ခေါင်းကိုသာညိတ်ပြလိုက်လေ၏။ အတွင်းခန်းထဲမှထွက်လာသည့် မမက စော ကို အသံတိတ်လက်ယပ်ခေါ်လိုက်သဖြင့် အလယ်ခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့ရပါသည်။

"ဘာလဲ မမ ..."

"ရှူး! နင့်တူမ ဟိုဘက်အိမ်ကနေဘာဖြစ်လာတယ်မသိဘူး၊ မနက်က ငိုပြီးပြန်လာတာ ဘယ်လိုချော့မေးမေးမရဘူး၊ ဘာမှမစားဘဲ အခန်းထဲအောင်းနေတာ"

"သူတို့ညီအစ်ကိုနဲ့ပြဿနာဖြစ်ပြီး စကားများခဲ့တာပဲလား"

"မမက သေချာမမေးဘူးလား"

"မေးတာပဲ .. နင့်နာမည်ကိုလည်း ပလုံးပထွေးရွတ်သေးတယ်"

"ဟုတ်လား .. ဒါဖြင့် စော မေးကြည့်ပေးမယ်"

"အေး .. အေး"

လှေကားမှတက်လာခဲ့၏။ တူမဖြစ်သူအခန်း Lockကို လှည့်ဖွင့်လိုက်ပေမယ့် အထဲမှ Lock ချထားတာမို့ ဖွင့်မရ။

"ဒေါက် ... ဒေါက်"

"အသံ ... သမီး ... အန်တီလေးပါ"

တုတ်တုတ်မျှမလှုပ် ..၊ တစိုးတစိမှ အသံမကြား၊ ဘာများလုပ်နေတာပါလိမ့်၊ အိပ်များပျော်နေလေသလား။

"အသံ ..."

"မလာနဲ့ !"

"ဘုရား !"

အခန်းထဲမှအော်သံမို့ တော်ပါသေး၏။ အောက်ထပ်မှကြား





သွားရင် ဒုက္ခပါပဲ၊ ဒီကလေးမ ဘာတွေများဖြစ်နေတာပါလိမ့်။

"အသံ ..."

"မုန်းတယ် ... အန်တီလေးကို သိပ်မုန်းတယ် ... အီးဟီးဟီး"

"အသံ ... တံခါးဖွင့်ပါဦး သမီးရယ်..၊ ဘာတွေဖြစ်နေလဲဆိုတာ အန်တီလေးကို ပြောပြမှပေါ့"

"မလာနဲ့ ! အန်တီလေးကို မချစ်တော့ဘူး၊ မြင်လည်းမမြင်ချင်တော့ဘူး ... သွား"

"သမီး ... အသံ"

ရှိုက်သံသာထွက်လာလေ၏။ ဘာကြောင့်လဲ .. ဘယ်သူကြောင့်လဲ ..၊ ဘာအကြောင်းကြောင့် စော ကို အသံ မုန်းတယ်ပြောရတာလဲ၊ မေးခွန်းတွေပလုံစီထွက်လာပေမယ့် အဖြေက နတ္ထိပါလေ..။

"အသံ ..."

"ပြောတော့ဖြင့် အသံ့ကိုချစ်တယ်ဆို ..၊ အဲဒါ အသံ့ ကို ချစ်တာလား .. ပြောပါဦး "

"သမီးရယ် ... အန်တီလေး ဘာမှနားမလည်တော့ဘူး"

"အခုမှ နားမလည်ချင်ယောင်မဆောင်ပါနဲ့ ..၊ အစ်ကိုကြီးကို အသံ ချစ်နေမှန်းသိသိကြီးနဲ့ အခုလိုဖြတ်ခုတ်သွားတာ အသံ့ ကို ချစ်တာလား..၊ ညာတာ..၊ အန်တီလေး အသံ့ ကို ညာတယ်.. မုန်းတယ် သွား"

ဘုရား ... ဘုရား ထင်မထားတာတွေဖြစ်ကုန်ပါရောလား..၊



www.burmeseclassic.com

www.burmeseclassic.com



ခုနကပဲ သူ့ညီက စော ကိုစွပ်စွဲသွားသေးတာလေ ..၊

အခုတစ်ခါ တူမဖြစ်သူကပါ အတိအကျကြီးပြောနေပါရောလား၊

သူနဲ့ တရားဝင်ချစ်သူမဖြစ်သေးပါဘဲ အခုလိုပြဿနာတွေက ဆီးကြိုနေရင် စော အဖို့ အခြေအနေက လုံးဝမကောင်းနိုင်ပါလေ..။

"သမီး ... အသံ သမီးထင်နေသလို မဟုတ်ပါဘူးကွယ့်၊ လုံးဝမဟုတ်ရပါဘူး"

"မယုံဘူး"

"အသံ .. အန်တီ ... အန်တီလေးက ကိုဘုန်းကို ရိုးရိုးသားသား ခင်တာပါကွယ်၊ ကျိန်ဆိုကျိန်ပြရဲပါတယ်၊ သမီးရင်ထဲရှိနေတဲ့ လူကို ဘယ်လိုလုပ်ရက်ပါ့မလဲ၊ သမီးကို အန်တီလေး ဘယ်လောက်ချစ်သလဲ ဆိုတာ သိလျက်သားနဲ့ သမီးရယ်"

အဖျားခတ်သွားသည့်အဆုံးမှာ ရှိုက်သံများ မသိမသာပါသွားလေ၏။ ပါးပြင်ထက်စီးကျလာသည့် မျက်ရည်တို့ကြောင့် အမြင်တွေ ဝါးလာရလေသည်။ တံခါးကို နောက်ကျောဖြင့်ကပ်၍ မျက်ဝန်းတို့ကို စုံမှိတ်ထားလိုက်မိ၏။ ကိုဘုန်းရယ် အချစ်ဆိုတာ စော အတွက်တော့ အဆိပ်တစ်ခွက်သာ ဖြစ်နေမှာအမှန်ပါလေ။





[ ၁၉ ]

Suit ကို သေသပ်ကျနစွာဝတ်ပြီး Tie ကိုစိတ်ရှည်လက်ရှည် မှန်ဖြင့်ကြည့်ရင်းစည်းလိုက်ပါ၏။ ဆံပင်ကို ဘီးဖြင့် ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ဖြီးမိပြန်သည်။ မျက်နှာပြင်မှာ ဘာတွေကျန်သေးလဲဟု မေးကိုကိုင်ကြည့်ရင်း ဟိုဒီလှည့်ရှာလိုက်ပါ၏။ ရိပ်သမျှစင်တယ်ထင်ပါရဲ့။

ညကမက်ခဲ့သည့် အိပ်မက်ကြောင့် မျက်နှာကအလိုလိုပြုံးလာရ၏။ ဘယ်လိုအိပ်မက်ပါလိမ့်။ မကြာခဏမက်ခဲ့ဖူးသည့် အိပ်မက်တွေနဲ့လုံးဝမတူဘဲ ကွဲပြားထူးဆန်းလွန်းတာကြောင့် အိပ်မက်ဟုပင် မသတ်မှတ်ချင်တာ အမှန်ပင်။

သူ့လက်ကိုတွဲပြီး ပြေးလွှားခဲ့တဲ့လက်တစ်စုံ၏ နွေးထွေးမှုကို သတိရကာ လက်ဝါးကို ဖြန့်ချည်ဆုပ်ချည်လုပ်လိုက်မိ၏။ မဟုတ်သေးဘူး။ မနေ့က သူ့လက်ကိုကိုင်ခဲ့တာ ဒေါက်တာပါ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုစိတ်စွဲမိရင် အိပ်မက်ထဲ ပါရမယ့်သူက ဒေါက်တာပဲ ဖြစ်သင့်တာပေါ့..။

"ကျွစ်!"

စုပ်သပ်ရင်းခေါင်းခါလိုက်မိ၏။ ရှုးပြီလား။ ဒီလောက် အသက်ကွာလွန်းတဲ့ ကလေးတစ်ယောက်ကိုမှ အိပ်မက်ထဲစွဲပြီး မက်ရတယ်လို့ ..။ ပြီးတော့ အိပ်မက်ထဲမှာ သူနဲ့ချာတိတ်က ချစ်သူတွေတဲ့လေ။ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားတာလည်း မလွတ်တမ်း။ သူ့ရင်ခွင်ထဲမှီတွယ်ထားတဲ့ ချာတိတ်ကို သူ ပွေ့ဖက်ထားတာလည်း တင်းတင်းကျပ်ကျပ် ..၊ သူ့လက်မောင်းကို မှီတွယ်ဖက်ထားတဲ့ သူမလက်ဝါးပြင်က ခပ်နွေးနွေး ..၊ ခေါင်းမှီချစဉ် သူမပါးလေးက အေးစက်စက်..၊ ကဲ! မဟုတ်တော့ဘူး။ သူကတော့ အိပ်မက်တွေ ကယောင်ချောက်ချား လျှောက်မက်နေခဲ့မိတာလေ..။

"ကိုကိုကြီးရေ ... မပြီးသေးဘူးလား"

အံမာ ... ဒီကောင် ဒီနေ့ တယ်လည်းဝီရိယရှိနေပါလား။ ခါတိုင်း သူအမြဲနှိုးနေရတဲ့လူက စောစောစီးစီးထပြင်ဆင်နေတာပြီးနေပြီတဲ့လေ။ မနက်ခင်းကို ကြည်နူးကျေနပ်စိတ်တို့ဖြင့် နိုးထခဲ့တာမို့ ခါတိုင်းနေ့နဲ့မတူဘဲ ပိုပြီးကျက်သရေရှိနေသည့်နှယ် ခံစားလိုက်ရ၏။

"ကိုကိုကြီး ..."

"လာပြီဟေ့ .. ဘယ်လိုဖြစ်နေတာလဲ"

"ခါတိုင်းတော့ ရေချိုးပြင်ဆင်ပြီး နာရီဝက်ပဲကြာတဲ့လူက





တော်တော်ကြာနေပြီးတော့ ဘာတွေများအလှပြင်နေလို့လဲ"

အသံပြဲကြီးနဲ့အော်နေသည့် ညီညီ့ကို ဘာမှထပ်မပြောတော့ဘဲ တုတ်ကောက်ကိုင်လျက် လှေကားမှဆင်းလာခဲ့၏။ ထမင်းစားခန်းဆီလှမ်းလာစဉ် ခုနကအော်နေသည့် ညီညီ့ကိုမတွေ့ရသဖြင့် အံ့ဩသွားရပါသည်။ ဒီကောင် ဘယ်ရောက်သွားတာပါလိမ့် ..။

အိမ်ရှေ့ကိုထွက်လာစဉ် အိမ်ပေါက်ဝမှာရပ်နေသည့် ညီညီနှင့် ချာတိတ်ကို မြင်လိုက်ရသဖြင့် ခြေလှမ်းတို့က အလိုလိုရပ်သွားပါ၏။ ဘယ်လိုပါလိမ့် ..၊ ညီညီငုံ့ကြည့်နေတာကို ရှက်သလိုမျက်နှာပေးလေးနှင့်ဖြစ်နေသည့် ချာတိတ်ရယ်လေ ..။

"တစ်ညလုံးငိုထားတာလား ... မျက်နှာကိုဖောင်းအစ်နေတာပဲ၊ ဘာကြောင့်လဲ"

"ဘာမှမဟုတ်ဘူး"

"မနေ့မနက်မြန်ကတည်းက ငိုတာလား"

"မသိဘူး"

ဂျစ်ကန်ကန်မျက်နှာပေးနှင့် ပြန်ဖြေနေတာမို့ ကောင်မလေးကို သူ ထုချင်လာရ၏။ ဟုတ်တာပဲ၊ မနေ့ကမြင်ကွင်းကြောင့် သူတောင်မှ ရင်ထဲမှာမီးတောင်ကြီးပေါက်ကွဲခဲ့ရသေးတာလေ။ ကိုကိုကြီးကို တစ်ဖက်သက်ချစ်နေတဲ့ သံယောဇဉ်ကတော့ သာဆိုးတာပေါ့ ..။

"ဘာလဲ ... မမနဲ့ကိုကိုကြီး ငြိပြီလို့ထင်သွားတာမဟုတ်လား"

"သိပါဘူးလို့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ညာလို့မရပါဘူးကွာ ..၊ ဒီမျက်နှာပေါ်မှာ အားလုံး အကုန်ပေါ်တယ်"

"ကိုကိုနော်"

စူးခနဲအော်သံကြောင့် သူ လိုက်ကာနောက်မှာကွယ်ရပ်လိုက်မိ၏။ ကိုကို တဲ့ .. ကိုကို ဆိုပါလား။ ကလေးရဲ့နှုတ်က ညီညီ့ကို ကိုကိုလို့ ခေါ်လိုက်တာလေ။ ဘယ်အဆင့်ထိများရောက်နေလို့ ဒီလို အလွယ် တကူခေါ်လိုက်ရတာပါလဲ ..။

"ဝန်ခံလိုက်စမ်းပါ၊ မင်း ကိုကိုကြီးကို ချစ်နေတယ်ဆိုတာလေ"

"ဘာလို့ဝန်ခံရမှာလဲ ... မရပါဘူး"

"အဲဒါဆို ကိုယ်ကပေးမှာ မဟုတ်တော့ဘူးနော်"

"ရှင်နော် ... မညစ်နဲ့"

"ဟုတ်တယ်လေ ..၊ အဲဒါကိုသိနေလို့ မင်းရဲ့အန်တီလေးကို ချဉ်းကပ်ဖို့ကြိုးစားနေတာ၊ ဟောဒီ မင်းရဲ့သနားစရာ မျက်နှာလေးကြောင့်..."

"အံမာ .. ဘဲစားဘဲချေကြီးများ သဘောမတူနိုင်ပါဘူး၊ အသံ့ အန်တီလေးက ငယ်ငယ်ချောချောဂုဏ်သိက္ခာရှိ ဆရာဝန်ရှင့် "

"ဆရာဝန်လည်း မိန်းမကမိန်းမပဲ ..၊ ယောကျ်ားတွေနဲ့တွေ့ရင် ဖယောင်းလိုပဲ အလိုလို အရည်ပျော်ကျသွားမှာ ..၊ မယုံရင် စောင့်ကြည့်လိုက်"

"ကြည့်စမ်း ! အသံ့ အန်တီလေးကိုများ ဖယောင်းပျော့နဲ့





နှိုင်းရလား ... ကဲ!"

ဗိုက်ကိုလှမ်းလိမ်လိုက်တာကို မြင်နေရလေ၏။ ဘာတွေပြောနေသလဲဆိုတာကိုတော့ သူ မကြားရပါချေ။ ပြီးတော့ ညီညီနဲ့သူမ ရပ်ပြောနေတာက အိမ်ရှေ့ဆင်ဝင်အောက်မို့ လေကလည်း သင့်နေတာလေ ..။

"အဲဒီ ဖယောင်းတုံးကို မနေ့ကပဲ ကိုယ် ဖွင့်ပြောလိုက်တာ"

"ဘယ်လို ..."

"ကိုယ့်ကို အဖြေပြန်ပေးဖို့က 75 Percent လောက်သေချာနေပြီကွ"

"ကြည့်!.. ရှင် ဘာနည်းသုံးလိုက်လို့ အန်တီလေးက ခပ်မြန်မြန်အဖြေပြန်ပေးမှာလဲ ..၊ မယုံဘူး"

"မယုံဘူးဆိုလည်း မတတ်နိုင်ဘူးကွာ ..၊ မနေ့ကဝယ်ပေးလိုက်တဲ့ဝက်ဝံရုပ်ကြီးကိုတော့ လိုလိုချင်ချင်ယူပြီး ပိုက်သွားတာပဲလေ"

"ဟင် ! အသံ့ ကိုတော့ ဝယ်မပေးဘဲ လူကြီးကို ဝယ်ပေးရလား၊ မနာလိုဘူး"

"မင်းလိုချင် ကိုကိုကြီးကို ပူဆာပေါ့ကွာ"

"ရပါလိမ့်မယ် အားကြီးကြီး ..၊ ရှင့်လူကြီးက ဘယ်လိုနှဲ့နှဲ့နှဲ့မလာနိုင်တဲ့ Concrete တိုင်ကြီးဖြစ်နေတာရှင့်"

ညီညီ တဟားဟားအော်ရယ်လေ၏။ ဘာကိုများသဘောကျပြီး ရယ်မောနေတာပါလဲ။ သူမကရော ဘာကိုရှက်ပြီး ခေါင်းငုံ့ပြုံးနေတာပါလဲ။ ခပ်ဟာဟာလိုက်ကာကြားမှ ချောင်းကြည့်မိစဉ် ညီညီး



www.burmeseclassic.com

www.burmeseclassic.com



လက်က ကောင်မလေးခေါင်းပေါ်ကို ရောက်သွားလေ၏။ အပြုအမူက ချစ်စနိုးလေးပါပဲလား။

“ကိုယ် ကူညီပေးပါ့မယ်ကွာ”

“ဘယ်လိုကူညီမှာလဲ”

“မင်းနဲ့ ကိုကိုကြီးနဲ့နီးစပ်ဖို့က မင်းအန်တီလေးနဲ့ကိုယ် ငြိသွားရင် ပြီးရောမဟုတ်လား”

“အမယ် နစ်နာနေပါဦးမယ်နော်”

“ဟုတ်တယ်လေ ... တစ်ချီတည်းပွဲသိမ်းပဲ”

“ဘာပွဲသိမ်းလဲ”

“ပတ်စာခွာဖျာလိပ် မမနဲ့ အသံတိတ်ချစ်ဇာတ်လမ်းလေး ဆက်ကဖို့လေ”

“ရှင်နော် ...”

“သဘောမတူဘူးလား”

“မတူပါဘူး”

“တူလိုက်ပါကွာ ... နော်”

“မတူပါဘူးလို့ဆို ..”

“စိတ်မပုပ်နဲ့ကွ၊ ဒါဆို အိမ်ထဲဝင်လို့မရအောင် ကိုယ်က တံခါးကြီးပိတ်လိုက်မှာ ..”

“ရမလား”

“ရတယ်”





“ကြည့်!.. ရှင်နော် ...”

အိမ်ရှေ့မှာထုပ်စည်းတိုးသလို လက်နှစ်ဖက်ကိုဆီးတားထားတာကို ချာတိတ်က အတင်းဝင်တိုးလေ၏။ ဟိုပြေး ... ဒီပြေးဆော့နေပုံက ကြည်နူးစဖွယ်။ သူမ ထရိုက်တာကိုလဲ ညီညီက အပြုံးမပျက်။ အဲဒါ အဖြေလား ဇဉ်ဇဉ် ..။

အစကတော့ဖြင့် ကိုယ့်အပေါ် သာမန်ထက်ပိုတဲ့ နှောင်တွယ်မှုမျိုး မင်းပြခဲ့တာကရော ဘာကြောင့်လဲ။ နောက်ဆုံးမှာ အဆုံးသတ်မှာတော့ မင်းရဲ့အဖြေက ဒါပေါ့နော် ..။

ဟုတ်ပါတယ်လေ ..၊ ကိုယ်က .. ကိုယ်က မင်းထက် အသက်အများကြီးရင့်တဲ့ လူတစ်ယောက်ပါ။ မင်းအတွက် ပျော်ရွှင်မှုတွေပြုလုပ်မပေးနိုင်တဲ့ ဒုက္ခိတတစ်ယောက်ပါလေ။ အခုလို လွတ်လွတ်လပ်လပ်လေးဆော့ကစားဖို့ မသင့်တော့တဲ့အရွယ်ကို မင်း မရွေးချယ်တာ အပြစ်မှမဟုတ်တော့တာပဲ။

ဝမ်းနည်းရမှာလား.. ဒါမှမဟုတ် ဝမ်းသာရမှာလား ကလေးရယ်။ အသည်းကွဲဖူးတဲ့ဒဏ်ရာနဲ့လူကို လက်ကောက်သံလေးကစပြီး သတိထားမိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ လှပသွယ်ပျောင်းတဲ့ လက်ကလေးတစ်စုံကြောင့် စွဲလမ်းမှုတွေဖြစ်တည်စေခဲ့တာတွေဟာ ခုတော့..ခုတော့ နောက်ထပ်တစ်ကြိမ်ရင်ကွဲဖို့ဖြစ်လာစေတာလား..။

“အစ်ကိုကြီးရေ” ဆိုပြီး ရောက်လာမယ့် အသံချိုချိုလေးကို နားစွင့် ရင်ခုန်စေခဲ့တဲ့ရက်တွေကို မေ့ပစ်ရတော့မယ် ဇဉ်ဇဉ် ..။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဖျတ်ခနဲရောက်လာလေမလားဆိုတဲ့ မျှော်လင့်ချက် ပုံရိပ်တွေကိုလည်း ဥပေက္ခာပြုရတော့မှာလေ ..။

သူများတွေနဲ့မတူအောင် ခေါ်တာပဲလိုချင်တယ်ဆိုလို့ မင်းကို "ဇဥ်ဇဥ်"လို့ ထူးထူးခြားခြားခေါ်ခဲ့မိတာ ရင်ထဲကတွယ်တာမှုတွေ အပြည့်နဲ့ပါကလေးရယ်။ အခုတော့ .. ကိုယ်တို့နှစ်ယောက်ကြားမှာ စိမ်းသက်ခြင်းကွင်းပြင်ကြီးသာ စည်းခြားခဲ့ရပြီပဲ။

ကိုယ် ပျော်ပါတယ်။ ဝမ်းလည်းသာပါတယ် ဇဥ်ဇဥ်။ မင်းရဲ့ ကြည်လင်တဲ့မျက်နှာလေးထက်မှာ အပြုံးတွေ ထာဝစဉ်ပွင့်လန်းနေဖို့အတွက် ကိုယ့်နှလုံးသွေးတွေ တစက်စက်ကျနေစေဦးတော့ ကိုယ် ပေးဆပ်နိုင်ပါတယ်။ ယုံပေးပါကွယ်။

ဟိုးအရင်တုန်းကတော့ အချစ်ဆိုတာ လိုချင်တက်မက်မှု၊ ပိုင်ဆိုင်မှုလို့ ကိုယ် ယူဆသတ်မှတ်ခဲ့တာပါ။ အခုတော့ အချစ်ဆိုတာ ပေးဆပ်အနစ်နာခံခြင်းလို့ပဲ ကိုယ်သတ်မှတ်ရတော့မှာလေ။ စွန့်လွှတ်ခြင်းဆိုတာ မြင့်မြတ်တဲ့စကားလုံးမျိုး မဟုတ်ပေမယ့် အဲဒီခေါင်းစဉ်အောက်မှာ နှလုံးသားတစ်ခုအက်ကွဲကြေမွသွားတာကို ဘယ်သူတွေ သိနိုင်မှာတဲ့လဲ ..။

ရယ်မောသံနောက်မှာ ညီညီက သူမကိုဆွဲ၍ လှည့်ပတ်လိုက်လေ၏။ လက်အစုံဖြင့် ထုရိုက်နေသည့် သူမ၏အပြုံးက နံနက်ခင်းမှာပွင့်သည့် စံပယ်ပွင့်လေးတွေနှယ် လှပလွန်းလေသည်။

ရင်ထဲမှစူးအောင့်လာမှုက သူ့ကို အချက်ပေးလိုက်သည်ပဲ ..။





"ဟင်!.. ဦးဘုန်း ဘာရပ်လုပ်နေတာလဲ"

"အထဲဝင်စမ်းပါ ... ငါဆာနေပြီ"

"ကြီးကြီး အဆင်သင့်ပြင်ပြီးနေပြီ ဦးဘုန်းရဲ့ ...၊ သမီးကို ခေါ်ခိုင်းလိုက်လို့ထွက်ခေါ်တာ ... ဦးငယ်ရော"

"လာလိမ့်မယ် ... အထဲပြန်ဝင်စမ်း"

အနောက်မှရောက်လာသည့် ချာတိတ်မကိုပေါက်ကာ့ တားလိုက်ရ၏။ တော်ကြာ အိမ်ရှေ့ဆီမှ ဂိုင်းကြီးပတ်ပတ်ဒူဝေဝေ မြင်ကွင်းကို မြင်သွားမှာလေ။ ထမင်းစားခန်းထဲလျှောက်လာပြီး ခုံမှာ ဝင်ထိုင်လိုက်ပေမယ့် စားချင်စိတ်မရှိ။ ဆာနေပြီ အကြောင်းပြလိုက်တာမို့ သူ့ရှေ့မှာ စားစရာတွေက အစုလိုက်အပြုံလိုက် ရောက်လာတော့တာလေ ..။

"ငါ့အဝတ်အစားတွေ ကြေကုန်ပြီ"

"အဲဒါ ကိုကို့ကြောင့်ပဲဟာ ... အသံ လုပ်တာမဟုတ်ဘူး"

စကားများပြီးဝင်လာသည့် ချာတိတ်နှစ်ယောက်မျက်နှာက အပြုံးမပျက်။ တည်ချင်နေသည့်မျက်နှာကြောကို သူ အမြန်လျှော့လိုက်ရသည်။ မနာလိုမှုတွေကို ညီညီ့ကြောင့်နဲ့တော့ မဖြစ်စေချင်ပါလေ။

"ဟာ! အစ်ကိုကြီးက အရမ်းကိုချောနေပါရောလား"

"ကိုယ် ကုမ္ပဏီပြန်ဝင်တော့မှာလေ"

"တကယ်ကြီးလား ..."

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



အလိုက်သင့်ပြောကာ ပြုံးလိုက်ပေမယ့် သူ့အပြုံး မပီပြင်မှာကို သိနေပါ၏။ သူမ ထိုင်ရန်ခုံကို ဆွဲထုတ်ပေးလိုက်စဉ် နှလုံးသားမှာ ကျဉ်ခနဲခံစားလိုက်ရလေသည်။ ကြင်နာယုယပြနေတာပါလား ညီညီ ရယ် ..၊ အရင်ကဖြင့် တစ်စက်ကလေးမှမတည့်ကြဘဲ တကျိန်းကျိန်း ရန်ဖြစ် စကားများနေတဲ့နှစ်ယောက်က အခုတော့ စစ်ပြေငြိမ်းရေးစာချုပ်တောင် ချုပ်ပြီးတဲ့ပုံလေ။

"နေ့တိုင်း ပြန်ဆင်းမှာလား"

"အင်း ..."

"ဟင်!.. ဒါဆို အသံ တစ်ယောက်တည်း ပျင်းနေတော့မှာပေါ့၊ အသံ့ ကိုလည်း အလုပ်သွင်းပေးလေ အစ်ကိုကြီးရဲ့"

အစ်ကိုကြီးတဲ့ ညီညီနဲ့ပတ်သက်မှတော့ ဒီလိုခေါ်ဖို့ အစကတည်းက ပြင်ဆင်ထားပုံပေါ့လေ။ ဟုတ်ပါတယ် ဇွဲဇွဲ။ ကိုယ်က မင်းအတွက်တော့ ထာဝရအစ်ကိုကြီးပါပဲ။

"အဲဒါက ညီညီ့အလုပ်လေ..၊ လူလိုရင် သူခန့်ပေးမှရမှာ၊ မိုးသားဖြူ ကို ကိုယ်ပြန်ခေါ်မယ် ညီညီ၊ မင်း Secretary အသစ်ခန့်ချင်ခန့်"

ညီညီ့မျက်နှာမှာ အံ့ဩရိပ်ထင်နေပေမယ့် သူ မသိချင်ယောင်ဆောင်လျက် ကော်ဖီကိုသာ အာရုံစိုက်၍သောက်နေမိ၏။ ကဲ! မင်းသဘောကျတယ်မဟုတ်လား ညီညီ။ မင်းကောင်မလေးနဲ့ နေ့တိုင်း စက္ကန့်တိုင်း အမြဲတွေ့နေရတော့မှာလေ။





"အသံ က ကိုကို့ဆီမှာ လုပ်ချင်တာမှမဟုတ်ဘဲ ကိုကိုကြီးရဲ့"

"ညီညီက အဲဒီလိုဖြစ်စေချင်မှာလေ ဇွဲဇွဲရဲ့ ..၊ ဒါမှ မင်းတို့နှစ်ယောက် အမြဲတွေ့ခွင့်ရမှာပေါ့ ..၊ မင်းလည်း ဒါမျိုးလိုချင်မှာပဲ မဟုတ်လား"

"ကိုကိုကြီး ..."

ညီညီ တားပေမယ့် သူ ဂရုမစိုက်ပါ။ ကော်ဖီကိုသာ ကုန်အောင်မော့သောက်လိုက်မိ၏။ ဘယ်လိုလဲ ..၊ ဖြစ်ချင်တာနဲ့ လိုချင်တာ တစ်ထပ်တည်းကျရဲ့ လား ဇွဲဇွဲ .. ပြောပါဦး။

"Wedding ဘယ်တော့လုပ်ချင်လဲ ..၊ ဒါမှမဟုတ် Engage အရင်လုပ်ချင်ရင်လည်းပြော ... နေ့ကောင်းရက်သာရွေးဖို့ ..."

"အစ်ကိုကြီး ဘာတွေပြောနေတာလဲ"

"မင်းနဲ့ ညီညီ့အတွက် ပြောနေတာလေ"

"ဟာ! ကိုကိုကြီး ..."

သူ့မျက်ဝန်းမှာ မျက်ရည်တို့အိုင်ထွန်းလာပါ၏။ ပြောရက်လိုက်တာ .. ပြောဝံ့လိုက်တာ ..၊ အသံ နဲ့သူ့ညီကိုမှ ဒီလိုအတိအကျကြီး စွပ်စွဲဝံ့တာပါလား။ ဘာတွေများအမြင်မှားနေတာလဲ။ ကိုကိုနဲ့ အသံ ဆက်ဆံရေးက ဒီနေ့အထိ ရိုးသားကြတာလေ။ အသံ့ ကို ညီမလေးလို ဖြူဖြူစင်စင်စိတ်လေး ကိုကို ထားတာကိုလည်း အသံ သိနေတာပဲ။ ပြီးတော့ ... ပြီးတော့ ကိုကိုက အန်တီလေးကို ချစ်နေမှန်း ခုနလေးတင်ပဲ သိခွင့်ရခဲ့တာလေ ..။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ..."

"ဘာလဲ ဇဉ်ဇဉ် ..၊ မကျေနပ်ဘူးလား၊ မင်းပဲ တစ်ယောက်တည်းနေရမှာပျင်းတယ်ဆိုလို့ ကိုယ်စီစဉ်ပေးတာလေ၊ မကျေနပ်ဘူးလား၊ ဒါဆိုလည်း အခုပဲ ရှေ့နေဆီ Phone ဆက်လို့ရတယ်၊ တစ်ခါတည်းစာချုပ်မှာ လက်မှတ်ထိုးချင်သပဆိုလည်း ထိုးနိုင်တာပေါ့"

"အစ်ကိုကြီး တော်ပါတော့"

ရူးခနဲအော်ကာ ထပြေးထွက်သွားတာကြောင့် သူ အံ့ဩသွားရပါ၏။ ဘာတွေဖြစ်ကုန်ပါလိမ့်။ ဘယ်လောက်ပဲဣန္ဒြေတွေဆည်ဆည် ရင်ထဲမှမစ္ဆရိယရဲ့ တွန်းအားကြောင့် ရန်စကားတွေချည်းထွက်ကုန်တာလေ ..။

"ကိုကိုကြီး ဘာတွေလျှောက်ပြောနေတာလဲ ..၊ ဟိုမှာ သံယောဇဉ် ရှက်ပြီး ငိုသွားပြီ"

"ငါပြောတာ မှားလို့လား"

"မှားတာပေါ့ဗျ"

"ဘာမှားတာလဲ .. မင်းနဲ့ ဇဉ်ဇဉ်နဲ့ ..."

"မှားတာမှ တလွဲကြီးကိုမှားနေတာ"

"ဘာ!..."

"ကျွန်တော်က မနေ့ကပဲ မမကို Propose လုပ်ခဲ့တာဗျ၊ သံယောဇဉ်က ကိုကိုကြီးအပေါ် ဒီလောက်ချစ်နေမှန်းသိလို့ အခုလို ပြောရတာယ်လို့"





"ဘာရယ် .. ဇဉ်ဇဉ်က ... ဇဉ်ဇဉ်က ငါ့ကို ..."

"ဟုတ်တယ်"

"ဟာ ..."

"ခု သူငိုသွားရတာ ကိုကိုကြီးအပြစ်ပဲ ... မရရအောင် ချော့ပေတော့"

"ငါက ... ငါက ..."

"မြန်မြန်လိုက်သွားတော့လေ ... တော်ကြာ အိမ်ပြန်ရောက်သွားမှ ဟုတ်ပေ့ဖြစ်ကုန်တော့မှာပဲ"

သူ အမြန်ထလိုက်ခဲ့ရတော့၏။ ရင်ထဲမှာ တလှပ်လှပ်ခံစားချက်က ခါတိုင်းနှင့်မတူခဲ့ပါလေ။ ဘုရားရေ!.. ဇဉ်ဇဉ်က .. ဇဉ်ဇဉ်က သူ့ကိုချစ်နေတာတဲ့လား ..။ ဇဉ်ဇဉ်ချစ်နေတဲ့လူက သူဖြစ်နေတာတဲ့လား။ ဒါဆို ညီညီနဲ့ဇဉ်ဇဉ့်ကို သူ ဘယ်လိုအမြင်မျိုးနဲ့ မှားပြီးကြည့်ခဲ့မိပါလိမ့်။

"ဇဉ်ဇဉ် .."

"ဇဉ်ဇဉ် .. နေပါဦး"

ခြံဝနားအရောက်မှာ သူမခြေလှမ်းတို့ တုံခနဲရပ်သွားလေ၏။ တုတ်ကောက်ဖြင့် ခက်ခက်ခဲခဲလျှောက်လာနေသည့်သူ့ကို ရပ်စောင့်နေပုံပါပဲလား။ သူမအနားရောက်စဉ်မှာ ဘာမှမပြောနိုင်သေးဘဲ မောနေမိတာမပြောပါနဲ့တော့။ သူမက မျက်ဝန်းမှစီးကျလာသည့် ပါးပြင်ထက်ရှိမျက်ရည်တို့ကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်းသုတ်လိုက်လေ၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးကို မုန်းတယ် ... သိပ်မုန်းတယ်"

ပြောတော့ ဇော်ဇော်..၊ ကိုယ်က အပြစ်လုပ်ခဲ့မိတဲ့သူ ဖြစ်နေတာလေ။ သူမကိုယ်လုံးသွယ်သွယ်လေးကို သူ ခပ်တင်းတင်းပွေ့ဖက်လိုက်စဉ် အလိုက်သင့်လေး ပြန်ဖက်တွယ်လိုက်သည်က သူမရယ်ပါ။ ဒါလား သူ့ကိုမုန်းတဲ့ ကောင်မလေး။ သူ့ကို တစ်ဖက်သက် စွဲလမ်းတွယ်တာနေခဲ့တဲ့ ကောင်မလေးလေ။

"ကိုယ် .. မင်းကို သိပ်ချစ်လွန်းလို့ အူတိုပြီးပြောလိုက်မိတာပါကလေးရယ်၊ ခွင့်လွှတ်ပေးပါ၊ ကိုယ် ..."

ဘာစကားမှ မဆက်ဖြစ်တော့ဘဲ သူမ နဖူးလေးကို ငုံ့နမ်းလိုက်စဉ် မျက်ရည်တွေကြားမှ မျက်စောင်းတစ်ပွင့် ခုန်ထွက်လာလေ၏။ ရင်ဘတ်ကို ခပ်ဖွဖွထုလိုက်သည့် လက်သီးဆုပ်လေးကိုလည်း မနာမိပါချေ။ ကြိုက်သလိုသာလုပ်ပါတော့ ဇော်ဇော်။ ကိုယ့်ဘဝကြီးတစ်ခုလုံးကို မင်းယူနိုင်ဖို့အတွက် မင်းလက်ထဲကို အပြီးတိုင်ထည့်ပေးလိုက်ပါပြီ။

လိုတာယူတော့ သံယောဇဉ် ...။

*မေတ္တာများစွာဖြင့်...*

ရွှေကျောင်မမ

ရွှေသမင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com